ဗုဒ္ဓဘာသာသို့ကူးပြောင်းလာသော

# ကချင်ဆရာတော် ဘဒ္ဒန္တအာရိယဝံသ

၏

## ကိုယ်တိုင်ရေးထေရုပ္ပတ္တိ

နှင့်

## အတွေ့အကြုံ မှတ်တမ်းများ


၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ



မြစ်ကြီးနားမြို့ ၊ မော်ပေါင်းရွာ
ဆရာတော်၏ ကျောင်းဝင်းအတွင်း တည်ထားကိုးကွယ်မည့်
ဉာဏ်တော် ၂၇ တောင် မြင့်သော ကမ္ဘာအေးစေတီတော်ပုံ
တပေါင်းလပြည့် (သက္ကရာဇ် ၂၀၀၀ ပြည့်နှစ် မတ်လ) တွင် ထီးတော်တင်ပါမည်



# ဆရာတော် ဘဒ္ဒန္တ အာရိယဝံသ



ကချင်ပြည်နယ် ၊ ဝိုင်းမော်မြို့နယ်
မှန်တောင်တောတွင်း ရိုက်ကူးထားပုံ

# ဆရာတော်ဘဒ္ဒန္တအရိယဝံသ(ကချင်)၏အမှာစာ

ဤစာကိုရေးသားရခြင်း၏ရည်ရွယ်ချက်မှာ အထူးမရှိလှပါ။ သို့သော်ရင်းနှီးသော ဓမ္မမိတ်ဆွေ အပေါင်းတို့၏ အကြိမ်ကြိမ် လျှောက်ထားခြင်းကြောင့် လည်းကောင်း၊ ဤထေရပတ္တိကို ဖတ်ရှုမိသောပုဂ္ဂိုလ်တို့သည် သံဝေဂ တရားရပါစေခြင်း အကျိုးမျှော်၍ လည်းကောင်း၊ခရစ်ယာန် ဘာသာထဲတွင် ကျန်ရစ်၊ ရှိရစ်သော ဆွေတော် မျိုးတော်များ ဖတ်မိ၍ စဉ်းစားဝေဖန် တိုင်းဆပြီး အကြောင်းအကျိုးတရားကို ကောက်ချက်ချ ဉာဏ်ငုံမိစေရန် ရည်ရွယ်၍လည်းကောင်း ရေးသားရခြင်းဖြစ်ပါသည်။

အမှန်မှာ ထေရပ္ပတ္တိ ဟုဆိုသည်ထက် ကျွန်တော်အဘယ်ကြောင့် ခရစ်ယာန် ဘာသာဝင်မှဗုဒ္ဓဘာသာဖြစ်လာသည် ဟူ၍ပေါ်လွင်စေလိုသည်က များပါသည်။ဤစာအုပ်ကို ဖတ်ရှုသူများသည် သံဝေဂတရား အနည်းအများ ရကြမည်ဆိုလျှင် ရေးသားရကျိုးနပ်ပြီ ဟု ယူဆပါသည်။ရေးသားပုံလည်း ချို့ယွင်းချက်များစွာ ပါရှိမည်ဖြစ်ပါသည်။ သို့ပါသော်လည်း မြန်မာစကားနှင့် မြန်မာစာကို နှစ်ပေါင်း(၄၅)နှစ် သင်ယူ ခဲ့သော်လည်း ကောင်းမွန်စွာ တတ်မြောက်ခြင်း မရှိသေးသဖြင့် ရေးတတ်သလိုရေးထားသော ဤစာအုပ်ကို နားလည် ခွင့်လွှတ်၍ ဖတ်ရှုနိုင်ကြပါစေသတည်း။

ဦးအရိယဝံသ(ကချင်)
အောင်မော်စံကျောင်းတိုက်
အောင်ချမ်းသာရွာ
မော်ဖေါင်းရွာ
မြစ်ကြီးနားမြို့။
၂၅-၁၂-၉၉

## ဓမ္မဒါနအဖွဲ့၏အမှာစာ

ဆရာတော်ဘဒ္ဒန္တအရိယဝံသ(လူအမည်ဦးတိုးလုံ(ခေါ်)ဒူးဝါးထူးလုံ)သည် ကချင် (ဂျင်းဖေါ) လူမျိုးဖြစ်ပါသည်။ ၁၉၄၂ ခုနှစ်တွင် လားရှိုး ခရိုင်၊ကွတ်ခိုင်မြို့နယ် မုန်ယာဝါးမူရွာတွင်မွေးဖွားခဲ့ပြီး တန်းမြင့်ကျောင်းထွက်တန်း(H.S.F)အောင်မြင်ခဲ့သူဖြစ်ပါသည်။လူ့ဘဝတွင် လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်း၌ ကျေးရွာ မန်နေဂျာအဖြစ် တာဝန် ထမ်းဆောင်ခဲ့ပြီး ဝန်ထမ်းဘဝမစွန့်လွှတ်မီ တာဝန် ထမ်းဆောင်ချိန်အထိ ခရစ်ယာန် ဘာသာဝင်တစ်ဦး ဖြစ်ပါသည်။၁၉၈၃ခုနှစ်တွင် ဘဝအဆက်ဆက်က ပဋ္ဌာန်းဆက်ကြောင့် ဗုဒ္ဓဘာသာသို့ လုံးဝကူးပြောင်းခဲ့ပြီး ကမ္မဋ္ဌာန်းဘာဝနာများကိုမပြတ်ကျင့်ကြံ အားထုတ်ခဲ့ပါသည်။လူ့ဘဝတွင်ပင် မော်ဘီမြို့၊ သဲအင်းဂူ ရိပ်သာတွင် ကမ္မဋ္ဌာန်းတရားကို ကျင့်ကြံအားထုတ်ခဲ့သူ ဖြစ်ပါသည်။ ၁၉၈၆ ခုနှစ်တွင် ဝန်ထမ်းဘဝ၊ လူဝတ်ကြောင်ဘဝကို စွန့်လွှတ်ခဲ့ပြီး သာသနာ့ဘောင်သို့ ကူးပြောင်း၍ ရဟန်းဝတ်ခဲ့ပါသည်။ ရဟန်းဘဝဖြင့် နှစ်ပေါင်းများစွာ ကချင်ပြည်နယ် တောတောင်များအတွင်း တောထွက်၍ တရားဘာဝနာ ကျင့်ကြံအားထုတ်ခဲ့ပါသည်။

ယခုအခါတွင် ဆရာတော် ဘဒ္ဒန္တအရိယဝံသသည် မြစ်ကြီးနားမြို့၊ နန်းကွေ့ ဗဟိုစိုက်ပျိုးရေးခြံအနီးမော်ဖေါင်း ကျေးရွာ၊အောင်မော်စံ တောရကျောင်းတွင် သီတင်းသုံးလျှက်ရှိပြီး ပဋိပတ်ကိုမပြတ် အားထုတ်လျက် ရှိပါသည်။မော်ဖေါင်းကျေးရွာသည် ရွာကြီးတစ်ရွာဖြစ်သော်လည်း ဗုဒ္ဓဘာသာ အိမ်ထောင်စု (၂)အိမ်ထောင်သာ ရှိကြောင်း သိရှိရပါသည်။ နန်းကွေ့ ဗဟို စိုက်ပျိုးရေးခြံနှင့် တပ်ရင်းတပ်ဖွဲ့မှ ဗုဒ္ဓဘာသာဝင်များ၊ မြစ်ကြီးနားမြို့ပေါ်မှ ဗုဒ္ဓဘာသာ ဝင်များ လာရောက် တရားအားထုတ်ကိုးကွယ်လျှက်ရှိပါသည်။ ကျောင်းပရဝဏ်မှာ (၃၃)ကေခန့်ရှိပြီး ကျောင်းဝင်းအတွင်း ဉာဏ်တော် (၂၈) တောင်မြင့်သော ကမ္ဘာအေး စေတီတော် တစ်ဆူကို တည်ထား ကိုးကွယ်လျှက်ရှိရာ တည်ဆောက်ဆဲကာလ ဖြစ်ပါ သည်။သက္ကရာဇ် ၂၀၀၀ပြည့်နှစ် မတ်လ(တပေါင်းလပြည့်)တွင် ထီးတော်တင်မင်္ဂလာ ပြုလုပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။ဆရာတော်၏ ထေရုပ္ပတ္တိသည် လူ့ဘဝက စတင် ရေးသားခဲ့သဖြင့် "ကျွန်တော်" ဟူသော နာမ်စားကို သုံးစွဲထားပါသည်။ နောက်ပိုင်း ရဟန်းဘဝတွင်လည်း ယင်းနာမ်စား "ကျွန်တော်" ကို အများအားဖြင့် သုံးခဲ့ရကြောင်း ဆရာတော်၏ မိန့်မှတ်ချက် အရ သိရပါသည်။ ခရစ်ယာန် ဘာသာဝင် တစ်ဦးက ဗုဒ္ဓဘာသာသို့ လုံးဝကူးပြောင်း၍ ကမ္မဋ္ဌာန်း ဘာဝနာ ပေါက်မြောက်အောင် ကျင့်ကြံ အားထုတ် နေခြင်းသည် ထူးခြားသော ကိုယ်တွေ့ ယုံကြည်ချက်များကြောင့်သာ ဖြစ်ပါသည်။ဆရာတော်နှင့် ကိုယ်တိုင်တွေ့ဆုံ ဖူးမျှော်စဉ်က ကိုယ်တွေ့ တရားများ ဟောကြားရာတွင် နာကြားရသည်မှာ လိုရင်းကို ရှင်းရှင်း လင်းလင်း ဟောပြ နိုင်သည်ဖြစ်၍ ဆရာတော်ကိုယ်တိုင်ရေးသားထားသော ထေရုပ္ပတ္တိကို ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ အားကျရန် ဓမ္မဒါန ပြုလိုက်ရပါသည်။

**ဓမ္မဒါနအဖွဲ့**

## ဆရာတော်၏တရားအားထုတ်မှု ကျင့်စဉ်နှင့်ပတ်သက်၍ ဟောကြားချက်များ

၁၉၉၉ခုနှစ်၊နိဝင်ဘာလ(၁၈)ရက်နေ့က စိုက်ပျိုးရေးအဖွဲ့သည် မြစ်ကြီးနားမြို့၊ ဆရာတော်၏ကျောင်းသို့သွားရောက်ခဲ့ကြပြီး ဆရာတော်ထံတွင်တရားကျင့်စဉ်နှင့်တရားရရှိပုံများကို ကုသိုလ်ပွားများနိုင်ရန်အတွက် ဟောကြားပေးပါရန်လျှောက်ထားခဲ့ရာ ဆရာတော်က အောက်ပါအတိုင်း ဟောကြားခဲ့ပါသည်။

### (က)တရားမထိုင်မီ (ပုတီးမစိပ်မီ)ဆောက်တည်ရမည့် ပရိကံ(၅)ပါး

၁။ ဦးစွာပထမ သြကာသခံယူ၍ ဘုရားရှိခိုးရမည်။

၂။ ငါးပါးသီလ ခံယူရမည်။

၃။ ယခင် ဘဝပေါင်းများစွာမှ ယခုဘဝအထိ မိမိက သူတော်စင် သူတော်ကောင်းများကို ပြစ်မှားမိခဲ့ပါက အပြစ်မှလွတ်မြောက်စေခြင်းငှာ ကန်တော့တောင်းပန်ပါ၏ ဟုဆို၍ တောင်းပန်ကန်တော့ရမည်။ မိမိအပေါ် သူတပါးက ပြစ်မှားမိခဲ့လျှင်လည်း မိမိမှ ခွင့်လွှတ်ပါ၏ဟု ပြောဆိုခွင့်လွှတ်ရမည်။

၄။ မိမိတရားထိုင်နေစဉ် မိမိ၏ ရုပ်၊ နာမ် နှစ်ပါးကို ဘုရားသို့လှူရမည်။

၅။ ထို့နောက် ဘုရားတပည့်တော်အား သမထ ကမ္မဋ္ဌာန်း ပေးတော်မူပါ ဟု ရိုသေစွာဖြင့် (၃)ကြိမ် လျှောက်ထားရမည်။

### (ခ)တောတောင်သို့ခရီးထွက်၍တရားကျင့်ကြံလျှင်ဆောင်ရွက်ရမည့်လုပ်ငန်း ဟောကြားခြင်း

မိမိရောက်ရှိရာ နေရာ ဒေသတောတောင်တွင် ရှိကြကုန်သောနတ်ဒေဝါများ(သို့) မြင်အပ်၊မမြင်အပ် ပုဂ္ဂိုလ်များကို မိမိရွတ်ဖတ်လိုသော(သို့)ပူဇော်လိုသော ပရိတ်တော်များနှင့် သင့်မသင့် ဆန္ဒညှိနှိုင်းပြီးမှ ရွတ်ဖတ်လျှင် ပိုကောင်းပါသည်။ များသော အားဖြင့် နတ်များနှင့် မြင်အပ်၊မမြင်အပ်ထိုပုဂ္ဂိုလ်တို့က မေတ္တာသုတ်၊ မင်္ဂလသုတ်၊ ရတနသုတ်တို့ကို ရွတ်ဖတ်စေလိုကြပါသည်။ အဆင့်မြင့်သော နတ်များကမူ ကျန်ပရိတ်တော်များကို မြတ်စွာဘုရားအား ပူဇော်လိုသော ဆန္ဒဖြင့် ရွတ်ဖတ်ခိုင်းလေ့ ရှိကြပါသည်။ ဤကဲ့သို့ညှိနှိုင်းပြီး ရွတ်ပါက တောတောင်တွင် စိတ်ချမ်းသာစွာဖြင့် တရားထိုင်နိုင်ပါသည်။ တောတောင်တွင် ခရီးထွက်၍ ကျင့်လိုပါက သက်သတ်လွတ်စား၍ ကျင့်လျှင် အန္တရာယ်ကင်းပါသည်။ အသားစားပြီးကျင့်ပါက မြင်အပ် မမြင်အပ် နတ်ဆိုးများ၏အန္တရာယ် ပြုခြင်းခံရတတ်သည်။ အထက်ပါ ကဲ့သို့ပြုလုပ်ပါက (၇)ရက်(သို့)(၇)လအတွင်း ထူးခြားလာမည်။

## (၈)တရားအားထုတ်ခြင်းနှင့်ပတ်သက်၍ဟောကြားခြင်း

တရား အားထုတ်ရာတွင် ဘယ်အဆင့်ရောက်ပြီဟူ၍ မပြောအပ်ဟု ဘုရားရှင်ကိုယ်တိုင် မိန့်ကြားခဲ့ပါသည်။ယင်းကိစ္စနှင့်ပတ်သက်ပြီး ဝေဘူဆရာတော်ဘုရားကို ဦးနုကအရှင်ဘုရား၊ တရားဘယ်အဆင့်ရောက်ပြီလဲဟုမေးရာ ဝေဘူဆရာတော်မှာကျင့်ကြံအား ထုတ်ဆဲပါဟု ဖြေပါသည်။ ရဟန္တာပင်ဖြစ်လင့်ကစား တရားကို ခန္ဓာဝန်စွန့်သည်အထိ ကျင့်သွား ရပါသည်။

ဆရာတော်အနေဖြင့်လဲ ပွင့်ပွင့်လင်းလင်းပြောရရင်ရဟန္တာ အဆင့်မရောက်သေးပါ။ ဆရာတော်တရား ကျင့်စဉ်နှင့် ပါတ်သက်၍ ပြောရမယ်ဆိုရင်– တရားအား ထုတ်တယ်ဆိုတာ စိတ်တည်ငြိမ်အောင်ပြုလုပ်တာပါပဲ။ စိတ်တည်ငြိမ်လာရင် သမာဓိတည်လာပါမယ်။ သမာဓိ အား ကောင်းလာရင် မျက်စိမှိတ်ထားသော်လည်း အလင်းတွေပေါ်လာပါတယ်။ ဒါလဲလူတိုင်းဖြစ်မယ်လို့မပြောလိုဘူး ဘုရားက–ကမ္မဋ္ဌာန်း (၄၀)ရှိတယ်လို့ ဟောထားပါတယ်။

သမာဓိတည်ပြီးစိတ်တည်ငြိမ်လာရင် ထမ်းထားရတဲ့ခန္ဓာကြီးပေါ့သွားပြီး မိမိတင်ပါး နှင့်ကြမ်းပြင်လွတ်နေသလို ထင်လာပါတယ်။ယင်းနောက်ကိုမလိုက်ပဲ သတိကိုပြန်ဖမ်းရပါမယ်။သတိနဲ့ဖြစ်ပေါ်တာတွေ စ–လယ်–ဆုံးရှု မှတ်ပါ။ထိုသို့ရှုမှတ်ရင်ချမ်းသာခြင်းဆိုတဲ့ပီတိတွေဖြစ်ပေါ်လာတယ်။ ဒါတွေကိုနိဗ္ဗာန် လို့ထင်လာပြီး ငါရဟန္တာဖြစ်ပြီလို့ မှတ်ကြတယ်။ ဒါဟာ တရားရဲ့အန္တရာယ်ပါပဲ၊ ဒါတွေကိုလဲသတိကပ်ပြီး ဖြစ်ပျက်ရှုရမယ်။

မိမိဘာလဲဆိုတာ မိမိကိုယ်ကိုကျင့်ကြံအားထုတ်ပြီး ကြိုးစားကြည့်ရမယ်။ မိမိဘာလဲဆိုတဲ့သဘောက မိမိယခုဘဝမရောက်ခင် ယခင်ဘဝက ဘာတွေဆုတောင်း ခဲ့သလဲဆိုတာသိဖို့လိုတယ်။အဲဒီဆုတောင်းခဲ့တဲ့အတိုင်းဆက်ကျင့်ပါ။ ယခင်ဘဝဆုတောင်း နှင့် ယခုဘဝကျင့်စဉ်လွဲရင်အခက်အခဲတွေ့တတ်ပါတယ်။

ဥပမာပြောရမယ်ဆိုရင် ဘုန်းကြီး စစ်ကိုင်းချောင်နေစဉ်က တရားကို ကြိုးကြိုးစားစား အားထုတ်တဲ့ မယ်သီလရှင်ကြီးတစ်ပါးရှိတယ်။ သူတရားအားထုတ်တာ သက်တမ်းလဲကြာပါပြီ။ တစ်ရက်မှာတော့ ဝိဇ္ဇာတစ်ပါးကြွလာပြီးဖွားသီလရှင်ကိုဝိဇ္ဇာနိုင်ငံကိုသွားဖို့လာခေါ်တယ်။ ဖွားသီလရှင်ကြီးကလဲ ဝိဇ္ဇာနိုင်ငံ မလိုက်လိုကြောင်း ဝိဇ္ဇာလုပ်ငန်းစဉ်ကိုမကြိုက်ကြောင်း အဓိကဝိပဿနာတရားကိုသာ ကျင့်ကြံလိုကြောင်းပြောကြားခဲ့တယ်။ ဒီလိုနဲ့နှစ်နှစ်တစ်ကြိမ် လာလာခေါ်တယ်၊ လာခေါ်တိုင်းလဲ သီလရှင်ကငြင်းဆန်ခဲ့တယ်။ ဒီလိုနဲ့ခြောက်နှစ်ကြာတဲ့အခါ ဝိဇ္ဇာကယခင်အတိုင်းလာခေါ်တယ် သီလရှင်ကြီးကလဲငြင်းဆန်မြဲငြင်းဆန်ခဲ့တယ်။ ဝိဇ္ဇာက နောက်ဆုံးတော့ သီလရှင်ကြီးရဲ့ ပါး ကို ရိုက်လိုက်တယ်။သီလရှင်ကြီး ပါးရိုက်ခံရလို့ ပါးစပ်ဟသွားတဲ့အချိန်မှာ ဝိဇ္ဇာကသူ့မှာပါလာတဲ့ ဓါတ်လုံးကို သီလရှင်ရဲ့ပါးစပ်ထဲပြစ်ထည့်ပြီး ဝိဇ္ဇာနိုင်ငံကိုခေါ်သွားတော့ပါပဲ။ ယခင်ဘဝက ဝိဇ္ဇာဖြစ်ရပါလို၏ဟုဆုတောင်းခဲ့တဲ့သီလရှင်ကြီးဟာဝိဇ္ဇာနိုင်ငံကိုရောက်သွားခဲ့တယ်။ဒါကြောင့် မိမိဘာလဲဆိုတာ သိအောင် စုံစမ်းဖို့ ကျင့်ဖို့ လိုပါတယ်။

## (ဃ)လူ့ဘဝတစ်လျှောက်လုံးစိတ်ချမ်းသာစွာနေထိုင်ရေးဟောကြားချက်

လူ့ဘဝမှာစိတ်ချမ်းသာစွာနေထိုင်ရေး (သို့) ဘေးအန္တရာယ် ကင်းရှင်းစွာ နေထိုင်တတ်ဖို့အရေးကြီးပါတယ်။ လူတွေဟာ ဘေးဥပါဒ်အန္တရာယ်ဒုက္ခ တစ်ခုခုနဲ့ကြုံတွေ့တဲ့အခါ အပူသောကမီးတောက်လောင်တတ်ပါတယ်။ တရားနဲ့ပြောရမယ်ဆိုရင်လောကဓံရှစ်ပါးနှင့် တွေ့ကြုံတဲ့အခါ စိတ်ဆင်းရဲမှုကြုံတွေ့ရတတ်ပါတယ်။

လောကဓံရှစ်ပါးဆိုတာအရိယာသူတော်စင်၊ သူတော်ကောင်းများသာ အလွယ်တကူကျော်လွှားနိုင်ပါတယ်။လူသားတွေအနေနဲ့ ခံနိုင်ဖို့ တော်တော်ကြိုးစားရပါမယ်။ လောကဓံရှစ်ပါးဆို တာလာဘ်ရခြင်း၊လာဘ်တိတ်ခြင်း၊ခြွေရံသင်းပင်း ပေါခြင်း၊နည်းခြင်း၊ဆင်းရဲခြင်း၊ချမ်းသာခြင်း၊ကဲ့ရဲ့ခံရခြင်း၊ချီးကျူးခံရခြင်းတို့ဖြစ်ပါတယ်။ လောကဓံရှစ်ပါးကိုခံနိုင်အောင်၊ ခံနိုင်စိတ် မွေးနိုင်ရင် လူ့ဘဝတစ်လျှောက်လုံးစိတ်ချမ်းသာစွာ နေနိုင်သွားမှာပါ။

အများအားဖြင့် ကဲ့ရဲ့ခြင်း၊ချီးမွမ်းခြင်းဆိုတာ လူသားတွေများများခံရပါတယ်။ ကဲ့ရဲ့ခြင်းဆိုတာဘာနဲ့တူသလဲဆိုရင်မိမိရဲ့ဘယ်ဘက်ပါးကိုရိုက်တာနဲ့တူပါတယ်။ချီးမွမ်းခြင်းဆိုတာ မိမိရဲ့ညာဘက်ပါးကိုရိုက်တာနဲ့တူတယ်ဆိုတာ သိထားရင်ပိုကောင်းပါတယ်။

တချို့ ဝဋ် တွေကြတော့ တရားထိုင်၊ ပုတီးစိပ် မေတ္တာပို့ ပရိတ်ရွတ်တာနဲ့ ပျောက်သွားနိုင်တယ်။ကြီးတဲ့ အမှုလည်းငယ်သွားတာတွေရှိ ပါတယ်။ ဘဝဝဋ်ကြွေးကြတော့ ဘယ်သူမှရှောင်လွှဲလို့ မရပါဘူး။ ဘုရားသခင်တောင် ခံရပါတယ်။ ဝဋ်ကြွေးရှိလာရင် ကြေအောင်ဆပ်တာ ကောင်းပါတယ်။

## (င)သိဒ္ဓိနှင့်ပတ်သက်၍ ဟောကြားခြင်း

သိဒ္ဓိနှင့်ပတ်သက်လာရင် ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိ ၊ မနသိဒ္ဓိ တွေ အစဉ်အတိုင်းလာတတ်ပါတယ်။ အဲဒီသုံးခုဟာ ပိုအရေးကြီးတယ်လို့ ဘုန်းကြီးပြောလိုပါတယ်။

ပထမဦးဆုံး ကာယသိဒ္ဓိလာရင်စိတ်တိုတတ်တယ်။ စိတ်တိုစရာမရှိတဲ့ ကိစ္စတွေမှာလည်း စိတ်တိုတတ်တယ်။ဒါတွေကိုသတိကြီး စွာနဲ့ထိန်းရပါတယ်။ ပီယသိဒ္ဓိဆိုတာရတော့မယ်ဆိုရင်လည်း အမျိုးသမီး ၊အပျို၊အအိုတွေ၊ စုပုံရောက်လာတာပဲ ဒါကို လည်းသတိကြီးစွာနဲ့ရှောင်ရပါမယ်။ မနသိဒ္ဓိ လာတော့မယ်ဆိုရင်လည်း အကြောင်းမရှိအကြောင်းရှာ ဝင်တတ်ပါတယ်။ မနသိဒ္ဓိနှင့်ပြောရမယ်ဆိုရင် ဘုန်းကြီးတို့အသိ ဒကာတစ်ဦးရှိပါတယ်။ သူ့ကို ယက္ကန်းစင်တောင် ဆရာတော်နှင့် ဘိုးဘိုးအောင်တို့ညှိနှိုင်းပြီး ကုဗ္ဘာသယလွယ်အိတ်တစ်လုံးပေးပါတယ်။ အဲဒီအိတ်ထဲက တစ်ခါနှိုက်ရင်ဆင်ပါတဲ့ ငွေတစ်ဆယ်ကျပ် ရပါတယ်။ အဲဒီ ဒကာက ကုဗ္ဘာသယ လွယ်အိတ်ထဲက ငွေတွေ နှိုက်နှိုက်ပြီး သုံးလိုက်တာ တိုက်တွေဆောက်၊ မိန်းမတွေယူ လုပ်တော့တာဘဲ နောက်တော့ ယက္ကန်းစင်တောင်ဆရာတော်ကြီးက အဲဒီဒကာကြီးထံလာပြီး မင်းလွယ်အိတ်ဟောင်းသွားပြီ။

အသစ်ပြန် ပေးမယ်ဆိုကာ လွယ်အိတ်ကိုယူပြီး ပြောင်းပြန် လှန်ပစ်လိုက်တာ အဲဒီအိတ် ထဲက ဘာမှ နှိုက်မရတော့ဘူး။ ဒါကြောင့် သိဒ္ဓိတစ်ခုခုရတော့မယ်ဆိုရင် အသိနဲ့ သတိ ယှဉ်ပြီး လုပ်တာ အကောင်းဆုံးပဲ ။

တရားအလုပ် လုပ်တယ်ဆိုတာ ဥပမာပေးရရင် မြောင်းဖောက်တာနဲ့တူပါတယ်။ မြောင်း ဖောက်တာက မိမိအလုပ်ပါ၊ ဖောက်ထားတဲ့မြောင်းထဲ ရေဟာ သူ့အလိုလို ဝင်လာ မှာပါဘဲ။

## (စ)ပဋ္ဌာန်းဆက်နှင့်ပတ်သက်၍ ဟောကြားခြင်း

လူတွေဟာ သံသရာမှာ ဘဝအမျိုးမျိုး အဖုံဖုံ ကျင်လည်နေရတယ်။ အဲဒီ ကျင်လည်တဲ့ဘဝထဲက တရားရပြီး တန်ခိုးကြီးတဲ့၊ သီလ၊သမာဓိ နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကြီးတွေနဲ့ ဆွေမျိုးတော်ခဲ့တာ၊ ဆရာတပည့်ဖြစ်ခဲ့ကြတာ၊ ဆုတောင်းခဲ့ကြတာတွေရှိတယ်။ အဲဒီပုဂ္ဂိုလ်ကြီးတွေက ဒီဘဝမှာ ပြန်လည် စောင့်ရှောက်တာပဲ။

စိတ်ကောင်း၊ စေတနာကောင်း၊သာသနာကိစ္စတွေ ဆောင်ရွက် နေရင် ပိုစောင့်ရှောက်တာပေါ့။

## (ဆ)မြန်မာပြည် တန်ခိုးကြီးဆရာတော်များ

မြန်မာပြည်မှာတန်ခိုးကြီးပြီးဆည်းကပ်သင့်သော ဆရာတော်ကြီးများကို အမိန့်ရှိပါဟု လျှောက်ထားရာတွင် ဆရာတော်၏ ဟောကြားချက်အရ အောက်ပါ ဆရာတော်ကြီးများဖြစ် ကြောင်း သိရပါသည်။

(၁) လောင်းလုံဆရာတော် (ထားဝယ်)
(၂) ကုံလုံဆရာတော် (ပင်းတယ)
(၃) ညောင်ပင်အိုင်ဆရာတော် (မုံရွာ)
(၄) လက်ခတ်တောင်ဆရာတော် (မုဒုံ)
(၅) မိုင်းဖုံးဆရာတော် (တာချီလိတ်)
(၆) သာမညဆရာတော် (ဘားအံ)
(၇) ကပိုင်ဆရာတော် (မတ္တရာ)

## အောင်မော်စံကျော်ဆရာတော် ဦးအရိယဝံသ၏ ကျောင်းတွင် ရေးသားထားသော မှတ်သားဖွယ်ရာများ

(၁) သားနှင့်သမီးနိပ်စက်၊ မိဘခက်
သမီးနှင့်ချွေးမညျူစူ၊ မိဘပူ
ဘယ်ကရ ကိုယ်ကလုပ်လို့ရ
ကိုယ်အတတ်နှင့်ကိုယ်စူး နှုတ်လို့ရနိုင်ဘူး။ (စွန်းလွန်းဆရာတော်)

(၂) မိမိကတရားရှာလျှင် တရားကမိမိကို ပြန်ရှာလာမည်။
ထိုအခါတရားရပြီဟု ဘုရားဟော၏။

(၃) ဆန်စပါးကောင်း၊မကောင်း ကြည့်မှသိ
ခြံကောင်း၊မကောင်း ချောင်းကြည့်မှသိ
ကုန်ကောင်း၊မကောင်း ရောင်းကြည့်မှသိ
လူကောင်း၊မကောင်း ပေါင်းကြည့်မှသိ
တရားကောင်း၊မကောင်း ဖေါင်းပိန် အားထုတ်ကြည့်မှသိ

(၄) ရှူးမှထူး ကောင်း၏
ထူးမှရှူး ကောင်း၏
မထူးရှူး မကောင်း
မရှူးပဲထူး အကောင်းဆုံး

(၅) ဘယ်တော့မှအားမထုတ်ခြင်း ထက် နောက်ကျမှ အားထုတ်ခြင်းသည် ကောင်း၏။

(၆) လူကောင်းဖြစ်ဖို့ ခက်၏။
ရဟန်းကောင်း ဖြစ်ဘို့ခက်၏။
တပည့်ကောင်း ဖြစ်ဘို့ ခက်၏။
ဆရာကောင်းဖြစ်ဘို့ ခက်၏။
တရားအားထုတ်ဖြစ်ဘို့ ခက်၏။
အားထုတ်လျှင်လည်း သမာဓိရဖို့ ခက်၏။
သမာဓိရလျှင်လည်း တရားရဖို့ ခက်၏။

# ကချင်ဆရာတော် ဘဒ္ဒန္တအရိယဝံသ(ကချင်)၏ ထေရုပ္ပတ္တိအကျဉ်း

| | | |
|---|---|---|
| ဘွဲ့တော် | = | ဦးအရိယဝံသ |
| မွေးသက္ကရာဇ် | = | ၁၉၄၂-ခုနှစ် |
| အဖအမည် | = | ဦးနမ်ဘူလ(ခ)ဦးဘလူလ |
| အမိအမည် | = | ဒေါ်ဖော့မိုင်ဘောက် |
| လူမျိုး | = | ဂျင်းဖေါ(ကချင်) |
| အမျိုးအမည် | = | လထော်(La Htaw) |
| မွေးဇာတိ | = | မုန်ယာဝါမူးရွာ၊ ကွတ်ခိုင်မြို့နယ်၊ လားရှိုးခရိုင်၊ မြောက်ပိုင်းရှမ်းပြည်။ |
| လူ့အမည် | = | ဦးတိုးလုံ(ခ)ထူးလုံ(Tu Lum) |
| ပညာအရည်အချင်း | = | H.S.F တန်းမြင့်ကျောင်းထွက်တန်းအောင်။ |
| ဝါတော် | = | (၂၁)ဝါ |
| သာသနာဝင်မှတ်တမ်း | = | ၁/မကန(သ)/၀၀၀၁ရ၃ |
| လူ့သားဘဝမှတ်ပုံတင် | = | PYU 094542 |
| လူ့သားဘဝကိုးကွယ်သည့်ဘာသာ | = | နှစ်ခြင်းခရစ်ယာန် |
| ဗုဒ္ဓဘာသာသို့ကူးပြောင်းသောနှစ် | = | ၁၉ရ၁(၁၃၃၃)ခုနှစ် |
| ကမ္မဋ္ဌာန်းရိပ်သာဝင်သောနှစ် | = | ၁၉ရ၁(၁၃၃၃)ခုနှစ် |
| ကမ္မဋ္ဌာန်းရိပ်သာအမည် | = | သဲအင်းကူရိပ်သာ၊မှော်ဘီ၊ရန်ကုန်တိုင်း။ |
| ရဟန်းခံသောနှစ် | = | ၁၉ရ၆ ခုနှစ် |
| ရဟန်းခံသောကျောင်းတိုက် | = | မြို့သစ်ကြီး၊ရှမ်းရွာကျောင်း၊မြစ်ကြီးနား၊ကချင်ပြည်နယ်။ |
| ဥပဇ္ဈာယ်ဆရာတော် | = | ဦးဝိမလ-မန္တလေးကျောင်းတိုက်၊မြစ်ကြီးနားမြို့။ |
| ရဟန်းဒကာ/ဒကာမများ | = | ဦးစိုင်းအောင်ထွန်း+ဒေါ်နန်းနွယ်၊ ကောလိပ်ကျောင်းအုပ်ကြီး၊ မြစ်ကြီးနားကောလိပ်၊ |
| | = | ဒေါက်တာT.Nသားလ်+ဒေါ်ခင်ထွေး၊မြို့သစ်ရပ်၊မြစ်ကြီးနား။ |
| ဗုဒ္ဓဘာသာသို့ကူးပြောင်း | = | ဦးဘအေး+ဒေါ်မြမေ(အငြိမ်းစားလယ်ဝန်)၊ အမှတ်(၁၀၃) |

ပေးသောဒကာ/မများ ရောရပ်၊မြစ်ကြီးနား၊ဦးထွန်းဖေ၊မြို့သစ်ရပ်၊မြစ်ကြီးနား။
လူသား၏ဘဝအလုပ်အကိုင်= လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်း

## ဗုဒ္ဓဘာသာဝင်ဖြစ်လာသည့်အကြောင်းများ

**တောင်ယာခုတ်လုပ်ငန်း။** ။ တောင်ယာခုတ်လုပ်ငန်းသည် ရေတို အားဖြင့်လည်း မကောင်း၊ ရေရှည်အားဖြင့်လည်း မကောင်းပါ။ ရေတိုအားဖြင့် မကောင်းသည်မှာ နှစ်ပေါင်း များစွာက ပေါက်မြောက် ကြီးထွားနေသော ရောမ သစ်ပင် ချုံနွယ် ပိတ်ပေါင်းတို့ကို ခုတ်လှဲ လိုက်လျှင် သစ်တောပြုန်း၊ သစ်တောပြုန်းတော့ ရာသီဥတု ဖောက်ပြန်၊ နောက်ဆက်တွဲအနေနှင့် စိုက်ပျိုးရေး ရာသီပင်များ ကမောက်ကမ ဖြစ်လာနိုင် ပြီး မကောင်းသော ဆိုးကျိုးရလာဒ်များ ရှုထောင့် အမျိုးမျိုးမှ ဖြစ်ပေါ်လာနိုင်သည်ကို သိလာရပါသည်။

မြင်အပ် မမြင်အပ် ပုဂ္ဂိုလ်၊အယုတ်အလတ် အမြတ်ပုဂ္ဂိုလ် ပြဿနာလည်း သိလာရပါ သည်။ ရက္ခစိုးနတ်၊ ဘုမ္မစိုးနတ်၊ တစ္ဆေသူရဲ၊ ကြပ်၊ တောလမိုင်း၊ တောင်လမိုင်း၊ကုန်းလမိုင်းနတ်များ၊မရေမတွက်နိုင်သောတိရိစ္ဆာန်အကောင်များ၊ ပိုးကောင်များ၊ ငှက်များ ဘုံပျောက်ကြသောကြောင့် တောင်ယာခုတ် သူတို့အား တစ်ဦးစီ တစ်ဦးစီကို ဒုက္ခပေးခြင်း၊ ရွာသူရွာသားတို့အား အနာရောဂါ နှိပ်စက်ခြင်း၊ နေ့စဉ်ရက်ဆက် လူသေ၍ တစ်လနှစ်လရှိလျှင် ရွာပျက်ခြင်း ဒုက္ခလည်း ခဏခဏ ကြုံလာရသောအခါ ဖန်ဆင်းရှင်အား အပြစ်တင်ချင်လာပါသည်။

ထို့ကြောင့် ဖန်ဆင်းရှင်ကို အားမပေးသော ဗုဒ္ဓဘာသာကို စိတ်ဝင်စားလာလေ တော့၏။ စိတ်ဝင်စားလျှင်ဝင်စားချင်း ဗုဒ္ဓဘာသာသို့ ဝင်ဖြစ်ဘို့ရန်ကား တောင်ဘို့ ကလေးကို မြင့်မိုရ်တောင်ဖြစ်အောင် ပြုလုပ်ရန် မဖြစ်နိုင်သကဲ့သို့ ဖြစ်ပါသည်။ တစ်ရွာလုံးတွင် ဗုဒ္ဓ ဘာသာဝင်အိမ် တစ်အိမ်မျှမရှိ၊ ဗုဒ္ဓဘာသာဝင်တစ်ဦး တစ်ယောက်မျှ မရှိသောကျွန်တော်တို့ အခြေအနေသည် သေမင်းနှင့် ဆွေမျိုး အရင်းအခြာများ ဖြစ်နေမလားဟု စိတ်ကူးမိပါသည်။

တောင်ယာခုတ်ခြင်းအားဖြင့် ရေရှည်မကောင်းသည်မှာ ကျွန်တော်တို့ တောင်ယာ ခုတ်သောတောင်များ၏ပတ်ပတ်လည် တောင်ခြေများတွင် သဘာဝစမ်းချောင်းများ ရှိကြပါ သည်။ ရေမရှားပါ။သို့ရာတွင် တောင်ယာခုတ်ပြီး၊တောင်ကတုံးဖြစ်ခြင်း၊(တစ်)နှစ်(နှစ်)နှစ် ကာလျှင် ထိုစမ်းချောင်းကလေးများ ရေခမ်းကုန်ပါသည်။စမ်းချောင်းကြီးများလည်း ရေနည်း သွားသည်ကို တွေ့ရ၏-ဒီတော့ နောက်တစ်တောင် ဖြို့ရပြန်သည်၊ ဒီတောင်လည်း ထိုနည်း အတိုင်းဖြစ်၏။ အဆိုးဆုံး အချက်တစ်ချက်မှာ အဖိုးတန်ပရဆေးပင်များသည် သဘာဝအတိုင်း ပေါက်ရောက်ကြသည်။ တောင်ယာမီးရှို့ တော့ လောင်ကျွမ်းဆုံးရှုံးကြပြင်း ဖြစ်၏။ အိမ်ဆောက်ရန်အသား(ပျဉ်)များလည်း ဆုံးရှုံးရ၏။

အချုပ်အားဖြင့်ဆိုရသော် တောင်ယာခုတ်ခြင်းသည် တိုင်းပြည်တစ်ပြည်၏ အဖိုး ထိုက်တန်လှသော သဘာဝ မြေပေါ်ရတနာကို ဖျက်ဆီးခြင်းသာ ဖြစ်တော့သတည်း။ ထို့ကြောင့်ရေရှည်လည်းမကောင်း၊ရေတိုလည်းမကောင်းသောတောင်ယာခုတ်စနစ်ကိုအကြီး ဆုံးရန်သူဟုသတ်မှတ်ပြီး တိုက်ဖျက်သင့်သည်ဟု ယူဆမိပါ၏။ တိုက်ဖျက်လျှင် ရှုထောင့်တစ်ထောင့်ဖြစ်သောဘာသာရေးရှုထောင့်လည်းထည့်သွင်းသင့်သည်ဟု ကျွန်တော် ယူဆ မိပါသတည်း။

**ဘိန်းစိုက်ခြင်း။** ဘိန်းစိုက်ပျိုးခြင်းလုပ်ငန်းကို မကောင်းသောလုပ်ငန်းဟု ကျွန်တော် ငယ်စဉ်ကတည်းက သိရှိခဲ့ပါသည်။ သို့သော် အဆိုးဆုံးလုပ်ငန်းဟုတော့မယူဆမိ၊ မသိခဲ့ပါ။ ကျွန်တော်သိတတ်ခါစ တစ်နည်းအားဖြင့် ကျောင်းနေခါစ အရွယ် ရောက်လာသော အခါတွင်မူကား ဘိန်းစိုက်ခြင်းလုပ်ငန်းကို အဆိုးရွားဆုံးအလုပ်ဟု ကျွန်တော်သိမြင်လာ ပါသည်။

ကျွန်တော်တို့ရွာမှ အရှေ့ဘက်သို့လားသော် ကိုးကန့်နယ်ရှိသည်။ ကိုးကန့်တွင် လည်း ဘိန်းနှင့်လက်ဘက်စိုက်ပျိုးကြသည်။ အနောက်ဘက်သို့လားသော် မူဆယ်မြို့ရှိ၏။ အနောက်ဘက်ရွာစဉ်များလည်းဘိန်းစိုက်ကြသည်သာ။တောင်ဘက်သို့လားသော် ကွတ်ခိုင် မြို့ရှိသည်။ ကွတ်ခိုင်မြို့နှင့် ကျွန်တော်တို့ရွာကြားတွင် ရွာစဉ်များရှိ၏။ ထိုရွာများလည်း ဘိန်းကို စိုက်ပျိုးကြပါသည်။ ကျွန်တော်တို့ရွာမှ မြောက်ဘက်သို့လားသော် မုန်းကိုးနယ် ဖေါင်းဆိုင်နယ်ရှိပါသည်။မုန်းကိုး၊ဖေါင်းဆိုင်နယ်မှတရုတ်ပြည်ယူနန်နယ်အထိဘိန်းစိုက်ပျိုး ခြင်းသည်ဘိန်းလောကတွင် အထင်ရှားဆုံးဖြစ်ပါသည်။ ဘိန်းအစိုက်ဆုံးနှင့် ဘိန်းအထုတ် လုပ်ဆုံးနယ်မြေဟုသတ်မှတ်ကြသည်။ ကိုးကန့်၏တောင်ဘက်တွင်ရှိသော ကွမ်းလုံနယ်နှင့် ဟိုပန်ခရိုင်"ဝ"နယ်လည်းဘိန်းစိုက်ခြင်း၌ အထွဋ်အထိပ်ဒေသများဖြစ်ကြသည်ကို သိသာရုံ ရေးလိုက်ပါသည်။

ဘိန်း၊ဘင်း၊ကဇော်၊လှော်စာ၊အရက်တည်း ဟူသော စကားအတိုင်းဆိုလျှင်လည်း ဘိန်းကို ရှေ့တန်းတင်၍ ပြောဆိုကြသည်မှာ ယခုမှမဟုတ်၊ ရှေးပဝေသဏီ ကာလ ကတည်းက ဖြစ်၏။ ကျွန်တော်၏ ဘိုးဘွားလက်ထက်တွင် အဘိုးအဘွားတို့သည် တော သူဌေး၊တောင်သူဌေးများဖြစ်ကြသည်။ နောက်ပိုင်းတွင် အဘိုးနှင့်အဖေ သူတို့ သားအဖ ဘိန်းရှုသောကြောင့် ဆင်းရဲမွဲတေသွား၏။တဖြည်းဖြည်းဆင်းရဲသွားခြင်းမဟုတ်၊ လပိုင်း၊ နှစ်ပိုင်း ကာလအတွင်း ဆင်းရဲသွား၏။ဘယ်လောက် ဘယ်ရွေ့ဆင်းရဲသွားသည်ကို ကျွန်တော်စာဖွဲ့မပြတတ်တော့ပါ။

" ဆင်းရဲတာ မပြောပါနဲ့တော့ ကုန်းကောက်စရာမရှိဘူး " ဟု ကြားဘူးသည်မှာ ကိုယ်တွေ့ဖြစ်လာပါသည်။ကျွန်တော်သူငယ်တန်းမှ စတုတ္ထတန်းအထိ ရှပ်အင်္ကျီတစ်ထည်၊ စပို့ရှပ်တစ်ထည်၊ဇွပ်ကျယ်နှစ်ထည် ၊ရှမ်းဘောင်းဘီရှည် တစ်ထည်၊ရေချိုး ဘောင်းဘီ တိုတစ်ထည်နှင့် ပြီးခဲ့၏။သူငယ်တန်း ဘဝက ဝတ်သော အင်္ကျီဖြူ(ရှပ်)ကို လျှော်၍ နောက်နှစ်ကျောင်းတက်လျှင် ဝတ်သည်။ ပထမတန်းအောင်တော့ လျှော်ဖွပ်၍ သိမ်းထားရ

ပြန်သည်။ခရစ်စမတ်ပွဲ၊နာတာလူးပွဲ(နှစ်သစ်ကူးပွဲတော်) ကောက်သစ်စားပွဲ၊ မင်္ဂလာဆောင်ပွဲများနှင့် ကြုံလျှင် ထုတ်ဝတ်သည်မဟုတ်၊လုံခြည်တစ်ထည်မျှမဝတ်ဘူးပါ။ လောင်းပင်မဝတ်ဖူးဘူး၊ သူများ ဝတ်သည်ကို မြင်ဘူးရုံသာရှိ၏။

ကျောင်းမုန့်ဘိုးမှာ အိပ်မက်ထဲတွင်ပင် ထည့်မမက်ဘူးပေ။ စာမေးပွဲနှစ်တိုင်းအောင်၍ ဆုချငွေအဖြစ် ဆယ်ပြား၊တစ်မတ်ရလျှင် ထခုန်မတတ် ဝမ်းသာ၏။ မှတ်မိပါသေးသည်၊ လူရိုင်းခေါင်း စွပ်ကျယ် အင်္ကျီ ဝတ်ချင်၍ ကျွန်တော်တို့ရွာမှ သုံးလေးမိုင်ဝေးသောပလောင်ရွာမှပါးချောင်းများ အိမ်တစ်လုံးစာကို ထမ်းယူသယ်ဆောင်ရသော အလုပ်ကို ကျွန်တော်တို့ရွာက စစ်ထွက် ဦးဖော်ဂျူလ ခိုင်း၍ (၁၅)ရက်လုပ်ခဲ့ရသည်။ (၁၅)ရက်ပြည့်လျှင် လူရိုင်းအင်္ကျီ တစ်ထည်ရရှိပါပြီ၊ ကျွန်တော်ဝမ်းသာနေပါသည်။ ကျွန်တော်၏ပခုန်းပေါက်ပြဲ၊သွေးနီရဲခြင်း၊ခြေထောက်မှာလည်း ဘိနပ်မစီးရ၍ပေါက်ပြဲခြင်း တို့ကို သတိမရ၊ဂရုမစိုက်နိုင်အောင် ဝမ်းသာရပါသည်။

ဤကဲ့သို့ဆင်းရဲရသည်မှာဖခင်တစ်ယောက်ဘိန်းရှူ အရက်သောက် သောကြောင့် ဘိန်းစိုက်၍ ရရှိသော ငွေ၊တောင်ယာခုတ်၍ ရသောစပါးကို ရောင်းရငွေ တို့ကို သူ၏အရက်ဘိုး၊ဘိန်းဘိုးအဖြစ်အသုံးပြု၍ဖြစ်၏၊ဘိန်းပြည့်စုံလျှင်တစ်နေ့လုံးတစ်ညလုံးမထတမ်းရှူနေတတ်သည်။ဤအခြေအနေတွင် ကျွန်တော်တစ်ယောက်တည်းသာ မိခင်၊ဖခင်တို့နှင့်ရှိနေပါသည်။ညီအစ်ကို မောင်နမ(၈)ယောက်ထဲမှ ဒုတိယအကြီးဆုံးသည် စစ်ထဲဝင် သွားပြီဖြစ်၏။ ကျန်သော(၅)ယောက်သည် တောစောင့်နတ်၊ တောင် စောင့်နတ် ရက္ခစိုးနတ်၊ သရဲ၊တစ္ဆေ ကိုက်၍ သေကြေသွားကြပြီဟု ဆွေမျိုးများပြော ကြ သည်။ အိမ်တွင်ကျွန်တော် တစ်ယောက်သာ ဓာတ်လိုက်လုပ်ရလေသည်။

"မင်းတို့ ဘာလုပ်လုပ် မင်းတို့တွင် အပြစ်မရှိ ရှိသော အပြစ်ကို ငါသည်ကိုယ်စားခံပေးမည်။" ဟူသော ဖန်ဆင်းရှင်၏ တရားတော်ကို " စဉ်းစား စရာ ဖြစ်လာပြီ" ဟု ကျွန်တော် ထင်လာပြီ" တောင်ဘက်ရွာသည် ရှမ်းရွာဖြစ်၍ ဗုဒ္ဓဘာသာဖြစ် ကြသည်။ ကျွန်တော်တို့ လုပ်သောအလုပ်ကို သူတို့မလုပ်ကြ သူတို့သည် ကျွန်တော်တို့ထက် များစွာချမ်းသာကြသည်ကို တွေ့ရ၏။ သူတို့ကလည်း " မင်းတို့ လုပ်တဲ့အလုပ်ကို ငါတို့မလုပ်ဘူး၊ငါတို့ဘုရားက မလုပ်ခိုင်းဘူး လုပ်ရင် ငါဘုရားမကယ်နိုင်ဘူး မင်းတို့လုပ်ရင် မင်းတို့ဘာသာမင်းတို့ မကောင်းဆိုးဝါးခံရမယ် မကောင်းဆိုးဝါးဆိုတာ ဆင်းရဲသည်ထက်ဆင်းရဲသွားတာ၊ အသက် မရှည်တာ " စသည်ဖြင့် ပြောပြ ကြသည်။ "ကျွန်တော် ဒီအလုပ်တွေကို မလုပ်ချင်ဘဲနဲ့ လုပ်နေရပြီ၊ ဖခင်က ဘိန်းမရှူရရင် သူများပစ္စည်းခိုးမှာစိုးလို့ပါ။ကျွန်တော် အခု ဘိန်းစားသား၊ အရက်သမားသားလို့ အများခေါ်နေကြတာကို လိုမ့်ခံနေရတယ်။ ဒီအလုပ်ကို မလုပ်ရင် ဖခင်က သူများပစ္စည်းခိုးပြီး ဘိန်းရှာရှူလျှင် ဘိန်းစား၊အရက်သမားသားကနေ သူခိုးကြီးသား ဖြစ်သွားဦးမယ်" ဟု

ပြောပြရာ အချို့ရှမ်း အဘွားကြီးများက ကျွန်တော်ကို သနား၍လား စိတ်မကောင်း၍လားမသိ မျက်ရည်ကျကြလေသည်။

ဤအလုပ်ကိုလုပ်နေရသော်လည်း ကျွန်တော်သည် ဘိန်းမရှူ၊အရက်မသောက်ရန် ဆုံးဖြတ်လိုက်ပါတော့သတည်း။

**တိရစ္ဆာန်မွေးမြူခြင်း။** ။ကျွန်တော်တို့ မိသားစုသည် မည်သို့ပင် မအားမလပ် လုပ်ကိုင်လှုပ်ရှားနေရသော်လည်း တစ်နေ့တစ်ရက်ပြီး တစ်နေ့တစ်ရက်၊တစ်လတစ်နှစ်ပြီး တစ်လ တစ်နှစ် ပို၍ပို၍ အခြေဆိုးလာသည့်အတွက် ကြက်မွေး၊ဝက်မွေးအလုပ် ကိုလည်း တစ်နိုင်မွေးအခြေအနေအဖြစ် လုပ်ဆောင်နေကြပါသည်။

ဤလုပ်ငန်းလည်းငွေရလွယ်သောအလုပ်ဖြစ်ပါသည်။သို့သော်ကြာလေဆိုးလေဖြစ်လာ ပါသည်။မွေးထားသော ကြက်များကို တောကြောင် လာဖမ်းစားခြင်း၊မြွေ များ လာဖမ်းစားခြင်း၊ မြွေပါလာကိုက်ခြင်း၊ ဂျိုးသိမ်း စွန်များ လာဖမ်းသုပ်စားခြင်းဖြင့် ကြက်များ ကုန်လာသည်။ ကြက်ရောဂါဖြစ်၍လည်း၊တစ်ကောင်ပြီးတစ်ကောင် သေကုန်ကြသည်။ရွာသူ စုန်းထီး စုန်းမများ ကြက်လာတောင်းကြသည်ကို မပေးမိလျှင်လည်း ကြက်များ သေကုန်၏။ဖခင်နှင့်မိခင်ကို ကျွန်တော်မေးခွန်းထုတ်လိုက်ပါသည် " အဖေ အမေတို့ ကြက်ကိုလည်း ဘုရားသခင် ဖန်ဆင်းတယ်၊ဝက်ကိုလည်း ဘုရားသခင် ဖန်ဆင်း တယ်၊ကြက်ဖမ်းစားတဲ့ မြွေ၊ မြွေပါ၊တောကြောင်တို့ကိုလည်း ဘုရားသခင် ဖန်ဆင်း ထားတယ်လို့ဆိုတယ်၊ရောဂါကိုလဲ ဘုရားသခင် ဖန်ဆင်းသလား၊အရက်နှင့် ဘိန်းကိုရော ဖန်ဆင်း သလား၊ကျွန်တော်တို့ ဒီလိုဆင်းရဲ မွဲတေတာကိုကော ဘုရားသခင် ဖန်ဆင်း သလား " ဟုမေးရာ ဖခင်ကပြော၏ "ဘာသာနေစမ်း ဘိန်းမှိန်းမိန်းရတာ ဇိမ် ပျက်တယ်" ဟုဆို၏။ မိခင်ကမူ "ဘုရားနဲ့ပတ်သက်ပြီး ဘယ်သူမှ ဉာဏ်မမီဘူး၊ ဘုရားသခင် ဖန်ဆင်းတာနဲ့ပတ်သက်ပြီး မမေးရင်ကောင်းတယ်"ဟု ဆို၏။ ကျွန်တော်က ဒီအဖြေကိုသဘောမကျလှပါ။ ထို့ကြောင့် ကျွန်တော်တို့အခုလို ဆင်းရဲနေတာကို ဘာကြောင့်ဖြစ်တယ်ဆိုတာ ပြောပြပါလို့ အတွန့်တက်လိုက်ပါသည်။ မိခင်ဖခင်တို့သည် မည်သို့မျှအဖြေမပေးဘဲ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။

" ဝက်စာမရှိဘူး တောပိန်းရိုင်းသွားရှာဦး" ဟုခိုင်း၍ ကျွန်တော်လည်း ပလိုင်းနှင့် ဓါးယူပြီးတောထဲသို့ ထွက်ခွာသွားပါသည်။ စကားတစ်ခွန်း ငြီးငြူခဲ့ပါသည် "အဖေဘိန်း ဖြတ်လျှင် ချမ်းသာကြမှာပါ" လို့၊ ဤစကားကိုကြားလျှင် ဖခင်သည်တုံးလုံးလှဲပြီး ဘိန်းရှူနေရာမှခေါင်းထောင်၍ကျွန်တော့်ကိုလိုက်ကြည့်သည်။ကောင်းသောကြည့်ခြင်းမဟုတ်သည်ကိုသိလိုက်ရ၍ မပြေးရုံတမယ် သုတ်သုတ်ထွက်ခွာသွားပါသည်။ မိခင်၏မျက်နှာမှာ ငိုတော့မလိုလိုဖြင့် ကျန်ရစ်ခဲ့သည်ကို မြင်ခဲ့ရ၍ တစ်လမ်းလုံး ကျွန်တော့်မိခင်ကို အထူး သနားမိပါသည်။

မှဆိုးလုပ်ကိုင်ခြင်း။ ။ မုဆိုးလိုက်ခြင်းသည် ပင်ပန်းသလောက် ပျော်စရာလည်း ကောင်းလှ၏။ သေနတ်ကိုင်မုဆိုးကြီးတို့သည် တောကောင်ထွက်လာတတ်သောနေရာတွင် စောင့်၍ပစ်ခတ်သတ်ဖြတ်ကြလေသည်။ တောကောင်ခြောက်လှန့်ကြရသော ကာလသား တစ်စုသည် တောကောင်ရှိမည်ထင်သောတောသို့ဝင်၍ ဘေးချင်းတိုက် တစ်ယောက် နှင့်တစ်ယောက် ကိုက်(၂၀)ခန့်ကွာပြီး တန်းစီ၍ ဟေး-ဟေး-ဂူး-ဂူး ဟုအော်ဟစ်ရင်း ရှေ့သို့ တိုးတိုးသွားကြသည်။ ရံဖန်ရံခါတစ်လံခန့်ရှည်သော တုတ်များကိုင်၍ မြေကြီး ကိုတဘုန်းဘုန်း မြည်အောင် ရိုက်ရလေသည်။

တောကောင်များသည် ဤကဲ့သို့ညာသံပေးခြောက်လှန့်သည်ကို လန့်၍ ရှေ့သို့ ထွက်ပြေးသွားလျှင်သေနတ်ကိုင်မုဆိုးကြီးများစောင့်နေသောနေရာတွင်ထွက်မိလျက်သားဖြစ် လျှင် တဒိုင်းဒိုင်းဝိုင်းပစ်ကြသည်။ မှန်သော် တောကောင်သား ရလေတော့၏။ တော ကောင် ပစ်သတ်ထားသည်ကို တွေ့ကြသူတိုင်း ဝမ်းသာကြသည်။ တောကောင်ကိုဖျက်၍ ဝေယူကြပြီး အိမ်အပြန်လမ်းသည် အမဲလိုက်မုဆိုးလိုက်သူတို့၏ ပျော်စရာကောင်းသော နေ့ထူးများဖြစ်လေသည်။

ဤသို့ပင် ကျွန်တော်တို့သည် ဘုရားသခင်ညွှန်ကြားတော်မူသည့်အတိုင်း မုဆိုး လိုက်ခြင်းအားဖြင့် တိရစ္ဆာန်များကို သတ်ဖြတ် စားသောက်ကြသည်မှာ အကြောင်းတရား ဖြစ်သည်ဟုကျွန်တော်ယူဆမိပါသည်။အကျိုးတရားရောက်လာသည့်အခါကျလျှင် မစားသာ ထဲကမစားသာ ဖြစ်ရတော့သည်။ မှတ်မှတ်ရရ ဦးလဘန်တို့ အိမ်သစ်တက်သော အကြိုနေ့တစ်ရက်ကဖြစ်၏။ ခါတိုင်းကဲ့သို့ ကာလသားတစ်ချို့နှင့် သေနတ်ကိုင် မုဆိုးကြီးတို့ အမဲလိုက်သွားကြပြီ။ တချို့လည်း ငါးရှာဖါးရှာထွက်ကြပြီ။ ကျွန်တော် သည် အမဲလိုက်ကာလသားအဖြစ် လိုက်ပါသွားပါသည်။ ယခင်က ကျွန်တော်ပါလျှင် အမဲ(တောကောင်) မရသည်ကများသည်။ ထို့ကြောင့် အမဲလိုက်ရာသို့ ကျွန်တော့်ကိုမခေါ် ချင်ကြပါ။ဤနေ့တော့ တစ်အိမ်တစ်ယောက် မလိုက်မနေရဟုဆို၍ ကျွန်တော်လိုက်ရခြင်း ဖြစ်၏။ ပထမတစ်တောတွင် တစ်ကောင်မျှမရ၊ ဒုတိယတောသို့ဝင်မည့်အခါ တချို့က ကျွန်တော်ပါလို့မရဟုဆိုကာ ပြန်နိုင်းကြသည်။ ကျွန်တော်လည်း ဆက်မလိုက်လို၍ တစ်ယောက်တည်းရွာသို့ပြန်လာပါသည်။ ကျွန်တော်ပြန်လာပြီး ခဏကြာသော် သေနတ်သံများ ကြားရပါသည်။ ကျွန်တော်ဝမ်းသာဝမ်းနည်းဖြစ်ရပါသည်။ အဘယ် ကြောင့်ဆိုသော် သေနတ်သံကိုနားထောင်ခြင်းဖြင့် အမဲကောင်ရပြီ၊ သေချာပြီဆိုသည်ကို ကျွန်တော်သိလိုက်ပါသည်။သေနတ်သံကြားလျှင်(ဒိုင်း-ဟောင်း-ဟောင်း-ဟောင်း)ဟူသော အသံရှည်ဖြစ်ပါက သားကောင်မမှန်သောအသံဖြစ်၍ (ဒိုင်းဪင့်)ဟူသော အသံတိုတိုဖြစ် ပါက သားကောင်မှန်သောအသံဟု မုဆိုးလောက၏ အတွေ့အကြုံသင်္ကေတဖြစ် သည်ကိုသိ၍ဝမ်းသာခြင်းဖြစ်ပါသည်။ တောကောင်သားစားရတော့မည်ဖြစ်၍ ဝမ်းသာသည် ဆိုလျှင် ပိုမှန်ပါမည်။ ထို့ကြောင့် ကျွန်တော်ဝမ်းသာခြင်းဖြစ်ပါသည်။

ဝမ်းနည်းသည်မှာ "ကျွန်တော်ပါလျှင် သားကောင်မရတတ်၍ ကျွန်တော့ကို လာဘ်တိတ်ကောင်ဘွဲ့ပေးထားသည်ကို မကျေနပ်ခြင်းဒီဂရီ ပိုပိုတက် လာ၍ ဝမ်းနည်းခြင်းဖြစ်ပါသည်။ဤနေ့လည်း လာဘ်တိတ်ကောင်အဖြစ် အပယ်ခံရ၍ အမဲဆက်မလိုက်ရဘဲပြန်လာရပြီမဟုတ်လော။ ကျွန်တော်မပါတော့သည့်နောက် သားကောင်ရပြီလေ။ နောက်(၂)နာရီခန့်ကြာလျှင်နောက်ထပ်သေနတ်သံ(၂)ချက်ကြားလိုက်ရ၏။ သားကောင်ကို မှန်သောအသံဖြစ်၏။ ဝမ်းသာ ရပြန်ပြီ။ ကျွန်တော်လည်း ရွာသို့ရောက်ခါနီးပြီ။ ရွာသား(၂)ယောက်၊မိန်းကလေး (၃)ယောက်နှင့် လမ်းတွင်ဆုံကြသည်။ "မင်းတစ်ယောက်ထဲ ဘာဖြစ်လို့ပြန်လာသလဲ"၊ကျွန်တော်ပါရင် သားကောင်မရလို့ ကျွန်တော့ကိုလာဘ်တိတ်ကောင်ဘွဲ့ပေးထားတာ ခင်ဗျားသိသားဘဲဗျာ၊ ပထမ တောမှာသားကောင်တစ်ကောင်မှမရလို့ ကျွန်တော် လာဘ်တိတ်ကောင်ကို ပြန်ခိုင်းလို့ ပြန်လာတာလေ"။ သူတို့က "သေနတ်သံများကြားလို့ သားကောင်ကြီး ဆတ်၊ဝက်၊ပြောင်များရရင် မနိုင်မှာစိုးလို့ သွားကြိုမလို့လာကြတာ" ဟု ပြောကြသည်။ ကျွန်တော်က "ကျွန်တော်ပြန်လာတဲ့နောက်မှ သေနတ်သံကြားရတာ ဘာကောင်ရတယ်မသိဘူး မှန်တော့မှန်တဲ့အသံဘဲ" "ပြန်ပြန်ရွာမှာအရေးပေါ်နေပြီ" "ဘာအရေးလဲ" "မင်းရောက်တော့သိလိမ့်မည်"

ကျွန်တော်ရွာသို့ရောက်လျှင် နတ်ဆရာကြီး လဘန်ဒိန်လာ အိမ်တွင် လူများဝိုင်းအုံနေကြသည်။ ကျွန်တော်တို့ရွာတွင် ခရစ်ယာန်ဘာသာသို့ မဝင်ဖြစ်သေးသောအိမ်(၂)အိမ်ရှိသေးသည်။ဦးလဘန်နှင့်ဦးလမိုင်တို့တည်း။ ဦးလဘန်၏ဇနီးသည် အလွန်အေးသောအမျိုးသမီးကြီးဖြစ်၏။ ဤနေ့မှာ တောနတ်ဝင်ပူးပြီး တောက်ခေါက်ခြင်း၊အံကျိတ်ခြင်း၊ဒေါသတကြီးနှင့်အော်ဟစ်ပြောခြင်း ဖြစ်နေသည်ကို တွေ့ရ၏။ "မင်းတို့ဟာတရားလွန်လှပြီ၊ ရွာနေလူများကုန်လုနီးပါးသေကြတာလဲ မမှတ်ကြဘူး၊ ရွာပျက်အောင်ဖြစ်ကြတာလည်း မှတ်ကြဟန်မတူဘူး၊ ဒီနေ့တောလိုက်တဲ့ကောင်တွေလည်း အချင်းချင်းပစ်သတ်ကုန်ကြပြီ၊ မင်းတို့တော့လား၊ နေနှင့်ကြအုံး "ဟု အော်ဟစ် ငေါက်ငန်းပြီးသူ့ဟာသူ ကွမ်းမြုံ့နေတော့၏။ သူကဆို၏ "အလို လူတွေများလှချည့်လား ဘာလာလုပ်ကြတာတုန်း "။ ဒီတော့မှ နတ်ဆရာဖြစ်သော သူ့ခင်ပွန်းဦးလဘန်က "ဘာဖြစ်ရမှာတုန်း မင်းမှာနတ်ပူးလို့လာကြည့်ကြ၊ နားထောင်ကြတာလေ" "ဟောတော့-ကြံကြီးစီရာ၊ငါလည်းဘာမှမသိလိုက်ရပါလား၊ ငါဘာတွေဖြစ်သွားတယ်၊ ဘာတွေပူးပြောတယ်ဆိုတာကိုပြောပြကြပါအုံး"နတ်ဆရာကအလုံးစုံကိုပြောပြသည်။ကျွန်တော်မရောက်ခင် (၁)နာရီခန့်ကတည်းကပူးပြောနေကြောင်းသိရ၏။ပြောသောစကားများသည်ကချင်စကားဖြစ်သော်လည်းရေးစကား ဖြစ်၍ စကားဆယ်ခွန်း တစ်ခွန်း နားလည်ရန် ခက်လှသည်။

နတ်ဆရာသာနားလည်၍ နောက်ဖြည်းဖြည်းမှ ဘာသာပြန်ပြမည်ဆို၍ ပွဲသိမ်းလိုက်သည်။ လူများ အသီးသီးပြန်သွားကြ၏။ တအောင့်ကြာလျှင် ငိုသံများနားကွဲမတတ်ကြားရလေသည်။ တောလိုက်သောသူတို့ ပြန်လာကြပြီ၊ မှောင်လည်း မှောင်နေပြီ။ရှေ့ဆုံးမှကာလသား(၂)ယောက်သည် တောဝက် မကြီးမငယ်အသေကောင်အား ထမ်း၍ပြန် လာကြသည်ကို တွေ့လိုက်ရ၏။ ကျန်သောတောလိုက်သမားများ တစ်ယောက်မျှ ရွာထဲဝင်မလာကြသေး၊ငိုသံများဆူပွက်နေရာသို့ ကျွန်တော်သွားကြည့်လိုက်စဉ် လူသေအလောင်းကို လမ်းနံဘေးတွင်ချထား၍ အလောင်းကျင်းထားရန် နေရာလုပ်နေကြသည်ကို တွေ့ရသည်။ အလောင်းကိုရွာထဲမယူကောင်း၊ ရွာသားများလည်း ထွက်မကြည့်ကောင်း၊ သေသူ၏ဆွေမျိုးများသာ လာကြည့်ကောင်း၍ ငိုနေကြခြင်းဖြစ်၏။ ကျွန်တော်လာသည်ကို မနှင်ထုတ်သောကြောင့်ကျွန်တော့အမျိုးထဲကဟု သိလိုက်လျှင်ပင် ကြက်သည်းမွေးညှင်းများ ထိုးထိုးထောင်ထောင်ထလာတော့၏။" ဟင်"– တစ်ဟင်သာကျွန်တော့ပါးစပ်က ထွက်ဖြစ်သည်။ ကျွန်တော်၏ဦးလေးဝမ်းကွဲ၊ ကျွန်တော့်ကိုလာဘ်တိတ်ကောင်ဟု အမြဲပြောဆိုသူ၊ တောလိုက်ဝါသနာထုံလှသူ၊ ယခုတော့ ရင်ဘတ်မှ သည်နောက်ကျောကုန်းသို့ ကျည်ဆံထွက်သွားသောဒဏ်ရာနှင့် ကိစ္စချောလေပြီ။တောလိုက်ရာ၌ ဆတ်လိုလို၊ သမင်လိုလိုမြင်၍ ပစ်ထည့်လိုက်သည်၊ အနားကပ်ပစ်သည်ဟု ပစ်သူလဘန်ဂမ်ကပြောသည်။

ဤအဖြစ်အပျက်ကို ကျွန်တော်အထူးအဆန်းမအောင်းမေ့၊ ကျွန်တော်တို့နယ်တွင် ဤကဲ့သို့ဖြစ်သည်မှာ အကြိမ်ကြိမ်ကြုံဖူးပြီးဖြစ်သည်ကိုး။ ကျွန်တော့ပါးစပ်ထဲက ငြီးငြူသံတစ်ခုလေးလေးပင်ပင်ထွက်လာသည်။ "အင်း–ဟင်း ဘုရားသခင်က တိရစ္ဆာန်များကို ကမ္ဘာ့ဟင်းသီးဟင်းရွက်သဖွယ် သတ်စားရန် ငါခွင့်ပြုသည်၊ ငါဖန်ဆင်းသည်ဆိုတာကို ကျွန်တော်မယုံကြည်ချင်တော့" ဟူ၏။ "ဒီအလုပ်ကို မကောင်းတဲ့အလုပ်ဟု ဟောတဲ့ဘုရားဟာ ဗုဒ္ဓဘုရားတစ်ဆူတည်းသာဖြစ်မည်" ဟု ကျွန်တော်ထင်၍ အိမ်ပြန်လာပြီး မောပန်း သော်လည်း ရေမသောက်၊ ထမင်းမစား၊ ငေးငိုင်နေမိပါသည်။ အဖေက" ဟိုကောင်ဘာဖြစ် နေတာလဲ"အဖေ့အသံကြားရမှ အိပ်မက်ဆိုးမက်၍ လန့်နိုးလာသကဲ့သို့ သတိပြန် ဝင်လာပါသည်။ ထမင်းဝင်စားသည်။ တောဝက်သားချဉ် သုတ်ထားသောဟင်းလေးနှင့်မျှစ်ချဉ်ဟင်း၊ ငရုတ်သီးပဲပုပ်ထောင်းနှင့် ညစာလွေးရသည်မှာ လူနှစ်ယောက်သုံးယောက်စာ ကုန်သွား၏။ တောဝက်ချဉ်ကို ကျွန်တော်စားချင်စိတ်မရှိ၍ တို့ပင်မတို့ပါ။ "မင်းအမေ မစားသေးဘူး"–အဖေလှမ်းပြောလာသည်။ ထိုအချိန်တွင် မိခင်ပြန်လာ၏။အိမ်သစ် တတ်မည့်အိမ်၊ အသုဘအိမ်တို့မှပြန်လာသည်။ "အမေ ထမင်းမကျန်တော့ဘူးကျွန်တော်အကုန်တုတ်လိုက်ပြီ၊ကျွန်တော်ပြန်ချက်ပေးမယ်လေ" " အိမ်သစ်တက်ကစားလာခဲ့ပြီ၊မင်းပြန်လာတာနောက်ကျလှချေလား"၊"ကျွန်တော် ဦးလဘန် ကတော်နတ်ပူးတာကြည့်ခဲ့တယ်၊ဦးလေးအလောင်းလဲသွားကြည့်ပြီးပြီ၊အမေတို့ဘုရားသခင် ကလဲဗျာ"၊ "လာပြန်ပြီ ဒီကောင်ကလေး"–

ကျွန်တော့်စိတ်ကူးသည် ဖန်ဆင်းရှင်နှင့်ဗုဒ္ဓဘုရားတို့ သူနိုင်ကိုယ်နိုင်လွန်ဆွဲနေရာ ဗုဒ္ဓဘုရားနိုင်သွားသည်ဟု စိတ်ကူးမိ၍ ပြုံးမိ၏၊ မိခင်က ကျွန်တော်ပြုံးသည်ကို မြင်သွား၍ "ဘာစိတ်ရူးပေါက်နေတာတုန်း" ဟုသတည်း။

**တံငါလုပ်ခြင်း။** ။ကောင်းသောအလုပ်ဖြစ်ဖြစ် မကောင်းသည့် အလုပ်ဖြစ်ဖြစ် လုပ်နေကျလုပ်ချင်ချင်၊ပြုနေကျပြုချင်ချင်ဖြစ်သည်မှာလောကဓမ္မတာဖြစ်မည်ဟု ကျွန်တော် ယုံကြည်ထားသည်။ကျွန်တော်တို့ ခရစ်ယာန်ဘာသာသို့မဝင်ခင် ယခင်နတ်စား ဘာဝတုန်းကလည်း တောင်ယာခုတ်၊တိရစ္ဆာန်မွေးဘိန်းစိုက် မုဆိုးလိုက်၊ငါးဖမ်း၊ နွားသတ် လုပ်ငန်းကိုလုပ်ဆောင်ခဲ့ကြသည်။ခရစ်ယာန်ဘဝရောက်တော့ ပိုလုပ်ကြသည်။ နတ်စားဘဝတုန်းက နတ်တို့က ဤအလုပ်များကို လုပ်ရသည် မလုပ်ရသည်ဟု မပြောကြပါ။ ခရစ်ယာန်ဘုရားက လုပ်ကိုလုပ်ရမည် ဟု ဟောထား၍ ပို လုပ်ကြခြင်းဖြစ်သည်။

ကျွန်တော်တို့နယ်တွင် အင်း၊အိုင်များ မရှိသလောက် ရှားပါးသည်။ ချောင်း၊ စမ်းချောင်း၊ မြစ်မကြီးငယ်တို့သည် ပေါများပါသည်။ ရေနေ သတ္တဝါ ပေါင်းစုံ ရှိကြသည်။ရေသူမပင် ရှိလေသည်။ရဘူးသူရှိသည်။ချောင်းကိုလွှဲ၍ ငါးဖမ်းခြင်း ပိုက်ကွန်နှင့် ဖမ်းခြင်း၊ဆည်နှင့်ဖမ်းခြင်း၊ဇွပ်ပုန်းနှင့်ဖမ်းခြင်း၊မိုင်းခွဲခြင်း စသည့်ဖြင့် ဖမ်းယူကြသည်။ ကျွန်တော်သည် ငါးဖမ်းအလုပ်ဆိုလျှင် ထမင်းမစား ဟင်းမစား ကြီးမားသောဝါသနာနှင့် ပြည့်စုံသူဖြစ်ပါသည်။

ကျွန်တော့်၌ ထူးခြားသည်မှာ ငါးဖမ်းလျှင်လည်း ကျွန်တော်ပါလျှင် ဟုတ်တိပတ်တိမရတတ်ခြင်းပင် ဖြစ်ပါသည်။မုဆိုးလိုက်လျှင်လည်း ကျွန်တော်ပါလျှင် မရတတ်၍ ပြဿနာဖြစ်ပေါင်း များလှ၏။ နောက်တစ်ခု ထူးခြားသည်မှာ သူစိမ်းများနှင့်တွဲသွားလျှင် သားငါးမရဘဲ ဖခင်၊ဦးလေး၊ဦးကြီးများနှင့် တွဲသွားလျှင်ကား ထမ်းမနိုင် ပိုးမနိုင် ရရှိလေသည်။မှတ်မိပါသေးသည်။ နန်းမွေချောင်းတွင် သားအဘနှစ်ယောက် ငါးမိုင်းသွားခွဲရာ မိုင်းကွဲသည်နှင့် တပြိုင်နက် ငါးသေကောင်များသည် ပက်လက်သေ၍ ရေပေါ်သို့ ပေါလောပေါ်လာသည်မှာ ရေပြင်ကို မမြင်ရ၊ငါးပြင်ကြီးဖြစ်နေသည်။ရေပြင်တွင် ငါးသေကောင် တစ်ကောင်နှင့်တစ်ကောင် လက်သုံးလုံးခန့်ပင်မခြား၊ထိုနေ့က ငါးထမ်းမနိုင်၍ ငိုရ လေသည်။ငါးသေကောင်များ ကောက်ရာ၌ လက်လေးသစ်အောက်ငယ်သော ငါးကို မယူဘဲ လက်လေးသစ်အထက် ကြီးသော ငါးကိုသာ ကောက်ယူကြသည်။ ကောက်သင်းကောက်သော သူများပင်လျှင် ငါးဆယ်ခန့်ရှိ၏။ တစ်ယောက် သုံးပိဿာအနည်းဆုံး ရကြသည်ဟုဆို၏။

ကျွန်တော် ငါးဖမ်းရာ၌ ဉာဏ်မမီသည့် ပြဿနာလည်း ခဏခဏ ကြုံဘူးလေသည်။ဥပမာ– မန်ဟင်ရှမ်းဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းရှေ့တွင် အထက်က ဖော်ပြခဲ့သည့် နန်းမွေချောင်းသည် အလွန်နက်ရှိုင်းစွာ ပတ်ဖွဲ့၍ တည်ငြိမ်နေသည်။ငါးကြီးများ စုရုံးနေကြသည်။ဘုန်းကြီးက ငါး၏နဖူးတွင် ရွှေပြားများဖြင့် ရွှေချထား (ပင်အပ်နှင့် စိုက်ထားလေသည်) လေသည်။ ငါးမိုင်းခွဲသမားများ ခိုး၍ မိုင်းခွဲကြသည်။ ဘယ်တော့မှ

မကွဲခဲ့။ ကွဲလျှင်လည်း ငါးကမသေ၊မိုင်းခွဲသူသာသေလေသည်။တရုတ်ပြည် ယူနန်ပြည် နယ်က တရုတ်များလည်း လာ၍ မိုင်းခွဲကြသည်။ မိုင်းမကွဲ၊ အကြိမ်ကြိမ် ခွဲသော်လည်း အကြိမ်ကြိမ် မကွဲခဲ့ပါ။ထိုငါးကြီးများသည် ဝက်ခန့် ကြီးကြသည်။ ကျွန်တော်တို့ သား အဖ သွားခွဲရန်စိတ်ကူး ပေါက်ဘူးသည်။ စိတ်ကူးရုံဖြင့် ကြောက်စိတ်ဝင်လာပြီး မခွဲဖြစ် ခဲ့။ ထိုငါးကြီးများ ယခုထက်တိုင် ရှိကြသေးသည်ဟု လူကြုံလာသူများပြောကြသည်။ နတ်ငါး ဘုရားငါးဟု ဆိုကြသည်။ကျွန်တော် ဉာဏ်မမီ၍ မပြောတတ် မတွေးတတ်ပါ။

ကျွန်တော်တို့ရွာ၏ တောင်ဘက် ခပ်လှမ်းလှမ်းတွင် မန်ဆာချောင်း ရှိသည်။ထိုချောင်းမှ ငါးများသည် ဆန်းပြားသည်။ အချို့ငါးများ ဦးချိုပါသည်။အချို့ ငါးများငှက်တောင်ပံ ပါသည်။အချို့ငါးများ မျက်စိတစ်လုံးကြီးကြီးပါသည်။ အချို့ငါးများ လူလက်(လူ့ခြေထောက်)ပါသည်။အချို့ငါးများ လူ့သွားပါသည်။ ထိုငါးများကို ဖမ်းနည်း မျိုးစုံနှင့် ဖမ်းဆီး၍မရပါ။ သူ့ဟာသူ သေသည်ကို ကောက်စားလျှင်ကောင်းလှသည်၊ ဆေးဘက်ဝင်သည်ဟု ဆို၏။ ကျွန်တော်ကား တစ်ခါမျှ မစားဘူးခဲ့။ ဖမ်းလည်း မဖမ်း ဘူးခဲ့ပါ။ဤ ငါးမျိုးကိုလည်း ဉာဏ်မမီ၍ ချဲ့မရေးတတ်တော့။

ဦးဆယော်တူးတစ်ယောက် မြုံးနှင့် ငါးထောင်၏။ တစ်နေ့သ၌ မြုံးသွားဖော်ရာ သူတစ်ယောက်တည်းမြုံးကို မ၍ မနိုင်တော့။ ဝိုင်းကူမရန် လူပြန်ခေါ်သည်။ သုံးယောက် ဝိုင်းမကြသည်။မ၍မရ၊ခဏစောင့်၍ လမ်းသွားလမ်းလာများကို အကူအညီတောင်းသည်။ တွေ့သည်။ နှစ်ယောက်လာကူညီကြသည်။ အားလုံးငါးယောက် ဝိုင်းမကြသည်။ မနိုင့်တစ်နိုင်မယူကြသည်။ သည်မြုံးကို သွန်ကြည့်သော် ငါးတစ်ကောင်မျှမပါသည်ကို တွေ့ကြသည်။ကျန်လေးယောက် တို့သည် နွယ်ကြိုးနှင့် ငြိနေ၍လေးသည် ထင်ကြသည်။သူတို့ ခရီးဆက်ကြသည်။ ကျွန်တော် ကျောင်းသွားလမ်းနံဘေးတွင်ဖြစ်၏။

ကျွန်တော်ရေခပ်သောက်လေ့ရှိသော နေရာတွင် လူတစ်ယောက် ကုတ်ကုတ်နှင့် လှုပ်ရှားနေသည်။သေချာကြည့်လိုက်သည်။ ဦးဆယော်တူးကို တွေ့ရသည်။ "ဘာလုပ်နေ တာလဲ " မေးမနေနဲ့ လာအုံး " " ပြဿနာဘဲ " ဆယော်တူးက" မြုံးထဲ ငါးတစ် ကောင်မှ မပါဘဲ လေးလိုက်တာကွာ ၊ လက်နဲ့ နှိုက်မမိဘဲ ဟိုမြုံးဒေါင့်မှာတော့ အရာဝတ္ထုတစ်ခုငါစမ်းမိတယ်၊ ငါ့လက်က ကြီးနေလို့ မြုံးပေါက် မဆံ့တဆံ့၊ လက်မောင်းရင်းနဲ့တစ်နေတယ်။မင်းလက်က သေးတယ် နှိုက်ကြည့်ပါ" "မနှိုက်ရဲဘူးမြွေ ဖြစ်နေရင် မခက်လား " " ဒီလိုဆို မြုံးတံခါးကြိုးဖြည်ပြီး ဖျက်ကြည့်ရုံဘဲ" "ကျွန်တော် ကျောင်းသွားတော့မယ်" "နေအုံးခဏ"

" ဟာ ဟာ ငါးမဟုတ်ဘူး၊ကလေးလေး၊ကလေးလေး-ဟင် မဟုတ်သေး ပါဘူး၊ငါး ငါး အို ငါးဆိုရအောင်ကလည်း လက်လည်းပါတယ်။ လူ မိန်းမလို ရင်သား လည်းပါတယ်။ဆံပင်လည်း ရှိတယ်။ မျက်နှာလည်း လူအတိုင်းဘဲ ၊ လက်နှစ်ဘက်နဲ့

မျက်နှာကိုပိတ်ထားတယ် " ဆဟော်တူးလည်းသူ့ဟာသူ စကားပြောသလိုလိုဖြစ်နေသည်။ ကျွန်တော် သေချာကြည့်လိုက်သည်။ " ဟင် ရေသူမ၊ရေသူမ၊ ငါပင်လယ်ကမ်းခြေပန်း ချီကားချပ်ပုံပြ ကလေးဖတ်စာအုပ်မှာ မြင်ဘူးသည့် ရေသူမအတိုင်းပါလား " အရွယ်မှာ ၂ ထွာခန့်ပင် မရှိ ၊တူးဆန်းလိုက်တာ ပုံပြင်က တကယ်ဖြစ်ပြီ ။

ထိုအချိန်တွင် ဆဟော်တူးက စိတ်မရှည်တော့ဘဲ ထိုအကောင်၏မျက်နှာကို ပိတ်ထားသော လက်ကို ဆွဲဖယ်လိုက်သည်။ မရ။နောက်တစ်ခါဆွဲဖယ်သည်။မိုးခြိမ်းလာပြီ လေတိုက်လာပြီ၊လျှပ်စီးလက်လာပြီ၊ကျွန်တော်လည်းကျောင်းသို့သုတ်ခြေတင် လစ်တော့သည်။ဆဟော်တူးလည်း ထိုအကောင်ကို ရေထဲပစ်ချလိုက်ပြီး မြုံးကို မယူဘဲပြေး တော့သည်။ထိုအကောင်ရေထဲ ကျသွားပြီး လေချွန်သံလိုလို သီချင်းဆိုသံလိုလို ကြား လိုက်ရသည်။လေ မိုး ချက်ခြင်း တိတ်သွားတော့၏။

လူကြီးများက ဤအကြောင်းနှင့်ပတ်သက်၍ ယခင်ကလည်း တစ်ကြိမ်၊ ယခုနေရာ၏ အောက်နားတွင် တွေ့ဘူးကြောင်း၊တွေ့သူဖျားနာကြောင်း ပြောကြသည်။ နောက်တစ်နေ့တွင် ဆဟော်တူးလည်း ဖျားနာလေတော့သတည်း။ ကုလားအော် ငရုတ်သီး နို့ဆီတစ်ဘူး ကုန်အောင်စားရမည်ဟု အိပ်မက်ရ၍ ကုလားအော်သီးမရ၍ ကြွက်ချေးငရုတ်သီး နို့ဆီတစ်ဘူးကုန်အောင် တစ်ထိုင်တည်းစား၍ ရေထဲတွင်ခေါင်းဖော်၍ နေရာချက်ချင်း အဖျားပျောက်တော့သည်ဆို၏။

ကျွန်တော်ဉာဏ်မမီ၊မည်သူမျှလည်း ကျေနပ်လောက်အောင် မဖြေပြတတ်ကြပါ။ သို့သော်ဘ၀အတွေ့အကြုံတစ်ခု၊အဖြစ်မှန်တစ်ခုကိုကြုံဘူးသည်မှာ ဗဟုသုတ တစ်ခုထဲ ဟု သာ အောက်မေ့မိပါသတည်း။

## နွားသတ်သမားဘ၀မှသံဝေဂ

ကျွန်တော်တို့ နယ် ၊ ကျွန်တော်တို့ ရွာတွင် နွားသတ်စား (အမဲဟင်းလျာ) လုပ်သည့် ကိစ္စ၌ နွားကို သနားစရာသတ္တဝါ၊လူကို အထောက်အကူပြု၍ ကျေးဇူးရှိသည့် သတ္တဝါဟုသဘောမထားကြပါ။ဟင်းသီးဟင်းရွက်ကဲ့သို့ သဘောထားခြင်း၊နတ်တင်ပစ္စည်း၊ မိန်းမတောင်းရာ၌ သုံးသော လက်ဆောင်ပစ္စည်းတစ်ခု အနေနှင့်သာ သဘောထားကြ ပါသည်။

လယ်ယာကိုင်းကျွန်းခြံများ၌ ထယ်ထိုး ထွန်ယက်ခြင်း ကိစ္စ၌လည်း နွားကို မသုံးစွဲကြပါ။တစ်ကောင် ထွန်ထယ် ကျွဲကိုသာ သုံးကြသည်။ထို့ကြောင့် နွားကို မွေး၍ အထူးအသုံးချသည်မှာ သတ်စားခြင်းသာဖြစ်သည်။သာရေး နာရေး ဘာသာရေး၌ နွားသား(အမဲသား)မပါလျှင် မပြီးပါ။ကျွန်တော်၏ ဖခင်သည် နွားသတ်သမားကောင်း ပီသ၍ နွားသတ်သမား လောကတွင် ဘွဲ့ထူးအစုံ ရထားသူဖြစ်လေသည်။ ဖခင်၏ အထူး

ကိုယ်စား အကောင်းဆုံးလက်ထောက်သည် မိခင်၏မောင်(ဦးလေး)ဖြစ်သည်။ ကျွန်တော်သည် ဖခင်နှင့်ဦးလေးတို့ နွားသတ်လျှင် ကူညီယိုင်းပင်းလေ့ရှိပါသည်။

နွားသတ်သင်တန်း ပေးသော ဆရာသမားသည် ဝလူမျိုး ဦးထမ်မွန်းဖြစ်သည်။ ဆရာသမားထံ လက်တွေ့ကျကျ သင်ယူခဲ့သော ဖခင်သည် နွားအကောင် အကြီးအငယ် အပိန်အဝ အရွယ်အစား အရပ် အနိမ့် အမြင့်ကို ကြည့်ပြီး ဘယ်နှစ်ပိဿာ ထွက်မည်ဟု ခန့်မှန်းလျှင် မှန်ကန်သည်က များလေသည်။သင်တန်းဆရာသည် တရုတ်(KMT )ကူမင်တန်များ လာရောက်တိုက်ခိုက်သောကြောင့် ကချင်ရွာတစ်ရွာသို့ ထွက်ပြေးသွားလေသည်။ လွယ်ဒန်ရွာဟုခေါ်သောကချင်ရွာဖြစ်သည်။ထိုရွာတွင် ပုန်းအောင်းရင်း နွားသတ်သင်တန်း ပေးနေလေသည်ဟုကျွန်တော်ကိုဖခင်ပြောပြ၍သိရပါသည်။မကြာမီရက်အတွင်းကောက်ကာငင်ကာ ကွယ်လွန်သွားတော့သည်။သူ့အလောင်းကို သင်္ဂြိုလ်ပြီး နောက်တစ်ရက်တွင် ထိုရွာသူရွာသားများတစ်အိမ်လျှင် နှစ်ယောက် သုံးယောက်သေကြရာ ကြောက်ဘွယ်လိလိ ဖြစ်လာသည်။

ဤသို့ဖြစ်လျှင်ဖုတ်ဝင်သည်ကို သိကြသူများလုပြီ၊တစ်ဆယ့်ကိုးရက်၊ရက်နှစ်ဆယ် အတွင်းရွာသူရွာသားသုံးပုံတစ်ပုံ ကုန်ပြီ သေကုန်ပြီ။အတွေ့အကြုံ ရှိသော လူကြီးများက ရွာအလယ်ခေါင်၏မြောက်နှင့်တောင်သို့ မြောင်းတူးကြရန် ညွှန်ကြားသည်။ ချက်ချင်း ဆောင်ရွက်ကြရသည်။ဤသို့ မြောင်းကလေးကို ရွာအလယ်ခေါင်မြောက်မှ တောင်သို့ ထက်ဝက်ပိုင်းတူးလိုက်ပြီး သေသူ(သေသောအိမ်)ရှိသည့်အပိုင်းမှ လူများဆက်သေကြ၍ အခြားတစ်ဘက်မှလူများ မသေကြတော့ပါ။ထို မသေကြသော ဘက်သို့ပြောင်းလာသူပြေးလာသူများလွတ်သွားကြသည်။နောက်ဆုံးတွင် ပုံးများတီးခြင်း ဝါးလက်ခုပ် ကြမ်းကြမ်းတီးခြင်း၊တူ မီးသေနတ်ပစ်ဖောက်ခြင်း ရန်ပုန်ခွင်း ပစ်ဖောက်ခြင်း ဟေးဟေး ဂူးဂူး ဟု အော်ဟစ်ကြခြင်းပြုကြသည်။လူများ အသေအပျောက်ရပ်သွားသည်။လူများ ဝမ်းသာကြသည်။ သို့သော် မကျွတ်ကြသော နာနာဘါဝတို့ခြောက် လှန့်သည့် ဒဏ်ကို အလူးအလိမ့် ခံကြရသည်ဟု သွားရောက် လေ့လာသူ ကျွန်တော်၏ဖခင် ပြောပြသည်။

နွားသတ်ဆရာ ဦးထမ်မွန်း သေလွန်ပြီးနောက် နှစ်များမကြာမီ ကျွန်တော်၏ ဦးလေးကွယ်လွန်သည်။မကွယ်လွန်မီ ရက်ပိုင်း နာရီပိုင်းတွင် ဦးလေးသည် စကားမပြောနိုင်၊မစားနိုင်၊မသောက်နိုင်ဖြစ်နေသည်။ကျွန်တော်နှင့် မိခင်တို့ပြုစုကြသည်။ မိခင်က ဦးလေး၏အပေါ်ပိုင်းကိုပွေ့ထားသည်။ကျွန်တော်ကအောက်ပိုင်းကိုပွေ့ထား၍ ပြုစုသောနေ့တွင်ဦးလေးသည်နွားလိုအော်လိုက်၊ဝက်လိုအော်လိုက်၊ကြက်လို အော်လိုက် လုပ်တော့သည်။ လျှာကိုလည်း လူလျှာနှင့်မတူ တတောင် ခန့်ရှည်အောင် ထုတ်ပြခြင်း၊မျက်စိလည်း နီနီရဲရဲ ပြူးပြူးပြဲပြဲ လုပ်ပြခြင်း လုပ်လေသည်။

မိခင်က" ငါ့မောင် မင်းငါတို့ကို မခြောက်နဲ့၊မလှန့်နဲ့ မင်းသွားလိုရာသွားပါ" ဟု ပြော၏၊ထိုအခါ လူနာဦးလေးက နွားသတ် ဝက်သတ်ကြက်သတ်သော ကရိယာ (ဓား၊ဓားမြှောင်၊ကြိုး၊ထုသတ်သောပေါက်ဆိန်၊နွားချည်ကြိုး၊အသားချိန်သော ချိန်ခွင်)တို့ကို အမှုအရာနှင့်(ခြေဟန်လက်ဟန်နှင့်)တောင်းလေသည်။ထိုကရိယာများကို ယူပေး သောအခါ ရင်ဘတ်ပေါ်တင်၍ အားရပါးရ ပွေ့ဖက်ကာ အသက်ထွက်သွား လေတော့၏။

ကျွန်တော် ဘယ်ဘုရားတရမှန်းမသိတော့။ ကျွန်တော်၏ဖခင်နွားသတ်သမား သေသော အခါကား တစ်မျိုးတစ်ဖုံထူးခြားသည်။သေတော့မတတ်၊တဖြည်းဖြည်း အရိုးပေါ် အရေတင်သာကျန်တော့သည်။တစ်နေ့ညအမဲသားစားချင်သည်ပြော၍မိခင်က အမဲသားချက် ကျွေးသည်။မစား၊ဟင်းကိုစိုက်ကြည့်ပြီး လှဲအိပ်သွားသည်။ည(၁၁)နာရီခန့်တွင် မီးဖိုချောင် ထဲ မှ အိုးခွက် ပန်းကန်များ ကျကွဲသံ ကြားရသည်။ မိခင် လန့်နိုး၍ သွားကြည့် သည်။လား၊လား၊ဖခင်ကြီးအမဲသားဟင်းခိုးစားနေလေ၏။မိခင်က"ကောင်းကောင်းမွန်မွန်ပြု စု လုပ်ကျွေးတာတော့ မစားဘူး၊အခုတော့ခိုးစားတယ်"ဟုလည်းပြောလိုက်ပါရော၊ ဖခင် ပက်လက်လန် လဲသွားတော့၏။ပြီးတော့ အရိုးစု ဖြစ်သွားလေတော့သည်။ ရှမ်းဆရာ ဦးပညာကိုခေါ်၍ ပြရာ"သေတာကြာပြီ၊ဟင်းခိုးစားတဲ့ဖုတ်ဝင်နေတာ၊နက်ဖြန်မိုးလင်း ခါနီး သင်္ဂြိုလ် လိုက်၊လိပ်ပြာ မခေါ်နဲ့ ရက်လည်မလုပ်နဲ့ " ဟု ဆို၏၊

"အရက်သောက် ဘိန်းရှူပေမဲ့ နွားသတ်အလုပ်ကို မလုပ်နဲ့လို့ ငါခဏခဏပြော တာ နားမထောင်ဘူး " ဟု ရှမ်းဘာသာနှင့် မျက်ရည်ကျရင်း ပြောဆိုနေသော ဦးပညာကို ကျွန်တော်ငေးကြည့်နေမိသည်။သူက"မင်းကြီးလာရင် ဒီလိုအမွေဆိုးကိုမခံပါနဲ့ကွာ""ဟုတ် ကဲ့ ကျွန်တော် သဘောပေါက်တာ ကြာပါပြီ၊နွားသတ်ဆရာ ဦးထပ်မွန်းနဲ့ ဦးလေး သေကတည်းက ကျွန်တော်သဘောပေါက်ခဲ့တယ် " "အေးအေး သာဓု သာဓု သာဓု ကွယ် " "သာဓု-ဆိုတာ ဘာအဓိပ္ပါယ်လဲ ဦးလေး " "အဲဒီလို သဘောပေါက် တာ ကုသိုလ်ကောင်းမှုရဲ့အခြေခံဖြစ်လို့ ပါဠိလို ကောင်းတယ်၊ကောင်းတယ်၊လို့ပြောတာကွဲ့" "ပါဠိလို့ဆိုတာ နားမလည်ဘူးခင်ဗျ"" ပါဠိလို ဆိုတာ ငါတို့ဗုဒ္ဓဘုရားစကားကို ပြော တာကွဲ့" "အော် ၊အော်၊ ကျွန်တော်နားလည်ပြီ၊" ထို့နောက်ပိုင်းတွင် ကျွန်တော်သည် ဘယ်သောအခါမှမသွားဘူးသော ရှမ်းဗုဒ္ဓဘာသာ ပွဲလမ်း သဘင်သို့သွား၍ ရှမ်းကလေးများ နှင့်သာမိတ်ဆွေ ဖွဲ့၍နေထိုင် သွားလာပါတော့သတည်း။

## ကျွန်တော်ဘာဖြစ်သည်မသိ

ကျွန်တော်တို့ညီအစ်ကိုမောင်နှမခုနစ်ယောက်ရှိပါသည်။ ကျွန်တော်သည် နံပါတ် ခြောက်ဖြစ်ပါသည်။ကျွန်တော်၏အစ်ကိုနှစ်ယောက်၊ အစ်မနှစ်ယောက်၊နှမငယ်(ကျွန်တော့

အောက်က)တစ်ယောက်၊ရှေ့ဆင့်နောက်ဆင့်ကွယ်လွန်သွားကြသည်။ အားလုံး ငါးယောက်သေသွားကြသည်။

ကျွန်တော်၏စိတ်ထဲတွင် မိခင် ဖခင် တို့သည်အိမ်ထောင်ပြုကြပြီး အသုဘ မသာတွေ မွေးထုတ်ကြသည်ဟုထင်မြင်ယူဆမိပါသည်။ကျွန်တော်၏ အသက်တစ်ဆယ့်တစ်နှစ်ခန့်ရှိလာသောအခါ အရွယ်နှင့်မလိုက်အောင်ပင်ဘိန်းစားဖခင်အား လည်းကောင်း၊ သွေးဆုံး နာတာရှည်မိခင်အားလည်းကောင်း၊ပင်ပန်းစွာလုပ်ကိုင် ကျွေးမွေး နေရလေသည်။ နံနက် လေးနာရီခန့်တွင်အိပ်ရာထရသည်။ မထ လျှင် မဖြစ်၊ မဖြစ်ဆိုသည်မှာ အိပ်ရာထနောက်ကျလျှင် အလုပ်လိပ်ပတ်မလည်တော့၊ ကိုယ်သာ ဒုက္ခပိုဖြစ်ရသည်။အိပ်ရာထထချင်းထမင်းပေါင်းရသည်။ ပေါင်းချောင် နှင့်ပေါင်းသည် ကို ဆိုလိုပါသည်။ထမင်းပေါင်းထားပြီးစပါးထောင်းရသည်။ ခြေနင်းမောင်းတက်နှင့် ထောင်းသည်။ ရံခါ လက်ဆုံထောင်းရသေးသည်။ စပါးထောင်း၍ဆန်လေးပြည်ခန့်ရလျှင် တော်ထားပြီး ထမင်းအိုးချယူထားသည်။

ထို့နောက်ဝက်စာကျိုရသည်။ဝက်စာမကျက်ခင်ရေပြေးခပ်ရသည်။ပြီးလျှင်ကြက်စာ ကျွေးရသည်။ ကြက်စာကျွေးပြီးနောက် မိခင် ဖခင် တို့အားထမင်းကျွေးသည်။ ဟင်းမချက် အား၍ ညကတည်းက စီမံချက်ပြုတ် ထား၍တော်သေးသည်။ မိုးလင်းလျှင် တောင်ယာဘိန်းခင်းသို့အပြေးအလွှားသွားရသည်။တောင်ယာစပါးကတစ်ခြမ်း စိုက်ထား၊ တစ်ခြမ်းတွင် ဘိန်းစိုက်ထားသောကြောင့် တောင်ယာဘိန်းခင်းဟုခေါ်ဆိုခြင်း ဖြစ်သည်။ အချိန်မီတောင်ယာသို့ မရောက်ပါက တောကောင်များ၏ ဖျက်ဆီးခြင်း၊ ငှက်မျိုးစုံတို့၏ ဖျက်ဆီးခြင်း ခံရမည် ဖြစ်သည်။ အထူးဖျက်ဆီးတတ်သောတိရစ္ဆာန်တို့မှာ တောဝက်၊ မျောက်၊ ဖြူ ကောင်၊တောစာကလေး၊ချိုး(ဂျိုး)ကြက်တူရွေးတို့ဖြစ်ကြသည်။

အိမ်သို့ပြန်လာသောခရီးမှာလည်း သက်သာသည် မရှိ၊ ထင်းခွေလာရသည်။ ဝက်စာအဖြစ် ဟင်းသီးဟင်းရွက်များမနိုင်မနင်းသယ်ယူလာရသည်။အိမ်သို့ရောက်ရောက်ချင်းထမင်းချက်ရသည်။ရေခပ်ရသည်။ဝက်စာ၊ ကြက်စာ ကျွေးရသည်။ ညအိပ်ရာမဝင်ခင် ရွှံ့နှင့်လောက်စာလုံးလုံးရသည်။အနည်းဆုံးသုံးလေးရာရအောင်လုံးရသည်။ မလုံးလို့မဖြစ်၊ တောင်ယာတွင်လောက်လေး(ကိုင်းလေး)နှင့်လောက်စာမရှိလို့ဘယ်လိုမှမဖြစ်ပါ။ ကျွန်တော်သည်ချောင်းနံဘေး၊ မြစ်ငယ်နံဘေးတွင် နွားကျောင်း၊ ကျွဲကျောင်း ကျင်လည်ခဲ့၍ ရေကူးကျွမ်းကျင်ပါသည်။ ရေကိုမကြောက်၊ ကျွန်တော်ကြောက် သည်မှာ နှင်းရေဖြစ်ပါသည်။ နံနက်တိုင်း တောင်ယာ ဘိန်းခင်းသို့ သွားလျှင်တစ်ကိုယ်လုံး နှင်းရေများ စိုရွှဲနေသည်။ နှင်းရေသည် ရေခဲရေလောက်အေးသည်။ ဖလုံထဲတွင် ရေထည့်၍ အိမ်ရှေ့တွင် ညဦးပိုင်းမှစ၍ချထား၍ နံနက်အိပ်ရာထချိန်၌ကြည့်လိုက်လျှင် ရေခဲဖြစ် နေသည်။ ဤနှင်းများသည် နံနက်(၁၁)နာရီခန့်မှစဲသွားသည်။ ဘိန်းကိုလည်း ဆောင်း တွင်းမှာ စိုက်ရသည်။ ဆောင်းသီးနံ ဖြစ်သည်။ ထို့ကြောင့် ဘိန်းရာသီတွင် နံနက်တိုင်း၊

နေ့တိုင်းစိုရွဲခံရသည်မှာ ကြောက်လှျက်နှင့် ရှောင်မလွတ်နိုင်သော ကိစ္စဖြစ်နေသည်။ နှင်းအစိုခံရဖန်များလာ၍ထင်၏ကျွန်တော်၌ ရောဂါစွဲကပ်လာပြီဖြစ်၏။ တစ်ကိုယ်လုံး ယားယံသော ရောဂါဖြစ်သည်။ယားလို့ကုတ်လျှင် အရေခွံများရောင်လာသည်။ မီးလှုံ့လိုက်လျှင်၊ မီးကင်လိုက်လျှင်သက်သာသည်။ အင်ပြင်ထသည် ခေါ်ကြသည်။

ကျွန်တော်၏ဘဝတွင် ချမ်းသာခြင်းဟူသော ဝေါဟာရသည် ကျွန်တော်နှင့်မဆိုင်၊ မပတ်သက်၊သဟဇာတမဖြစ်ဟု ယူဆ ထားမိသည်။တစ်နေ့သ၌ ကျွန်တော်သည် တောထဲသို့ဝက်စာရှာရန်ပလိုင်းလွယ်၍သွားသည်။ ခန္ဓာကိုယ်သည် တစ်လှမ်းနှင့်တစ်လှမ်းလေးလံလာသည်။ခြေလှမ်းတစ်လှမ်းရှေ့သို့တိုးရန်မလွယ်သောအဖြစ်သနစ်ကိုခံစားလိုက်ရပါသည်။ ခဏကြာသော်ခန္ဓာကိုယ် ပြန်ပေါ့လာသည်။ သို့သော် ပုံမှန်ထက် ပို၍ပို၍ ပေါ့လာသည်။ ပေါ့သည်ထက်ပေါ့လာသော် ကျွန်တော်၏ခန္ဓာကိုယ်သည် ကောင်းကင်ထက်သို့ပျံတက်သွားမည်လိုလို၊ ရှေ့သို့တဟုန်ထိုး၍ လေတိုက်ရာ အမှိုက်များ လွင့်သကဲ့သို့ လွင့်ပျံသွားမည်လိုလို ဖြစ်နေပြန်သည်။

ခန္ဓာကိုယ်ပေါ့လွန်း၍ ကျွန်တော်လမ်းမလျှောက်တတ်တော့၊လယ်ကန်သင်းကိုမှီပြီးထိုင်နေလိုက်သည်။မျက်စိလည်းမှိတ်ထားလိုက်မိသည်။မျက်စိမှိတ်ထားစဉ်ရင်ထဲ၌ ဟာတာတာကြီး ဖြစ်လာသည်။မောလည်းမောလာသည်။ကျွန်တော်မှိန်းမြဲမှိန်း နေလိုက် သည်။ ခဏကြာသော် ကျွန်တော်၏ရင်ဘတ်သည် ကွဲသွားသည်ကို မှိတ်ထားသော မျက်လုံးထဲကအလင်းရောင်ထွက်လာ၍မြင်လိုက်သည်။ကျွန်တော်၏ ရင်ဘတ်ထဲမှ လူတစ်ယောက်ထွက်လာပြီး ကောင်းကင်သို့ တက်သွားသည်။ကျွန်တစ်ကိုယ်မှာ အရေခွံ လဲထားသောမြွေအရေခွံကဲ့သို့ဖြစ်နေသည်။ကောင်းကင်သို့ဝါးတစ်ပြန်ခန့်တက်သွားသောထိုလူကိုကျွန်တော်ကြည့်လိုက်သည့်အခါ ထိုသူလည်း ကျွန်တော်ပင် ဖြစ်နေသည်ကို တွေ့ရပါသည်။

နှစ်မိနစ် သုံးမိနစ်ခန့်ကြာသော် ကောင်းကင်သို့တက်သွားသော ကျွန်တော်၏ကိုယ်ပွားဟုခေါ်ရမည်လား၊ဝိဉာဉ်ဟုခေါ်ရမည်လား မခေါ်တတ် မပြော တတ်သော ထိုသူပြန်ဆင်းလာသည်။ ကျွန်တော်၏ ခန္ဓာကိုယ်သို့ပြန်ဝင်လာသည်၊ ထိုအခါ ကျွန်တော်၏ခန္ဓာကိုယ်သည် ပုံမှန် ပြန်ဖြစ်ပြီဖြစ်၍ ခရီးဆက်သည်။ ဤအဖြစ်အပျက်ကို ကျွန်တော်ကြုံရသော်လည်း ကျွန်တော်တွင် အံ့သြခြင်းမရှိ၊ ကြောက်ခြင်းမဖြစ်၊ ကျွန်တော်၏စိတ်ထဲတွင် လူလောကမှာ လူရယ်လို့ဖြစ်လာသူတိုင်း ဤကဲ့သို့ဖြစ်ကြမည်ဟု ထင်၏။ လူဖြစ်သောလူတိုင်း ကျွန်တော်ကဲ့သို့တစ်ဆယ့်တစ်နှစ် အရွယ်သို့ ရောက်လျှင် ဤသို့လူတိုင်းဖြစ်ကြမည်ဟုထင်ပြီး ဤအထင် ထက်ပိုသော အတွေး ကျွန်တော့်၌ မဖြစ်လာပါ။မိဘများကိုလည်း ပြောမပြ၊ မည်သို့ကိုမျှပြောမပြခဲ့ပါ။ပြောပြလျှင်လည်း " ဒါများအဆန်းလုပ်လို့ငါလဲ မင်းအရွယ်တုန်းကဒီလိုဖြစ်ခဲ့တာဘဲ" ဟုပြောကြမည်ဟုထင်၍မပြောပြခြင်းဖြစ်ပါသည်။ကျွန်တော်သည်ပညာလည်းမသင်ရ၊စီးပွားရေးလည်း ဘယ်လောက်လုံ့လစိုက်လုပ်သော်လည်း သုံးလေးနှစ်ကြာသည့်တိုင် လုံခြည် တစ်ထည်၊ အင်္ကျီ တစ်ထည်

မဝတ်နိုင်သော အခြေအနေသို့ရောက်နေပြီ ဖြစ်၏။ ထို့ကြောင့် ကျွန်တော်၏အသက် ၁၃ နှစ်အရွယ်တွင် စစ်ထဲဝင်သွားသော အစ်ကို ပြန်လာသောအခါ အောက်မြန်မာပြည်သို့ ပညာရှာရန် လိုက်ခဲ့ပါတော့သတည်း။ ဘိန်းစားသောဖခင်သည် ခါတိုင်းထက် ပို၍ ဘိန်းရှူးလာသော်လည်း၊ မိခင်သည် ကျန်းမာရေး ပိုကောင်းလာ၍ အဘိုးကြီး အဘွားကြီး နှစ်ယောက်တစ်ဝမ်းတခါးမှာ လက်ရှိ မွေးထားသော ကြက်၊ဝက်တို့ကို ရောင်းစား၍လည်းကောင်း၊ဆက်လက် မွေးမြူ၍လည်းကောင်း၊ ဖြစ်သလိုတော့ဖြစ်မည်ဟုထင်၍ ကျွန်တော်ထွက်ခွာလာခြင်းဖြစ်၏။

ကံဆိုးမ သွားလေရာ မိုးလိုက်လို့ရွာပြီထင်၏။ ကျွန်တော်သည် ဗမာ စကား မတတ်၊ ကျောင်းစာကလည်း ၁၃ နှစ်အရွယ်တိုင်အောင် စတုတ္ထတန်းတွင် တန်းလန်းဖြစ် နေပြီး၊ မအောင်ခဲ့၊ အစ်ကိုတို့တပ်ထဲက တပ်တွင်းမူလတန်းကျောင်းတွင်ပင် နှစ်ဝက်ဖြစ် သော အောက်တိုဘာလ ကျောင်းပြန်ဖွင့်ချိန်တွင် စတုတ္ထတန်း၌ ပညာဝင်သင်ပါသည်။ တပ်တွင်းကျောင်းဖြစ်၍ ကျွန်တော်တစ်ဦးတည်းသာ အရပ်သားကျောင်းသားဖြစ်ပါသည်။ ကျန်သောကျောင်းသားအားလုံးမှာတပ်မတော်သားများဖြစ်ကြသည်။သူတို့သည် ကျွန်တော် ကဲ့သို့ ပညာကံခေသူများ ဖြစ်ပြီး တပ်ထဲရောက်မှ ကြက်ချေးတန်းခေါ် သူငယ်တန်းမှ စ၍စတုတ္ထတန်းအထိ ပညာကို သင်ယူနေကြခြင်း ဖြစ်ကြပါသည်။အတန်းတင်စာမေးပွဲချိန် ရောက်လာပြီ၊ ကျွန်တော့်ကို စာမေးပွဲဖြေဆိုခွင့် မပေးပါ။ အရပ်သားဖြစ်၍ စည်းကမ်း ဘောင်ထဲ မဝင်ဟု ဆိုပါသည်။ မြို့ထဲက ကျောင်းသို့ သွား၍ စာမေးပွဲဖြေဆိုခွင့် တောင်း ၍ ဖြေရသည်။ စာမေးပွဲအောင်၏။

တပ်ထဲမှ မူလတန်းကျောင်းတွင် ပညာသင်နေစဉ်အချိန်အတွင်း ကုန်စုံဆိုင်၊ ခေါက်ဆွဲဆိုင်၊ လ္ဘက်ရည်ဆိုင်၊ ဂျင်းသုတ်ဆိုင် ဖွင့်ထားသော ဆိုင်ရှင်တို့ အိမ်တွင် မှီခိုနေထိုင်ရလေသည်။ စာကျက်ချိန်မရ၊ ဈေးကူရောင်းရသည်။ ည(၁၁)နာရီအထိ ရုံဖန်ရုံခါညလုံးပေါက်ရောင်းရလေသည်။အားလပ်ချိန်မရှိ၊ လုပ်အားခမှာလုံးဝမရ၊နံနက်စော စော လ္ဘက်ရည်အချိုတစ်ခွက်၊ မုန့်တစ်ချပ်၊ နံက်စာ၊ ညစာ မှန်မှန်စားရသည်။ ဤသည် ကိုပင်ကျွန်တော်ကျေးဇူးတင်လှပါ၏။ ဤအိမ်ဆိုင်တွင် စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်၌ ပို၍ လူဝင်၍ ကျောင်းပိတ်ရက်ဖြစ်သော်လည်း စာကျက်ချိန် မရပါ။

လုံခြည်အင်္ကျီဝတ်ရန်လည်းမရှိ၊ ရေချိုးဘောင်းဘီတို ခပ်နွမ်းနွမ်းဝတ်၍ ဈေးရောင်းရသည့်မှာ လူပျိုပေါက် ဖြစ်လာသော ကျွန်တော့်အတွက် ရှက်စရာ ကောင်းလှ ၏။ရက်နေလို့မပြီး၊ နောက်နှစ်ကျောင်းဖွင့်ချိန်တွင် အခြားကျောင်းသို့ ပြောင်းနေရသည်။ အစ်ကိုနှင့်အတူတပ်ထဲတွင် အိပ်၍ တပ်ထဲကကျွေးသော ပဲဟင်း၊ ငါးပိကြော် နှင့် စားရ၏။တပ်ရင်းမှူးကချင်လူမျိုးခရစ်ယာန်ဖြစ်၍ဤကဲ့သို့ ကျွန်တော် ကပ်စားနေသည်ကို ခွင့်ပြုထား၏။အစ်ကိုလည်းအကျိုးအကြောင်း ပြောပြထားလေသည်။ ကျောင်းလခ၊ ကျောင်းစရိတ် သက်သာလှသော ကာလဖြစ်၍ အသက်ရှူအနည်းငယ် ချောင် ပါသည်။ သို့သော် အရပ်ကျောင်းတွင် ပညာသင်နိုင်သော အခြေအနေ လုံးဝမပေး၊ မရ။

အကြောင်းမှာ ကား၊ ကားမစီးလျှင် စက်ဘီးလိုသော ကြောင့်တည်း။ တပ်ထဲတွင် ကားကြုံပို့ ကပ်စီးရသည်။

လွှတ်တွင်အမျိုးကြက်တွင်အရိုးဆိုကြသည်မဟုတ်လောကျွန်တော်သည် ကျောင်းအားရက်များ၌ ရေသတ္တဝါများကို နှိပ်စက်သောအလုပ်ကို လုပ်ပြန်သည်။ဝါသနာပါပါ စေတနာပါပါလုပ်ပါသည်။ငါးဖမ်းတံငါ လုပ်ရမည်ဆိုလျှင် ထမင်းမစား ဟင်းမစားပျင်းရိသည်မရှိ လုပ်တတ်သည်မှာလည်း ကျွန်တော့်ထူးခြားချက် တစ်ခုပင် ဖြစ်၏။ ကျွဲလူးအိုင်တစ်ခုတွင်ငါးရံ့နှင့်ငါးခူများရှိနေသည်။မည်သူမျှ ဤသည်ကိုမသိမမြင်ကြ၊ကျွဲလူးအိုင်ဖြစ်၍ ငါးရှိမည်မထင်ကြ။

ကျွဲလူးအိုင်တွင် ငါးဖမ်းနေစဉ် ကျွန်တော်၏မျက်စိ ဘာဖြစ်သွားသည်မသိပါ။ ကျွဲလူးအိုင်သည်ကျယ်သည် ထက် ကျယ်လာ၍ ပင်လယ်ခန့် ကြီးသွားသည်ကို မျက်စိနှင့် တပ်အပ်မြင်နေရသည်။ကိုယ့်မျက်စိ ကိုယ်မယုံ၍ ပွတ်လိုက်သည်။ ပို၍ဆိုး၏၊ လူတစ် ယောက်ကို ပင်လယ်ထဲသို့ နစ်သွားသည်ကို တွေ့လိုက်ရသည်။ မည်သူနည်း၊ သေချာ ကြည့်သည်။ ထိုသူသည် ကျွန်တော်ပင်ဖြစ်နေ၏၊ကျွန်တော်နှစ်ယောက်ဖြစ်နေပြီ၊ တစ်ယောက်ကုန်းပေါ်မှာတစ်ယောက်ကရေထဲနစ်သွားသူ၊ ကျွန်တော်ကြောင်တိကြောင်အမ်းဖြစ်နေသည်။ စိတ်ထဲက လေးလာသည်၊ ခန္ဓာကိုယ်လည်း လေးလာပြီ၊ ငါးဖမ်းကရိယာများထမ်း၍ပြန် လာသည်။ကျွန်တော်သည် ထိုအချိန်တွင် အိမ်ငှားနေသော အစ်ကိုနှင့် နေရပါသည်။

အိမ်သို့ရောက်လျှင်ထမင်းစား၍အိပ်ရာဝင်သည်။ကျွန်တော်၏ ပါးစပ်၊ နှာခေါင်း၊ အောက်ဒွါရတို့မှသွေးများယိုစီးလာသည်။နောက်တစ်နေ့တွင်ဆေးရုံပို့ခြင်းခံရပြီ၊ဆရာဝန်က တိုက်ဖွိုက်(အူရောင်ငန်းဖျား)ဟုပြောသည်။ထမင်းဟင်းမကျွေး၊ဆန်ပြုတ်ပင် မကျွေး၊ နွားနို့ ကျဲကျဲသောက်ရသည်။ညအိပ်လျှင်ပီပါခန့်ကြီး၍ခေါင်းမပါသော လူနှစ်ယောက်ငရဲပြည်သို့ ခေါ်သွားသည်၊ မလိုက်ချင်သော်လည်း ဆွဲခေါ်၊ ဖမ်းခေါ်သည်ဖြစ်၍ လိုက်ရသည်ဟု အိပ်မက်မက်လေသည်။ကြောက်လန့်၍ အော်မိပါသည်။ ဆေးရုံမှ လူနာများ လန့်ကြသည်။ "ဒီလူနာက ထမင်းဟင်း မစားဘဲနဲ့ ဒီလောက် အော်နိုင်လိုက် တာရိုးမှရိုးရဲ့လား"ဟုပြောဆိုကြသည်။ အမှန်မှာ အိပ်မက်မဟုတ်၊ အားပြတ်၍ မျောသွား ခြင်း ဖြစ်၏။ကျွန်တော် ငရဲပြည်သို့ရောက်လျှင် ခရစ်ယာန်ဘုရား၊ မူစလင်ဘုရား၊ ဟိန္ဒူဘုရား၊ ဗုဒ္ဓဘုရားတို့ကိုကယ်ပါယူပါဟု တမ်းတမိပါသည်။ငရဲမင်းဟုထင်ရသော ဦးချိုပေါက်၍ သရဖူတစ်မျိုးဆောင်းထားသူက ပြောသည်၊"မင်း မကောင်းတာချည်းဘဲ လုပ်နေတယ်၊ ဒီငရဲပြည်နဲ့ ထိုက်တဲ့အလုပ်တွေ လုပ်နေတယ်" ဟုပြောသည်။ "ကျွန်တော် မှဆိုးမလုပ် တော့ဘူး၊ ဘိန်းမစိုက်တော့ဘူး၊ ကြက် ဝက် လဲမမွေးတော့ဘူး၊ အနုပညာသင်နေတယ်၊ ငါးရာစားပေမဲ့ တစ်ပိဿာအထက်ကြီးတဲ့ ငါးကြီးများကို မသတ်ဖူးဘူး၊ ကျွန်တော် နောက်ကိုငါးလုံးဝမဖမ်းတော့ဘူး၊ ဝယ်ဘဲဝယ်စားပါတော့မယ်၊ကျွန်တော့်ကိုသက်ညှာပါ၊

ကျွန်တော့်ကိုပြန်ခွင့်ပြုပါ" ဟုအော်ပြောလိုက်သည်။ ထိုသူက "မရဘူး " ဟုအော်ပြောသည်။

ထိုအချိန်တွင် ကျွန်တော်၏ကိုယ်ခန္ဓာပေါ့ပါးလာသည်။ ကျွန်တော်၏ ရှေ့တွင် တောင်ကတုံးပေါ်လာသည်။တောင်ထိပ်ပေါ်တွင် ၂၇ တောင်ခန့်မြင့်သောစေတီတစ်ဆူ မြင်လိုက်ရသည်။ ကျွန်တော်သည် ဗုဒ္ဓဘာသာ မဟုတ်သေး၊ သို့သော် ထိုစေတီတော်ကို မြင်လျှင်ဗုဒ္ဓဘာသာ ဘုရားဟု သိလာပါသည်။ "ကယ်ပါ၊ကျွန်တော့်ကို ကယ်ပါ၊ အမှားလုပ်မိသည်ကိုခွင့်လွှတ်ပါ၊တောင်းပန်ပါတယ်။ " ဟုပြော၍ လက်အုပ်ချီလိုက်ပါသည်။ ထိုအခါ ကျွန်တော်ရောက်နေသော ငရဲမီးလျှံများ ငြိမ်းသွား၍ မိနစ်ပိုင်းခန့် အေး သွားသည်။ "ဒီကောင်ကို ပြန်ပို့လိုက်ကြ" ဟုငရဲမင်းကြီးဟုထင်ရသောပုဂ္ဂိုလ်ကပြောသည်။ ကျွန်တော့်ကို လိုက်ပို့သော သူနှစ်ယောက် ကျွန်တော်၏ လက်ကို လာကိုင်သည်နှင့်တပြိုင်နက်လူ့ပြည်မြေပြင်သို့ဘွားကနဲပေါ်လာတော့သည်။"ကျွန်တော်နေကောင်းပြီ၊ဆေးရုံမှ ဆင်း တော့မည်" ဟုပြောပြီး အစ်ကိုအိမ်သို့ ပြန် လာပါသည်။ အားမရှိ၍ ဒယိမ်းဒယိုင် ဖြစ် နေသည်။

"တိုက်ဖွိုက်လူနာစိတ်ဖေါက်ပြန်သွားပြီ၊သတိထားကြ"၊"ကျွန်တော် စိတ်မ ဖောက်ပြန်ပါ၊ နေကောင်းပြီလို့ ကျွန်တော့်ကိုယ် ကျွန်တော်ထင်၍ ဆင်းသွား တာပါ၊ခွင့်ပြုပါ" ဝပ်ဆားဗင့်တစ်ယောက်လိုက်ပို့လိုက် ဟုဆိုသည်။ အစ်ကိုတို့ အိမ်ရောက်အောင် ပြန်လာစဉ် ဆေးရုံမှ လူတစ်ယောက် နောက်ကလိုက်လာသည်ကို တွေ့ရ၏။ အိမ်နားရောက်လျှင် ပြန်လှည့်သွားသည်။ အိမ်သို့ရောက်လျှင် မီးဖိုချောင်ထဲ ဝင်၍ ရှိသမျှ ထမင်း ဟင်းများ ရှာစားပြီးအိပ်တော့၏။တရေးနိုးသော် ကျွန်တော်ပကတိ နေကောင်းသကဲ့သို့ ခံစားမိပါသည်။မိုးလင်းလျှင် အဟုတ်ပင် ကျွန်တော် နေကောင်းပြီ ဟု သိရပါသည်။ အားမရှိ၍ နုံးချိသောဒဏ်ကို အနည်းငယ် ခံစားရသည်မှ လွဲ၍ ပကတိ ကျန်းမာနေသကဲ့သို့ ရှိလေသည်။

ဆေးရုံဆင်းလာပြီးသည့် နောက်နေ့မှစ၍ ကျွန်တော် ငါးမဖမ်းတော့ရန် စိတ်ဆုံးဖြတ်လိုက်ပါတော့သည်။ ကျွန်တော်၏ ခန္ဓာကိုယ် နှစ်ကိုယ်ခွဲ ခွဲသွားသည်ကိုကား သဘောမပေါက်ပါ။ "ကျွန်တော်ဘာဖြစ်သည် မသိ " ဟုသာ ဆိုချင်ပါတော့သတည်း။

## ချမ်းသာခြင်း၏ မိဘကိုရှာဖွေခြင်း

ဘိုးဘွား မိဘနှင့် အတူနေစဉ်ကလည်း ကျွန်တော်မချမ်းသာ၊ ကျောင်းသားဘဝတစ်လျှောက်လုံးလည်းကျွန်တော်မချမ်းသာ၊အသက်၂၅ နှစ်ဝင်ခါမှ တန်းမြင့်ကျောင်းထွက် (H.S.F )တန်းကို ကုတ်ကုတ်ကတ်ကတ် အောင်လေသည်။အလုပ်မရမည် စိုး၍ အစိုးရဌာနတစ်ခုတွင်အလုပ်လျှောက်သည်။ ရသည်။(၁၀)နှစ်အမှုထမ်းခဲ့သည်။ဝန်ထမ်းဘဝရောက်တော့လည်း အသက်ကို ဖက်နှင့်ထုပ်၍ အမှုထမ်းရသည်။သက်စွန့်ဆံဖျား စွန့်စားခန်းလုပ်ရသည်။ကရင်သူပုန်တောထဲဝန်ထမ်းရသည်မှာ မချိမဆန့်နိုင်လှသည်။ တပ်မတော်

သားများနှင့်တွဲ၍ ကရင်ပြည်နယ်၊မွန်ပြည်နယ်များသို့ စစ်ကြောင်းလိုက် ရသည်။ ဗုဒ္ဓဘာသာဝင်အချို့ ဝန်ထမ်းများသည် စစ်ကြောင်းမသွားခင် မိမိကိုယ်ကို မိမိသရဏဂုံ တင်သွားကြသည်ဟု စကားထူး စကားဆန်းများ ပြောကြသည်။ကျွန်တော်မှာ ခရစ်ယာန် လို သရဏဂုံတင်သည်ဟုဟုတ်ဟုတ် မဟုတ်ဟုတ် ကိုယ်ဟာကိုယ်တိုက်ပွဲဖြစ် လို့သေလည်း အေးတာဘဲ– ဟု နှလုံးသွင်းထားလိုက်သည်။

ကံကောင်းသည်ဟု ယုံကြည်ရမည်လား မပြောတတ်၊ကျွန်တော်ပါသော အခေါက်တိုင်း တိုက်ပွဲမဖြစ်၊ ကျွန်တော်မပါသော အခေါက်များမှာ တိုက်ပွဲဖြစ်၍ သေကြေပျက်စီးကြသည်။မကြာမီကျွန်တော်သည်ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြောင်း ရွှေ့ရလေသည်။ ကချင်ပြည်နယ်လည်း အေးချမ်းမှုသည် ထိုအချိန်၌ မရှိပါ။

ကချင်ပြည်နယ်သို့ရောက်သောအခါ အိမ်တစ်အိမ်၏ အောက်ထပ်တွင် လုပ်ဖော်ကိုင်ဖက်များနှင့် စု၍ အခန်းငှားနေကြသည်။ ကျွန်တော်၌ အခင်မင်ဆုံး သူငယ်ချင်းတစ်ယောက်ရရှိပါသည်။သူသည် မူစလင်(ဝါ)အစ္စလာမ်ဘာသာမှဗုဒ္ဓဘာသာသို့ကူးပြောင်းလာသူ ဖြစ်လေသည်။ ကျွန်တော် လ–ရက် နေ့ နာရီကို မမှတ်မိတော့၊ ခုနှစ်ကိုမူကား မှတ်မိနေသည်၊၁၉၇၀ ခုနှစ် ဖြစ်၏။ တစ်နေ့သ၌ ရန်ကုန်တိုင်း မော်ဘီမြို့ နှောကုန်းရွာ သဲအင်းဂူကမ္ဘဋ္ဌာန်းကျောင်းဆရာတော် ဦးဥက္ကဋ္ဌဆိုသူသည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ တောင်တန်းသာသနာပြု ဇဟိုရိကျောင်း(အံတော်ရှင်ဘုရားကျောင်း) သို့ကြွလာလေသည်။သူငယ်ချင်းဖြစ်သူ မူစလင်ကျွတ် ကိုသိန်းအောင်က ပြောသည်မှာ "သူငယ်ချင်း– ရဟန္တာသမုတ်ခံနေတဲ့ သဲအင်းဂူဆရာတော် ဆိုသူ အခုည တရားဟောမယ်– ခင်ဗျားဗဟုသုတအဖြစ်လိုက်နားထောင်ပါလား " ဟုဆိုလာသည်။ "ကျွန်တော် မလိုက်ချင်ဘူးဗျာ ခင်ဗျားဘာသာခင်ဗျားဘဲ သွားပါ" ဟုပြောလိုက်သည်။ အကျိုးသင့်အကြောင်းသင့်နှင့် ထပ်ခေါ်သေးသည်။ကျွန်တော်မလိုက်ဖြစ်၊ နောက်တစ်နေ့ ညတွင်လည်း ဟောဦးမည်ဖြစ်ကြောင်း ထိုဆရာတော်သည် ဓားပြဗိုလ်ကျွတ်ဖြစ်ကြောင်း၊ တရားဟောလျှင် ပါဠိမပါဘဲ ရိုးရိုးမြန်မာလိုရှင်းရှင်းဟောကြောင်းသူငယ်ချင်းကိုသိန်းအောင် ကပြောသည်။နောက်တစ်နေ့ ရောက်လျှင်–

သူကပြောပြန်သည်မှာသူငယ်ချင်းဒီညတော့လိုက်ခဲ့ပါဗျာ၊ ခင်ဗျားသဘောကျမှာပါဟုဆို၏။ကျွန်တော်မလိုက်လိုကြောင်း ပြောရပြန်သည်။ ခဏခဏ ခေါ်ပြန်သည်။ ကျွန်တော်အားနာလာသည်။ သွားတာပေါ့ဗျာ ဟု ပြောပြီး ည(၇)နာရီ မထိုးမီတောင်တန်းသာသနာပြုကျောင်းသို့ အရောက် သွားကြသည်။ ထိုဆရာတော် ဟောကြားချက်တွင် ပါဠိလိုမပါသော်လည်း ကျွန်တော်နားမလည်သော စကားလုံး များစွာ ပါရှိနေလေသည်။ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါး၊ ဝဋ်ဆင်းရဲ၊ အာနာပါန၊ သမာဓိ စသည့် စကားတို့ကိုကျွန်တော်နားမလည်ပါ။ နားလည်လိုက်သည်မှာ ချမ်းသာစစ် ချမ်းသာမှန်ကို

ရှာချင်ရင် ခန္ဓာထဲမှာ(မိမိကိုယ်ခန္ဓာထဲမှာ)ရှာရင် တွေ့တယ်၊ ရှာပုံရှာနည်းပြမယ် -ဟု ဆိုသည်။ ထိုစကားကို ကျွန်တော်စိတ်ဝင်စားသည်၊ သဘောကျသည်။ချမ်းသာခြင်း နှင့်ငါ ဆွေမျိုး တော်တော့မည်။ချမ်းသာခြင်းကို ငါလိုချင်တာ ကြာလှပြီ၊ချမ်းသာခြင်း တရား ကို လည်း ရှာလို၊တွေ့လိုလှပြီ၊ ဟန်ကျခြင်းသို့ ရောက်ပြီဟု ထင်လာ ပါ သည်။(၈)နာရီမှ စ၍ ကိုယ်တွေ့ တရားပြသည်။အလုပ်ပေးတရားဟု ခေါ်ဝေါ်ကြသည်။

ကျွန်တော်လည်းခရစ်ယာန်ပင်ဖြစ်သော်လည်းယခုတစ်ထိုင်၌ မိမိကိုယ်မိမိဗုဒ္ဓ ဘာ သာ ဝင်တစ်ဦးအဖြစ် ခေတ္တခဏနာရီပိုင်း ခံယူလိုက်သည်။အကြောင်းမှာ တရားပွဲ စတင် ချိန်တွင်သရဏဂုံခံယူခြင်း၊သီလခံခြင်း၊ဖူးမျှော်မာန်လျှော့ကန်တော့ခြင်းပြုပြီးခဲ့ပြီဘဲ။ တ ရား ထိုင်ပြီးမိနစ် (၂၀)ကျော်ကျော်နာရီဝက်ခန့်ကြာသောအခါ ထုံ၊ကျင်၊ကိုက်ခဲ နာကျင်၊ ကိုက်ခဲ၊ညောင်းညာ၊အောင့်သည်ကိုသိလာပါသည်။ ထိုင်ပြီး၍ (၁)နာရီခန့် ကြာသောအခါ ထုံကျင်၊ကိုက်ခဲ၊ညောင်းညာ၊နာကျင်ခြင်းသည် မခံနိုင်သလောက်ပြင်းထန်လာသည်။ တော် လောက်ပြီ၊ထတော့မည်ဟုစိတ်ကူးပေါက်လာပြီ။

သို့သော်ထလို့မရ၊ တင်ပါးနှင့်ကြမ်းပြင်သည် သံမှိုနှင့် နှက်ထားသကဲ့သို့၊ သံဂဟေဆက်ထားသကဲ့သို့ဖြစ်နေ၏။ထလို့မရမှတော့ မထတော့ဘူးဟု စိတ်ကိုတင်းလိုက် သည်။တရားပြသူဆရာတော်ကလည်းမပြတ်မလပ် ဟောပြပေး၊ညွှန်ကြားပေးနေလေသည်။ ဝေဒနာကျင်အောင် အားထုတ်ထား၊ထုံကျင်၊ကိုက်ခဲ၊ညောင်းညာ၊နာကျင်ကိုကျော်နိုင်အောင် ရှု. စိတ်ကတော်ချင်လျှင်နောက်စိတ်ကတွန်းတင်ဟုပြောသည်။

ကျွန်တော်ထိုင်သည်မှာ (၂)နာရီခန့်ရှိပြီ။ ယောကျ်ားအား ကောင်းကောင်း ငါးယောက်သည် ဝါးရင်းတုတ်ကိုယ်စီကိုင်၍ ကျွန်တော့်ကိုဝိုင်းရိုက်ထားသကဲ့သို့ခံစားနေရ ပါသည်။ ထုံသည်ထက်ထုံ၊ကျင်သည်ထက်ကျင်၊ညောင်းသည်ထက်ညောင်း၊ နာသည်ထက် နာလျှင်၊ထုံမှန်းမသိ၊ကျင်မှန်းမသိ၊နာမှန်းမသိ၊ ညောင်းမှန်းမသိ ဖြစ်လာသည်ကိုသိလိုက်ပါ သည်။ တရားပြဆရာတော်က ဟောနေ၏။ ညွှန်ကြားနေ၏။ထုံစ၊ထုံလယ်၊ထုံဆုံး ရောက် တော့မယ်၊ကျင်စ၊ကျင်လယ်၊ကျင်ဆုံးရောက်တော့မယ်။ မတော်ချင်နဲ့ဦး၊ ကျော်နိုင် အောင် အားထုတ်၊မကျော်နိုင်လျှင်ဆုံးရှုံးမှုကြီးဖြစ်မယ်ဟုပြောနေ၏။ကျွန်တော့်အတွက် သန်းခေါင် ထက်ညဥ့်မနက်တော့၊ထလို့လည်းမရ၊ လှုပ်၍လည်းမရဖြစ်နေပြီ။ဆက်ထိုင်ရန်သာရှိတော့ သည်။ ခဏကြာသော်ကျွန်တော်၏ရင်ခေါင်းထဲမှ တစ်ခုခုပေါက်ကွဲ သံကြားလိုက်သည်။ ကလေး များ ကစားသောပူစီဖောင်းပေါက်ကွဲသကဲ့သို့ရှိ၏။ ချက်ချင်းပင်ကျွန်တော်ခံစား နေရသော ဒုက္ခကြီးသည်ကြက်ပျောက်၊ငှက်ပျောက် ပျောက်သွားလေပြီ။

ထိုအချိန်တွင် ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးသောဗုဒ္ဓဘုရားရှင်သည် ကျွန်တော်၏ကျောဘက်မှကြွလာလေသည်။ သက်တော်ထင်ရှားဗုဒ္ဓဘုရားပေလော၊ ဆင်းထု ရုပ်ပွားပေလောမကွဲပြား၊အဘယ်ကြောင့်ဆိုသော် ရောင်ခြည်တော်များ ပြိုးပြိုးပျက် ပျက် အလွန် ထင်ရှားသောကြောင့်တည်း၊ ထိုဘုရားရှင်သည် ကျွန်တော်၏ ရှေ့တည့်တည့်

သာသနာ့ထွန်းကားပြန့်ပွားရေး

နှစ်တောင်ခန့်တွင်ထိုင်နေသည်၊ (သီတင်းသုံးသည်) ကျွန်တော့်အား ... ချမ်းသာခြင်း၏ မိဘသည်ငါပင်တည်း"ဟုဆိုသည်။ပါးစပ်တော် (နှုတ်တော်နှင့်ပြောခြင်း မဟုတ် အမိန့်ရှိခြင်း)၊ ဖြစ်၏။ကျွန်တော်လည်းကောင်းစွာကြားလိုက်သည်။စိတ်နှင့်ပြောပြန်သည်။ကျွန်တော်လည်း စိတ်နှင့် ကြားလိုက်ပြန်သည်။ငါးမိနစ်ခန့်ကြာသော် ဘုရားရှင် ကွယ်သွားသည်။ ရောင်ခြည်တော်ခြောက်သွယ်ချန်ထားသည်။ နှစ်မိနစ်ခန့်ကြာသော် အပြင်ဆုံးရောက်ရောင်ခြည်တော် ကွယ်သွားသည်။တစ်မိနစ်စီခန့်ခြား၍ဒုတိယရောင်ခြည်တော်၊တတိယရောင်ခြည်တော်၊စတုတ္ထ ရောင်ခြည်တော်၊ပဥ္စမရောင်ခြည်တော်တို့ကွယ်သွားကြသည်။မျက်နှာတော်၌ ကပ်လျက် ပေါ်ခဲ့သော ရောင်ခြည်တော်သာကျန်တော့သည်။

"ည (၁၁)နာရီထိုးတော့မယ်ဒီယောဂီတစ်ယောက် တရားလည်းမချသေးပါလား တရားချနိုင်ပြီ " ဟု တရားပြဆရာတော်၏ လက်ထောက်က လာပြောသည်ကို ကြားလိုက်သည်။ကျွန်တော်သည် " တရားချတော့ " ဟူသော စကားကို နားမလည်၊ဆက်ထိုင်နေမိပါသည်။ဘုရားရှင်ထားခဲ့သော ရောင်ခြည်တော်အဝါရောင်ထဲတွင် မုံညင်းစေ့ ခန့်အလုံးလေးများ ရောက်လာသည်ကို မြင်နေရသည်။မကြာမီ ထိုမုံညင်းစေ့ ခန့်အလုံးကလေးများ ပြန်သွားကြပြန်သည်။ နောက်ဆုံးတစ်လုံးသာ ကျန်တော့သည်။ အရောင် အတောက်ဆုံးအလုံးဟု ကျွန်တော်ထင်မိသည်။

"တရားချတော့ယောဂီ"" ဒီပုဂ္ဂိုလ်က ဗုဒ္ဓဘာသာဝင်မဟုတ်ဘူး ကချင်ခရစ်ယာန် တပည့်တော်ရဲ့ သူငယ်ချင်း " ဟူသောစကားများကို ကြားရသည်။ဒုတိယပြောသူမှာ ကျွန်တော်၏သူငယ်ချင်း ကိုသိန်းအောင်၏အသံ ဖြစ်သည်။ "တရားချတော့ဆိုတာကို သူနားလည်မှာ မဟုတ်ဘူး "သူငယ်ချင်းက ထပ်ပြောသည်။ အမှန်တကယ်လည်း ကျွန်တော်သည် တရားမချတတ်တော့ပါ။ " တရားချတော့ ဆိုသော စကားကို အမှန်ပင် နားမလည်ပါ။ " " တရားချတယ် ဆိုတာ မရှုတော့တာ၊မရှုတော့တာ နဂိုအတိုင်း နေလိုက်တာ" ကျွန်တော် နားလည်ပြီ၊ မရှုတော့ပါ၊မရှုတော့ပါ။

ကျွန်တော်တရားချသောအခါ ည(၁၁)နာရီ မိနစ်ဖွန်းနေပြီဖြစ်၏၊ ကျွန်တော်၏ စိတ်ချမ်းသာနေသည်။ "တစ်သက်မှာ တစ်ခါမှ မကြုံဘူး၊မတွေ့ဘူး၊မချမ်းသာဘူး၊ ယခု ချမ်းသာပြီ " ဤချမ်းသာမှု မပျောက်ပျက်အောင် ကျွန်တော် ဆက်လက်အားထုတ် ရန် ဆုံးဖြတ်လိုက်သည်။ဗုဒ္ဓဘာသာသို့ ဝင်ရန်လည်း ဆုံးဖြတ်လိုက်သည်။တရားကို ဆက်လက်အားထုတ်နေသည်။ကိုးလခန့်ကြာသွားသည်။အိပ်မက်ဆန်းများမက်သည်။ အိပ် မက်ထဲ၌တရားနာကြားရသည်။အိပ်မက်ထဲ၌ဘုရားဖူးသွားရသည်။ရှာန်ပုံသည်ဟုအိပ်မက် မက်သည်။တရားပြသည်ဟု (သူများကို ပြသည်)အိပ်မက်သည်။ထိုနောက်၁၉ရာခုနှစ်တွင် ကျွန်တော်သည် ဗုဒ္ဓဘာသာသို့ ဝင်ဖြစ်တော့၏၊ကျွန်တော်အား ဗုဒ္ဓဘာသာသို့ ဝင်ပေးသောပုဂ္ဂိုလ်များသည်တောင်တန်းသာသနာပြုခေါင်းဆောင်ဆရာတော်ဦးဣန္ဒက ဆံတော်ရှင်ကျောင်း၊ မြစ်ကြီးနားမြို့၊ မြို့ဦးကျောင်းတိုက် ဆရာတော် ဦးဣန္ဒာစာရ၊မြစ်ကြီးနား၊

ဦးနန္ဒဘာသာ၊လေကာပ်တပ်ဦးကျောင်း၊မြစ်ကြီးနားနှင့် အခြားပင့်သံဃာတော် များဖြစ်ကြ သည်။လူ့ပုဂ္ဂိုလ်များမှာ အငြိမ်းစားလယ်ဝန် ဦးဘခေး–ဒေါ်မြမေ ၊အမှတ်–၁၀၃၊ ဈေးရပ်၊ ဦးထွန်းဒေး မြို့သစ်ရပ်၊ မြစ်ကြီးနား၊ ဦးသိန်းအောင် တို့ဖြစ်ကြသည်။ ကျွန်တော်သည် ဗုဒ္ဓဘာသာဝင်ဖြစ်လာသောအခါ သူငယ်ချင်း ဦးသိန်းအောင် နှင့်အတူ ဥပုသ်စောင့်၍ ကမ္မဋ္ဌာန်း အားထုတ်ကြလေသည်။ကျွန်တော် ခရစ်ယာန်ဘဝတွင် ရှိစဉ် စဥ့်အိုးကြီးထဲတွင် ငါးအရှင်မွေးထားပြီး ငါးအရှင်လတ်လတ်များကို ခေါင်းထုသတ်၍ချက် စားကြော်စား ခဲ့၏၊သူငယ်ချင်း ကိုသိန်းအောင်က မစားသည်ကို စားမြုပြန့်ပြော၍ ရယ်မောကြရလေ၏။

(၁၃၃၈ခုနှစ်)၊၁၉၇၆ခုနှစ်တွင် ကျွန်တော်သည် သာသနာ့ဘောင်သို့ ဝင်ရောက်ပြီး နေ့စဉ်နှင့်အမျှဗုဒ္ဓတရားတော်မြတ်ကို မလစ်ဟင်းအောင် အားထုတ်လျက်ရှိပါ တော့ သည်။တစ်နေ့သ၌ ကျွန်တော် တရားအားထုတ် နေစဉ် ကျွန်တော်၏ ခန္ဓာကိုယ်မှ ကိုယ်ခွဲထွက်ပေါ်လာ၏၊တစ်ယောက်သည်ကောင်းကင်သို့ တက်သွား၏၊တစ်ယောက်သည် ကမ္မဋ္ဌာန်းထိုင်နေ၏၊ဤကဲ့သို့ ခန္ဓာကိုယ် နှစ်ကိုယ်ကွဲသွားသည်ကို လူသား ခရစ်ယာန် ဘဝတွင် နှစ်ကြိမ်၊ဗုဒ္ဓဘာသာဝင်ပြီး နောက်နှစ်ကြိမ် ဖြစ်ဘူးသည်ကိုကား ကောင်းစွာ ဉာဏ်မမီပါ၊ကျွန်တော်ဉာဏ်ငုံမိသည်မှာ ဗုဒ္ဓဘာသာ ဝင်ခြင်းအားဖြင့် " ချမ်းသာခြင်း ၏မိခင် ဖခင်" ဖြစ်သော ဗုဒ္ဓ၊ဓမ္မ၊သံဃ(ဘုရား၊တရား၊သံဃာ) ကို တကယ်တွေ့ပြီ ဟု ယုံကြည်မိပါတော့သည်။

## ဗုဒ္ဓဘာသာတရား အလှူနံခက်တယ်

ကျွန်တော် ဗုဒ္ဓဘာသာဝင်ဖြစ်လာ၍ နှစ်အတန်ငယ်ကြာလာတော့ ဗုဒ္ဓဘာသာ တရားအလှူနံခက်သည်ကို သိရှိလာရသည်။ဒါန–သီလ–ဘာဝနာ ဟုရှိသည့်တွင် ဒါနတရားသည်လည်း ခက်သည်။ခရစ်ယာန်ဒါနနှင့်မတူ၊ခရစ်ယာန်ဒါနမှာ " ရော့–အင့်"ဆို လှူပြီး၏၊ဗုဒ္ဓဘာသာဒါနမှာ "ရော့–အင့် "နှင့်မရ။ အလှူခံ ပုဂ္ဂိုလ်တို့ကို အလွန် အလေးမူ၊အရေးယူပြီးမှ လှူရသည်။

အလှူခံပုဂ္ဂိုလ်သည် ဘုရား၊တရား၊သံဃာနှင့် ဂုဏ်သရေရှိ ပုဂ္ဂိုလ်များ ဖြစ် နေပါက ပိုခက်သည်။ပေးလှူသူသည် အလှူခံပုဂ္ဂိုလ်အား ဖြားဖြားဝပ်ကန်တော့ရခြင်း၊ ကန်တော့ရာမှာလည်း ပုံစံမှန်အောင် ထိခြင်းငါးပါးနှင့် ကန်တော့ရခြင်း၊ ရှိသေ သော အမူအရာပြုရခြင်း၊လေးစားသော အမူအရာပြုရခြင်း၊ဗုဒ္ဓယဉ်ကျေးမှုနှင့် ညီအောင် ပြုမူပြော ဆိုပြီးမှ လှူဒါန်းခြင်း၊သီလခံယူခြင်း၊လှူဒါန်းပစ္စည်း၊အလှူခံပုဂ္ဂိုလ်၊အလှူပေးသူတို့ ကို အဘိဓမ္မာတတ်ရဟိပဿနာတင်လှူရခြင်း၊ရည်မှန်းစွာ ရေစက်ချရခြင်း၊ဆုတောင်းရခြင်း၊ အမျှပေးဝေရခြင်း၊ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ရခြင်း၊အလှူပစ္စည်းကို သန့်ရှင်းအောင် ဆေးကြောရခြင်း၊ကောင်းသည်ကိုမှလှူရခြင်းစသည် ဖြင့်ခက်ခဲခြင်းကိုပြသည်။ လူတိုင်း လူတိုင်း ဉာဏ်မမီသော ကိစ္စ ရှိသေးသည်။ ပုဗ္ဗ၊ မုဉ္စ–အပရ တည်းဟူသော

စေတနာအစ--စေတနာအလယ်-စေတနာအဆုံးပြဋ္ဌာန်း၍ လှူရခြင်းဖြစ်သည်။ဤစေတနာ သုံးမျိုးပြည့်ဝ စုံလင်စွာ လှူဒါန်း မိပါက နိဗ္ဗာန် ရောက်နိုင်သည်၊ ဤ စေတနာ သုံးပါး၏အကြောင်းစုံကို ပြည့်စုံအောင် ကျွန်တော်ရေးသားဖော်ပြနိုင်စွမ်းမရှိပါ။ကျွန်တော် နားလည်သည်မှာ ပုဗ္ဗ၊မုဥ္စ၊အပရ စေတနာသည် ဒါနတည်းဟူသော ပေးကမ်းလှူဒါန်းခြင်း ၏ အဆီအနှစ်ဟု ယူဆမိပါသည်။

ထို့ပြင်သီလ တရားရှိသေးသည်။သီလတရားသည်ဒါနတရားထက်ပို၍ မွန်မြတ် သော တရားဖြစ်သည်။သီလ၏အဓိပ္ပါယ်မှာ ထိန်းသိမ်းစောင့်ရှောက်ရသော တရားဟူ၍ အဓိပ္ပါယ်ရသည်ဟုဆိုလိုပါသည်။သီလတရားသည်အတန်းအစားအားဖြင့် နှစ်မျိုး၊ အမျိုး အစား၊အရေအတွက်အားဖြင့်ကိုးမျိုးရှိသည်ကို ကျွန်တော်လေ့လာတွေ့ရှိရပါသည်။အတန်း အစားအားဖြင့် စာရိတ္တသီလနှင့် ဝါရိတ္တသီလ ဟု နှစ်တန်းနှစ်စား ရှိလေ သည်။ စာရိတ္တသီလဆိုသည်မှာ သီလကို သီလချီးမြှင့်သော ပုဂ္ဂိုလ်ထံမှ ခံယူထိန်းသိမ်းခြင်း မပြု ဘဲ ကိုယ့်သဘောနှင့်ကိုယ် ထိန်းသိမ်းခြင်းကို ခေါ်ဆိုပါသည်။ဥပမာ–အရက်သောက် သူ၊ ဘိန်းရှူသူစသည် တို့သည်ကျန်းမာရေးညှိုးဖျင်းလာသောအခါ မိမိသဘောနှင့်အရက် ဖြတ် ခြင်း၊ဘိန်းဖြတ်ခြင်းဖြင့် အရက်သောက်ခြင်း ဘိန်းရှူခြင်းမှ ကင်းရှင်းသော သူတော် ကောင်း သီလကို ရရှိကြသည်။ဘုရား–ရဟန်းတော်–စေတီတော်တို့ထံမှသီလကို ခံယူခြင်း မဟုတ်ပါ။ ထိုသို့သီလကိုမခံယူဘဲ လုံခြုံအောင် ထိန်းသိမ်းခြင်းကို စာရိတ္တသီလဟု ခေါ်ပါသည်။

ဝါရိတ္တသီလသည် သီလပေးသနားချီးမြှင့်သူ ဘုရားနှင့် ရဟန်းတော်၊စေတီတော်၊ ပုထိုးတော်၊ရုပ်ပွားဆင်းတုတော်ထံမှ ခံယူ၍ လုံခြုံသော သီလကို ခေါ်ပါသည်။ အကြမ်း အားဖြင့် ဗုဒ္ဓဘာသာသီလတော် ကိုးမျိုးရှိသည်။၎င်းတို့မှာ (၁)ငါးပါး သီလ (၂)ကောဟရ ဗြဟ္မစရိယာသီလ(၃)အာဇီဝဋ္ဌမကသီလ(၄)ရှစ်ပါးသီလ(၅)ကိုးပါးသီလ(၆)လူသားများထိန်း သိမ်းသောဆယ်ပါးသီလ။ (၇) သာမဏေများ ထိန်းသိမ်းသော လိင်ဆယ်ပါး၊ ဒဏ် ဆယ်ပါး၊သေခိယခုနှစ်ဆယ်ငါးပါးနှင့်ယှဉ်ပြည့်စုံသောဆယ်ပါးသီလ၊(၈)ဘိက္ခုရဟန်းတော် များထိန်းသိမ်းအပ်သောဝိနည်းသီလ၊(၉)သမထဝိပဿနာအားထုတ်၍ ရရှိနိုင်သော သီလ တို့ဖြစ်ပါသည်။

ဘာဝနာတရားသည် ဗုဒ္ဓတရားတော်တွင်အဆင့်အတန်းအမြင့်ဆုံးတရားဖြစ်လေ သည်။မြတ်စွာဘုရားဟောကြားတော်မူသောကမ္မဋ္ဌာန်းတရား (၄၀)မှကြိုက်ရာတစ်ခုခုရှုမှတ် ပြီး၊(ဝါ)အားထုတ်ခြင်းကိုခေါ်ဆိုပါသည်။ ဤကမ္မဋ္ဌာန်းအားထုတ်ခြင်းကိုပင် ဘာဝနာပွါး များသည်။ဘာဝနာ အားထုတ်သည်၊အပြီးပါတ်ကျင့်သည်ဟုဆိုကြပါသည်။ ဘာဝနာ တရား အကြောင်းကိုကားဘုရား၊ရဟန္တာ၊အရိယာများ၊သုတဗုဒ္ဓခေါ် အရိယာအကျော်အမော် များသာ လျှင် အစုံအပြည့် သိရှိကြသည်။ သာမန်ပုဂ္ဂိုလ်များမသိနိုင်ဟုဆိုပါသည်။

သီလ၊သမာဓိ၊ပညာ လမ်းစဉ်လည်း ရှိသည်။ ဤ လမ်းစဉ် (ကျင့်စဉ်) တွင် ဗုဒ္ဓ ဘာသာတရားတော်၏ ခက်ခဲပုံနက်နဲပုံသိမ်မွေ့နူးညံ့ပုံ တို့ကို အပြည့်အဝတွေ့ရှိရမည်ဖြစ်

ပါသည်။တွေ့ရှိရမည်ဆိုသော်လည်းလွယ်လွယ်ကူကူသိမြင်နိုင်မည်မဟုတ်ပါ။သီလကိုတိတိကျကျ ရက်ရှည်လများထိန်းသိမ်းရမည်ဖြစ်ပါသည်။ထိန်းသိမ်းရုံနှင့်မပြီး အထက်က ဖော်ပြခဲ့သော ဘာဝနာမျိုးလေးဆယ်ထဲမှမိမိကြိုက်နှစ်သက်ရာတစ်ပါးပါးကို ဟုတ်တိပတ်တိအားထုတ်ရမည်ဖြစ်ပါသည်။ထိုသို့အားထုတ်လျှင်မိမိ၏ပါရမီအလျှောက် သမထ ကုသိုလ်၊ ဝိပဿနာကုသိုလ် ရရှိမည်ဖြစ်ပါသည်။မဂ်ဉာဏ်ဖိုလ်ဉာဏ်၊နိဗ္ဗာန်ဉာဏ်ကို ရရှိမည်ဖြစ်ပါသည်။ပညာပိုင်းပြည့်စုံပြီဟုဆိုပါသည်။ပညာဟုဆိုရာ၌ ဘုရားရှင်အစရှိသော အရိယာသူတော် ကောင်းတို့ရရှိအပ်သော ဝိပဿနာပညာကိုမိမိလည်းရရှိမည်။ ဝိပဿနာ ဉာဏ်ကိုပင် ဗုဒ္ဓ၏ အမြတ်ဆုံးပညာဟုဆိုပါသည်။ ကျွန်တော်သည် ဒါနတရား၊ သီလတရား၊ ဘာဝနာ တရားနှင့်သီလသမာဓိ ပညာတရားတို့ကိုနားလည်သော ရဟန်းရှင်လူတို့ ထံဆည်းကပ် ဘူးသည်။ ထိုပုဂ္ဂိုလ်တို့ကဗုဒ္ဓတရားတော်ကိုခက်ခဲသည်ဟု ယုံကြည်သည်မှာမမှားပါ။သို့သော်ပိုခက်သည့်အခက်ရှိသေးသည်။ ထိုအခက်အခဲသည်သီလတရားကိုဖြစ်ဖြစ်၊ သမာဓိတရားကိုဖြစ်ဖြစ် ပညာတရားကို (ဝိပဿနာတရား)ကိုဖြစ်ဖြစ် ကျင့်ကြံဖြစ် ရန်ခက်သည်၊ အားထုတ်ဖြစ်ရန်ခက်သည်။" ပုထုဇဉ်တို့ မည်သည်မှာ မကောင်းသော အလုပ်ကို မအားမလပ်လုပ်တတ်သည်။ မကောင်းသောအလုပ်ကို မပျင်းမရိ လုပ်တတ်သည်။ကောင်းမြတ်သောအလုပ်လုပ်ရန်ကားမအား၊အချိန်မရတတ်"ဟုဆုံးမသွန်သင်ခြင်း ကိုခံယူဘူးပါသည်။

ကျွန်တော်သည် ဤသီလ၊သမာဓိ၊ပညာလမ်းစဉ်ကို အထူးနှစ်သက်မိပါသည်။ ဤတရားတို့ကိုတဒင်္ဂဝီရိယ၊ဝိက္ခမ္ဘနဝီရိယ၊သမုစ္ဆေဒဝီရိယတည်းဟူသောဝီရိယသုံးပါးမှတစ်ပါးပါးဖြင့်နေစဉ်မပျက်မကွက်ကျင့်ကြံအားထုတ်၍ နေထိုင်သွားပါတော့မည် ဟု အခိုင်အမာဆုံး ဖြတ်နိုင်ပါတော့သတည်း။

## တရားအားထုတ်လို့ရောဂါပျောက်

ကျွန်တော်သည်နေ့စဉ်နှင့်အမျှတရားအားထုတ်သည်မှာကိုးလရှိသွားပြီဖြစ်၏။ သို့သော် ဗုဒ္ဓဘာသာဝင် မဖြစ်သေးပါ။ ကိုးလကျော်ဆယ်လခန့်ရှိမှသာဗုဒ္ဓဘာသာဝင်ဖြစ်လာပါသည်။အရင်ဘဝ တွေတုန်းက မကောင်းမှုအကုသိုလ်များခဲ့၍ ထင်ပါသည်။ ကျွန်တော့်တွင် အင်ပြင်ရောဂါ၊ဝမ်းဖေါဝမ်းရောင်ရောဂါ၊အစာမကြေရောဂါ၊ လေနာရောဂါတို့ရှိနေလေသည်။တရားအားထုတ်ပါများသောအခါ လေနာရောဂါ မှ လွဲ၍ကျန်သောရောဂါများ ပျောက်သွားလေသည်။ တစ်ခါတွင်ကျွန်တော်၌ဒူလာသွေးဝမ်းဖြစ်လာပါသည်။အထိုင်များ၍ညောင်းနာဖြစ်လေသည်။ ကျွန်တော်စိတ်အတော် ပျက်နေပါသည်။တစ်နေ့ ကျွန်တော်လမ်းလျှောက်နေစဉ် -တပင်ရွှေထီး ပဍ္ဍငါးပါးပြုတ်သောက် ဟု အော်ပြောသံ ကြားလိုက်ပါသည်၊ လှည့်ကြည့်သည် ၊မည်သူကိုမျှ မတွေ့ရ။ အကောင်း

ညွှန်ကြားပေးတာပဲဟု ယူဆပြီးတပင်ရွှေထီးပဋ္ဌငါးပါးရူး၍ပြုတ်သောက် လိုက်ရာ သုံးခွက်နှင့်ပျောက်ကင်းလေသည်။

ထိုအဖြစ်အပျက်နောက်ပိုင်းတွင်ကားကျွန်တော်ဖျားနာသောအခါရသေ့များ၊ အဝတ်ဖြူ ဝတ်သည့်ပုဂ္ဂိုလ်များလာခေါ်သွား၍ ထူးဆန်းသောအဆောက်အဦးသို့လိုက်သွားရသည်ဟုအိပ်မက်မက်၏။ထိုအဆောက်အဦးသည် ဓာတ်ကြီးလေးပါးခေါ် ပထဝီ၊အာပေါ၊ဝါယော၊ တေဇော ဓာတ်ပြုပြင်ကျောင်းဟုပြောပြကြသည်။ ထိုပုဂ္ဂိုလ်တို့ရှင်းပြသည်မှာစိတ်ဝင်စားဘွယ်ကောင်းလှသည်။နိဗ္ဗာန်သွားရန်ဤဓာတ်ကြီးလေးပါးကို ရှုရသည်။နေမကောင်းသည်မှာလည်းဓာတ်ကြီးလေးပါးမညီညွတ်၍ဖြစ်သည်။နတ်၊ဗြဟ္မာများ၊ လူ၊ တိရစ္ဆာန်၊ ပိုးမွှားကောင် များ၊ သစ်ပင်များ၊မြေကြီး၊ကျောက်၊ရတနာ၊မိန်းမ၊ ယောကျ်ား စသည့်ရှိရှိသမျှတို့ သည် ဓာတ်ကြီးလေးပါးသာ မူလဖြစ်သည်။ရေပြည်သည်လည်း ဓာတ်ကြီးလေးပါး၊ အကုသိုလ် ဦးစီးသော ဓာတ်ကြီးလေးပါးဟု ကွာခြားကြောင်း ထိုအိပ်မက်ထဲမှ ရသေ့များ၊ ဝတ်ဖြူဝတ်ပုဂ္ဂိုလ် များ၊ ရုံဖန်ရံခါရဟန်းတော်များကဟောကြား ဆုံးမကြသည်။

အိပ်မက်ထဲမှပုဂ္ဂိုလ်တို့က"ပြန်တော့၊ ပြန်ပြီးဘာသီးစားလိုက်၊ဘာအရွက်စားလိုက်၊ ဘယ်လို လုပ်လိုက်" ဟုညွှန်ကြားကြသည်။ညွှန်ကြားသည့်အတိုင်း လုပ်ဆောင်လျှင်ရောဂါ၊ အနာအဖျားပျောက်ကင်းလေတော့၏။ သို့ရာတွင်ရောဂါတိုင်း ၊ဖျားနာတိုင်းကားညွှန်ကြားချက်မရရှိပါ။အသည်းအသန်ဖြစ်မှသာလျှင်ညွှန်ကြားချက်ရရှိခြင်းဖြစ်ပါသည်။ ကျွန်တော်သည် ဤပုဂ္ဂိုလ်တို့၏ကျေးဇူးကြီးမားလှသည်ဟုယုံကြည်ထားမိသည်။ ယင်းတို့ကျေးဇူးကိုမည်ကဲ့သို့ဆပ်ရမည်ကို စဉ်းစားလေ့ရှိပါသည်။ထိုအခါ အိမ်မက်ထဲမှလည်းကောင်း၊ တစ်ဦးတစ်ယောက်ကအနားကပ်၍ပကတိလူသားများလာပြောသကဲ့သို့လည်းကောင်းရှင်းပြသည်ကို ခဏခဏကြုံရလေသည်။လူကိုကားမမြင်ရပါ။ယင်းတို့ကပြောပြသည်မှာရတနာသုံးပါး၏ကျေးဇူးတော်၊အနန္တောအနန္တငါးပါးကျေးဇူးတော်တို့ကိုအကောင်းဆုံး ကျေးဇူးဆပ်သောနည်းလမ်းသည် တရားအားထုတ်ခြင်း၊ နိဗ္ဗာန်တရားကိုရအောင်ကြိုးစားကျင့်ကြံခြင်းပင်ဖြစ်ကြောင်းပြောပြလေသည်။

ထို့ကြောင့်ကျွန်တော်သည်မိခင်၊ဖခင်တို့အားရွာတွင်ပြန်ထားခဲ့သည်မှာကြာပြီဖြစ်၍ လုပ်ကိုင်ကျွေးမွေးပြုစုကျေးဇူးဆပ်ခြင်းမပြုရသည့်အတွက် စိတ်မကောင်းဖြစ်သည်ကိုတရားအားထုတ်ခြင်းဖြင့်ဆပ်နေရပါလားဟုသဘောပေါက်၍ဝမ်းသာမိပါတော့သည်။တစ်ခါတစ်ရံမိခင်၊ဖခင်တို့အားတရားအားထုတ်ပြီးအမျှဝေလျှင်မျက်ရည်ကျလာသည်။ ဝမ်းနည်းဝမ်းသာဖြစ်လာသည်။ အိပ်မက်ထဲ၌မိခင်၊ဖခင် တို့နှင့်ပျော်ရွှင်စွာနေထိုင်နေသည်ဟု မက်လေ့ရှိပါသည်။

မိမိ၏ရိုးရာနတ်များကိုလည်းသာသနာပြုသောအားဖြင့်ဘိတ်ခေါ်၍မေတ္တာပို့ အမျှဝေရန်အနားမှလူတစ်ယောက်ယောက်ကပြောသောကြောင့်မမြင်ရသော ပုဂ္ဂိုလ်၏ ညွှန်ကြား

ချက်အတိုင်းရိုးရာနတ်တို့အားအမှုပေးဝေရာအိပ်မက်ထဲ၌ယင်းတို့နှင့်အတူပျော်ပွဲရွှင်ပွဲ ကျင်း ပသည်ဟု အိပ်မက်မက်လျှင်အမှုရကြောင်းသိရပါသတည်း။

## တရားအားထုတ်လို့လုံးဝမရတော့

ကျွန်တော်သည် ဗုဒ္ဓဘာသာတရားတော်ကိုအားထုတ်လာခဲ့သည်မှာအချိန်အားဖြင့် တစ်နှစ်ကျော်ကျော်(၁၃)လ ရောက်လာရှိလာပြီဖြစ်ပါသည်။ ဤအချိန်ပိုင်းတွင် ကျွန်တော် တရားအားထုတ်ရန် အထူးအရေးကြီးပြီလား ဆက်လက်၍ တရားအားထုတ်ရန် မလို တော့သလား၊တရားအားထုတ်လို့ပြည့်စုံသွားပြီးလား မပြောတတ်အောင် ဖြစ်လာ ပါသည်။ တရားထိုင်ရန် ပရိက်ယူပြီး မျက်စိမှိတ်၍ ရှုမှတ်ခြင်း မိနစ်ပိုင်း ရောက်လာပြီဆိုလျှင်ဘဲ မျက်စိအာရုံထဲတွင် ကျွဲ၊နွား၊ဝက်၊ကြက်၊ခွေး၊ကြောင် စသည့် အကောင်ဘလောင်တို့ ကျွန်တော့် အနီးအနားသို့ ဝိုင်းအုံလာကြပြီး ဇော့ကြ၊ခတ်ကြ၊ကန်ကျောက်ကြ၊ ကိုက်ကြ၊ ဖွဲ့ကြ သည်ကို မြင်လာ ရတော့သည်။ထို အမြင်အာရုံများ ပျောက်အောင် ကျွန်တော်သည် ထွက်သက် ဝင်သက် ကိုအတင်းဖိရှုပါတော့သည်။ရှုလေလေ ထိုအမြင်အာရုံများ မပျောက်သည့်အပြင် ပို၍ ပို၍ ထင်ရှားလေလေ ဖြစ်တော့သည်။

ကျွန်တော်သည် မထိုင်တော့ဘဲ လဲလျောင်းသော ဣရိယာပုတ်နှင့် ရှုပြန်သည်။ထို တိရစ္ဆာန်များကို မမြင်ရတော့ပါ။သို့သော်စိတ်မအေးရပါ။နောက်တစ်သုတ် လာကြပါပြီ ထိုတစ်သုတ်ကားကုန်းသတ္တဝါများမဟုတ်ကြ၊ရေသတ္တဝါများဖြစ်ကြသည်။ ငါးပေါင်းစုံတို့ ဖြစ်ကြသည်။ ငါးပေါင်းစုံ ဝိုင်းတွတ်၊ဝိုင်းကိုက်၊ဝိုင်းဆိတ်ကြသည်။ရေသတ္တဝါတို့ဝိုင်း၍ နှိပ် စက်ကြသည်ကို အာရုံအမြင်ဖြင့် မြင်ရသည်မှာ တကယ်ရုပ်ရှင်ဓာတ်လမ်းကြည့်နေရ သည့်နှင့်မခြား ပီပီပြင်ပြင်ရှိလှသည်။ အထူးနှိပ်စက်သော ရေသတ္တဝါတို့သည် ငါးရှဉ့် (ငရှဉ့်)ငါးကျည်း(ငကျည်း)ငါးသလဲတိုး(ငသလဲတိုး)တို့ဖြစ်ကြသည်။

ငါးရှဉ့်တို့သည် ပါးစပ်ထဲဝင်လာ၍ နှာခေါင်းပေါက်မှ ထွက်လာသည်။နောက် နားပေါက်ထဲဝင်လာပြီး ပါးစပ်ထဲက ထွက်လာသည်။ပါးစပ်ထဲ ပြန်ဝင်ပြီး ဝမ်းဗိုက်ထဲ ဝင်သွား၍ စအိုကထွက်သွားသည်။ပြီးနောက် စအိုထဲ ပြန်ဝင်ပြီး ပါးစပ်ပေါက်မှ ထွက် လာမည်ပြုသည်။ခေါင်းသာပါးစပ်အပြင်သို့ ထွက်နေပြီး တစ်ကိုယ်လုံးမှာ လည်ချောင်း ထဲမှာပင် ကလိထိုးသကဲ့သို့ လုပ်နေသည်။ငါးကျည်းသည် အမြင်အားဖြင့် ငါးခူနှင့် တူသည်၊ဆူးတောင်ရှိလေသည်။ငါးကျည်းဆူးမိလျှင် ဖျားယူရလောက်အောင် အဆိပ်ပြင်း သည်။ထိုငါးကျည်းတို့သည် ကျွန်တော်၏ကိုယ်လုံးအနှံ့အပြား၌ ထိုးနှက်နေကြသည်ကို အလူးအလဲ ခံနေရပါသည်။

ငါးသလဲတိုးများစွာတို့သည် ကျွန်တော်၏ဝမ်းထဲ အစာအိမ်၊အူသိမ်၊အူမထဲ၌ အရှင်လတ်လတ် ရေထဲ၌ နေထိုင်သကဲ့သို့ သွားလာလှုပ်ရှားနေကြသည်။ဤကဲ့သို့ နှိပ်စက်သည်ကို ခံရသောအခါ ကျွန်တော်သည် တရားထိုင်၍ မရတော့ဘဲ တီကောင် ကို

ဆားနှင့် တို့လျှင် တွန့်လိမ်သကဲ့သို့ ကျွန်တော် တွန့်လိမ်လူးလိမ့်နေရပါသည်။ ဤတွင် ကျွန်တော်၏ အမြင်အာရုံများပြောင်းလဲသွားရန် တစ်မျိုးတစ်မည် ဖြစ်လာပြန်သည်။ တရားထိုင်နေသကဲ့သို့ သေသေချာချာ တင်ပလ္လင်ခွေ ထိုင်မိပြီး ထိုင်လျှက်နှင့် ခုန်ဆွခုန်ဆွဖြစ် လာသည်။

ထို့နောက် အမြင်အာရုံထဲ၌ ခရစ်ယာန်ဘဝတုန်းက ငါးရှဉ့်ဖမ်းပြီး ပါးစပ်ထဲ ထည့်၍ခေါင်းကိုကိုက်သတ်ခဲ့ပေါင်းများခဲ့သည်ကိုလည်းကောင်း၊ငါးကျည်းများ ငါးသလဲတိုးများ အရှင်လတ်လတ်ကို ဆားပက်ထည့်၍ လူးလိမ့် ခုန်ဆွ ရုန်းကန်ပြီး သေကြသည်ကိုလည်းကောင်း၊ ကြက်၊ဘဲ၊ငှက်များကို သတ်ပြီး မသေမရှင်ရေနွေးဆွတ်၍ အမွေးနှုတ်ချက်စားသည်ကိုလည်းကောင်း မြင်လာပါသည်။ ဤကဲ့သို့ အမြင်အာရုံသည် တရားတစ်ထိုင်ထဲ၌ဖြစ်သည်မဟုတ်၊ထိုင်တိုင်း၊ ထိုင်တိုင်းဖြစ်နေသည်မှာ တစ်ဆယ့်ငါးရက်ခန့်ကြာသွားလေသည်။

တရားထိုင်တိုင်း ဤအမြင်များမြင်သောကြောင့် တရားအရသာမခံစားရ၍ စိတ်ပျက်ခြင်းကို စာဖွဲ့ မရေးတတ်တော့ပါ။ထို့နောက် ရက်နှစ်ဆယ်ခန့်ကြာလာသော် အိပ်မက်ဆန်းများစွာမက်လာတော့၏။ အိပ်မက်ထဲတွင် ရဟန်းတော်များ၊ရသေ့များ၊အဝတ်ဖြူဝတ် ပုဂ္ဂိုလ်များ၊ရုံဖန်ရံခါ ဘုရားရှင်ကပါ တရားဟောကြားသည်ကို နာကြားရသည်ဟု အိပ်မက် မက်လေသည်။ပြုခဲ့ပြီးသော မကောင်းမှုကို တရားနှင့် ဆပ်ပြီးပြီ၊ဝဋ်ကြွေးဆပ်ပြီး ပြီဟုလည်း ဟောကြားချက်ထဲတွင် ပါရှိလေသည်။စိတ်အနည်းငယ်အားတက်လာပြန်သည်။ ကျွန်တော်နှင့်ခင်မင်သောဓမ္မမိတ်ဆွေပေါများလာ၏၊တစ်နေ့သောဥပုသ်နေ့၌ ဓမ္မမိတ်ဆွေ ဦးသိန်းအောင်(မွတ်စလင်ကျွတ်)ဦးမြအေး၊ဦးမြင့်အေးတို့နှင့် ဥပုသ် စောင့်ကြ ပါသည်။ ကျွန်တော်က ပြောပါသည်။ "ဓမ္မမိတ်ဆွေတို့ ကျွန်တော် ဒီနေ့ ၁၂နာရီတိတိမှစ၍ တရားထိုင်မည်။ည(၆)နာရီထိုးမှထမည်။ကျွန်တော့်ကို တရားစောင့်ရှောက်ပေးနိုင်မည်လား "ဟုပြောလိုက်သည်။ဓမ္မမိတ်ဆွေဦးသိန်းအောင်နှင့် ဦးမြအေးတို့က" တရားစောင့်ပေးမယ်၊ ထိုင်သာထိုင်" ဟုအားပေးကြသည်။ကျွန်တော်သည်နေ့(၁၂)နာရီ တိတိတွင် တရားစထိုင် ဖြစ်သည်။တရား ပရိက် ကောင်းကောင်းယူသည်။မိမိသတ်ဖြတ်ခဲ့သော ကုန်းသတ္တဝါ၊ ရေသတ္တဝါတို့ကိုလည်း မသိ၍ လုပ်မိသည်ဖြစ်၍ အပြစ်မယူရန် တောင်းပန် ပြောဆို တိုင်တည်မိသည်။ထိုင်လျှင် ထိုင်ချင်း အာရုံကြည်လင်သည်။တရား၏ ထူးဆန်းအံ့ဩ ဘွယ်အတွေ့အကြုံ များစွာရှုမြင်သည်။ညနေ(၆)နာရီထိုးလျှင်တရားချ လိုက်သည်။ သူငယ် ချင်းဓမ္မမိတ်ဆွေ ဦးသိန်းအောင်က ပြောသည်မှာ နေ့(၁၂)နာရီမှ ညနေ(၃)နာရီထိဦးမြ အေးက တရားစောင့်ပေးပြီး (၃)နာရီ မှ ညနေ(၆)နာရီအထိ သူကစောင့်ရှောက် ပေးပါကြောင်းဦးမြအေးကမူ စောစော ပြန်သွားကြောင်းပြော လေသည်။ဤကဲ့သို့ အချိန် ကြာကြာ တရားထိုင်နေသည်ကို စောင့်ရှောက်ပေးကြ၍ ကုသိုလ်ရကြမည်ဟု ယုံကြည် ပါသည်။

ဤကဲ့သို့ နေ့(၁၂)နာရီမှည(၆)နာရီအထိမထတမ်းတရားထိုင်ပြီးသည်နောက် ကျွန်တော်စိတ်မကောင်းအကြီးအကျယ်ဖြစ်ရပါသည်။အကြောင်းမှာကျွန်တော်၏ဓမ္မမိတ်ဆွေ တို့သည်ကျွန်တော့်အပေါ်၌ ထင်မြင်ချက်အထူး ပေးကြခြင်း၊ တနည်းဆိုရသော် အထင် အလွန်ကြီးသွားကြခြင်း ဖြစ်ဟန်တူပါသည်။ယခင်က ကျွန်တော့်အား သမထဝိပဿနာ ဆိုင်ရာပြောပြကြ၊ဆွေးနွေးကြ၊အကြံပေးကြ၊အားပေးကြကုန်သော်လည်း ဤတရား(၆)နာရီ ထိုင်ပြီးသည့်နောက်ဆွေးနွေးခြင်းအားနည်းသွားသည်။အားပေးချက်နည်း သွားသည်။အကြံလည်းသိပ်မပေးတော့၊ပိုဆိုးသည်မှာကျွန်တော်နှင့်အတူတရားထိုင်ရမည်ကိုရွံ့သလိုလို မပံ့သလိုလိုဖြစ်ကြခြင်းပင် ဖြစ်သည်။

ဤတွင် ကျွန်တော်အိပ်မက်ထဲ၌ နာကြားရသော တရားတစ်ပုဒ်ကို ပြောပြရပါတော့သည်။တရားအားထုတ်ရာ၌ များများအားထုတ်၍ များများရခြင်း၊များများအားထုတ်သော်လည်း နည်းနည်းသာရခြင်း၊နည်းနည်းအားထုတ်သော်လည်းများများရခြင်း နည်းနည်းအားထုတ်၍နည်းနည်းသာရခြင်းတို့ပင်တည်း။သို့ဆိုခြင်းကြောင့်အချိန်နည်းနည်းအားထုတ်ခြင်း၊အချိန်များများ(ကြာကြာ)အားထုတ်ခြင်းသည်အဓိကမဟုတ်၊ပမာနမကျ၊နည်းနည်းဖြစ်ဖြစ် အချိန်ကြာကြာဖြစ်ဖြစ်၊ နေ့စဉ်မှန်မှန် အားထုတ်ဖြစ်ခြင်းသာလျှင် အဓိကဖြစ်သည်။ ပမာနကျသည်ဟု အိပ်မက်တရားနာကြားချက်ကိုပြောပြရလေသည်။ ထို့နောက်ဓမ္မမိတ်ဆွေများအတွဲပြန်ကောင်းလာပါ၏။

ဤတစ်ထိုင်တည်း(၆)နာရီထိုင်ပြီးသည့်နောက်ပိုင်းတွင် ကျွန်တော် စဉ်းစား ကြည့်သည်မှာသည်လောက်ကြာကြာထိုင်၍တရားများများရသလော၊တရားများများတွေ့ သလော၊ဤတစ်ထိုင်၌ရှုမြင်သည်မှာဝိပဿနာဉာဏ်စဉ်မည်သို့ရှိသနည်း။ဘယ်လိုဉာဏ်စဉ်ရသနည်း၊အထက်ပါအချက်လေးချက်တွင်ကြာကြာ(များများ)အားထုတ်သော်လည်း တရားနည်းနည်းသာရသလောဆိုသည့်အချက်များကိုစဉ်းစားမိပါသည်။အမှန်မှာ ဉာဏ် မမီခြင်းဖြစ်ပါသည်။သို့သော်ကျွန်တော်၌ထူးခြားသောတရားသဘောကို ကြုံလာရပါသည်။ ကျွန်တော်အတွက်ဝမ်းသာအားရဖွယ်ဖြစ်ပါသည်ဟုယုံကြည်မိပါသည်။ထိုအချက်(ထိုတရား) မှာ-တရားတစ်နာရီထိုင်လျှင်လည်းထုံကျင်ကိုက်ခဲ၊ညောင်းညာ၊အောင့်၊ပူအေး၊လှုပ်ရမ်းခြင်း လုံးဝမရှိတော့၊မခံစားရတော့၊နှစ်နာရီကြာ၊သုံးနာရီကြာ၊လေးနာရီထိုင်လျှင်လည်း ထိုအတိုင်း ဖြစ်နေ၍ထွက်သက် ဝင်သက်ကို ကောင်းကောင်း ရှုနိုင်လာခြင်းပင်ဖြစ် ပါ၏။

မည်သို့ပင်ဆိုစေ ယခင်ကကဲ့သို့တရားထိုင်၍ကားလုံးဝ မကောင်းတော့ ဟုထင်မိပါသည်။အိပ်စက်၍မကောင်း၊စားသောက်၍မကောင်း၊ခဏတဖြုတ်အိပ်ပျော်သွားလျှင်အလွန်လျှင်မြန်စွာချာန်ပျံရခြင်း၊ရေပေါ်တွင်လမ်းလျှောက်သွားရခြင်း၊ရေပေါ်တွင်တရားထိုင်ခြင်း၊ရေအောက်အနက်ထဲ၌ တရားထိုင်ရခြင်းစသည့်အိပ်မက်ဆန်းများမကြာခဏမက်ခြင်း၊ရံဖန်ရံခါညတိုင်းမက်ခြင်းဖြစ်လာသည်ကိုကြုံရပါသည်။အိပ်မက်ဖြစ်၍အလေးဂရုတော့သိပ်မထားမိ။မထားတတ်။ ထို့နောက်ရဟန်းတော်များ၊ ရသေ့များ၊ အဝတ်ဖြူဝတ်၊ ပုဂ္ဂိုလ် များလည်း

အိပ်မက်တရားကိုယခင်ကကဲ့သို့ဟောကြားခြင်းမရှိတော့၊ထူးဆန်းသောစေတီပုထိုး များသို့ ယင်းတို့နှင့် အတူဘုရားဖူးသွားရသည်ဟုအိပ်မက်မက်သည်ကပိုများလာပါတော့၏။ကျွန်တော်လည်းဗုဒ္ဓဘုရား၊တရား၊အရိယာသံဃာတို့အပေါ်ယုံကြည်မှု ပိုလာ၍ တိုးတက်လာကာ အားအားရှိလက်အုပ်တချီချီဖြစ်လာပါတော့သတည်း။

## တရားအားထုတ်၍ယခင်ကထက်ပိုကောင်းလာပြီ

တရားအားထုတ်သည့်အခါအချိန်သတ်မှတ်ခြင်းသည်ဆိုးသည့်သဘောဖြစ်သည်၊ ကောင်းသည့်သဘောဖြစ်သည်ကိုကျွန်တော်ကောင်းကောင်းမသိပါ။ဆရာတော် သမားတော် မထေရ်များထံ လျှောက်ထားလျှင် အမိန့်ရှိကြသည်မှာ အချိန်သတ်မှတ်သည့် သဘော သည် တဒင်္ဂဝီရိယသဘောဖြစ်ကြောင်း၊အဓိဋ္ဌာန်အချိန် ထားရှိသည့် သဘောဖြစ် ကြောင်း အမိန့်ရှိကြသည်။

ကျွန်တော်သည် တရားအားထုတ်ရာတွင် အချိန်သတ်မှတ်အားထုတ်ခြင်းကို သဘောကျနေဆဲဖြစ်ပါသည်။ ယခုလည်း တစ်ခါထိုင်လျှင် မထတမ်း လေးနာရီ တစ်နေ့သုံးကြိမ်၊ လေးသုံးလီ တစ်ဆယ့်နှစ်နာရီ ထိုင်ခြင်းကို ကျင့်သုံးအားထုတ်နေသည်။ ယင်းနောက် တစ်ခါထိုင်လျှင် သုံးနာရီ တစ်နေ့လေးကြိမ် ရက်ပေါင်း သုံးဆယ်(တစ်လ) အဓိဋ္ဌာန်ဝင်ပါသည်။နာရီမှာ မပြောင်းလဲ၊ သုံးလေးလီ တစ်ဆယ့်နှစ်နာရီပင် ဖြစ်ပါသည်။ တစ်နေ့တစ်ဆယ့်နှစ်နာရီ ဆက်တိုက်အားထုတ်ရက် တစ်ဆယ့်ငါးရက်ကြာသောအခါ အာရုံခံစားမှုသည်တစ်မျိုးတစ်မည်ထူးခြားလာပြန်သည်။ ဆိုဖာအထူကြီးပေါ်တွင် ထိုင်နေရ သကဲ့သို့၊ ဂွမ်းပုံပေါ်ထိုင်နေရသကဲ့သို့၊ တိမ်ပေါ်တွင် လှိုင်းစီးနေရသကဲ့သို့ ဖြစ်နေသည်။ ယုံ၊ နာ၊ ကိုက်ခဲ၊ ညောင်းညာ၊ ပူအေး၊ လှုပ်ရမ်း၊ လှုပ်ရှား၊ အောင့်ခြင်း အလျှဉ်းမဖြစ် တော့၊ထိုင်တိုင်း ထိုင်တိုင်း မဖြစ်တော့၍ ဒုက္ခဝေဒနာ ရှာမတွေ့၊ ရှုမမြင် ဖြစ်လာသည်။ တစ်နေ့တစ်ရက်တည်း ထိုသို့ဖြစ်သည် မဟုတ်၊ ခုနစ်ရက် ဆက်တိုက်ဖြစ်လေသည်။ ကမ္မဋ္ဌာန်းဆရာတော်ကို လျှောက်ထားရာ အဲဒီလိုရှုမြင်တာသည်ပင်လျှင်ဒုက္ခပါဘဲ၊ ဒုက္ခ ဝေဒနာကလည်း ဒုက္ခ၊ သုခဝေဒနာကလည်း ဒုက္ခ၊ ဥပေက္ခာဝေဒနာလည်း ဒုက္ခဘဲ၊ ခံစား တာဝေဒနာ၊ဝေဒနာဟာ ဒုက္ခဘဲ၊ အခု တိမ်စီးနေသလို၊ ဂွမ်းပုံပေါ်ထိုင်ရသလို ရှုမြင် တာ သုခဝေဒနာ ခေါ်တယ်၊ စင်စစ်အားဖြင့် ဒုက္ခပါဘဲ ဟု အမိန့်ရှိလေသည်။

အသုဘရှုတော့–ဗိုက်ကိုစိုက်ကြည့်နေ(ရှုနေ)၊ တစ်ရက်အသုဘ၊ နှစ်ရက်အသုဘ၊ သုံးရက်အသုဘ --------ဆယ်ရက် အသုဘကို အာရုံပြုရှုပါ။တစ်ရက်ရက်ကို မြင် လိမ့်မယ်၊မြင်လျှင်လက်မလွှတ်နဲ့၊အသုဘမြင်လျှင်ပဋိက္ကူလ်ဗြားတုံးကြီးမြင်ပြီမှတ်၊ လောကုတ္တရာ ပဋိက္ကူလ်ဗြားတုံးကြီး၊အသုဘရှုပြီးရင်အရိုးစုကြီးကျန်မယ်၊ဆက်ရှု တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အရိုးစုကြီး မီးလောင် ပြာကျတာကို မြင်လာမယ်၊ ဆက်ရှု၊ အဲဒီ

အရိုးပြာကြီးတွေ လေတိုက်ရာ လွင့်ပါသွားပြီး တစ်မှုန်မျှမကျန်အောင်ရှု၊ စိတ်မပျက်နဲ့၊ မတော်ချင်နဲ့၊ စိတ်ပျက်ပြီး တော်လိုက်ရင် သံသရာ မျောရဦးမယ် -စသည်ဖြင့် ကမ္မဋ္ဌာန်း ဆရာတော်တို့က ဟောပြောညွှန်ပြကြသည်။

ကျွန်တော်ကိုယ့်ကိုယ်ကို (အာနာပါန ထွက်သက် ဝင်သက် အားထုတ်ရင်း) အသုဘရှု ရပါတော့သည်။ သို့သော် ကျွန်တော်၏ အသုဘရှုမြင်ပုံမှာ အခြားသူများနှင့် မတူ၊တမူထူးခြားသည်ဟုထင်ပါသည်။ခန္ဓာကိုယ်မှ ပိုးမျိုးရှစ်ဆယ်တို့သည် လည် ချောင်း တွင်စုဝေးနေကြသည်ကိုမြင်လာသည်။အန်ချင်လာသည်၊အော့ချင်လာသည်၊ပျို့ချင်လာသည်။ တဖြည်းဖြည်းခန္ဓာကိုယ်ကြီးလာသည်။ပွလာသည်။ နောက်ဆန်အိတ်ခန့်ကြီးလာသည်။

ခန္ဓာကိုယ်ကြီးလာခြင်း ရပ်ဆိုင်းမသွားဘဲ ပို၍ပို၍ ကြီးလာသည်။ ဤကမ္ဘာလုံး ကြီးတစ်ခုလုံးကို ကျွန်တော်၏ ခန္ဓာကိုယ်က ဖုံးလွှမ်းထားပြီ။ ရပ်တန့်သွားတော့မည်ဟု ထင်သည်၊မရပ်သေး၊ပို၍ ကြီးလာပြန်သည်။စကြာဝဠာကြီးကို ဖုံးလွှမ်းသည်အထိ ကြီးလာ သည်။ဆက်လက်၍ ကြီးထွားနေ၏။ဗြဟ္မာဘုံနှစ်ဆယ်၊နတ်ပြည်ခြောက်ထပ်၊ လူ့ဘုံ၊ အပါယ်ဘုံတို့ကို ကျွန်တော်၏ကိုယ်လုံးက ဖုံးလွှမ်းထားပြီ၊ဒီထက်တော့ပို၍ ကြီးတော့မည် မထင်မိ၊ သို့သော်ဆက်၍ ကြီးထွားနေသည်။

ခန္ဓာကိုယ် ဆက်လက်ကြီးထွားသည်ထက်ကြီးထွားပြီးနောက် တဖြည်းဖြည်း ပြန် ငယ်လာပြီ၊အဆင့်ဆင့်ကြီးလာသည်၏ ဆန့်ကျင်ဘက် ပြန်ငယ်လာသည်။ထို့နောက် ပုံမှန်အတိုင်း ကျွန်တော်၏ခန္ဓာကိုယ် မူလအခြေအနေပြန်ဖြစ်သည်။သို့သော် မူလ ခန္ဓာကိုယ်နှင့် ရပ်မနေဘဲပို၍ငယ်သွားသည်။ထို့နောက်အရိုးစု အသုဘဖြစ်သွားတော့သည်။ အရိုးစုတို့သည် ဟာလာစက်နှင့် ကြိတ်ထားသကဲ့သို့ ဖြစ်နေသည်ကို မြင်လာရသည်။ အမှန်ပြောရမည်ဆိုလျှင် ပေါင်ဒါမှုန့်ထက် ညက်ညောသော အရိုးမှုန့်များဖြစ်သွားသည်။ ထို့နောက်လေမုန်တိုင်းတိုက်လျှင် ဖုန်မှုန့်များ လွင့်ပါသကဲ့သို့ လွင့်စင်ကြကုန်၏၊လွင့်စင် ပြီး နောက် အပ်ဖျားခန့်ရှိသော အရိုးမှုန့်ကလေး တစ်မှုန့် ကျန်ရစ်လေသည်။

ကမ္မဋ္ဌာန်းဆရာတော်တို့ကတမှုန်မျှမကျန်အောင်ရှုရမည်ဟုအမိန့်ရှိထား၍ဤအမှုန် လေးကိုပျောက်အောင်ရှုရသည်မှာ လွယ်ကူလှသည်မဟုတ်၊ နောက်ထပ်နှစ်နာရီကြာခန့် ရှုမှတ် လိုက်တော့မှသာကုန်သွား၊ပျောက်သွားတော့သည်။ ပျောက်သွားသည်နှင့်တပြိုင်နက် ထိုင်ထားသောဖျာနှင့် တင်ပါးထိနေသည်ဟုမထင်ရတော့၊ မသိတော့၊အလွန်ပေါ့ပါးနေ သည်ဟုခံစားရလေသည်။ ဤကဲ့သို့ဖြစ်ပြီးနောက်တရားထိုင်၍ယခင်ကထက် ပို၍ကောင်း လာသည်။

ယခင်ကထက်ပို၍တရားအားထုတ်၍ကောင်းလာသောအခါအသိထူး၊အမြင်ထူးများ ကိုတွေ့လာရပါသည်။အသိထူး၊အမြင်ထူးဟုဆိုရာ၌တစ်ကြိမ်တစ်ခါမျှမကြုံဘူး၍ကျွန်တော် အတွက်အသိထူးအမြင်ထူးဟုဆိုခြင်းဖြစ်ပါသည်။ရင့်ကျက်ပြီးတရားသမားများအတွက် မှု

အတွေ့ထူးအမြင်ထူးဖြစ်ချင်မှ ဖြစ်ပါလိမ့်မည်။ကျွန်တော်တရားအားထုတ်နေလျှင် မည်သူမည်ဝါမှန်းမသိသီးဖြူလာမိုးပေးခြင်း၊ရှုရှိုက်လျှက်ရှိနေစဉ်ဝင်သက်ထွက်သက်တိုင်းထူးခြားသောအမွှေးနံ့(မွှေးကြိုင်သောရနံ့)ကိုရရှိလာသည်။ပဋိသန္ဓေသားအဖြစ်အမိဝမ်းထဲပြန်ရောက်သွား၍ပဋိသန္ဓေနေခြင်း၏ဒုက္ခဆင်းရဲကိုသိလေသည်။ ထိုပဋိသန္ဓေ၏ ဟိုဘက် ယခင်ဘဝတစ်ခုခုသို့စိတ်ရောက်ရောက်သွားလေသည်။ ယခုပစ္စုပ္ပန်၌ရှုနေသော ထွက်သက်ဝင်သက်သည်ယခုဘဝနှင့်မဆိုင်ဘဲယခင်အတိတ်ဘဝတစ်ခုခု နှင့်ဆိုင်နေသည် ဟု သိလာသည်။

ဤသို့ဖြစ်ပြီးနောက်ကျွန်တော်သည်အကြားအမြင်ဟော ဗေဒင်ဆရာတစ်ပိုင်း ဖြစ်လာတော့သည်။ကျွန်တော်သည်ဟောတိုင်းမှန်ကန်သောအခါဘဝင်မြင့်ချင်သလိုလို၊ စိတ်ကြီးဝင်လာသလိုလို၊တယ်ဟုတ်တဲ့ငါ–ဟူသောစိတ်များဖြစ်မှန်းမသိဖြစ်လာတော့၏။ ကျွန်တော်ဟောကြားသောကြောင့်ဘာသာတရားလိုက်စားသောမွှမိတ်ဆွေတို့လည်းတစ်မျိုး တစ်မည်ထင်သူထင်၊ပိုအထင်ကြီးသူကကြီးဖြစ်လာတော့၏။ပတ်ဝန်းကျင်ကလူတို့သည်လည်း ကျွန်တော်အားရူးရတ်ဟုဆိုကြသည်။ ရူးရတ်ဟူသော စကားကို နားမလည် ၍ မေးကြည့်လျှင်မပြောကြဘဲပြုံးနေကြလေသည်။နောက်မှ ပြောမနာ ဆိုမနာမိတ်ဆွေတဦးက ပြောပြ လေသည်။ရူးရတ် ဆိုတာ ဓာတ်ရူးကိုခေါ်တာ–ဟုဆို၏။ သို့သော်ရူးရတ်ကိုလည်း ကျွန်တော်နားမလည်၊ ဓာတ်ရူးကိုလည်း ကျွန်တော်နားမလည်ဘဲဖြစ်နေပါသည်။

ကျွန်တော်တရားအားထုတ်ချိန်မရတော့၊အကြားအမြင်ဟော၍အချိန်ကုန်လာသည်။ ရဟန္တာဟု ထင်ရှားခဲ့သောစွန်းလွန်းဆရာတော်၏ထေရုပ္ပတ္တိစာအုပ်ဖတ်ရ၍ပြီးအကြားအမြင်ဟောခြင်း ကိုစွန့်လွှတ်လိုက်ပါတော့သတည်း။

## ကျွန်တော်မြင်သောအတိတ်ဘဝ

ကျွန်တော်ခရစ်ယာန်ဘဝတွင်နှစ်ပေါင်းသုံးဆယ်ကျော် ကျင်လည်ခဲ့ပါသည်။ခရစ်ယာန် ဘာသာတွင် လူသေလျှင်သံသရာဘုံဟူသော လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံ၊တိရစ္ဆာန်ဘုံ၊ ပြိတ္တာ ဘုံ၊အသူရကယ်ဘုံ၊သူရဲတစ္ဆေဘုံတို့၌ဖြစ်ရသည်ဟုမရှိ၊ရှိလျှင်လည်း မယုံရပါ။ ခရစ်ယာန် ဘာသာဝင်များသည် သေသည်မရှိ၊ခရစ်တော်ခေါ်သခင်ယေရှု၏ ရင်ခွင်၌ အိပ်ပျော်သွားသည် သာရှိသည်။သေခြင်းမရှိသောခရစ်ယာန်ဘာသာဝင်တို့တွင် သုသာန်သင်္ချိုင်းလည်းမရှိ၊မြေမွေ့ရာ၌ အိပ်စက်နေခြင်းသာရှိသည်။ လူသေလျှင် ဝမ်းနည်းငိုယိုရန် အကြောင်းမရှိ၊ဝမ်းသာပြီးစားပွဲ၊ သောက်ပွဲ၊ပါတီပွဲကျင်းပခြင်းသာ ရှိသည်။ ဤသို့ယုံကြည် ရသည်။ကျွန်တော်လည်း ဤအတိုင်းယုံကြည်ခဲ့ပါသည်။

ယခုတော့ဖြင့် ကျွန်တော်သည်ဗုဒ္ဓဘာသာဝင်ဖြစ်လာပြီးတရားအားထုတ်သောအခါ တစ်သေတည်းသေခဲ့ရ၊လူနတ်၊ဗြဟ္မာဘဝရပြီးသေခဲ့ရ၊ တိရစ္ဆာန်အမျိုးမျိုးဖြစ်ပြီး သေခဲ့ရ၊ တစ္ဆေ၊သူရဲ၊မင်စာ၊ကြပ်ဘဝရပြီးသေခဲ့ရ၊ပိုးမွှားကောင်ဖြစ်ပြီးသေခဲ့ရ၊ ကလေး ဘဝနှင့် သေခဲ့ရ၊လူ လတ်ပိုင်းနှင့်သေခဲ့ရ၊ဆင်းရဲသားဘဝနှင့်သေခဲ့ရ၊သူဌေး ဘဝနှင့်သေခဲ့ရ၊ ယောကျာ်းဘဝ နှင့် သေခဲ့ရ၊မိန်းမဘဝနှင့် သေခဲ့ရ၊ဤကဲ့သို့သေခဲ့ရသည်ကို ဘဝပေါင်း

မဆိုထားဘိ ကမ္ဘာပေါင်းပင်မရေတွက်နိုင်ဘဲတစ်သေတည်း သေခဲ့ရသည်ကိုသိလာမြင်လာပါတော့သည်။တချို့ ကျွန်တော် သေခဲ့ရသည့် ဘဝကိုရုပ်ရှင်ဇာတ်လမ်းကြည့်ရသကဲ့သို့ သိမြင်လာလေသည်။တချို့ကျွန်တော်၏ဘဝသည် သဲမှုန်တိုင်းလွှင့်သကဲ့သို့ သဲတစ်ပွင့်တစ်ဘဝ သဲတစ်ပွင့်တစ်လွှင့်တစ်သေသော မြင်ရသည်။ဇာတ်လမ်းတစ်ခုကြည့်ရသကဲ့သို့ သေခဲ့ရပုံကိုကားများများမမြင်ရပါ။တစ်ဆယ့်သုံးဘဝ အထိသာမြင်ရပါသည်။ ဇာတ်လမ်းတစ်ပုဒ်တစ်လေ ကိုသာ ရေးပြပါမည်။

ကျွန်တော်သည်တရားထိုင်နေရင်း ရွှေစက်တော်ဘုရားသို့ အာရုံရောက်သွားသည်။ ပုပ္ပါးတောင်ကလပ်သို့လည်း ရောက်သွားသည်။ပုပ္ပါးတောင်ကလပ်တွင်အမျိုးသမီးတစ်ဦး ညောင်ရေအိုး ပန်းရောင်းနေသည်။ ပန်းမျိုးစုံပါဝင်သော ညောင်ရေအိုးတစ်အိုးကိုတစ်ပြားနှင့်ရောင်းနေသည်။ လှသည်ဟုလည်းမဆို၊အရုပ်ဆိုးသည်ဟု မဆိုသာသော ထိုအမျိုးသမီးသည်ကျွန်တော်ပင်ဖြစ်လေ သည်။ ဘုရားပန်းသည်မ၏ ခင်ပွန်းသည်ပန်းဘဲသမားဖြစ်၏ ထိုပန်းဘဲသမား၏ဆရာ သည်မောင်တင့်တယ်ဖြစ်သည်။ပန်းဘဲမောင်တင့်တယ်ဖြစ်သည်။ ကလေးသုံးယောက်ရသည်။

ညောင်ရေအိုးတစ်အိုးတစ်ပြားနှင့်ရောင်းပြီးဝယ်ယူသူဘုရားဖူးကဘုရားတွင်ကပ်လှူပြီးပြန်သွား လျှင်ထိုပန်းအိုးကိုယူပြီးတဖန်နောက်တစ်ယောက်ကိုရောင်းပြန်သည်။ ညောင်ရေအိုး ဆယ်အိုးကိုတစ်နေ့လုံးရောင်းစားလို့မကုန်ပါ။ဤကဲ့သို့သောအကုသိုလ် မကောင်းမှုကြောင့်ကလေးသုံးယောက်အမေ အသက်သုံးဆယ်ကျော်အရွယ်တွင် သေခဲ့ ရပါသည်။ ထိုပန်းသည်မဘဝမှ သေပြီးနောက်ပျဉ်းမနားအနီး လယ်ဝေးတွင်ယောကျ်ားကလေးဖြစ်ပြန်သည်။တောသူဌေးဖြစ်ခဲ့သည်။ တောသူဌေးဘဝတွင်ဓားပြတိုက်ခံရလေသည်။ ထိုခေတ်က ဓားပြတို့သည်လူမသတ်ကြပါ။ပစ္စည်းသာယူကြသည်။ ကျွန်တော်သည် ဓားပြ များကိုဆဲဆို ကြိမ်းမောင်းသောကြောင့် ဓားပြသည် ကျွန်တော်၏ ခေါင်းကို ဓားရိုး၊ ဓားနောင့်နှင့်ထုသွားသည်ကိုခံရလေသည်။အသက်နှင့်အဝေးကြီးဖြစ်၏။မနာကျင် လှပါ၊ သို့သော် စိတ်ထဲက နာကျင် လှ ပါသည်။ ပစ္စည်းနမျောသောကြောင့်စိတ်နာခြင်းဖြစ် ပါသည်။ စိတ်ထောင်းပြီးကိုယ်ကြေသောကြောင့်ကျွန်တော်သည် လူလတ်ပိုင်း နှင့်သေတော့သည်။ ကျွန်တော်အသက်မထွက်မီဆုတောင်း လိုက်ပါသည်။ နောက်ဘဝ တွင် ကျွန်တော်၏ ပစ္စည်းကို ဓားပြတိုက် ယူသွားသော ဓားပြတို့ကို ဓားပြပြန်တိုက် ရပါ လို၏ ဟု ဆုတောင်းသည်။ဆုတောင်းပြီးသည်နှင့်အသက်ထွက်(သေ) တော့သည်။ ထိုဘဝမှ ကျွန်တော်သည် ကရင် လူမျိုးယောကျ်ား ဖြစ်လာသည်။ ဓားပြ တိုက်သည်။ ကျွန်တော့်ကိုတိုက်ဘူးသော သူတို့နှင့် တွေ့ဆုံလျှင် သွေးကပြော၊လှုံ့ဆော်၍ အလိုလိုသိပြီးမတိုက်တိုက်ဖြစ်အောင်ဓားပြတိုက် ဖြစ်သည်။ဤဘဝ တွင်လည်းလူ လတ်ပိုင်း ရောက်လျှင်ကျွန်တော်သေရပါသည်။နောက်ဘဝတွင် ကျွန်တော်သည် ရှမ်းလူမျိုး၊ရှမ်းဓားပြဖြစ်ရလေသည်။ကောင်းသောဆုကို တောင်းတိုင်းမပြည့် ပါ။မကောင်းသော ဆုကိုကား တောင်းတိုင်း ချက်ချင်းပြည့်၏။ထို့ကြောင့် ကျွန်တော့် ဆုတောင်းနှင့် ကျွန်တော်ဓားပြဖြစ်

ရလေသည်။တစ်နေ့တွင်ကျွန်တော်သူငွေးတစ်ဦး အိမ်တွင်ဓားပြတိုက်ရန်သွားသည်။ အဖေါ် နှစ်ယောက်လည်းပါသည်။ကျွန်တော်ကဗိုလ်ဖြစ် သည်။ထိုအိမ်ရှင်တို့သည် ကျွန်တော်တို့ အားဓားပြမထင်ကြ။ကျွန်တော်တို့ကိုကောင်းစွာဧည့်ခံကျွေးမွေးကြသည်။ကျွန်တော် သူတို့ ကိုဓားပြမတိုက်လိုတော့။ ကျွန်တော်တို့ ပြန်ကြမည်ဟု နှုတ်ဆက်ပြီးသော် ကျွန်တော်၏ ဓားပြ တပည့်တို့က ပုန်ကန်ကြတော့သည်။" ဓားပြတိုက်ဖို့လာတာဓားပြတိုက်ဖြစ် အောင်တိုက်ပြီးမှပြန်မယ် " ဆိုလေသည်။မင်းတို့သွားတိုက်ငါပြန်မယ်ဟုကျွန်တော်ပြော လေသည်။"ခင်ဗျားမပါလို့ ဘယ်ဖြစ်မလဲ"တစ်ယောက်ကပြောသည်။ကျွန်တော်က "မင်းတို့ တစ်ယောက်ငါးရာရရင် မကျေနပ် ဘူးလား"ကျွန်တော်ကမေးသည်။ " ဗလာပြန်ရတာ ထက်စာရင်တော်သေးတာ ပေါ့ ဗျာ" ကျွန်တော်က ထိုအိမ်ထဲသို့ဝင်လာပြီး "အိမ်ရှင်တို့ ထံဓားပြတိုက်ရန် ကျွန်တော်တို့ လာတာပါ။ ကျွန်တော်ကဗိုလ်ပါ။ခင်ဗျားတို့ ကောင်း ကောင်း ဧည့်ခံလို့ကျွန်တော်ဓားပြ မတိုက်ချင်တော့ပါ။ ဒါပေမဲ့ ကျွန်တော် တပည့် နှစ် ယောက်ကငွေမပါဘဲမပြန်ချင်ဘူးလို့ပြောပြီးကျွန်တော့်ကိုလည်းမကျေနပ်ကြပါ။"အိမ် ရှင် က ငွေနှစ်ထောင်ထုတ်ပေးသည်။"ကျွန်တော်တစ်ထောင်ဘဲယူပါ့မယ်၊တပည့်နှစ်ယောက်တစ် ယောက်ငါးရာကျပ်ပေးရင် အေး သွားမယ်။ "

"မောင်ရင်ဓားပြဘဝကလွတ်ပါစေ၊ဘဝသာယာပါစေ။ " ဟု ဆုတောင်းပေး၍ ငွေ တစ်ထောင်ကိုပါကျွန်တော့်ကိုပေးသည်။ကျွန်တော်ကမယူ "ပေးသောဆုနဲ့ပြည့်ပါရစေ။" ဟု ဆိုပြီးထွက်လာသည်။သူတို့နှစ်ယောက်ကိုငါးရာစီဝေပေးလိုက်သည်။"ခင်ဗျားအတွက်ကော" "ငါအတွက်တစ်ထောင်အိမ်ရှင်ကပေးတယ်ငါမယူဘူး""ယုံရမှာလား " "မယုံရင်ငါကိုယ် မှာ ရှာ–အိမ်ရှင်များကိုသွားမေး" "ယုံပါတယ်" ပြန်ကြပါစို့" ။

ထိုနေ့မှစ၍ ကျွန်တော်သည်ဓားပြမတိုက်လိုဘဲ တိုက်နေရသည်မှာ စိတ်ဆင်းရဲ လှ၏။ဤအလုပ်ကိုမလုပ်လျှင်တိုက်ဖေါ်တိုက်ဖက်တို့ဒုက္ခပေးကြမည်ကိုသိ၏။ လောလော ဆယ်တွင် ကျွန်တော်ဗိုလ်မလုပ်တော့၊ဓားပြဗိုလ်ဘဝမှဓားပြဗိုလ်တို့ပုန်းအောင်းသော စခန်း တွင်ဓားပြ ထမင်းချက်ဘဝကို ယူလိုက်ပါသတည်း။

## ဗုဒ္ဓဘာသာရတနာသုံးပါးအပေါ်ပိုယုံကြည်လာခြင်း

ဗုဒ္ဓဘာသာဝင်များအတွက် ကမ္မဋ္ဌာန်းတရားအားထုတ်ရင်းအတိတ်ဘဝကို မြင်လာ ခြင်းသည် အကြောင်းမဆန်းလှ၊သမရိုးကျသာဖြစ်သည်။အတိတ်မြင်ခြင်းအားဖြင့်မဂ်ဉာဏ် ဖိုလ်ဉာဏ်မြင်ခြင်းမဟုတ်ဟု ကျွန်တော်လေ့လာမိသည်။သို့သော်အချို့ကမ္မဋ္ဌာန်းသမားများ သည်မဂ်ဉာဏ်ဖိုလ်ဉာဏ်မရမီဘဝင်မြင့်ကြသည်။အချို့မှာမဂ်ဉာဏ်ဖိုလ်ဉာဏ်ရပြီးမှအတိတ် ဘဝကိုမြင်ကြသည်ဟုလည်းလေ့လာသိရှိရပြန်ပါသည်။ ကျွန်တော်ကမ္မဋ္ဌာန်းအားထုတ်ရင်း အတိတ်ဘဝကိုမြင်လာသည်ကိုကား မဂ်ဉာဏ်ဖိုလ်ဉာဏ်ရပြီးနောက်မှမြင်သလော၊မရမီမြင်

သလောဆိုသည်ကိုခွဲခြားမသိပါ။သို့ရာတွင် အတိတ်ဘဝမြင်ခြင်းကြောင့်ကျွန်တော့်အတွက် အလွန်အကျိုးများပါသည်။အဘယ်ကြောင့်ဆိုသော် အတိတ်ဘဝမြင်ခြင်းကြောင့်သံသရာဝဋ် ဆင်းရဲအကြောင်းသိလာသည်။ သံသရာဝဋ်ဒုက္ခအကြောင်းဟောပြသောဘုရားရှင်ကိုယ်တော် မြတ်အားပို၍ ယုံကြည်စိတ်ဖြစ်ပေါ်လာသည်။သံသရာမှလွတ်မြောက်လို၍ ကမ္မဋ္ဌာန်း ပိုမို အားထုတ်ဖြစ်လာသည်။ရတနာသုံးပါး အပေါ်တွင် ယုံကြည်မှုပိုတိုးတက်လာသည်။ ဗုဒ္ဓ တရားတော်ကိုအားထုတ်ရခြင်း၊ ဗုဒ္ဓဘာသာ သို့ ဝင်ရောက်ရခြင်းကျိုးနပ်ပြီဟု ယုံကြည် လာသည်။မြန်မာပြည်တွင်ကိုးကွယ်သော ထေရဝါဒဗုဒ္ဓဘာသာသည် အားကိုးလောက်သော ဘာသာဖြစ် သည် ဟုလည်းယုံကြည်လာပါသည်။ ကမ္ဘာတစ်ဝှမ်းလုံးသို့ ထေရဝါဒ ဗုဒ္ဓဘာသနာပြန့်ပွားကား စေလိုသောဆန္ဒလည်းပေါ် ပေါက်လာသည်။သာသနာပြု လိုသောဆန္ဒလည်းပြင်း ပြလာပါသည်။ပရိယတ္တိသာသနာပြုခြင်း၊ ပဋိပတ္တိသာသနာပြုခြင်း၊ ပဋိဝေဓသာသနာပြုခြင်း တည်းဟူသော သုံးမျိုးတွင်ပဋိပတ္တိသာသနာပြုခြင်းနည်းနှင့်ပြု ရန်ရည်ရွယ်ချက် ကြီးမား လာသည်၊တစ်နေ့နေ့တစ်ချိန်ချိန်တွင်ပြုနိုင်လိမ့်မည် ဟု ယုံ ကြည်လာပါသည်။မပြုနိုင်သေးလျှင်လည်းမိမိ၏ သီလ၊ သမာဓိ၊ ပညာ တိုးတက် အောင် နေ့စဉ်နှင့်အမျှအားထုတ်နိုင်လာခြင်းသည် ပင်လျှင် မိမိကိုယ်ကို မိမိ ပဋိပတ်နည်း နှင့် သာသနာပြုနေသည်ဟုယုံကြည်၍ဝမ်းမြောက်လာပါသည်။

မြတ်စွာဘုရားသည်တရားရာလျှင်ခန္ဓာထဲမှာရှာရန်ညွှန်ကြားထားသည်။ ညွှန်ကြား သည်အတိုင်း အားထုတ်လျှင် တစ်ထိုင် နှင့် တရားရနိုင်သည်။ တစ်ထိုင်နှင့်မရလျှင် ခုနစ်ကြိမ်ထိုင်လျှင် တရား ရနိုင်သည်။ ခုနစ်ကြိမ်နှင့်မရလျှင်ခုနစ်ရက်နှင့်ရနိုင်သည်။ ခုနစ်ရက်နှင့်မရလျှင်ခုနစ်လနှင့်ရနိုင်သည်။ ခုနစ်လနှင့်မရလျှင်ခုနစ်နှစ်နှင့်ရနိုင်သည်။ ခုနစ်နှစ်နှင့်မရလျှင်ခုနစ်ဘဝနှင့်ရနိုင်သည်။ ခုနစ်ဘဝထက်ကားမလွန်တော့တရားရမည် အမှန်ဟုအဂ္ဂုတ္တို ကျမ်းတော်နှင့်ဟောတော်မူသည်။ ပရိတ်တော်အလိုအရရတနသုတ်တွင် ဟောတော်မူလေသည်။ ယခုအခါ၌ရဟန္တာများ မဆိတ်သုဉ်း၊ သောတာပန်အရိယာ၊ သကဒါဂါမ်အရိယာ၊အနာဂါမ်အရိယာအများပင်ရှိနိုင်သည်ဟုဆို ကြသည်ကို တကယ်ပင် ယုံကြည်စွာဖြင့်အားထုတ်သင့်လေသည်။ ဤတွင်ကျွန်တော်အိပ် မက်ထဲ၌နာကြားရသော တရားတစ်ပုဒ်ကိုသတိရမိပါသည်။လူတိုင်းလူတိုင်းရုပ်အာဟာရကျွေး ရသည်။နာမ်ကိုလည်း အာဟာရကျွေးရသည်။ရုပ်၏အာဟာရသည်အစားအသောက်ဖြစ်သည်။ နာမ်၏ အာဟာရ သည်တရားဖြစ်သည်။ နေ့စဉ်နှင့်အမျှရုပ်ကို အာဟာရကျွေးမွေးသော အားဖြင့်ထမင်း ဟင်းစသည့်အစားအသောက်ကိုမှီဝဲစားသုံးရသည်။ထိုအတူနာမ်၏ အာဟာ ရဖြစ်သော တရားအားထုတ်ခြင်းကိုလည်း နေ့စဉ်ပြုကြရမည်။ လူတစ်ဦးသည်တစ်နေ့လျှင် ထမင်း နှစ်ကြိမ် (နံနက်စာညစာ) စားရသည်။ထိုအတူတရားလည်းနှစ်ကြိမ်ထိုင်သင့် သည်။ ထမင်းဟင်းကို ဆာလောင်လျှင်လည်းစားသည်၊မဆာလျှင်လည်းစားသည်။စား၍မြိန် လျှင်လည်းစားသည်။ ထိုအတူတရား အားထုတ်ရာ၌လည်း အားထုတ်လိုလျှင်လည်း အား ထုတ်သင့်သည်။ အားမထုတ်လိုလျှင်လည်း ကြိုးစားအားထုတ်သင့်သည်။ အားထုတ်လို

ကောင်းလျှင်လည်းအားထုတ်သင့်သည်။ အားထုတ် လို့ မကောင်း လျှင်လည်းအား ထုတ်သင့်သည်ဟူ၍အိပ်မက်တရားနာကြားဘူးပါသည်။

ဤအိပ်မက်တရားသည် ကောင်းသည် မကောင်းသည်ကို ကောင်းစွာ ကျွန်တော် သဘောမပေါက်ပါ။သို့သော်သဘောကျနေပါသည်။ကျွန်တော်နှင့်သဘောတိုက်ဆိုင် မှုရှိသည်။အိပ်မက်ထဲ၌ ရဟန်းတော်များ၊ရသေ့များ၊ အဝတ်ဖြူဝတ်ပုဂ္ဂိုလ်များ ဟောကြားသောတရားတော်များစွာမှာကြားဘူးသည်။အချို့လည်း ကျမ်းဂန်နှင့်ညီသည်။ အချို့ လည်း ညီမညီ မသိရပါ။ အချို့လည်းလောကီကျမ်းနှင့်သာညီသည်။ အချို့လည်း လောကုတ္တရာကျမ်းနှင့်ညီညွတ်သည်ကိုတွေ့ရသည်။အချို့အိပ်မက်တရားတို့သည် တိုတို တောင်းတောင်းရှိလှသည်။ဥပမာ အချို့ပြရသော် ဧကောဓမ္မောရောက်အောင် ဧကေစာရီနေထိုင်ရတယ်။ ဝိဝေကနေထိုင်မှသမာဓိရလွယ်တယ်။တရားရှုရင်ကိုယ့်ကိုလည်းတရားကပြန်ရှုတယ်။ ကိုယ်ကတရားကိုရှု၊တရားကကိုယ်ကို ပြန်ရှုတာကိုမမွေရကျွိတ တရားလို့ ခေါ်တယ်။ ခန္တီတရားဆို တာတရားထိုင်တဲ့အခါဖြစ်လာတဲ့ဒုက္ခကိုသည်းခံရှုမှတ်တာကိုခေါ် တယ်။အကြွေးအမျိုးမျိုး ရှိတယ်၊ချစ်ကြွေး၊ပစ္စည်းကြွေး၊ဝဋ်ကြွေး၊စကားကြွေး၊ သံသရာကြွေးတွေဟာ အကြွေးအား လုံးမှာ အရေးကြီးဆုံးဘဲ။အကြွေးရှိရင် ဆပ်ရမယ်၊မဆပ်မချင်းတင်နေရင် မကောင်းဘူး။ တရားအားထုတ်ရင်း အကြွေးဆပ်တာဟာ အကောင်းဆုံးဘဲ။ တရားအားထုတ်ဖန်များ လာရင်သေရမှာမကြောက်ဘူး။ဥစ္စာရှာရင်ဥစ္စာရတယ်။တရားရှာရင်တရားရတယ်။ ဥစ္စာ ရှာ တိုင်းမရဘူး၊ဒါပေမဲ့ ရှာရမယ်။တရားရှာတိုင်းမရဘူး------ စသည်ဖြင့်နားကြား ရသည်။အချို့အိပ်မက်တရားတို့သည် ရှည်လျားလှလေသည်။ထို့ကြောင့်မဖော်ပြဖြစ်သေး ပါ။ကျွန်တော် တရားရသည်မရသည်ကိုပိုင်းခြားအစုံအလင်မသိပါ။ ဆက်၍အားထုတ် သွားရန်သာရှိပါသည်။ဤတွင်ကျွန်တော်ဗုဒ္ဓဘာသာဝင်ရသည့် အကြောင်းရင်း (သို့မဟုတ်) ဘာကြောင့် ကျွန်တော်ဗုဒ္ဓဘာသာဝင်ဖြစ်လာသည့်အကြောင်းအကျဉ်းအား ဖြင့်ပြီးဆုံးပြီဖြစ်ပါသတည်း။

## ကျွန်တော်အဘယ်ကြောင့်ဗုဒ္ဓဘာသာဝင်ဖြစ်ရသည့်အကြောင်း

နှစ်၊လ၊နေ့ရက်မမှတ်မိသောကြောင့်ကျွန်တော်သိတတ်ခါစ(သို့) လွန်ခဲ့သော နှစ်ပေါင်း(၅၀)ခန့်က ဖြစ်ပါသည်ဟု ဆိုရပါမည်။ အနီးစပ်ဆုံး မှတ်မိသည်မှာ (ဂျပန်ခေတ်) ဒုတိယ ကမ္ဘာစစ် မြန်မာပြည်သို့ မကူးမီ အချိန်ကာလ ဖြစ်ပါသည်။ထိုစဉ်အခါတွင် ရှမ်းပြည်မြောက်ပိုင်း လားရှိုးခရိုင်၊ကွတ်ခိုင် မြို့နယ် မုန်ယာတိုက်နယ်၊မန်ဖါရွာသည် တောင်ရွာ မြောက်ရွာဟူ၍ နှစ်ပိုင်း ရှိခဲ့ပါသည်။တောင်ရွာသည်ဗုဒ္ဓဘာသာ ရှမ်းဇာတိရွာ ဖြစ်၍ မြောက်ရွာသည် ဂျိန်းဖေါ (ကချင်)ရွာ ဖြစ်ပါသည်။

ထိုမန်ဖါမြောက်ရွာသို့ကျွန်တော်တို့ မိသားစု ပြောင်းရွှေ့နေထိုင် ကြပါ သည်။ ထို့ကြောင့် ထိုရွာသည် ကျွန်တော်တို့ရွာ ဖြစ်လာပါသည်။မန်ဖါမြောက်ရွာတည်းဟူ သော ကျွန်တော်တို့ ရွာ၏ အဓိက စီးပွါးရေးလုပ်ငန်းမှာတောင်ယာခုတ်ခြင်း၊ဘိန်းစိုက်ခြင်း၊ ကြက်၊ဝက်၊ကျွဲ၊နွားမွေးမြူခြင်း၊မုဆိုးလိုက်ခြင်း လုပ်ငန်းဖြစ်ပါသည်။ကြက်နှင့်ဝက်ကို အိမ်တိုင်းစေ့မွေးမြူကြပါသည်။တစ်နေ့သ၌ ညနေ၊နေဝင်ပြီးစ အချိန်တွင်"အင်ဒေါ် အဘိုးကြီးသေပြီတဲ့"ဟူသောအမင်္ဂလာသတင်းသည် အမင်္ဂလာအချိန်တွင်ထွက်ပေါ်လာပါတော့သည်။

ထိုနေ့ရက်၊လ၊ခုနှစ်ကို မမှတ်မိသော်လည်း လကွယ်နေ့ည ဖြစ်သည်ကိုတော့ ကျွန်တော်ကောင်းကောင်း မှတ်မိနေပါသည်။အဘယ်ကြောင့်ဆိုသော်ဗုဒ္ဓဘာသာဝင် မန်ဖါတောင်ရွာတွင် လကွယ်ဥပုသ်နေ့ကြီးဖြစ်၍ ရှမ်းပန်းဒကာ၏ တရားတောင်းသံ၊ သီလတောင်းသံ ကိုကျွန်တော်တို့ ကြားနေရသောကြောင့်တည်း။ကျွန်တော်တို့ဖခင်နှင့် တကွရွာရှိ အိမ်ထောင်ရှင်လူလတ်၊လူကြီးများသည် ထုံးစံအတိုင်း သာရေး နာရေးကိစ္စ ဖြစ်ပေါ်လျှင် အားတက်သရော လုပ်ကိုင်လေ့ရှိကြသည့် အားလျော်စွာ ယခုလည်းနာရေးကိစ္စ အိမ်သို့တဖွဲဖွဲ မပျက်မကွက် သွားကြပြီ ဖြစ်ပါသည်။

ညဥ့်နက်လာသောအချိန်တွင် ကလေးများ၊ မိန်းမငယ်များသည် မိမိအိမ်သို့ပြန်သွားကြပါတော့သည်။ကျွန်တော်ကိုတော့မိဘတို့က "ကလေးဆိုတာအသုဘအိမ်ကို မသွားကောင်းဘူး၊အသုဘပို့လည်းမလိုက်ကောင်းဘူး၊ လူသေကောင်ကိုလည်း မကြည့်ကောင်းဘူး"ဟုပြောကြပါသည်။ ဆုံးမကြပါသည်။ကျွန်တော်အနေနှင့်ကားကလေးပီပီ မကောင်းသည်ကို လည်း လေ့လာစူးစမ်းလိုစိတ် ရှိသည်ဖြစ်၍ အသုဘအိမ်သို့တံခါးမရှိ၊ ဓါးမရှိ ဝင်ထွက် သွားလာလေ့ရှိပါသည်။

ညဥ့်(၁၁)နာရီကျော်ကျော်အချိန်တွင်အသုဘအိမ်၌ ဖဲရိုက်၊ဇယ်ခတ်၊ကြွေအံ ကစား နေကြသူများသာ ကျန်လေသည်ကိုတွေ့ရပါသည်။ကျွန်တော်သည်ကြွေအံကစားသည်ကို တော် တော်စိတ်ဝင်စားနေ၏။ ကြွေစေ့ကလေးများသည် ပက်လက် လန်လိုက်၊ မှောက်ရက် ကျလိုက်၊ကြွေစေ့နှစ်စေ့ပက်လက်ဖြစ်၍ ကျန်သုံးစေ့သည်မှောက်ရက်ဖြစ်လိုက်၊ သုံးစေ့ ပက်လက်ဖြစ်၍ နှစ်စေ့မှောက်လိုက် လေးစေ့မှောက်၍ တစ်စေ့ပက်လက်ဖြစ် လိုက်--စသည်ဖြစ်မှုကို ကြည့်ကောင်းကောင်းနှင့် ကြည့်နေမိပါသည်။ အထူး စိတ်ဝင် စားမိသည်မှာကြွေအံကစားသူတို့ပါးစပ်မှထုတ်ဖော်ပြောဆိုသော(ကြွေစကား) တချို့လည်း ကြွေဂါထာခေါ် ကြသည် ကို နားထောင်ကောင်းသည်ဟုခံစားနေမိပါသည်။

သက်ကြီးခေါင်းချကြက်တွန်ရပ်သွားပြီ၊ သန်းခေါင် ချိန်ရောက်လာပြီဟု အချို့ လူကြီးသုံးလေးယောက်ပြောသံကြားလိုက်ပါသည်။ကျွန်တော်သည်အိမ်သို့မပြန်ရဲတော့မပြန် ရဲသည် မှာ လက္ခယ်နေ့ညအ်မှောင်မိုက်ထဲတွင်စမ်းတဝါးဝါး လမ်းလျှောက်ရမည် ကို ကြောက်ရွံ့ခြင်း ကြောင့်ဖြစ်ပါသည်။ တစ္ဆေသူရဲကိုတော့ ကျွန်တော်မကြောက် တတ်သေး ပါ။အိပ်ငိုက်လာပြီဖြစ်၍ကျွန်တော်၏အမေ့မောင်အနားကပ်ထိုင်ပြီးငိုက်နေပါတော့သည်၊ ထို အချိန်တွင် ရွာအနောက် ဘက်နှစ်အိမ်ကျော်မှခွေးကြီးနှစ်ကောင်၏ အူသံကြား လိုက် ပါသည်။ ကျွန်တော်၏ ဦးလေးက သံပုံးတီးရန်ပြောပါသည်။ လူကြီးများက အသုဘ ကိစ္စအိမ်မှာကိစ္စမပြီးခင်သံပုံးမတီးရဟုပြော လျှင်ဦးလေးလည်းငြိမ်သွားပါသည်။ ထိုအချိန် တွင်ဦးနော်ခမ်းတို့ အိမ်ကဇရာမကြောင်နက် ကြီးရောက်လာပြီးဖဲဝိုင်းအလယ် သို့ ခုန်ဝင် သွားသည်ကိုတွေ့လိုက်ရသည်။ဖဲဝိုင်းလည်း၊ကြောင်နက်ကိုလန့်ပြီးပျက်သွား၏။ကြွေအံဝိုင်း မှာအကောင်းဆုံးကြွေအံကစားသမားဟုသမုတ်ခံရသူ ဦးလရီးဘောက်လည်းလန့်ဖြန့်ထခုန် လိုက်လေသည်။ ကြောင်နက်ကြီးသည် ဇယ်ခတ်ဝိုင်းကိုခုန်ကျော်ပြီး တဆက်တည်းမှာ ပင်အလောင်း (လူသေကောင်) ၏ရင်ဘတ် တည့်တည့်ကို ခုန်ကျော် လိုက်ပါတော့သည်။

ဦးလရီးဘောက်သည်တံမြက်စည်းယူခဲ့ရန်အော်ပြောလိုက်သည်၊သူကိုယ်တိုင်လည်း တံမြက်စည်းထရှာလေသည်။ အချိန်သည်မြန်ဆန်လှ၏။ တစ်မိနစ် နှစ်မိနစ် သာခြား မည့်ထင်ပါသည်။တံမြက်စည်း ကိုယ်စီကိုင်၍ လူကြီးသုံးလေးယောက်ပြန်ဝင်လာလေသည်။ သို့သော် နောက်ကျနေပြီ ဖြစ်၏။ လူသေကောင်သည် ငုတ်တုတ်ထထိုင်ပြီး ဖြစ်နေပြီ။ ဦးလရီးဘောက်နှင့်တံမြက်စည်းကိုင် ရွာသားလေးဦးသည် အလောင်းကောင်ကို တံမြက် စည်းနှင့်ခေါင်းကိုရိုက်သူရိုက်၊ရင်ဘတ်ကို ရိုက်သူရိုက်၊ နောက်ကျောကုန်းကို ရိုက်သူရိုက် ဝိုင်းရိုက်နှက်နေကြ၏။ကြောင်နက်ခုန်စခုန်လယ်ခုန်ဆုံး၊အလောင်းကောင် ထထိုင်၊ တံမျက် စည်းနှင့် ရိုက်သည့် အချိန်စုစုပေါင်းသည် လေးမိနစ်ခန့်သာ ကြာလေ သည်ထင်သည်။ လူသေ အလောင်း ကောင်သည် မည်သို့မျှမဖြစ်၊ထိုင်မြဲ ထိုင်နေလေသည်။

ဦးလရှီးဘောက်ကမခုတ်လုံ၊မခုတ်ဓားကိုဆွဲယူလိုက်လေသည်။ထိုအခါကျမှလူသေအလောင်းသည်(ဘိုင်း)ကနဲ မြည်အောင် လဲသွားတော့သည်။ဤကဲ့သို့ လူသေ အလောင်း ထထိုင်စဉ်လူများသည် ထွက်ပြေးကြကုန်၏၊လန့်အော်သူအော်၊ခလုတ်တိုက်မိပြီး အနာတရ ဖြစ်၍အော်သူအော်နှင့်ဝရုန်းသုန်းကားဖြစ်နေလေသည်။ကျွန်တော်(စာရေးသူ)နှင့် ဦးလေး တူဝရီး နှစ်ယောက်သည် ထောင့်ကပ်ထိုင်နေကြသူများဖြစ်၍ အလျင်ထ မပြေးနိုင်ကြဘဲ အားလုံးပြေးကြပြီးမှ နောက်ဆုံးထပြေးကြပါသည်။

အလောင်းကောင်ကို တံမြက်စည်းနှင့်ရိုက်နက်သူသုံးဦးနှင့် မခုတ်လုံ၊မခုတ်ဓား ကိုင်ထားသူ ဦးလရှီဘောက် ဤလေးဦးသည်သာ အလုပ်ရှုပ်နေကြသည်ကို နောက်ဆုံး တွေ့မြင်ခဲ့ရပါသည်။ကျွန်တော်သည် လမ်းမရှာနိုင်တော့ဘဲ နေအိမ်သို့ ဆူးချုံများကို ဖြတ်နင်းပြီး ပြေးပါတော့သည်။အိမ်သို့ရောက်လျှင် ခြေထောက်သည် ခြေဖဝါးမှ အထက် ဒူးအထိ ဆူးစူးထား၍ မိုးလင်းထိ အိပ်မပျော်တော့ပေ။အိပ်မပျော်၍ စဉ်းစားခန်းဝင်ပါ တော့သည်။မိမိကိုယ်မိမိ မေးခွန်းထုတ်၊ကိုယ်စိတ်ကူးနှင့် ကိုယ်ပြန်ဖြေနေရသည်မှာ မိုးလင်းခါနီးအချိန်အထိ ဖြစ်ပါသည်။

ဤအဖြစ်အပျက်ကို ဖြစ်ပေါ်အောင်ဟစ်စုံတစ်ယောက်က ဖန်ဆင်းသလော၊ နတ်ဆိုးနတ်ယုတ်တို့ကလုပ်သလော၊သဘာဝအတိုင်းဖြစ်သလော၊လူသေအလောင်းတိုင်း ဤကဲ့သို့ ဖြစ်သလော စသည့်ဖြင့် လောပေါင်းများစွာဖြင့် (လောမေးခွန်း) ထုတ်ရသည်မှာ မိုးနောက်နောက် ဖြစ်လာသည်အထိ ဖြစ်၏၊နောက်တစ်နေ့တွင်မန်ဖါတောင်ရွာ ဗုဒ္ဓဘာသာ ရှမ်းရွာမှ လူကြီးများရောက်လာကြလေသည်။ ရှမ်းအမျိုးသား လူကြီးများနှင့် ကျွန်တော်၏မိဘတို့သည် အသုဘကိစ္စအိမ်မသွားမိ ကျွန်တော်တို့ အိမ်သို့ဝင်ပြီး မိခင် ဖခင် တို့နှင့် စကားပြောနေကြလေသည်။

မိခင် ဖခင်နှင့် ရှမ်းလူကြီးတို့သည် ရှမ်းဘာသာစကားနှင့် ပြောကြသည်ဖြစ်၍ ကျွန်တော်နားမလည်ပါ။ရှမ်းလူကြီးများ ကိစ္စအိမ်သို့ထွက်သွားသည့် နောက်မှ ကျွန်တော့်အား ဖခင်ဖြစ်သူပြောပြလေသည်။တိရစ္ဆာန်များကို အိမ်တိုင်းမွေးပြီး သတ်စား၊ ရောင်းစားသည့်အတွက် ဤကဲ့သို့ ဖြစ်တတ်ကြောင်း၊လပြည့်လကွယ်နေ့တွင် လူသေလျှင် ချက်ချင်းသုသာန်သို့သွားပို့ သင်္ဂြိုလ်ရကြောင်း၊အကယ်၍ အကြောင်းအမျိုးမျိုးကြောင့်သင်္ဂြိုလ်ရခြင်း မပြုနိုင်ပါက သချိုင်းကုန်းမှ မြေသွားငှားပြီး (စတိမြေယူလာပြီး) •အလောင်းကို အိမ်ပြင်တွင်ချက်ချင်းထုတ်၍ သုသာန်မြေကို အလောင်းကောင်၏ခါးတွင်ထည့်ထားပြီး စောင့်ကြည့်ရကြောင်း၊နောက်တစ်နေ့တွင် သင်္ဂြိုလ် ဖြစ်အောင် ဆောင်ရွက်ရကြောင်း ၊ သို့မဟုတ်ပါကသေသောအလောင်းကိုကြောင်နက်ကျော်ခြင်း၊ခွေးအ(တောခွေးတစ်မျိုး) နှင့် အိမ်ခွေးပြိုင် အူခြင်းဖြင့် လူသေအလောင်း ဖုတ်ဝင်ပြီး ရွာပျက်တတ်ကြောင်း ပြောပြလေသည်။ဖခင်လည်းမျက်နှာမကောင်း ဖြစ်နေ၍ ကျွန်တော်လည်း ဆက်မမေးတော့ဘဲ ဆိတ်ဆိတ်နေလိုက်ပါသည်။

နောက်တစ်နေ့တွင် အလောင်းကို သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ကြ လေသည်။ ကျွန်တော်သည် အံ့သြလွန်း၍ စကားမပြောနိုင်အောင် ဖြစ်နေပါတော့သည်။အကြောင်းမှာ မသာပို့သူများ ပြန်မရောက်မီပင် ရွာထဲမှ အဖိုးကြီးတစ်ယောက် ထပ်သေသော ကြောင့်တည်း၊အဖိုးကြီးသေပြီးနောက်တစ်နေ့ သင်္ဂြိုဟ်ပို့ဆောင်ကြပြန်သည်။ဤည မှောင်စပျိုးချိန်တွင် လူသေခေါင်းတစ်လုံးသည် သေသူ အဖိုးကြီးအိမ်ပေါ်သို့ ရောက်ရှိနေလေသည်။ (ဗုန်း)ဟူသောအသံကိုအိမ်နီးနားချင်းတို့ကြားကြလေသည်။မည်သူမည်ဝါ လာရောက်ပစ်တင် သွားသည် မသိရပါ။ရွာသူရွာသားများလည်း ကြောက်ရွံ့နေကြလေပြီ၊ တကာယ်လည်း ကြောက်စရာ ကောင်းနေပြီဖြစ်၏၊ ရွာပတ်ဝန်းကျင်တွင် ခွေးအအူခြင်း၊ ရွာထဲမှ ခွေးများ အဆက်မပြတ် နေ့နေ့ညည အူခြင်း၊တစ်နေ့ တစ်လောင်း၊ နှစ်လောင်း လူသေခြင်း ဖြစ်နေပါတော့သည်။

တစ်လအတွင်းရွာရှိလူသုံးပုံတစ်ပုံသေသွားလေသည်။တစ်လမပြည့်မီ ရွာသူရွာသားများ ကစဉ့်ကလျားထွက်ပြေးကြလေသည်။အချို့သည် တောင်ယာတဲသို့၄င်း၊ ဘိန်းခင်းထဲသို့၄င်း၊အချို့သည် လယ်ထဲသို့၄င်း ပြေးကြလေသည်။ကျွန်တော်တို့မိသားစုသည် ရှမ်းရွာအနီးချောင်းတစ်ခု၏ ကမ်းပါးတွင်ပြောင်းရွှေ့ နေထိုင်ကြလေသည်။ ကျွန်တော်တို့မန်ဖါမြောက်ရွာသည် မရှုမလှ ပျက်စီးလေပြီ၊ နောက်ရက်အနည်းငယ်ကြာလျှင် တောင်ခြေရွာတည်၍ နေ ထိုင်ကြပါသည်။ရွာသစ်အမည်မှာ မန်အော်ဖြစ်လေသည်။

ဤအဖြစ်အပျက်နှင့်ပတ်သက်၍ရွာရှိ နတ်ဆရာများ၊တရားဟောဆရာများကို မေးမြန်းကြည့် သည်။ ဘုရားသခင်၏ သဘောဘဲ ဟု အဖြေပေးကြလေသည်။ကျွန်တော်စိတ်ထဲမှာတော့ တိရစ္ဆာန်မွေးမြူခြင်း၊ သတ်စားခြင်း၊ ရောင်းဝယ်ခြင်း၊ဘိန်းစိုက်ခြင်း၊ ဘိန်းရောင်းခြင်း ၊ဘိန်းရှူ၊ဘိန်းစားခြင်း၊မုဆိုးလိုက်ခြင်း အလုပ်သည် မကောင်းသော အလုပ်ဖြစ်သည်ဟု ရှမ်းကလေးများနှင့် နွားအတူ ကျောင်းရင်း ဗုဒ္ဓဘာသာ ရှမ်းကလေးများပြောကြသည်ကိုသာ ဉာဏ်မမီ တမီ ဖြစ်နေပါတော့သည်။ မန်ဖာတောင် ရွာ၊ ရှမ်းဗုဒ္ဓဘာသာပင်တို့သည် တွန်ကြက်အပြင် တိရစ္ဆာန် မမွေးမမြူသောကြောင့် ရှမ်းရွာမှန်သမျှကျွန်တော်တို့ရွာကဲ့သို့ မဖြစ်ဘူးပါကြောင်း ပန်းတကာ ရှမ်းအမျိုးသား ပြောစကား တို့ကို ရှမ်းအမျိုးသား ကျွန်တော်တို့ အိမ်အလည်လာတိုင်း ပြောပြသည်ကို အမြဲတမ်းသတိရနေလေတော့သည်။ကျွန်တော်သည် ရှမ်းကလေးများနှင့်သာ အမြဲလိုလို ပေါင်းသင်း ဆော့ကစား လျှက်ရှိပါတော့သည်။

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ
ရွှေမြစ်ဆုံ

## ကျွန်တော်အဘယ်ကြောင့်ဗုဒ္ဓဘာသာဝင်ဖြစ်လာသည့်အကြောင်း

ကျွန်တော်တို့ ပထမရွာဖြစ်သော မန်ဖါမြောက်ရွာသည် ဖုတ်ကောင်ဖမ်းစားခြင်း ခံရပြီး ပျက်စီးသွားသည့်နောက် ရွာသစ် မန်အော်ရွာ တည်ထောင်ပြီး နေထိုင်ကြပါသည်။ ဆင်ဝပ်နေသည့်ပုံ တောင်တစ်တောင်၏ ရင်ခွင်ပိုင်းတွင် ဤရွာကို တည်ထားသည်ဖြစ်၍ ရေအနည်းငယ်ရှားသည့်မှလွဲပြီး ပျော်စရာကောင်းပါသည်။အိမ်ခြေမှာ (၂၀)ကျော်သာ ပြန် လည်တည်ထောင်နိုင်လေသည်။

ပျက်စီးသွားသော ပထမရွာနှင့် ဤဒုတိယရွာသစ်၏ စီးပွားရေးအခြေအနေကား ကွဲပြားခြင်းမရှိ အတူတူပင်ဖြစ်လေသည်။အနည်းငယ်ခြားနားသည်မှာ ဘိန်းစိုက်၊ တိရစ္ဆာန်မွေး၊မှဆိုးလိုက်၊တောင်ယာခုတ်လုပ်ငန်းအပြင်ရွာသစ်တွင် အရက်ချက် လုပ်ငန်းပိုလာခြင်း ဖြစ်ပါသည်။ အရက်ဆိုရာ၌ ကချင်အရက်စစ်ဖြစ်၏၊အရက်ကို လက်ဘက်ရည် ကြမ်းပန်းကန်တွင် ထည့်၍ မီးနှင့်တို့သော် စိမ်းပြာရောင်နှင့် လောင်လေသည်။ ဦးရေ ခေါ်သည်၊ ဤအရက်ကိုသုံးခွက်ဆင့်သောက်လျှင် အူများ အသည်းများလောင်၍ ကြွေကျ သေဆုံးလေသည်။ပထမရေနှင့် ဒုတိယရေကို ရောနှောပြီးမှသာ အရက်သောက် သက်တမ်း ရင့်သူများ သောက်ဖြစ်လေသည်။အမြီးကောင်းကောင်းနှင့် သောက်မှသာ ရေချိန်အတော်ဖြစ် သည်ဟု ဆိုကြသည်။ကျွန်တော်တို့မိသားစုလည်းကျွမ်းကျွမ်းကျင်ကျင် ချက်၍ စီးပွားဖြစ် သော် လည်းကောင်း၊အရာရှိများ၊မိတ်ဆွေများကို ဧည့်ခံရန်နှင့် မိန်းမတောင်းရမ်းရာ၌ သုံးရန်လည်းကောင်း၊အရေးတယူအလေးမူသောပစ္စည်းအဖြစ်လည်းကောင်း၊အစားအသောက် အဖြစ်လည်းကောင်း၊ အရက်နှင့် အသားခြောက် သည်မပါလျှင် မဖြစ်သည့် ကချင်ရိုးရာ ဖြစ်ပါသည်။

ဒုတိယရွာတည်ထောင်သည်မှာ(၁၀)နှစ်ကျော်သွားလေပြီ၊(၁၀)နှစ်ကျော သက်တမ်း ရှိပြီဖြစ်သော ရွာသစ်သည် ပျော်စရာကောင်းသော တောတောင်ရေမြေ ရှုခင်းကြောင့်သာ ပျော်စရာကောင်းလေသည်။အမှန်စင်စစ်ကား လူနေမှုအဆင့်အတန်းသည် ကြမ်းတမ်း လှသည်ဟုကျွန်တော်ထင်မိပါသည်။အဘယ်ကြောင့် ဆိုသော် ရွာသူသာန်သို့ သမင်၊ ဒရယ်၊ ချေစသော တောကောင်များဝင်လျှင် ရွာသားတစ်ယောက်နှစ်ယောက် သေဆုံးခြင်း၊ ရွာလယ်ခေါင်သို့သမင်၊ဒရယ်၊ချေ၊တောခွေးအ၊စပါးကြီးမြွေ၊စပါးအုံးမြွေဝင်လျှင်လည်း အလား တူလူသေခြင်း၊ရွာလယ်ခေါင်တွင် ဒီးဒုတ်၊တစ်တီးတူးငှက်၊ ခင်ဘုတ်ငှက်များ အော် လျှင်လည်း ရွာသားများ သေကြေခြင်း၊ အဆိုးဆုံးမှာ ရွာ ရေတွင်းတွင် သက်တန့်လာ သောက်သော် ရွာရှိ လူကြီးများအသေအပျောက်များခြင်းပင်ဖြစ်ပါသည်။ ရုံဖန်ရုံခါ တရုတ်သူပုန်တို့၏ တိုက်ခိုက်ခြင်းကို ခံရခြင်းလည်းရှိပါသေးသည်။သို့သော် ရွာပျက် သည်အထိ မဖြစ်သေး၍ တော်ပါသေးသည်။

သို့သော် ကျွန်တော်တို့ ရွာထိပ်တွင် ဖောင်ရယ်ဂမ်ဇိုင် (ဝါ) ဒေါဖောင်ရယ် တစ်ဦးရှိလေသည်။ဒေါဖောင်ရယ်၏ နာခေါင်းသည် နှစ်ထပ်ရှိလေသည်။

သာမန်နှစ်ခေါင်းပေါက် နှစ်ပေါက်ရှိသော နှာခေါင်းပေါ်တွင် နှာခေါင်း အတိုင်း အသား ပိုရှိလေသည်။နှာခေါင်းပေါက်ကား မပါချေ။ကျွန်တော်နှင့်လည်း အမျိုးတော်လေသည်။ ကျွန်တော်၏အစ်ကိုဝမ်းကွဲ ဇနီး၏ အဘွားဖြစ်လေ သည်။ ထိုဒေါ်ဖောင်ရယ်၏ နှာခေါင်း ကို ခပ်လှမ်းလှမ်းမှ ကြည့်သော် တကယ့်နှစ်ခေါင်း နှစ်လုံးအထက် အောက်ပူးကပ် နေသည်ဟု မြင်ရလေသည်။

ဒေါ်ဖောင်ရယ်၏အပေါ်ထပ်နှာခေါင်းတွင် ဝက်ခြံကြီး(ဝါ)ဆင်ဝက်ခြံ ပေါက်လာ ပါသည်။ဝက်ခြံမှည့်သောအခါငှင်း၏မြေးမကလေးကို ပြည်ဖောက်ခိုင်းလေသည်။ ထွက်လာ သောပြည်သည် နည်းနည်းမဟုတ်၊လက်ဘက်ရည်ကြမ်းပန်းကန် နှစ်လုံးခန့်ရလေသည်။ နှာခေါင်းလည်းတော်တော်ပိန်ကျသွားလေသည်။နဂိုက အသားဖြူသော ဒေါ်ဖောင်ရယ် သည်နှာခေါင်းပိန်သွားသောအခါ ကြည့်ပျော်ရှု့ပျော်ရှိလေ၏၊ထိုစဉ်တစ်နေ့ညနေတွင်ယင်း ၏မြေးလူပျိုပေါက်ကလေး ခွန်ကျဲ က တောဝက်တစ်ကောင် ရလာလေသည်။တော ဝက် မွှေးကို ရေနွေးနှင့် မခြစ်ဘဲ မီးရှို့၍ အမွှေးခြစ်ကြလေသည်။

ဒေါ်ဖောင်ရယ် ဒုက္ခရောက်လေပြီ၊အညှော်မိပြီကိုး၊ပိန်နေသော နှာခေါင်းသည် အညှော်မိ၍ရောင်ရမ်းပြီးအခွံနွာပြီးသား စိမ်းစားဥ တင်ထားသကဲ့သို့ ဖွေးဖွေးဥဥ ဖြစ် နေသည်။ အဘွားကြီး ညမအိပ်နိုင်တော့ချေ၊နေ့ခင်းပိုင်းတစ်နေ့တွင် အိပ်ရေးပျက်သော ကြောင့်အိမ်ရှေ့တွင်ဖျာခင်း၍ အိပ်ပျော်သွားလေသည်။နိုးလာသောအခါငှင်း၏မြေး ကလေး က"အဘွားနှာခေါင်းထုံးသုတ်ထားသလား"ဟုမေးသည်ဆို၏၊အဘွားကြီးက" ထုံးမသုတ်ပါ ဘူး မြေးရယ် သေချာကြည့်ပါအုံး " ဟုဆို၍ ကြည့်လိုက်ရာ ယင်ချေးဥ ထားသည်ကို တွေ့ရတော့၏၊ယင်ချေးကို ဇာဂနာနှင့် စိတ်ရှည်လက်ရှည် ခွာပေးသော မြေး ကလေးကို ချီးကျူးစကားပြောနေ၏၊ယင်ချေးမှာအတော်နှင့်မကုန်နိုင်သောကြောင့် စိတ်မရှည်နိုင်တော့ ဘဲ ရေအေးနှင့်ဆေးချလိုက်သည်ဆို၏၊

ယင်ချေးအချို့အနာပေါက်ထဲသို့ဝင်ဟန်တူပါသည်။နောက်နေ့နံနက်တွင် လောက် ကလေးများနှာခေါင်းပေါက်(အနာပေါက်)မှဝင်လိုက်ထွက်လိုက်ဖြစ်နေသည်။ အဘွားကြီးက ဆို၏ "ယားကျိယားကျိနဲ့အဘွားမနေတတ်တော့ဘူး"ဟုဆို၏။ ကျွန်တော်လည်း ရုံဖန်ရံခါ သွားကြည့်၏။သို့ရာတွင် နောက်နှစ်ရက်ကြာလျှင် ကျွန်တော်သည်ထိုအဘွား အနားသို့ မကပ်နိုင်တော့ပါ။ သို့သော်ကြိုးစားကပ်သွားပြီး မေးမြန်းကြည့်သည်။မခံနိုင်အောင်နံလှပြီ။

စကားစမြည်ပြောနေကြစဉ်အနာပေါက်မှလောက်ကောင်များကိုကျွန်တော်မြင်လိုက် ပါသည်။ လောက်ကောင်များသည်သက်ယယ်ချောင်းသာသာ၊တရုတ်တူအသေးခန့် နီးပါး ရှိ နေကြပြီ။အဘွားကြီးမှာ၎င်းအခြေအနေကိုသိဟန်မတူပါ။ အဘယ်ကြောင့်ဆိုသော် ကိုယ့်နှာ ခေါင်းကိုယ်မျက်စိနှင့်မမြင်ရ၊မှန်နှင့်ကြည့်မည်ဟုဆိုပါကလည်းမျက်စိက မွဲသောကြောင့် တည်း။ ကျွန်တော်လည်း တွေ့မြင်သည့်အတိုင်း မပြောပြပါ။ ပြောလျှင်အဘွားကြီး

စိတ်မကောင်း မည်ကို စိုးရိမ်သောကြောင့်ဖြစ်ပါသည်။ ကျွန်တော်လည်းနှုတ်ဆက်ပြီး အိမ်သို့ပြန်သွား၍ မိခင်တို့အားပြောပြမိပါသည်။ ဖခင်ကဆို၏၊ " အဲဒီလောက်ကြီးတွေ နောက်ထပ် နှစ်ရက် ဆိုရင်ဖင်မှာအမွှေးပေါက်လာတော့ မယ်၊ အဲဒီအခါကျရင်အောက်က နှာခေါင်းပေါက်ထဲ ဝင်သွားပြီး နှာခေါင်းပေါက်လမ်းကြောင်းအတိုင်း လောက်ကြီးများ ဦးခေါင်းထဲရောက် သွားရင်ဒီအဘွားကြီးမနေရတော့ဘူး " ဟုဆိုလေ၏။

ဖခင်၏စကားမဆုံး တဆုံးမှာပင်တူ မီးသေနတ်ပစ်သံ တစ်ချက်ကြားလိုက်ရလေသည်။အဘွားကြီးကွယ်လွန်ပြီဆိုသည်ကိုအတတ်သိလိုက်ပါတော့သည်။ထိုအချိန် ထိုခေတ်တွင် ရွာသူ၊ရွာသားသေလျှင် ဤကဲ့သို့တူမီးသေနတ် ပစ်ဖေါက်ခြင်းဖြင့်အသိပေးသောထုံးစံရှိပါသည်။ဖခင်သည်ထိုအိမ်သို့ထွက်သွားပြီ။ ကျွန်တော်လည်းလိုက်မည်ပြောရာမလိုက်ကောင်းဘူးဟုပြော၏။ မိုးလည်းချုပ်စပြုနေ၍ ကျွန်တော်မလိုက် လို တော့ပါ။ ကျွန်တော်မအိပ်သေးပဲဖခင်ကိုစောင့်နေပါသည်။ည(၁၁)နာရီခန့်ကျမှဖခင်ပြန်လာသည်။ ဖခင်ပြောသည့် အတိုင်းဖြစ်ဖြစ်ချင်း အဘွားကြီးကွယ်လွန်သည်ဟု ပြောပြပါသည်။ အဘွားကြီး၏အလောင်းကို(၄)ရက်ထားပြီးသင်္ဂြိုလ်ကြသည်။ ထိုအလောင်းကိုသင်္ဂြိုလ်သည့်နေ့တွင်ခါတိုင်း နှင့်မတူမိုးသည်း ထန်စွာရွာသွန်းလေသည်။ထိုအလောင်းကို ယောကျာ်းရင့်မကြီး (၁၀) ယောက်ထမ်းကြ၍ မနိုင့်တနိုင်ဖြစ်သည်ဟု ဖခင်ပြောပြလေသည်။ အဘွားကြီး အလောင်းကိုသင်္ဂြိုလ်ပြီး နောက်တစ်နေ့ရွာသား တစ်ယောက်သေလေသည်။ ချက်ချင်းသင်္ဂြိုလ်ကြ သည်။ နောက်တစ်နေ့ ရွာသားတစ်ယောက်၊ရွာသူတစ်ယောက်သေပြန်သည်။ဤသို့နှင့်တနင်္ဂနွေတစ်ပတ်အတွင်း ရွာသူ/ရွာသား ကိုးယောက် သေလေသည်။

ကျွန်တော်ကစိုးရိမ်လေသည်၊ပထမရွာပျက်သကဲ့သို့ဒုတိယရွာပျက်စီးရဦးမလားဟု၊ ရွာသူကြီးတို့ကမန်ဖာတောင်ရွာ(ရှမ်းရွာ) မှရဟန်းလူထွက်ဦးပညာထံဗေဒင်သွားမေးကြလေတော့သည်။ဗေဒင်အရထွက်ဆိုသည်မှာ ယခုလတွင်ပထမဦးဆုံးသေသည့်အလောင်းဖုတ်ဝင်ပြီးစားသည်ဆိုကြောင်းသိရသည်။နောက်တစ်နေ့တွင်မခုတ်ဓား၊မခုတ်လှံ၊ဓာတ်ဆီပုံး၊ ရေနံဆီ ပုံး၊ပေါက်ပြား၊ဓားလက်နက်များယူဆောင်ကာ ပထမဦးဆုံးသေ၍ သင်္ဂြိုလ်ထားသော ဒေါ် ဖေါင်ရယ်အလောင်းကိုတူးဖေါ်ကြသည်။

တစ်သက်တွင်တစ်ခါမှမကြုံဘူးသောအဖြစ်နှင့်ကြုံကြရလေသည်။ အသက်(၈၀)ကျော်အဘွားကြီး၏ အလောင်းသည် ခါးအထက်ပိုင်းနှင့်အခြားပိုင်း များတွင် (၁၆)နှစ်သမီးဟုထင်ရလောက်အောင် ချောမောသောမိန်းကလေးဖြစ်နေလေသည်။ခါးအောက်ပိုင်းသည် ပုပ်နေပြီးလောက်ကမ္ဘာဖြစ်နေတုန်းရှိသေးသည်။ထိုအလောင်းတူးဖော်ရာ သို့ ကျွန်တော်၏ ဖခင်လည်း ပါလေသည်။ ကလေးများ၊ အမျိုးသမီးများ တစ်ယောက်မျှ မလိုက် ရပါ။ အလောင်းကို ရိုးရိုးဓားနှင့် ခုတ်ပိုင်းရာ ကျောက်ခဲကျောက်တုံးကိုခုတ်ရသကဲ့သို့ တိန်တိန် တောက်-တောက် အသံမြည်၍ အားလုံး အံ့သြကြသည်။ နောက်ဆုံး မခုတ်ဓား၊ မခုတ်လှံနှင့် ခုတ်ပိုင်း ထိုးနှက်မှသာသွေးများသည်ပကတိလူသွေးကဲ့သို့ပန်းထွက်လာပြီးအလောင်းလည်းအပိုင်းပိုင်း အပြတ်ပြတ်ဖြစ်သွားသည်ဆို၏။

ပြတ်ဖြစ်သွားသည်ဆို၏။ ထိုအခါကျမှ ယူဆောင်လာသောရေနံဆီနှင့်ဓာတ်ဆီလောင်းထည့်ပြီး မီးရှို့ကြရာခဏနှင့် လောင်ကျွမ်းအရိုးပြာ ကျသည်ဆို၏။

အတွေ့အကြုံရှိသော လူကြီးများကပြောကြသည်မှာ သူတို့ငယ်စဉ်အခါကလည်း ဤကဲ့သို့ဖြစ်ဘူးကြောင်း၊သို့သော်အခြားရွာတွင်ဖြစ်ဘူးကြောင်း၊ အကယ်၍တစ်ကိုယ်လုံး လူအရင်ကဲ့သို့ဖြစ်လျှင်ရွာသူ/ ရွာသားအားလုံးအားစား၍ရွာပျက်မည်ဖြစ်ကြောင်းပြောကြလေသည်။ဤအဖြစ်အပျက်ကြောင့်ပထမရွာပျက်စီးစဉ်ကပန်းဒကာခေါ် ရှမ်းနီဗွာန်ဆော်ပြောသော စကားကိုကျွန်တော်ကြားရောင်နေမိပါသည်။ ပါဏာတိပါတကံကျူးလွန်ခြင်းနဲ့ တိရစ္ဆာန်မွေးမြူခြင်း၊ရောင်းစားခြင်းဟာမကောင်းတဲ့အလုပ်ဖြစ်တယ်၊ဖုတ်၊ပြိတ်တစ္ဆေ၊ မင်စာကြပ်၊ သူရဲများနဲ့ မိတ်ဆွေ၊ဆွေမျိုးတော်သလိုဖြစ်ပြီး၊ အခုလိုရွာပျက်တတ်တယ်ဆိုသော စကားဖြစ်၏။ ကျွန်တော်သည်ကြက်၊ဝက်မမွေး၊မသတ်သော ရှမ်းဗုဒ္ဓဘာသာဝင် များကို စိတ်ဝင်စားမိပါတော့သည်။တိရစ္ဆာန်မွေးမြူပြီးသတ်ရောင်းသတ်စားသောအလုပ်ကိုမကောင်းသောအလုပ်ဟု ကိုယ်တွေ့မျက်မြင်အရ သိရှိရသော်လည်းကျွန်တော်တို့အိမ်အပါအဝင်ကျွန်တော်တို့ ရွာသူ/ ရွာသားအားလုံးတစ်အိမ်မကျန်ဤအလုပ်ကို မစွန့်နိုင်ကြ သည်ကို အံ့သြစရာတစ်ခုတွေးထင်မိပါတော့သတည်း။

## အမဲသားဟင်းကာအသက်ရှင်လာပြန်

ကျွန်တော်၏ ဉာဏ်အတိုအထွာကလေးနှင့်ဗုဒ္ဓဘာသာတရားတော်မြတ်ကိုလေ့လာလိုက်စားရာ၌စာတွေ့လေ့လာလျှင်လည်းဉာဏ်မမီ၊လက်တွေ့လေ့လာလျှင်လည်းဦးနှောက်မမီဖြစ်နေရလေသည်။ ထို့ကြောင့် ကျွန်တော်၏လူ့ဘဝခရီးကိုဖြတ်သန်းလာခဲ့သည့်ခရီးလမ်းတလျှောက် ကြုံတွေ့ခဲ့ရသည့်အတွေ့အကြုံများ၊အထူးသဖြင့်ဘာသာခြားတွင် နှစ်ပေါင်းသုံးဆယ်ကျော်ကျင်လည်ခဲ့စဉ်ကဘဝအတွေ့အကြုံများသည်ဗုဒ္ဓတရားတော် နှင့် မည်ကဲ့သို့ကိုက်ညီသည်ကိုသိရှိရန်သာအထူးစိတ်ဝင်စားမိပါသည်။

ထို့ကြောင့်ကျွန်တော်၏ ဖခင်၊ဦးလေးတို့နှင့် တွဲဘက်၍ နွားသတ်သမားဘဝတွင် ကျက်စားခဲ့စဉ်ကတကယ့်ကိုယ်တွေ့မျက်မြင်များကိုဗုဒ္ဓဘုရားသခင်ဟောကြားသည့်ဒေသနာတော်နှင့် ကိုက်ညီမှုရှိသည်ကိုဉာဏ်ငုံမိထားသည့်အကြောင်းအရာများကိုဆက်လက်ရေးသားလိုပါသည်။ ဤသို့ရေးသားရာ၌ ဖတ်ရှုကြကုန်သောခုနှစ်ရက်သားသမီးတို့သည်လည်း ဗဟုသုတတိုးပွားခြင်းရှိကြပြီးအကောင်းအဆိုးရွေးချယ်တတ်လာရန်၊အထူးသဖြင့်ခေတ် သစ်လူငယ် များသိရှိကြပြီးကုသိုလ်တရားကိုရွေးချယ်တတ်ပြီးမှန်ကန်သောဘဝလမ်း၊ ကျက်သရေမင်္ဂလာ နှင့်ပြည့်စုံသောသံသရာခရီးလမ်းကို ကောင်းမွန်ချမ်းသာစွာ လျှောက်လှမ်းနိုင်ကြစေရန်ရည်ရွယ်ရင်းဖြစ်ပါသည်။ကျွန်တော်ကိုယ်တိုင်လည်း ဤမကောင်းမှု နွားသတ်လုပ်ငန်းကိုဘဝဆက်တိုင်းဆက်တိုင်းမလုပ်မိရန်ခိုင်မာသောသံဝေဂရရှိရန်ရည်ရွယ်ပါသည်။

အမဲပေါ်ပြီးဈေးသို့သွားရောင်း၍မကုန်သောကြောင့်ထမင်းလွှတ်အမဲသားဟင်းပြုတ် ချက်ထားရန်ဖခင်မှာကြားထားသည်မှာကြာလေပြီ။ဖခင်သည်သွားမကောင်း. ကျိုး ကုန် ၍နူးနေမှစားလေသည်။တစ်နေ့သန္ဓတစ်နေ့လုံး ချက်ပြုတ်နှပ်ထားသောအမဲသားဟင်းသည် အရည်ဖြစ်လုနီးပါးနူးနေပြီးသောအခြေအနေသို့ရောက်နေပြီဖြစ်သည်။ လက်နှင့် ဖျစ်ကြည့် လျှင်ကျေသွားပြီ။ညထမင်းဝိုင်းသည်ခုနှစ်နာရီခန့်တွင်စပါပြီ။ ပထမဦးဆုံးဟင်းဦးဟင်းဖျား ကို ဖခင်အရင်နှိုက်သည်။တမြုံ့မြုံ့လွေးနေသည်။

"ဒီဟင်းကိုသရက်ပင်ရင်းမှာသွားသွန်ပစ်လိုက်ကြ၊ဘယ်သူမှမစားကြနဲ့." ဟုဖခင် ပြောလေသည်။အမဲသားဟင်းသည်တစ်ပိဿာကျော်ကျော်ချက်ထားခြင်းဖြစ်သည်။ထမင်းဝိုင်း တွင် အမဲသားဟင်းသာအဓိကဖြစ်သည်။ အခြားဟင်းမယ်မယ်ရရမရှိ၊ ပဲပုပ်နှင့် ငရုတ်သီး ထောင်း၊ပိန်းရိုးအချဉ်ဟင်းသာရှိသည်။ဖခင်၏အပြောကြောင့်မိခင်နှင့်ကျွန်တော် သည်ခေတ္တ ငေးမောနေသည့်အတွက် နောက်ထပ်အသံမာမာနှင့်သွန်ပစ်ရန်ထပ်ခိုင်းမှသတိရသည်။ရှူးပြီး သားပန်းကန်ထဲမှအမဲသားဟင်းကိုဟင်းအိုးထဲသို့လောင်းထည့်ရန်ပန်းကန် ကိုကိုင်လိုက် သည်နှင့်မရေးမနှောင်းပင် ဟင်းဖတ်များခုန်ထွက်ကြပြီ။ခုန်သာထွက်သည်ကြမ်းအောက်သို့ မကျ ပျောက်ပျောက်သွားသည်။

အိမ်ပြင်သရက်ပင်ရင်းသို့ရောက်လျှင်သွန်လိုက်သည်။ အမဲသားဟင်းဖတ်များ သရက်ပင်ရင်းသို့မရောက်ပါ။ကြက်ပျောက်၊ငှက်ပျောက်၊အမဲသားဟင်း၊ပျောက်ပြီ။"အဲဒီဟင်း အိုးပါသစ်ပင်ရင်းမှာ မှောက်ထားလိုက်" ဖခင်လှမ်းပြောသည်။ မှောက်ထားခဲ့သည်။ အထူးအဆန်းမထင်၊ဤလိုယခင်ကလည်းကြက်သားဟင်းများခုန်ထွက်ဘူးသည်ကိုကြုံတွေ့ ဘူး သည်ကို၊ကျွန်တော်တို့မိသားစုကျန်သော ပိန်းရိုးဟင်းနှင့် ပဲပုပ်ထောင်းသာ စားပြီး အိပ်ရာမဝင်ခင် စကားပြောကြသည်။

ပြောသောစကားသည် တောင်ရောက် မြောက်ရောက် စကားသာဖြစ်သည်။ ဖခင်က"ဒီအမဲဟာ ခါတိုင်းလို ပေါက်ဆိန်နဲ့တစ်ချက်ထုရုံနဲ့မသေဘူး၊လေးငါးခြောက် ချက်ထုမှသေတယ်၊အဲဒီကတည်းက ဒီကောင်အပမှီနေတယ်ဆိုတာ ငါသိတယ် " မိခင် က"ရှင် အမဲဟင်းလျှာမလုပ်နဲ့တော့ ဝက်သားပေါ်ရောင်း " ဟု ဆို၏၊ "ဝက်ကသတ် ရောင်း လို့ တွက်ခြေမကိုက်ဘူး၊အရှင်လိုက် အကောင်လိုက် ရောင်းမှ ကိုက်တယ်" ဖခင်ပြန်ပြော သော စကားဖြစ်၏၊ ကျွန်တော်တို့ဈေးသည် ငါးရက်တစ်ဈေးဖြစ် လေသည်။ နောက်နေ့ဈေးအတွက်အမဲရရ-ဝက်ရရ တခြားရွာသို့ အရာထွက်သွားသော ဖခင်၏ ကျော ကုန်းကိုနောက်နေ့တွင်လိုက်ကြည့်လိုက်ပါတော့၏၊ဖခင်သည် သုံးလေးလ အိမ်ပြန်မလာပါ။

ဖခင်မရှိလျှင် ကျွန်တော်တို့ သားအမိနှစ်ယောက်သာရှိလေသည်။ကျွန်တော်တို့ ရွာ၏ အနောက်မြောက်ထောင့်တွင် ဦးဆော်ယိန်းအိမ်ရှိသည်။ဦးဆော်ယိန်း စုန်းထီးဖြစ် သည်ဟုရွာသူရွာသားတို့ကသမုတ်ကြသည်။ ကျွန်တော်တို့ ဖခင်နှင့် ဘိန်းရှုဖော်ရှုဖက် ဖြစ်သည်။ဖခင် မပြန်လာသည်မှာ(၁၅)ရက်၊လဝက်ခန့် ကြာသွားပြီ၊ ဦးဆော်ယိန်း

ရောက်လာ၍"မင်းအဖေပြန်မလာသေးဘူးလား၊ငါ့ကိုကြက်တစ်ကောင်ပေး"ဟုတောင်းသည်၊ ကျွန်တော်မပေးလိုက်၊မိခင်လည်းမပေးလို၊ထိုညတွင်ကြက်တစ်ကောင်သေသွားသည်။ ဘာဖြစ်လို့ သေသည် မသိရပါ။

နောက်နေ့ နံနက်မိုးလင်းမှ ကြက်သေကောင်ကို သေချာကြည့်မိသည်။မနေ့က ဦးဆော်ယိန်း လက်ညှိုးထိုးသွားသော ကြက်ဖြစ်သည်။မိခင်သည် " ဆန္ဒန်း(နနွင်းမှုန့်) ယူ၍ ကြက်သေကောင်ပေါ် ဖြူးလိုက်သည်။ဒီကြက်စားသူ ဗိုက်နာစေ၊ငါ့အတတ်မဟုတ် ၊ တူသောအကျိုးတရား ခံသင့်တဲ့ သဘာဝတရားဘဲ " ဟုသုံးခါဆိုပြီး ရေနံဆီလောင်း၍ မီးရှို့လေသည်။ထို့နောက်မြေမြှုပ်လိုက်သည်။ဦးဆော်ယိန်းကိုးရက်ဖျားသွားသည်။ ယင်း၏ တူ(ကိုလယိန်း)လာပြောသည့်အတွက်သိရသည်။သုံးလကြာလျှင် ဖခင်ပြန်လာသည်။တခြားရွာတွင် နေမကောင်း ဖြစ်နေသည်ဟု ဆိုသည်။

ဖခင် ဤကဲ့သို့ခရီးသွားရင်း ဖျားနာလျှင် မည်သည့်အခါမျှ အိမ်သို့ အကြောင်းမကြားတတ်ပါ။သတင်းကြား၍လိုက်သွားလျှင်လည်း မကြိုက်တတ်ပါ။ဤအဖြစ်အပျက်များသည် ဗုဒ္ဓဘာသာ တရားတော်အရ အဝမင်္ဂလဋ္ဌ တရားသာဖြစ် ကြောင်း၊ ခွေး၊ ဝက်၊ကြက်၊ကျွဲ၊နွား၊ဆိတ်စသောတိရစ္ဆာန်တို့ကို မွေးမြူခြင်း၊သတ်စားခြင်း၊ရောင်းဝယ်ခြင်းသည် အမင်္ဂလာတရားဖြစ်ကြောင်း ပုမ္ဗဏှသုတ် ပထမ–ဒုတိယ–တတိယပိုဒ်တွင် ဟောထားသည်ကို တွေ့ရပါသည်။

ထို့ပြင်အာဇီဝဋ္ဌမကသီလတော်တွင်လည်း မိစ္ဆာဇီဝါ–မကောင်းသော၊မှားယွင်းသော အသက်မွေးဝမ်းကျောင်း ဖြစ်ကြောင်းသိရှိရသည်။ထို့ကြောင့် ကျွန်တော်သည် တိရစ္ဆာန်မွေးမြူ၍ ရောင်းဝယ်၊သတ်စားခြင်းကို မပြုတော့သော ဗုဒ္ဓဘာသာဝင် တစ်ဦးဖြစ်ရခြင်း အကြောင်းရင်းတစ်ခု၊ကောင်းသောသံဝေဂတရားတစ်ခုအဖြစ်မှတ်တမ်းရေးဖြစ်ခြင်းဖြစ်တော့သတည်း။

## နယ်စပ်ဒေသတွင် နေထိုင်ရသောဒုက္ခ

နိုင်ငံနှစ်နိုင်ငံ၏နယ်စပ်တွင် နေထိုင်ရသည်မှာ ကြီးမားသော ဒုက္ခကို ခံရခြင်း တစ်မျိုး ပင်ဖြစ်ပါသည်။မသိသော သူများအတွက်ကား ပျော်စရာကောင်းသည်ဟု ထင်စရာပင် ၊ကျွန်တော်တို့ရွာ တရုတ်ပြည်၊ယူနန်ပြည်နယ်နှင့် နီးကပ်လျက်တည်ရှိလေသည်။

ကျွန်တော်တို့ရွာတွင်မြန်မာ့(ဗမာ)လူမျိုးတစ်ယောက်မျှမရှိပါ။ကျွန်တော်၏အသက် တစ်ဆယ့်သုံးနှစ်အထိ ဗမာလူမျိုးများ၊ဗမာဘုန်းကြီးများကိုတစ်ကြိမ်တစ်ခါမျှ မမြင် ဘူး၊ မဖူးဘူးပေ၊ကချင်လူမျိုးနှယ်၊ ဂိုန်းဖောလူမျိုး၊လောင်ဝေါလူမျိုး၊လချိတ်လူမျိုး၊ဇိုင်ဝါးလူမျိုး၊ ရှမ်းလူမျိုး၊ပလောင်လူမျိုး၊ဝလူမျိုး၊လီစူးလူမျိုး၊မြောင်ဇီးလူမျိုး၊ ကိုးကန့်လူမျိုးများနှင့်ရှာနီး စပ်နေထိုင်ကြပါသည်။ဤလူမျိုးများသည်မြန်မာပြည်တိုင်းရင်းသားများဖြစ်ကြပြီး တိုင်းရင်းသား မဟုတ်သော တရုတ်လူမျိုးများစွာလည်း ကျွန်တော်တို့နယ်တွင် ရွာတည်ထောင်၍ နေထိုင်ကြပါသည်။

အကုသိုလ်မကောင်းမှု ပြုလုပ်သူများ၏ ပျော်စံရာ ဌာနေ ဆိုလျှင်တော့ ဖြစ် နိုင်ပါသည်ဟုကျွန်တော်ထင်မိပါသည်။သူပုန်-သူကန်-မှောင်ခိုအကြီးစားတို့သည်နယ်စပ် တွင် လွှမ်းမိုးနေထိုင်ကြပြီး နည်းမျိုးစုံဖြင့် ပြည်တွင်းပြည်ပသို့ရောင်းဝယ် ပို့-ထုတ်ကြသည်။ အပြစ်ဒဏ် ခံရတော့မည် ဆိုလျှင် နီးစပ်ရာ ပြည်ပနိုင်ငံသို့ထွက်ပြေးကြ သည်။မပြေးလျှင်လည်း ဒေသခံနယ်စပ်သူ နယ်စပ်သားများကို သူခိုး သေဖော်ညှိသည့်အနေဖြင့် သူတို့ ၏မကောင်းသော ဒုစရိုက်ခတ်သွင်းပေးခြင်းပေးကြသည်။သူတို့ ဒုစရိုက်လမ်းကို မလိုက် ပါက အသက်အန္တရာယ်ရှိလှပါသည်။အစိုးရစစ်ဆင်ရေးနှင့် နှိမ်နင်းတိုက်ခိုက်လျှင်ပင် ပုန်း ခိုရ လွယ်ကူသော နယ်ကျွမ်း ပါယ်ကျွမ်းဖြစ်ပြီးသော ထိုဒုစရိုက်သားတို့ကို နှိပ်ကွပ်ရန် မလွယ်ကူလှပါ။

ကျွန်တော်တို့ဘိန်းအကြီးအကျယ် စိုက်ပျိုးနေစဉ်တွင် ဘိန်းဘုရင်သည် (လော်စီးဟန်)ဖြစ်လေသည်။ သူသည် ဘိန်းစိုက်သူများအား တရားသောနည်းဖြင့်လုပ်ကိုင်စားသောက်ခြင်းကို မလိုလား၊ဘိန်းစိုက်ပျိုးရန်သာ တိုက်တွန်းလေ သည်။ဘိန်းစိမ်း တစ်ပိဿာကို အခင်းထဲတွင် လာဝယ်လျှင် ၅ဝဝိ၊အိမ်တွင်ဝယ်လျှင် ရဝဝိ သာရရှိ သည်၊ တစ် ထောင်ပြည့်အောင် စျေးမရဘူးပါ၊ထို့ကြောင့် ဘိန်းဘယ်လောက်စိုက်စိုက် မချမ်းသာ၊ တစ် နှစ်ပတ်လည် အလျှင်မမီချေ၊ဒုက္ခတွင်းက မလွတ်ချေ။

ကျွန်တော်တို့ရွာ(နယ်)တွင်ဘိန်းတစ်ပိဿာခုနှစ်ရာကျပ်-ရဝဝိ/ဝယ်ပြီး၊ကွတ်ခိုင်မြို့တွင်ရောင်းလျှင်၁၅ဝဝိ/-လားရှိုးရောက်လျှင်-၂ဝဝဝိ၊မေမြို့ရောက်လျှင်၄ဝဝဝိ/၊မန္တလေးရောက်လျှင် ၈ဝဝဝိ/၊ရန်ကုန်ရောက်လျှင် ၁ဝဝဝဝိ(တစ်သောင်း)ရောင်းစားသည်ဟုသိရလေသည်။ဘိန်းဘုရင်လောစီးဟန်လက်ထက်တွင်နံပါတ်ဖိုးခေါ်ဘိန်းဖြူမပေါ်သေး၊ဘိန်းစိမ်း၊ လျော်ခဲအဆင့်သာရှိသေးသည်။အချုပ်အားဖြင့်ဆိုလျှင်ဘိန်းစိုက်ပျိုးသူကျွန်တော်တို့ နယ်စပ်သားများသည် ဘိန်းပွဲစား၊ ဘိန်းကုန်သည်တို့၏ ကျွန်ပင် ဖြစ်ကြသည်။ကျွန်တော် တို့အတွက် ဘိန်းတိုးချဲ့စိုက်ပျိုးခြင်းသည် လုပ်လေမြုပ်လေသာဖြစ် တော့သည်။

ကျွန်တော်လူဖြစ်ခါစတွင်ဂျပန်ခေတ် ဒုတိယစစ်(ဒုတိယကမ္ဘာစစ်)ဒဏ်ကို အများနည်းတူခံရသည်။စစ်ကြီးပြီးဆုံးသော်လည်းပိုဆိုးသည်။တရုတ်ဖြူကေအမ်တီသူပုန်တို့ သည် ကျွန်တော်တို့နယ်စပ်တွင်လွှမ်းမိုးကျက်စားသည်။ဌာနချုပ်လုပ်ထားသည်။ နယ်သူနယ်သားများ၏စီးပွားရေး၊ကြီးပွားရေး၊လူမှုရေး၊ပညာရေးစသည့်အရေးမျိုးစုံသည်ဖြောင့်ဖြူးခြင်း မရှိ၊ ကျွန်တော်တို့မြို့ရွာသည်ရွာပေါင်း(၄ဝ)ခန့်ကိုတစ်မြို့နယ်သတ်မှတ်ပြီးစော်ဘွား တစ်ပိုင်စာရှိလေသည်ဟု သမုတ်ထားသော်လည်း ရွာပေါင်း(၄ဝ)အတွက်အထက်တန်းကျောင်းတစ်ကျောင်းမျှမရှိ၊ အလယ်တန်းကျောင်းတစ်ကျောင်းမျှမရှိ၊ မူလတန်းကျောင်းသည်လည်းရွာတိုင်းတွင်မရှိ၊မူလတန်းကျောင်းသည် တစ်ရွာတစ်ကျောင်းရှိပါက ကျောင်းပေါင်း (၄ဝ) ရှိမည်။

သို့သော် ရွာ(၄၀) အတွက်မူလတန်းကျောင်းတစ်ကျောင်းသာ ရှိလေသည်။ ထိုမူလတန်းကျောင်းတွင်ကျောင်းဖွင့်ခါစအချိန်၌ ကျောင်းသား (၁၀၀)ခန့် ရှိသည်။ ကျောင်းဖွင့်ပြီး(၂)လကြာလျှင် ကျောင်းသား(၅၀)ခန့်ကျန်သည်။ ပထမ အစမ်း စာမေးပွဲ ပြီးလျှင်(၂၅)ယောက်သာ ကျန်သည်။ဒုတိယအစမ်းပြီးလျှင်ကား သူငယ်တန်း တွင် ငါးယောက်၊ပထမတန်းတွင်ငါးယောက်၊ဒုတိယတန်းတွင် ငါးယောက်၊တတိယတန်း တွင် လေးယောက်၊စတုတ္ထတန်းတွင်သုံးယောက်၊ကျွန်တော် စတုတ္ထတန်းရောက်လျှင်ပထမအစမ်း စာမေးပွဲဖြေသူစတုတ္ထတန်းကျောင်းသားသုံးယောက်သာရှိလေသည်။ဤမျှလောက် နယ် စပ် ပညာရေးသည် ခေါင်းပါးလှပါ၏၊ဒုက္ခကြီးဖြစ်၏၊ဒဏ်ရာရနေမကောင်း၊ ဖျားနာ လျှင် လည်းဆရာဝန်၊သူနာပြုဆရာမမရှိ၊မမြင်ဘူး၊ဆေးရုံဟူသောဝေါဟာရ စကားလုံးပင် မကြား ဘူးသူကများသည်။ကျွန်တော်၏အဘိုးအဘွားများ အသက်ကိုးဆယ်ကျော်၊ တစ်ရာ ကျော် ရှည်ပြီး ကွယ်လွန်ကြသည်။ဆေးရုံမမြင်ဘူးကြ၊ ဆရာဝန်၊ဆရာမ မမြင်ဘူးကြပါ။သူကြွယ် သူဌေးမဟုတ်သော်လည်းနယ်စပ်လောပန်းဟု ခေါ်သော လူဂုဏ်တန်တို့သည် နေမကောင်း လျှင်လားစီး၊မြင်းစီးပြီး နမ့်ခမ်းဆေးရုံသို့ သွားကြသည်။အသွား(၃)ရက်၊အပြန်(၃) ရက် ကြာသည်။

နယ်စပ်ဒေသတွင် လူဖြစ်ရ၍ ခံရသောဒုက္ခဆင်းရဲကို စာတိုစာရှည်၊ ဝေါဟာရ မျိုးစုံနှင့်ဖော်ပြရန် မတတ်နိုင်သော အဖြစ်သနစ်သာတည်း။

## တောခြောက်၊တောင်ခြောက်ခံရ၍ ဗုဒ္ဓဘာသာဝင်ချင်လာ

ကျွန်တော်တို့ရွာ၏တောင်ဘက်ကွတ်ခိုင်မြို့သို့သွားသောလမ်း ဘယ်ဘက် လမ်း နံဘေးတွင်(လခိုင်ဖွန်း)ခေါ်သော သစ်ပင်ကြီးတစ်ပင်ရှိလေသည်။ပုဆိုးနှစ်ပိုက်ခန့်ရှိသည်၊ တစ်ပင်လုံးသစ်ခွပန်းများ စွဲကပ်နေသည်။ထန်းပင်ထက်မြင့်သည်။

ကျွန်တော်တို့အဘိုးလက်ထက်တွင်တရုတ်ပြည်၊ယူနန်ပြည်နယ်မှ တရုတ်စော်ဘွား ၏နန်းတော်ဆောက်လုပ်ရန်အသား(ပျဉ်ပြား)ရှာဖွေသောတရုတ်ပိသုကာဆရာ၊ လက်သမား ဆရာအားလုံး ငါးယောက်လာကြသည်ဆို၏၊ ထိုသစ်ပင်ကြီးကို တွေ့လျှင် သဘောကျကြ သည်ဆို၏၊ရောက်လာပြီးနောက်နေ့တွင် ခုတ်လှဲကြလေသည်။သစ်ပင်ကြီး လဲခါနီးတွင် ကျားဟိန်း(ကျားအော်သံ)ကဲ့သို့ အော်မြည်လာသည်ဆိုသည်။ထိုသို့ အော်မြည်သံကြားလျှင် တရုတ်တို့ ထွက်ပြေးကြသည်။ခုတ်လှဲသူသေ၍ အဖော်တရုတ် နှစ်ယောက်မှာ ရူးသွား သည်ဟုဆိုပါသည်။ထိုသစ်ပင်ကြီးကိုယစ်ပူဇော်ကန်တော့ရန်၊ တောင်းပန်ရန်နောက်တစ်နေ့ ၌သွားလျှင် သစ်ပင်ကြီးသည် အသားများပြန်ပြည့်ပြီး နဂိုအတိုင်းအခြေမပျက် ရှိနေသည် ဆို၏၊ပေါက်ဆိန်ရာအနည်းငယ်သာကျန်တော့သည်၊ထိုသို့အသားပေါင်းစုံနှင့်ယစ်ပူဇော်လျှင်

ရှူးနေသော တရုတ်နှစ်ယောက် ပြန်ကောင်းလာပြီး တရုတ်ပြည်သို့ ပြန် သွားကြသည်ဆို ပါသည်။ကျွန်တော် နွားကျောင်းသားအရွယ်ရောက်လာသောအခါ နေ့စဉ် နွားကျောင်းရင်း နံနက်အသွားညနေအပြန်နေ့စဉ်ပင် ထိုသစ်ပင်ကြီး နံဘေးတောလမ်း(ကျွဲ၊နွားလမ်း)မှဖြတ် သန်းရလေသည်။ထိုသစ်ပင်ကြီးကိုကျွန်တော်နှစ်ကြိမ်သွားကြည့်ဘူးသည်။လက်တစ်မိုက်ခန့် ပေါက်ဆိန်ရာ ရှိနေသေးသည်ကို တွေ့ရလေသည်။

တခါတရံကျွဲပျောက်၍ သွားရှာပြီး ညမိုးချုပ်ခါမှထိုသစ်ပင်ကြီးအနားက ဖြတ် သန်းသွားလျှင် ကျွဲများ၊နွားများ လန့်၍ ထိန်းမနိုင်၊သိမ်းမရ ဖြစ်ကုန်သည်၊ နွားကျောင်း သားတချို့တွေ့ကြသည်မှာအစွယ်ငေါငေါနှင့်ရောမလူမဲကြီးတစ်ယောက်ထိုအပင်ပေါ်မှဆင်း လာသည်၊အမှန်မှာသစ်ပင်ကဘာမှမဖြစ်၊ဘာမှကြောက်စရာမလို၊သစ်ပင်တွင် တွယ်ကပ်နေ သော ဘီလူးဂမုန်းမှ ဘီလူးထွက်လာပြီး ခြောက်လှန့်သည်ဟု ဆိုသည်။ကျွန်တော်မှုကား တစ်ကြိမ်မျှ မတွေ့ဘူးပေ။

ကျွန်တော်ကြုံဘူးသည်မှာ ကျွန်တော်သည် ကျွဲစီး၍ ပြန်လာစဉ် ထိုအပင်သို့ ရောက်လျှင်သစ်ပင်ပေါ်သို့ မော့ကြည့်မိသည်။တံတွေးလည်းထွီကနဲ ထွေးလိုက်သည်။ တံတွေးထွေးလိုက်သည်နှင့်တစ်ပြိုင်နက် ကြက်သီးထလာသည်။ကျွဲလည်းရှူးရှူးရှဲရှဲ ဖြစ် လာပြီး တလဒွန်းပြေးတော့၏၊ကျွန်တော်သတိထားသည်၊တော်ရုံ ကျွဲ ပြေးရုံနှင့် ကျွန်တော် လိမ့်မကျတတ်ပါ။ကျွဲစီးကျင့်လည်နေပြီ၊သို့သော်ဤတစ်ကြိမ်တွင်မူလူတစ်ယောက်ကနောက် မှတမင်တကာလိုက်ဆွဲချသကဲ့သို့ဖြစ်ပြီးအရုပ်ကြိုးပြတ်ကျသွားတော့၏၊ကျွဲပေါ်က ကျသည် ကိုသာသတိရသည်၊ကျပြီး မည်မျှကြာအောင်မေ့နေသည်ကို မသိပါ။ကျွန်တော် သတိရလာ ချိန်တွင် ည(၁၁)နာရီခန့်ရှိပြီ ဖြစ်၏၊ကျွန်တော့်တွင် နာရီမရှိပါ။ ကောင်းကင်က ခြောက် စင်ကြယ်၊ခုနစ်စင်ကြယ် တို့ကို အမှတ်အသားထား၍ ခန့်မှန်းကြည့်ခြင်းဖြစ်ပါ ၏၊ ကျွန်တော်သတိရသည်ဆိုသော်လည်းမျက်စိမဖွင့်သေး၊ကျွန်တော့်နားတွင်လူသုံးလေးယောက် စကားပြောသံကြားနေရသည်။သုံးဘာသာဖြစ်၏၊ရှမ်းဘာသာစကား၊ ကချင်ဘာသာ စကား၊ ပလောင်ဘာသာ စကားတို့ဖြစ်သည်။

ကျွန်တော်လူးလိမ့်ထလိုက်သည်။ လူများကိုတစ်ယောက်မျှမတွေ့ရပါ။ သို့သော် လည်းချုံထဲမှစကားပြောသံကြားနေသည်။ ကျွန်တော်နားထောင်သည်။ ပီပီသသအသံဖြစ် နေ၏။ ကျွန်တော့်ကိုပြောနေသည်ကိုသိလိုက်ရသည် "ကလေး-တောထဲ- တောင်ထဲသွား လျှင်တံတွေးမထွေးနဲ့၊နှပ်မညှစ်နဲ့၊ သလိပ်-ချွဲမဟန်နဲ့- နဖာချေးမကလော်နဲ့ ကျင်ကြီး ကျင်ငယ်စွန့်ရင်လဲတောင်းပန်စကားပြောပြီးမှ၊မေတ္တာရပ်ခံပြီးမှ၊ခွင့်တောင်းပြီးမှစွန့်ရတယ်။ ဒါပေမဲ့မိမိအိမ်ခြံထဲဝင်ပြီးနောက်၊အိမ်တံခါးဝမဝင်ခင်ထွီ-ထွီ ဆိုပြီးတံတွေး ထွေး ရတယ်၊ ကိုယ့်အိမ်ရောက်လျှင်ထွေးကောင်းတယ်။တံတွေးနှပ်တို့ကို မကောင်းဆိုးဝါးများ ကြောက် တယ်။ငါတို့တော့ မကောင်းဆိုးဝါးမဟုတ်၍မကြောက်ပါ၊ သို့သော် ရွံတယ်၊ သန တယ် မှတ်ထား၊ နောက်ကို ဒီနား ရောက်လျှင် အဘိုးတို့ ကျန်းမာပါစေလို့ ပြောပါ၊ တို့က

သူယောင်ဂမုန်းနတ်တွေဖြစ်တယ် " ဟုပြောပါသည်။ ထိုနေ့မှစ၍ ကျွန်တော် တောထဲတွင်တံတွေး၊နပ်-သလိပ်တို့ကို မစွန့်တော့ပါ။

ကျွန်တော်တို့မိသားစုသည် စော်ဘွားကြီး စွန့်ကြဲပေးကမ်းထားသောကျွန်းငယ်တစ်ကျွန်းတွင်တစ်အိမ်တည်းဆောက်လုပ်၍နေထိုင်ကြလေသည်။ဤကျွန်းငယ်သို့ပြောင်းရွှေ့နေထိုင်ရခြင်းကြောင့်နာနာဘာဝ၊ဝိနာဘာဝ၊အစိမ်းသူရဲ၊တစ္ဆေ၊မှင်စာ၊ကြပ်၊ တောစောင့်နတ်၊တောင်စောင့်နတ်၊ရုက္ခစိုး၊ဘုမ္မစိုးနတ်တို့နှင့်ပတ်သက်၍ခံသင့်လျှင်ခံ စံသင့်လျှင်စံဖြစ်နေကြပါသည်။အရှေ့တောင်ဘက်မှချောင်းငယ်တစ်ခုသည်အနောက်မြောက်သို့စီးဆင်းသွားသည်။တဖန်အရှေ့တောင်မှခွဲထွက်စီးဆင်းသောချောင်းငယ်တစ်သွယ်သည် အနောက်သို့ စီးသွားသည်။အလယ်တွင်ဧက(၃၀) ခန့်ရှိကျွန်းငယ်ဖြစ်လေသည်။

ကျွန်တော်တို့ကိုအုပ်ချုပ်သောစော်ဘွားကြီးကို(K-M-T) ကေ-အမ်-တီ (ခေါ်)ကူမင်တန် တရုတ်ဖြူတို့ ဖမ်းဆီးချုပ်နှောင်ထားသည်ကို ဖခင်သွားရောက်ကယ်တင်သောကြောင့် ကျေးဇူးတုံ့ပြန်သောအားဖြင့် ဤကျွန်းကိုအပိုင်စားပေးသနားခြင်းဖြစ်ပါသည်။ဗုဒ္ဓဘာသာကျမ်း များအရ-ကျွန်းမြေကို မြေကြမ်းသည်ဆိုကြသည်။ နတ်ကောင်းနတ်မြတ်မရှိဟု ဆိုသည်။ ကျွန်တော်တို့ကိုယ်တွေ့အရပြောရလျှင်နတ်ကောင်းနတ်မြတ်မရှိသည်မှာမှန်ကန် ပါသည်။ နတ်ဆိုးနတ်ယုတ်များသာလွှမ်းမိုးကြသည်။

အိမ်ရှေ့တွင်ထူးဆန်းသောသရက်ပင်တစ်ပင်ရှိလေသည်။တစ်နှစ်တွင်ထိုသရက်ပင်၏အရှေ့ခြမ်းမှသရက်သီးသီးသည်။နောက်တစ်နှစ်တွင်အနောက်ဘက်ခြမ်းမှသီးသည်။ အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းတစ်နှစ်တစ်လှည့်စီသီးသည်။ထိုအပင်တွင်ဒီးဒုတ်လာအော်လျှင် ရှမ်းလူမျိုးသေသည်၊ဂင်ဗုတ်ငှက်အော်လျှင် ကချင်လူမျိုးသေသည်။ဂျိုးသိမ်းငှက်အော်လျှင် ဆွေမျိုးထဲကသေသည်။ကျွန်တော်တို့အိမ်(ကျွန်း) တွင် တစ်တီတူးများအော်မြူးပါက ခြည့်သည် သေသည်။ ခွေးအ-လာအူခြင်း၊ချေဝင်လာခြင်း ဖြစ်ကမောင်နှမအထဲက တစ်ယောက်ယောက်သေသည်။

ဗုဒ္ဓဘာသာတရားတွင်-အကြင်မကောင်းသောသတ္တဝါဆင်-ချေ-သမင်ခိုဝင်စွန်ရဲ-ပျားစွဲဋ္ဌင်းတ-ဥဖျိုင်းစသည့်များလုတစ်ချက် ဋ္ဌင်းဝက်ပိတုံး စသည့်မကောင်းသော ဒုန္နိမိတ္တအတိတ်နိမိတ် ဖြစ်၏ ဆိုထားသည်နှင့်ကိုက်ညီသော သဘောရှိလေသည်။ ဤမကောင်းသောအတိတ်နိမိတ်ဖြစ်လျှင်ဗုဒ္ဓါနုဘာဝေန-ဓမ္မာနုဘာဝေန-သံဃာနုဘာဝေန ဝိနဿမေန္တုဘုရား-တရား-သံဃာ၏အာနုဘော်တော်ကြောင့်သာပျောက်ကင်း၏ဟု ဆိုသည်၊ အခြားဘာသာနည်းနှင့်ပျောက်ကင်းသည်ဟူ၍ ကျွန်တော်မယုံကြည်မိ၊ခံရပေါင်းများလှပြီကိုး။

ကျွန်တော်တို့သည်တောင်ပတ်လည်ဝိုင်းနေသောချိုင့်ဆင်ခြေလျောတွင် ဘိန်းစိုက်သောနှစ်ကဖြစ်၏။တောင်ဘက်ကတောင်သည်ကျောက်တောင်ဖြစ်သည်။လပြည့်လကွယ် ညများမှာကျွန်တော်တို့တောင်ယာတဲခန့်ရှိသောကျောက်တုံးကြီးများလိမ့်ကျလာသံကြားသည်။ရုံခါမြင်လည်းမြင်ရ၏။ကျောက်တုံးပိမည်စိုး၍ အိပ်မရ၊အလုပ်ကပင်ပန်း၊ အိမ်နှင့် တောင်

ယာ ဝေးလံ၍နေ့တိုင်းအိမ်မပြန်နိုင်တောင်ယာတွင်မအိပ်လို့မဖြစ်၊ကျောက်တုံး ကြီးများပြို ကျ၊ သစ်ပင်ကြီးများလဲပြို၊ ကျားကအော် (ဟိန်း) ကြောက်စရာ။

ကျောက်တုံးပြိုကျလာပြီး နောက်တစ်နေ့နံနက်ထကြည့်သည်။ ကျောက်တုံးကြီးမ ပြောနှင့်လက်သီးဆုပ်ခန့်ရှိ ကျောက်ခဲတုံးကိုပင်မတွေ့ရ။တစ်ညလုံးတဝုန်းဝုန်းလဲပြိုသော သစ်ပင်လည်းတစ်ပင်မျှမတွေ့ရချေ။ ထိုကြောင့် မထူးဆန်းခြင်းရတော့သည်။ ဘာသံကြား ကြားဂရုမစိုက်တော့။လူကြမ်းနတ်ကြမ်းမခံနိုင်ဟု လူကြီးများပြောကြသည်။ ဟုတ်သည်က များပါသည်။ ကျွန်တော်၏တူ (အင်ဒေါ်မာကြမ်းဆိုသူ) သည်ကျွန်တော်တို့ရွာ တွင် လူ မိုက်ကြီးဖြစ်လေသည်။သူ့တွင် ခြောက်လုံးပြူးရှိသည်။ ရိုင်ဖယ်၊ကာဘိုင်သေနတ် ရှိသည်။

မည်သူ့ကိုမျှ ဗိုလ်မထား၊လူကိုလူမထင်သော ကျွန်တော့်တူသည် ညသန်းခေါင် တမင်သွားလေ့ရာသွားသည်။ မကောင်းဆိုးဝါးများနှင့် ခဏခဏတွေ့သည်။ သေနတ် နှင့်ပစ်သည်။ မှန်သည်။ သေသည်။ အသေကောင်ကိုသွားကြည့်လျှင်ဖားပြုတ်ဖြစ်နေ သည်၊ ပုတ်သင်ညို ဖြစ်နေသည်။တစ်နေ့ညကျွန်တော့တူ– မာကြမ်းသည်အရက်မူးလွန်ပြီး ချုံ ပုတ် ထဲ မှာ အိပ်နေသည်။ အရက်မူးပြေလျှင်ထပြန်လာသည်။ အိမ်ပြန်ခရီးတွင် လမ်းမ ကြီး ကိုခွ၍ ရပ်နေသော အရပ်ရှည်၊ အရုပ်ဆိုးကောင် တစ်ကောင်ကို တွေ့ရသည်ဆို၏။ ရှည်သည်ဟုရာ၌ အထက်သို့အမြင့်မည်မျှဆုံးသည်မသိရပါ။

ထိုအရပ်ကြီးသည့် လမ်းဖယ်မပေးသောကြောင့် ကာဘိုင်စက်သေနတ်နှင့်ဂတ်ကုန် အောင်ပစ်လိုက်သည်၊ သူပစ်သံကိုကျွန်တော်တို့တစ်ရွာလုံးကြားရသည်။သေနတ်သံကြားပြီး နာရီဝက်ခန့်ကြာသော်ကျွန်တော်တို့အိမ်သို့ပေါက်လာသည်။ ချွေးပြန်နေသည်။ ဖခင်က မေးသည်"မင်းကျည်ဆံတယ်ပေါပါလား– ဂတ်ကုန်အောင်ပစ်သံကြားတယ်၊ ဘာပစ်တာလဲ" "လူရှည်ကြီးလမ်းဖယ် မပေးလို့ပစ်တယ်၊လမ်းအောက်ဘက်မှာ သစ်ပင်ကြီးလဲသလိုလဲသွား ပြီး နက်ဖြန်မိုးလင်းမှသွားကြည့်မယ်" မာကြမ်းကပြော၏။ နောက်တစ်နေ့ နံနက် သွားကြည့်သည်။ ကင်းလိပ်ရောတစ်ကောင်သေနေသည်ကိုတွေ့ရသည်။

ဤအဖြစ်အပျက်အကြောင်းကိုဗုဒ္ဓဘာသာကျမ်းတွင်လေ့လာသော်အကောင်ရှည်ကြီး အား ဥပက ခေါ်သည်၊လမ်းဖယ်ပေးရန်မှာမေတ္တာသုတ် ကိုရွတ်မှဖယ်ပေးတတ်သည်ဆို၏။ ထို့ကြောင့်ကျွန်တော်မေတ္တာသုတ်ကိုကျက်ဖြစ်သည်။ကျွန်တော်၏ ကိုယ်တွေ့ အရ မေတ္တာ သုတ်ကို တစ်နေ့ (၃၇)အုပ် (၃၇)ရက်ရွတ်လျှင်တောတောင်ထဲသို့ဝင်ချင် စိတ်ရှိ လာ သည်။ရှိလာသည့်အတိုင်းတောတောင်သို့သွားလျှင်စိတ်ကြည်လင်သည်။ ညအိပ်လျှင်လည်း ကိုယ်တစ်ယောက်တည်းဖြစ်သော်လည်း အဖော်တစ်ရာတစ်ထောင်နှင့် အတူ နေရသကဲ့ သို့ နွေးထွေးလုံလေသည်။မေတ္တာသုတ်တော်ကိုမိမိသက်စေ့အခေါက်ရွတ်ခြင်း (၁၀၈)ရက် ရွတ် ပြီးပါက၊တစ်နေ့လျှင် အခေါက်(၁၀၀၀)၊(၉) ရက်ရွတ်ပါကအကျိုးထူး ကိုစာဖွဲ့ ရန် မလိုတော့ပါ။ကျွန်တော်ကိုယ်တွေ့မေတ္တာသုတ်အကျိုးကိုလည်း ဤနေရာတွင်မတင်ပြလိုပါ။ သို့သော်စမ်းသပ်ကြည့်ရန်ကိုကားတိုက်တွန်းလိုပါသည်။ ကျွန်တော်တို့၏တောင်ပတ်လည်

ဝိုင်းနေသော ဘိန်းခင်းမှဘိန်းစိမ်းသုံးပိဿာ ကျော်ကျော် ရရှိ လေသည်။ကာလတန် ဘိုးနှစ်သောင်းကျပ်ခန့်ရခြင်းဖြစ်သည်။ သို့သော် ကျွန်တော်တို့ခြံ ထွက်တန်ဘိုး အတိုင်း ရောင်းသည်ဖြစ်၍ငွေနှစ်ထောင်ကျော်ကျော်သာ ရလေသည်။ ကျွန်တော် လည်း တစ် ကျပ် ခွဲတော့သုံးလိုက်ရသည်။ကျန်သောငွေကိုဖခင်၏ဘိန်းဘိုး၊အရက်ဘိုးအဖြစ်ပြည်သူ့ပိုင် သိမ်း ယူသည်။မိခင်လည်း ဂျပ်ခုတ်ထမိန်ကြမ်းကို အရက် လုံရုံဝတ်ရသည့် အဆင့်က မတက်၊ ထမိန်သစ်၊ အင်္ကျီသစ်တစ်ထည်မတိုး ။ ငွေလည်း မသုံးရပါ။

ဤကဲ့သို့ဖြစ်ရခြင်းသည်ခရစ်ယာန်ဘုရားဖြစ်သောဖန်ဆင်းရှင်၏တစ်ကိုယ်ကောင်း ဆန်မျက်နှာလိုက်၍ ကျွန်တော်တို့ကိုဖန်ဆင်းလိုက်၍ ခံရသည်လား၊ဗုဒ္ဓဘာသာတရားတော် အရကမ္မဋ္ဌ–ကံ၏အကြောင်း၊ကမ္မဖလဋ္ဌ–ကံ၏အကျိုးအကြောင်းလားကျွန်တော် မပြောတတ် ပါ။ကျွန်တော်တို့အိမ်နှင့်တစ်ခေါ် သာသာတွင် ရှိသောရှမ်းရွာမှ ဗုဒ္ဓဘာသာရှမ်းလူကြီးများ ပြောပြချက်အတိုင်းဆိုပါလျှင်ကမ္မဋ္ဌ–ကမ္မဖလဋ္ဌ–ကြောင့်ဖြစ်သည်ဆိုပါသည်။ ကျွန်တော် သဘောကျလက်ခံပါ၏။ မိဘတို့ကလက်မခံ၊ ပို၍သာတိုး၍သာမကောင်းသောအလုပ်ကို ရှေ့ဆက်နောက်ဆက်လုပ်ကြသည်။ လုပ်နိုင်းသည်။ လုပ်ရသည်။

တောင်ပတ်လည်ဝိုင်းနေသောကျွန်တော်တို့ဘိန်းခင်းရိတ်သိမ်းပြီးနောက်တောင်ယာ စပါးချိန်ရောက်လာလျှင်တောင်ယာစပါးစိုက်ကြသည်။ ကမ္ဘာ့သမိုင်းတွင်ရစ်လောက်အောင် ထူးဆန်းမှုပေါ်ပေါက်လာသည်။ စပါးစေ့တစ်စေ့မှ ပေါ်ပေါက်လာသော စပါးပင်မှ အပင် ပေါင်းနှစ်ဆယ်အစိတ်သားတက်ပေါက်ထွန်းကားသည်။ စပါးပင်များဖုံးတုံးလုံးတုံးဖြစ် ချိန်တွင်စပါးပင်တစ်ပင်၏ ပင်ရင်း၌စပါးကြီးမြွေတစ်ကောင်လာခွေသည်။ စပါးပင် တိုင်း တွင်တစ်ကောင် စီလာခွေသည်။တောင်ယာစပါးခင်းတွင်မြွေများ ပြည့်နှက်သည်။ စပါး တောသည်မြွေတောဖြစ်သွားသည်။မြွေတို့၏အရွယ်အစားသည်မကြီးလှ၊သိုက်ဝါးခန့် လက် မောင်းခန့်သာရှိသည်။ သို့သော်ဤအရွယ်သည်ကြက်၊ ခွေး၊ကြောင် တို့ကိုကောင်းကောင်း မျိုနိုင်ပြီ၊ မျိုသည်ကိုလည်းမြင်ဘူးသည်။လူကိုကားမမျိုနိုင်သေး။

ဤမြွေတို့ကို မည်သို့နှိမ်နင်းရန်အကြံထုတ်သည် အကြံကောင်းမရ။နေ့စား ပေါင်းနှုတ် လိုက်နေသော ပလောင်မကြီးပြောသည်။ " မင်းတို့ကို နတ်–မ–ပြီ၊ စပါး ကောင်းကောင်းရမယ်" ဟုပြောသည်။ "စောင့်ကြည့်တာပေါ့" ကျွန်တော်မိခင်ကပြန်ပြော သည်။"ဘယ်ကလာနတ်မ–ရမှာလဲ မ–မဲ့–မရင် ဘုရားသခင်မမှာပေါ့" ကျွန်တော်ကပြန် ပြောလိုက်သည်။ "ဘယ်သူမ–မ စပါးရရင်ပြီးရော" ဟု ပလောင်မကြီးပြောပြန်သည်။

" ဒီမြွေတွေဟာသိုက်မြွေ၊ဥစ္စာစောင့်မြွေခေါ်တယ်၊ သူတို့ကိုနှင်စရာမလိုဘူး၊နက်ဖြန်ဒီအချိန် ဆိုရင် မရှိတော့ဘူး" သူကပြောသည်။တောခြောက်သည်ဟု အများပြောကြသည်။နောက် နေ့နံနက်တွင်မြွေများတစ်ကောင်မျှမရှိကြတော့ပါ။စပါးပင်များအနည်းငယ်နွမ်းနေကြသည်။ သို့သော်နောက်တစ်ပတ်ခန့်ကြာလျှင်စပါးပင်များ ခါတိုင်းထက်ပိုသန် လာ သည်။ နောက်တစ်လတွင် စပါး ရိတ်သိမ်းသည်။စပါး ရိတ်သိမ်းပြီး ကောက်ပင်ငုတ်တိုများ

မှ စပါးများထွက်လာကြသည်။ အသီးထပ်သီးလျှင်အမြတ်၊ မသီးလျှင် အရင်းဟု နှလုံးသွင်းထားသည်။ ဤအဖြစ်အပျက်ကို ရွာသူ၊ရွာသားများဝိုင်း၍ အကောင်းအဆိုး ဝေဖန်ကြ သည်။

ထွက်လာသောစပါးပင်တို့သည်ဒုတိယထွက်လာသောစပါးဖြစ်သော်လည်းရွာသားတို့၏တောင်ယာသစ်စပါးထက်ပင် ကောင်းသည်ကိုတွေ့ရသည်။နောက်လတွင် စပါးတစ်သီးပြန်ရိတ်ယူကြသည်။ လမိုင်းစပါးဆိုလား လမက်စပါးဆိုလား ခေါ်ဝေါ် ကြသည်။ ပထမစပါးအတွက်ထက်ဆယ်တင်းသာလျော့သည်ဟု မိခင်ပြောသည်။ ကျွန်တော့် ဖခင်ကတော့ကြောက်စရာလန့်စရာ ပြောသည်။"ငါတို့မိသားစုတို့အတွက်နောက်ဆုံးရိက္ခါ ယူတာ၊ ဒီဆန်စပါးစားပြီးသေကွဲ ရှင်ကွဲကွဲပြီးဘယ်သူမှ မကယ်နိုင်တော့ဘူး " ဟုပြော၏။ ကျွန်တော် တော်တော်ကြောက်နေပြီ။မှန်သည်ကများလေသည်။

နောက်ဆုံးရိက္ခါဖြစ်ဟန်တူသည်။ ယခင်ကထက်စပါးသုံးဆ ရသည်။ အတိတ်နိမိတ်ပြလာပြီ။တစ်နေ့နံနက်မိခင်သည် အိမ်အောက်တွင် ခြေနင်း မောင်းနှင့်စပါးထောင်း နေသည်။စပါးထောင်းမဆင်းခင်ပေါင်းချောင်နှင့်ထမင်းပေါင်း ထားသည်။ ဖခင်သည် မီး ဖိုနံဘေးတွင် အိပ်လျက်ဘိန်းရှူနေသည်။ ကျွန်တော်တစ်ယောက်မှာတော့ မိခင်အား စပါး ထောင်းကူလိုက်၊ အိမ်ပေါ်ပြေးတက်လိုက် ထမင်းပေါင်းချောင် မီးထိုးလိုက်နှင့်အလုပ်များ နေသည်။မကြာမီသဘော်ဥသြမှုတ်သကဲ့သို့ အသံကြီးမြည်ဟီးလာသည်။ သို့သော် ဘယ်ကအော်သည်မသိရပါ။အိမ်ပေါ်ကလိုလို၊ အိမ်အောက် ကလိုလို၊ မြေကြီးအောက်ကလိုလို၊ ကောင်းကင်ကလိုလို ဖြစ်နေသည်။

ကျွန်တော်၏ ဖခင်ဘိန်းရှူရာမှထလာပြီး ထမင်းပေါင်းချောင်ကို လက်နှစ်ဘက်နှင့်ကိုင်၍မလိုက်သည်။ ဥသြကဲ့သို့အော်မြည်သံကြီးချက်ချင်းတိတ်သွား သည်။ " ငါတို့ သေကွဲ ရှင်ကွဲကွဲဖို့နီးလာပြီ"ဖခင်ပြောစကား။ မိခင်က " တော်ကလဲတဆိတ်ရှိ သေကွဲရှင်ကွဲချည်းပြောပြောနေတာဘယ်ကောင်းမလဲ" ဖခင်က " ရှေးရှေးက ငါတို့ကချင် ဘိုးဘွားယစ်နတ်ပူဇော်ကြတဲ့အခါနတ်ဆရာဆိုတဲ့ဒုမ်ဆာတို့ကပြော ပြလို့၊ ဒီအသံဟာ နှင်သံလို့ခေါ်တယ်။ အိမ်ရှိလူများကိုအိမ်မှာမနေနိုင်အောင်နှင်ချတဲ့ အသံမို့နှင်သံ လို့ခေါ်တယ်။ မိခင်ဖြစ်သူက " ဒုက္ခဘဲ " ဟုသာဆိုနိုင်ရှာ၏။ ဤအဖြစ်အပျက်ကို ဗုဒ္ဓဘာသာတရားတော်ဦးရှာဖွေကြည့်ရှုသော် နေကျစ်လကြပ်ဆန်းထူးဘူးနှင့် ဖရုံနှစ်လုံး ဆုံ၍ သီးတုံကြောင်း၊ ထမင်းပေါင်းအော် အိမ်ပေါ်မီးဖိုမှိုပေါက်တစ်ချက်ဖွတ်တက်လိပ်ဝင် ထင်မြင်သမျှအပေါင်းမကောင်းသောဟိတ်တိတ်နိမိတ်တို့သည်လည်းကောင်းဟု အင်္ဂုတ္တိုရ်ကျမ်းလာပုဗ္ဗဏှသုတ်၌ပင်ဟောထားသည်ကိုတွေ့ရသည်။ဤကျမ်းနှင့်ကိုက်ညီ လေသည်။ ထိုနောက် သုံးလေးလခန့်ကြာသော် စစ်ထဲဝင်သွားသော အစ်ကိုသည်ခွင့်ပြန် လာ၍ ကျွန်တော့်ကိုလာခေါ်သည်။ကျွန်တော်လိုက်သွားသည်။၁၉၅၄- ခုနှစ်အောက်တိုဘာလတွင်

အိမ်မှ ထွက်လာပါသည်။ ယခုဤစာရေးနေသော ၁၉၉၆ခုနှစ်တွင်အိမ်မပြန်သည်မှာ (၄၂) နှစ်ရှိပြီ ဖြစ်၏။

ကျွန်တော်အိမ်မှထွက်လာပြီး (၆)နှစ်အကြာတွင် မိခင်ကွယ်လွန်သည်ဟု စာရသည်။ဖခင်သည် "ဝ" လူမျိုး အမျိုးသမီးနှင့်နောက်အိမ်ထောင်ကျသည်ဆို၏။ ၁၉၅၈-ခုနှစ်တွင်ကွယ်လွန်သည်ဟု လူကြုံလာပြော၍ သိရလေသည်။ ကျွန်တော်သည်ရွာသို့ပြန်ချင်သောစိတ်မရှိ။မရှိ၍သာမပြန်ခြင်းဖြစ်သည်။မပြန်လိုသည့်အကြောင်းရင်း မှာ မကောင်းမှုကိုဘိုးစဉ်ဘောင်ဆက်လုပ်ကိုင်၍နေထိုင်ခဲ့ပြီးမကောင်းသည့်အောင်မြေကို မနင်းချင် တော့သောစိတ်ရှိသောကြောင့်ဖြစ်၏။ ဗုဒ္ဓဘာသာဝင်ချင်၍မပြန်။

ကျွန်တော်သည်ကောင်းသော အောင်မြေကိုသာ နင်းလိုတော့သည်၊ ကျွန်တော့အတွက် အောင်မြေသည် စေတီပုထိုးမြေ၊ ရဟန္တာများသမုတ်သောသိမ်ကျောင်း၊ရဟန္တာဖြစ်သောကျောင်း/ ရွာ/ မြို့/ ခရိုင်/ တိုင်း၊ပြည်နယ်၊တန်ခိုးကြီးဘုရား၊ တန်ခိုးကြီးဂူ၊ထင်ရှားသောတောတောင်စသည်တို့သာဖြစ်ပါသတည်း။ ။

## ဗုဒ္ဓဘာသာဂါထာတော်များနှင့် ကျွန်တော်

ကျွန်တော်သည် ၁၉၅၀-ခုနှစ်ပိုင်းမှစ၍ ဗုဒ္ဓဘာသာဝင်တစ်ပိုင်းဖြစ်လာပါသည်။ ထိုစဉ်အခါ ကထွက်သက်ဝင်သက်တရားအားထုတ်လိုက်၊ဂါထာတော်များကျက်လိုက်၊ရပြီးသားဂါထာတော်များကိုရွတ်ဖတ်လိုက်၊စမ်းသပ်ကြည့်လိုက်၊ လူ-ရှင်ရဟန်းတို့ထံချဉ်းကပ်၍မေးမြန်းစုံစမ်းလိုက်လုပ်နေပါသည်။ အမျိုးမျိုး အဖုံဖုံအလီလီပြောပြကြသည်။

ကျွန်တော်ပထမဆုံးကျက်သောဂါထာသည်ဘုရားဂုဏ်တော်ကိုးပါးဖြစ်လေသည်။ ဂုဏ်တော်ကိုးပါးရလျှင်မေတ္တာသုတ်နှင့်သမ္ဗုဒ္ဓေဂါထာတော်ကျက်ပါသည်။သမ္ဗုဒ္ဓေဂါထာကို အရင်ရသည်။ ထိုစဉ်ကာလတွင် ကျွန်တော်သည် ကချင်ပြည်နယ်၊ မြစ်ကြီးနားသို့ရောက်ရှိနေပြီး ဌာနတစ်ခု တွင် အမှုထမ်းနေပါသည်။တစ်နေ့တွင်အမည်မဖော်လိုသော အ-ထ-က ကျောင်းဝင်းထဲ၌ ရေမြှောင်ပင်ကြီးတစ်ပင်ရှိသည်ကိုတွေ့မြင်ထားပါသည်။ ကျွန်တော်အကြံရပြီ။ ဂါထာစမ်းတော့မည်။

ကျွန်တော်သည်သမ္ဗုဒ္ဓေဂါထာတော်ကိုအလွတ်ရစဖြစ်၍ဂါထာတော်၏ တန်ခိုးကိုစမ်းသပ်ကြည့်ရန်စိတ်စောနေပါသည်။တစ်နေ့ည(၇)နာရီခန့်တွင်ထိုမြှောင်ပင်သို့ကျွန်တော်ချဉ်းကပ်၍ မြှောင်ပင်ကြီးကို လက်ျာရစ်ပတ်ပြီးသမ္ဗုဒ္ဓေဂါထာတော်ကိုရွတ်လိုက်ပါသည်။ ပထမတစ်ပတ်တွင်ကြက်သီးမွေးညှင်းထိုးထိုးထောင်ထောင်ထလာသည်။ဒုတိယ ပတ်မှစ၍ ကြက်သီးမထတော့ပါ။ ခုနစ်ခေါက်ပတ်သည်။ကြက်သီးမထတော့ပါ။

ခုနှစ်ပတ်ရလျှင်ပြန်လာပါသည်။တရားထိုင်သည်။ထိုနောက်အိပ်သည်။ ညသန်းခေါင်ယံ အချိန်သို့ရောက်လျှင် အိပ်မက်မက်သည်။ အိပ်မက်ထဲ၌ ခေါင်းမပါသောလူတစ်ယောက် ကျွန်တော်ထံ ရောက်လာသည်။ပြီးတော့"ဆရာကျွန်တော်တို့ ဆရာ့ကို ဘာမှ မလုပ် ကြဘဲ နဲ့ဘာဖြစ်လို့ ကျွန်တော်တို့ကို ဒုက္ခပေးတာလဲ" ဟုမေးလေသည်။" မင်းဘယ်သူလဲ" ဟုမေးလိုက်သည်။ထိုသူက " ကျွန်တော်အ-ထ-ကကျောင်း ညောင်ပင်ကြီးမှာနေတယ်၊ကျွန်တော်တို့သုံးယောက်ဖြစ်ပါတယ်။ ကျွန်တော်တို့ကိုဆရာကြိုးကြီးနဲ့ ခုနှစ်ထပ်ချည်နှောင်ထားတာ၊ ကျွန်တော် တို့မှာ ဘာအပြစ်ရှိလို့လဲ " ဟုဆို၏။ ထိုနောက် ကျွန်တော့် အပြုအမူ ကျွန်တော် သတိ ရပါသည်။" ဘာရယ်ညာရယ်မဟုတ်ပါဘူး ဂါထာတော် ကို စမ်းသပ်တဲ့အနေနဲ့ လုပ်တာ ပါ။ နက်ဖြန်မိုးလင်းလျှင်ဖြည့်ပေးပါ့မယ်။ အခုညတော့ညဥ့်နက်ပြီ။ " ဟုပြော လိုက်ပါ သည်။သူက ကျွန်တော်တို့အားကြီးအနေရကြပ်ပါတယ်။ ပူလဲပူတယ်၊ ဆရာအခု ဖြည့် ပေး ပါ။ ညောင်ပင်ကိုသွားစရာမလိုပါဘူး၊ ပြေဆရာပြေ၊ လွတ်ဆရာလွတ်၊ ကျွတ်ဆရာ ကျွတ် ဆိုပြီး သုံးခါပြောလိုက်ရုံဘဲ " ဟုဆိုသည်၊သူပြောသည့်အတိုင်း ကျွန်တော်ဆိုလိုက်သည်၊ သူ့တွင်ကြိုးတန်းလန်း ဖြစ် နေရာမှ ကျွတ်ပြေ သွားတော့၏။ ဝမ်းသာအားရပြန်သွားသည်။ ကျွန်တော်လည်း လန့်နိုး၍ တရားထ ထိုင်တော့၏။

ယင်းနောက်ကျွန်တော်သည်လမ်းဆုံလမ်းခွများ စေတီပုထိုးများ၊သုသာန် သချိုင်းများ၊မြစ်ဆိပ်များသို့သွား၍စမ်းသပ်ပြန်သည်။ ထူးခြားမှုတစ်မျိုးစီတွေ့ရသည်။ထူးခြားချက်များထဲမှဖြစ်ရပ်တစ်ခုမှာမြစ်ကြီးနားမြို့၊မြို့မသုသာန်သို့နံနက် (၄)နာရီတွင် သွား၍ သုသာန် ဆရာတော်အား အရဏ်ဆွမ်းသွားကပ်သည်။ သုသာန်ကျောင်းဆရာတော်ထံ၌ ခွေးငါး ကောင်၊ ကြောင်နှစ်ဆယ့်ငါးကောင်ရှိသည်။ ခွေးများသိပ် မဆိုးလှသော်လည်း အလွန် ဟောင်ကြသည်ဟုဆိုသည်။ကျွန်တော်သဗ္ဗဒွေဂါထာရွတ်သွားသည်။ခွေးများအငြိမ်းနံ့ကြသည်။ မဟောင်ကြပါ။

ရောက်လျှင်ဆရာတော်အား "တပည့်တော်မောင်ဘယ်သူ အရဏ်ဆွမ်းလာကပ်ပါတယ်ဘုရား"တံခါးဖွင့်ပေးသည်။ဆရာတော်က "မင်းကိုငါ့ခွေးတစ်ကောင်မှမဟောင်ပါလား ကွာ၊ခွေးတွေမတွေ့ဘူးလား " ဟုမေးသည်။ "မဟောင်ပါဘူးဘုရား၊အငြိမ်းတောင်နံ့သေးတယ်။ ဆရာတော်က ကိုက်တော့ကိုက်ခဲတယ်၊ ဟောင်တာကတော့နားကွဲမတတ်ဘဲ၊ မင်းကိုကျတော့မဟောင်ကြဘူး၊ဆန်းတယ်။ " ဟုမိန့်ဆိုလေသည်။ ထိုနေ့မှစ၍ အပေါက်ဆိုးလှသော ဆရာတော်နှင့်ကျွန်တော်ခင်မင်သွားပါတော့၏။

ဤနေရာတွင်တိုက်ဆိုင်လာ၍သုသာန်ဆရာတော်အကြောင်းအနည်းငယ် ရေးရမည်ဆိုလျှင်-ဆရာတော်သည် ယောမြန်မာအမျိုးသားဖြစ်ပါသည်။ ဘွဲ့တော်မှာဦးသောဘိတဖြစ်သည်။ကချင်ပြည်နယ်၏မြို့တော်မြစ်ကြီးနားမြို့- မြို့မသုသာန်တွင် သီတင်း သုံးသည်မှာ မည်သည့် အခါကဟု မမေးမိပါ။ သို့သော် ကျွန်တော်နှင့် တွေ့သော ၁၉ရာ

ခုနှစ်တွင်သူသည် ရေမသပ္ပါယ် (ရေမချိုး) သည်မှာ ၄၅နှစ်ရှိပြီ ဖြစ်ကြောင်း သုသာန်မှာ ယာယီသီတင်းသုံးခဲ့ကြောင်း၊ မြစ်ကြီးနားတဘက်ကမ်း ခတ်ချိုရွာ သုသာန်တွင်လည်း (၁၆)ဝါသီတင်းသုံးခဲ့ကြောင်းမိန့်ဆိုချက်အရခန့်မှန်းသော် မြစ်ကြီးနားမြို့မတွင် သီတင်းသုံးခြင်းသည်ပင်လျှင် နှစ်ပေါင်း (၃၀) ခန့် ရှိမည်ဟု သိရလေသည်။ ငါ့ကို ဦးပေါက်ဆိန်လို့ခေါ်ကြတယ်၊ ငါ့ကို ဓားပြက ပေါက်ဆိန်နဲ့ထုသွားတယ်၊ ငါမသေလို့ ဦးပေါက်ဆိန် ခေါ်ကြတယ်၊ တချို့လည်း ငါပြောစကားဟာ ပေါက်ဆိန်ပေါက်သလို မချိုမသာဖြစ်နေလို့ ဦးပေါက်ဆိန် လို့ခေါ်ကြတယ်။ ယခုခေတ်လူတွေကို ချိုချိုသာသာ တရားဟောလို့ မရတော့ဘူးကွ- ဟု ဆိုသည်။ သူဆုံးမ လေ့ရှိသောတရားများမှာ----။

မိခင်ရှိရင် မိခင်ကို ပြုစုလုပ်ကျွေးပြီးမှ ရဟန်းဝတ်ပါ။ မိခင်ကျေးဇူး ကြီးလှပါတယ်။ငါ့အမေနဲ့နာမည်တူတဲ့ သူတွေကို ငါဆုငွေ ၅၀ဝိ/- ဆုချပါတယ်။ ဒီသုသာန် မှာ လင်သေ၊မယားသေ၊ သားသမီးသေ၊ ဘိုးဘွားသေ၊ ဆွေမျိုးမောင်နှမသေတဲ့ လူတွေ ငိုရင်ငါဝမ်းမနည်းဘူး။အမေသေလို့ငိုကြရင်တော့ကွာ ငါလည်းလိုက်ငိုတော့တာဘဲ၊ အလိုလိုဝမ်းနည်းလာတာကိုး။မယားသေတဲ့လင်တွေ၊လင်သေတဲ့မယားတွေကိုတော့ ရိုက်တာင်ထုတ်၊ဆဲဆိုထုတ်လိုက်တာဘဲ၊အရွယ်ကောင်းရင် နောက်အိမ်ထောင်ပြုလို့ရတာဘဲကွာ ဟုဆိုပါသည်။

"မင်းသုသာန်မှာ တရားအားထုတ်ဘို့ငယ်ပါသေးတယ်။သုသာန်မှာ ပရိတ် ရွတ်လို့မရသေးဘူး။မေတ္တာသုတ်၊မင်္ဂလသုတ်ကိုသာရွတ်လို့ရတယ်၊ အခြား တန်ခိုးကြီး ဂါထာတွေကိုလဲ မရွတ်ရဘူး၊ မေတ္တာကမ္မဋ္ဌာန်းကတော့ အကောင်းဆုံး၊ အသင့်တော်ဆုံးဘဲ။ အဲ-ရဟန်းဝတ်ရင်လဲ ဒုလ္လဘရဟန်း မဝတ်နဲ့ကွ၊ ဝတ်ရင်ရိုးမြေ ကျဝတ်ပေါ့၊ ဒုလ္လဘ ရဟန်းဝတ်လိုက် ထွက်လိုက်၊ ပြန်ဝတ်လိုက်ပြန်ထွက်လိုက်ဆိုရင် မြတ်စွာဘုရားရဲ့ ကမ္မဝါ စာတွေ ကွက်စိပ်စာဖြစ်ကုန်ရော၊ သိမ်ကလဲ ဝင်လိုက် ထွက်လိုက် ဆိုတော့ နွားမခြံလိုဖြစ်ရော၊ ငါနဲ့စကားပြောရင်ဝိဇ္ဇာ၊ဇော်ဂျီ၊တပသီအကြောင်းမပြော နဲ့။သုသာန်မှာ သူရဲ တစ္ဆေ မရှိပါဘူးကွာ။ပြိတ္တာတွေတော့ ရှိတယ်၊ ခဏတဖြုတ် တစ်ရက်နှစ်ရက် ရက်လည် ဆွမ်းမကပ်ခင် ဖြစ်နေတဲ့ ပြိတ္တာမျိုးတွေ၊ တစ္ဆေတွေတော့ ရှိတယ်။ ငါ့အနေနဲ့ပြောရရင် လူသေလို့ တစ္ဆေဖြစ်ရင် တရားဟောလို့ ခဏလေးနဲ့ ကျွတ်တယ်ကွ၊ သူရဲကတော့ မကျွတ်ဘူးကွာ " ။ -

"တစ္ဆေသူရဲ ထက်လူကပိုဆိုးတယ်ကွ။ ငါ့ကို ဆွမ်းကပ်ရင်ငါတစ်ပါးထဲ ဆိုပေမဲ့ ဆန်တစ်ပြည်ချက်၊ဝက်သားတစ်ပိဿာချက်၊ အမဲသားတစ်ပိဿာချက်-ချက်မှကွ။ငါလည်းစားနိုင်တယ်၊မကုန်ရင်လဲ သုသာန် ကပရိသတ်တွေကို ကျွေးရသေးတယ်"စသည်ဖြင့် ဆုံးမ၏။မြစ်ကြီးနားမြို့မသုသာန်သည်ကိုးသုသာန်ပေါင်းထားသောသုသာန်ဖြစ်လေ သည်။ မြန်မာသုသာန်၊နှစ်ခြင်းခရစ်ယန်သုသာန်၊ကာသောလိပ်သုသာန်၊ဟိန္ဒူ သုသာန်၊မူစလင်သုသာန်၊ နတ်စားကချင်သုသာန်၊ တရုတ်လက်တိုသုသာန်၊ တရုတ် လက်ရှည်သုသာန်၊

ဒုတိယကမ္ဘာစစ်တုန်းကကျဆုံးသည့် စစ်သည်တို့ကို မြှုပ်သောကမ္ဘာ့ သုသာန်များ ဖြစ်လေသည်။

ဤသုသာန် ဘုန်းကြီးကိုသုသာန် ရှုတင်အောင်သည်၊ အချို့က သုသာန် မှော်အောင်သည်ဟု ဆိုကြသည်။ ကျွန်တော်တို့ကဲ့သို့မျက်လုံးပိုင်ရှင်မဟုတ်၊ မျက်လုံးတစ်လုံးလုံးအဖြူ ဖြစ်သည်။မျက်နက်သူငယ်အိမ်မရှိသော ဘုန်းတော်ကြီးထံမှ သင့်တော်ကောင်းမြတ်သော ဂါထာတော် တစ်ခုခု ရရန်မျှော်လင့် ခြင်းကြီးစွာထားခဲ့သည်။ တောင်းကားမတောင်းရဲပါ။

တစ်နေ့လူတစ်ယောက်သည်ဘုန်းကြီးထံလာသည်နှင့် ကြုံပါသည်။ ထိုသူက ဂါထာ တောင်းသည်။ဘုန်းကြီးဘာတရားအားထုတ်သလဲ ဟုမေးသည်။ ထိုအခါ "ငါ့ဟာငါနေချင်သလိုနေတယ်၊ ကျင့်ချင်သလိုကျင့်တယ်" ဟု ပြောလေသည်။ ထိုစကားကြားလျှင်ကျွန်တော်ပို၍ဂါထာမတောင်းရဲတော့ပါ။ ထိုဆရာဘုန်းကြီး ပုတီးစိပ်သည်ကို သိရပါသည်။ပုတီး မှာ ကျွန်တော်မြင်ဘူးသော အသေးဆုံး ပုတီးထက်ပင်သေးငယ်သည်။ သက်ကယ်ချောင်း (သက်ငယ်) ခန့်သာရှိသည်။

ကျွန်တော်နှင့် ဗုဒ္ဓဘာသာဂါထာတော်အကြောင်းပြန်ကောက်ပါမည်။ ဂုဏ်တော်ကိုးပါးကိုအားအားရှိရွတ်နေခြင်း၊ပုတီးစိပ်ခြင်းကိုလူတိုင်းလူတိုင်းကြိုက်ကြသည်။ကျွန်တော်လည်းကြိုက်နေပြီ။ ဤသို့ ပုတီးစိပ်ခြင်းသည် မိမိကြိုက်နှစ်သက်သော ဂါထာ တော်ကို ရွတ်ဆိုလိုက်ပုတီးတစ်လုံးချလိုက်ဖြစ်သောကြောင့်ပုတီးတစ်ကုံးသည်(၁၀၈)လုံးရှိလေသည်။ ပုတီးစိပ်ပြီးလျှင် ဂါထာတော် (၁၀၈) ခေါက်ရွတ်ပြီးသားဖြစ်နေသည်။ ထို့ကြောင့် ဂါထာတော်အခေါက်ပေါင်းမည်မျှ ရွတ်ပြီးသည်ကို သိရှိအောင် ရှေးပုဂ္ဂိုလ်များ စီစဉ်ထားခြင်းဖြစ် ပေမည်ဟုယုံကြည်မိပါသည်။

ဂုဏ်တော်ကိုရွတ်ပါများလာလျှင် ကျွန်တော်၌ထူးခြားမှု အစပထမ ရှိလာသည်မှာဂုဏ်တော်တစ်ပါး၊ပုတီးတစ်ဖက်ဂုဏ်တော်ကိုးပါးဖြစ်၍ပုတီးကိုးပတ်ရသည်။ကိုးရက်ဆက်တိုက်ရွတ်သည်။တဖန်ဂုဏ်တော်တစ်ပါးကိုပုတီးကိုးပတ် စိပ်လျှင် ၉ x ၉= ၈၁ ပတ်ရသည်။ကိုးရက်ဆက်တိုက်စိပ်သည်။ ရွတ်သည်။ထို့နောက်ဂုဏ်တော်ကိုးပါးကို အစအဆုံးရွတ်၊ဆုံးလျှင်ပုတီးတစ်လုံးချ၊ပုတီး(၄၅) ပတ်တစ်နေ့အတွင်းအပြီးသပ် (ရွတ်)သည်။ ၄၅ရက်ပြီးလျှင် တဖန်တစ်နေ့လျှင် (၁၀၈)ပတ် (၄၅) ရက်စိပ်သည်။ ရွတ်သည်။ ၄၅-ရက်ရွတ်ပြီး နောက် ကျွန်တော်၏ အိမ်အရှေ့ခုနှစ်အိမ်၊အနောက်ခုနှစ်အိမ်၊ တောင်ခုနှစ်အိမ်၊မြောက် ခုနှစ်အိမ်မှမည်သူဘာဖြစ်မည်ကိုသုံးရက်ကြိုသိ၊ ခုနှစ်ရက်ကြိုသိလာ၏။ ယုတ်စွအဆုံးကိုယ်ဝန်ဆောင်အမျိုးသမီးများ ယောက်ျားကလေး မွေးမည်၊မိန်းကလေးမွေးမည်ကိုကြိုသိသည်။ သိသည့်အတိုင်း သွားပြောထားသည်။ ကျွန်တော်ပြောသည့်အတိုင်းဖြစ်၏။ထို့ပြင်ဘယ်ဘဝကလာသည်၊သိုက်ကလာသည်၊မည်သူဝင်စားသည်ကိုလည်းသိလေသည်။ဤစိပ်နည်း ကို ဂိုဏ်းဝင်တစ်ဦးထံမှရရှိပါသည်။

ထိုသို့ဖြစ်လာလျှင်ကျွန်တော့်အားကချင်ဘိုးတော်ဟုခေါ်လာကြသည်။ ဟောတိုင်းမှန်၏။လူ–ရှင်ရဟန်းများစစ်သားဗိုလ်များလာမေးကြသည်။သိုက်ဆက်လာဖြတ်သူများလည်းရှိ၏။ထိုသို့ဖြစ်နေချိန်တွင် ကျွန်တော်အသက် (၂၈) နှစ်သာရှိသေးသည်။ "ဘိုးတော်" ဟူသောဝေါဟာရကိုကျွန်တော်မကြိုက်ပါ၊မကြိုက်လေခေါ်လေဖြစ် လာကြသည်။ မိတ်ဆွေတစ်ဦးကပြောသည်။ ဘိုးတော်ဆိုတာ ဝိဇ္ဇာဓိုရ်– ဇော်ဂျီ – ပုဂ္ဂိုလ်ထူးလို့ ခေါ်ကြ တာ–ဝိဇ္ဇာဓိုရ်–ဇော်ဂျီခေါ်ကြတော့လည်း ကျွန်တော်နားမလည်ခဲ့။ ဤသို့နှင့် နှစ်ပိုင်း လပိုင်းကြာလာ သော်ဤကဲ့သို့ ဖြစ်ခြင်းသည် နိဗ္ဗာန် တရားတော်လောက် မကောင်း ကြောင်း၊ နိဗ္ဗာန်လမ်းတို့၏အနှောင့် အယှက်ပင်ဖြစ်ကြောင်းပြောလာကြသူများနှင့်တွေ့သည်၊ လူတို့သဘော အတိုင်းအမျိုးမျိုးပြော လာကြ၏။

အိပ်မက်ထဲ၌လည်း "ဘိုးတော်လုပ်လို့ဒဏ်ခတ်မည်"ဟု ပုဂ္ဂိုလ်တစ်ဦးကပြောသည်။ကျွန်တော်ကလည်းအိပ်မက်ထဲမှပုဂ္ဂိုလ်ကိုပြောလိုက်သည်။ကျွန်တော့်ဘဝ ခရီးလမ်းကြောင်းသည် အဆင်မပြေလွန်းသောကြောင့် ဒဏ်ခတ်လျှင်သေဒဏ်ခတ်ပါရန်ပြောလိုက်ပါသည်။ အိပ်မက်ထဲက ပုဂ္ဂိုလ်က "တိဟိတ် " စကားတော့ပြောတတ်သားဟုဆို၏။ တိဟိတ် ဟူသောစကားကိုကျွန်တော်နားကြားလွဲသည်။ ကျွန်တော်နားကြားလိုက် သည်မှာ "ထိခိုက်" ဟုဖြစ်၏။ ထိုသူက "တိဟိတ်–တိဟိတ် "လို့ ထပ်ထပ် ပြောသည်။ "တိဟိတ်" ၏အဓိပ္ပါယ်မပြောပြသေး။

တစ်နေ့ညတွင် ကျွန်တော်သည် လုပ်ဖေါ်ကိုင်ဖက်တစ်ယောက်နှင့်စကားလက်ဆုံ ကျနေမိသည်။ သူကပဲပုပ်တစ်ပြီ ဝယ်ပေးရန်ပြော၏။ သူကပဲပုပ် (ပဲငပိ) ကောင်းကောင်း လုပ်တတ်ကြောင်း၊ပဲပုပ်လုပ်လျှင် သူကလက်ခအဖြစ် တစ်ဝက်ယူမည်ဖြစ်ကြောင်းပြောမည်။ ကျွန်တော်သဘောတူလိုက်သည်။ပဲပုပ်တစ်ပြီ ဝယ်ပေးလိုက်သည်။ နောက် (၅)ရက်ကြာလျှင် ပဲငပိလာယူရန်ပြောသည်။ ညပိုင်းကျမှလာရန်ပြောသည်။ ကျွန်တော်သွားယူသည်၊ည(ခုနစ်)နာရီခွဲခန့်ရှိမည်။ပဲငပိယူ၍ပြန်လာသည်။ စက်သီးနှင့်ဖြစ်သည်။ မှောင်နေပြီ။ မြူနီစပါယ်မြောင်းတစ်ခုသို့ရောက်လာသည်။လူတယောက်တွန်းလိုက်သကဲ့သို့ခံစားလိုက်သည်။မြောင်းထဲသို့စက်ဘီးနှင့်အတူလဲကျသွားပါသည်။ ကုန်းထသည်။ "မှတ်ထား " ဟု ကြားလိုက်သည်။ ပြောသူကိုမမြင်ရပါ။

အိမ်ရောက်လျှင်တရားထိုင်သည်။တရားမထိုင်ခင်ပုတီးစိပ်သည်။ထိုင်လို့မကောင်း၊ ပေထိုင်သည်။နောက်အိပ်ရာဝင်သည်။ အိပ်မပျော်၊အပြင်တွင်ထိုင်ရန်ထလာသည်။ ခလုပ်တိုက်လဲသည်။တော်တော်နာသည်။ဒူး–ပြဲပြီဟုထင်၏။ ပြဲကားမပြဲ။ ဒူးကိုပွတ်၍ ထိုင်နေပါသည်။ "မှတ်ထား "ဟုကြားပြန်သည်။အနားကပ်ပြောသောအသံဖြစ်သော်လည်းပြောသူကိုမတွေ့ရပါ။ဤကဲ့သို့ခဏခဏပင် ယခင်ကလည်း ကြုံဘူး၍ ဉာဏ်မမီသော်လည်း အထူးအဆန်း သဘောမထားတော့၊ ရိုးနေပြီဖြစ်၏။

ကျွန်တော့်စိတ်ထဲတွင်တစ်နေ့နေ့ကျလျှင်ထိုသူကို ကိုယ်တိုင်ကိုယ်ကျတွေ့ရလိမ့်

မည်ဟုထင်မိသည်။ယုံကြည်မိသည်။ သုံးလေးနှစ်ကြာသွားသည်။ထိုပုဂ္ဂိုလ်အား ကိုယ်တိုင်ကိုယ်ဂျ မတွေ့ရပါ။ အားမလို အားမရ ဖြစ်လာသည်။ ဥပုသ် ရက်ရှည် စောင့်လိုစိတ်ပေါ်လာသည်။ ဝန်ထမ်းဖြစ်၍မစောင့်ဖြစ်။ အားသောအခါ မြစ်ကြီးနားမြို့တွင်ရှိသောစေတီများသို့ညပိုင်းတွင်သွား၍ ပုတီးစိပ်သည်။ သက်မှတ်ထားသော ပုတီးပတ်စေ့လျှင် တရားဆက်ထိုင်သည်။ ကျွန်တော်တရားထိုင်နေစဉ် အမျိုးသမီးလိုလို၊ အမျိုးသားလိုလို လူတစ်ယောက်ကျွန်တော့်နောက်နားတွင်ထိုင်၍ ယပ်ခတ်ပေးနေသည်ကို အာရုံနှင့်မြင်လိုက်သည်။ ထိုသူက"လေကြီးမိုးကြီးကျတော့မည်ပြန်တော့ " ဟုပြောသည်။ကျွန်တော်မပြန်ဖြစ်ဖြစ်ချင် ရာဖြစ်တရားဆက်ထိုင်မည် ဟုဆုံးဖြတ်လိုက်သည်။

ကျွန်တော်သည်မြစ်ကြီးနားမြို့ဆုတောင်းပြည့် စေတီတော်၏ တနင်္ဂနွေဒေါင့်တွင် တစ်ယောက်တည်း ထိုင်နေခြင်းဖြစ်သည်။ညဦးပိုင်းတွင် ပုတီးစိပ်သူ၊ ရွတ်ဖတ် ပူဇော်သူ၊တရားထိုင်သူ၊ပန်းတော်-ရေတော်ကပ်သူ၊ ဖယောင်းဆီမီး၊အမွှေးတိုင် ကပ်သူတို့ ပေါ်များလေသည်။ည(၉)နာရီနောက်ပိုင်းတွင်မူမရှိကြတော့ပါ။ကျွန်တော်တစ်ဦးသာကျန်လေသည်။လေကြီးမိုးကြီးလည်း ကျစပြုပြီ၊လျှပ်စစ်မီးငြိမ်းသွားသည်နှင့်တပြိုင်နက် ကျောင်းပရဝဏ်အတွင်း မှောင်အတိကျလေပြီ။ တရားရှုမှတ်ခြင်းကို အာရုံလျှော့ချလိုက်ပြီး တရားမချ(မထ)သေးပဲ ငြိမ်ငြိမ်ကလေးထိုင်နေပါသည်။

ညောင်ပင်ကြီးမှကချင်အဘိုးကြီးနှင့်ကလေးတစ်ယောက် ထွက်လာ(ဆင်းလာ) သည်ကို အာရုံထဲမှမြင်လိုက်ပါသည်။ နာနာဘာဝ ဖြစ်သည်ဟု ကျွန်တော် သိလိုက်ပါသည်။အဘယ်ကြောင့်ဆိုသော် ကျွန်တော်နှင့်မလှမ်းမကမ်းမြက်ခင်း၌ မျက်စိတမှိတ်အတွင်း မီးဖိုကြီးဖို၍မီးလှုံနေကြသည်။ မိုးဘယ်လောက်ရွာရွာ သူတို့ မီးဖို မသေ သွား၊လေဘယ်လောက်တိုက်တိုက်သူတို့မီးမလှုပ်ရှားသည်ကိုတွေ့ရ၍နာနာဘာဝဟုသိရခြင်း ဖြစ်ပါသည်။ ကချင်ဘာသာစကားနှင့်ပြောကြ၍လည်းကချင်လူမျိုး မှန်း သိရသည်။မိုးကြိုးပစ် (မိုးခြိမ်း)လိုက်လျှင်တော်တော်ကြောက်လန့်ကြလေသည်။ တွန့်သွားသည်။ကျွန်တော်သည်လူတစ်ယောက်ထံမှသူရဿတီမယ်တော်ဂါထာ(ပိဋကတ္တယသမ္ဘုဏ္ဍအစချီသည့်ဂါထာ) တော်ကိုရရှိပြန်သည်။ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်းပြီးသောအခါအားအားရှိထိုင်ရွတ်ပါသည်။တစ်နေ့ဘယ်နှစ်ခေါက်မှန်းမသိ။နေ့တိုင်းရွတ်ဖြစ်သည်။လအားဖြင့် ကြာလာသည်။ တစ်နေ့ ရဲသား ကိုသိန်းဆိုသူရောက်လာ၍ပြောသည်မှာ သူသည် သူရဿတီ ဆေးဖော်၍ အုန်းပွဲငှက်ပျောပွဲတင်မည်ဖြစ်ကြောင်း၊ကျွန်တော့်အားအုန်းပွဲ၊ ငှက်ပျောပွဲကပ် ပေးပါရန် ပြောလေသည်.

ကျွန်တော်ငြင်းမကွယ်လိုက်သွားသည်။အုန်းပွဲငှက်ပျောပွဲဘယ်လိုကပ်ရမှန်း မသိ၊ သူ့ကိုပင်ကပ်လှူခိုင်းသည်။ကျွန်တော်ကသူရဿတီမယ်တော်ဂါထာတော်ကို(၃၇)ခေါက် ရွတ်ပေးသည်။ မျက်စိမှိတ်၍ ရွတ်နေစဉ်အုန်းပွဲငှက်ပျောသီး၌ ဂဏန်းနံပါတ်များကို တွေ့လိုက်သည်။ ခင်ဗျားထီ ထိုးထားသလား၊မထိုးသေးရင်ထိုးပါ။နံပါတ်ဂဏန်းတွေ့မြင်တယ်။ ကျွန်တော်ပြောလိုက်ရာသူ့မျက်နှာသည်တိမ်ကင်းစင်သောလပြည့်ညကဲ့သို့ဖြစ်သွား

သည်။ထိုထိုးသားကြောင်း၊နောက်ထပ်ထီထိုးရန်လည်းရှိပါကြောင်းပြောသည်။ ထီဖွင့်လျှင် ငါးရာကျပ်၊အပိုဆုနှစ်ရာကျပ်ပေါင်း ခုနှစ်ရာကျပ်ပေါက်လေသည်။ နောက်တစ်ပတ်ထိုးပြန် သည်။ခုနှစ်ရာဆုပေါက်သည်။နောက်တစ်ပတ်ထိုးပြန်သည်။ တစ်ထောင့်ငါးရာဆုပေါက် သည်။ကျွန်ုပ်တော်အားလည်းလက်ဘက်ရည်အချိုတစ်ခွက်နှင့် ကောက်ညှင်း ပေါင်းတစ်မတ် ဘိုး ကျွေးလေသည်။ ထို့နောက် ထိုကိုသိန်းဆိုသူ ရှုံးသွားသည်။ ယခုထိမတွေ့တော့ပါ။

ကျွန်တော်လည်းထီပေါက်ချင်၍ပိုရွှတ်ခဲ့သည်။တစ်နေ့ ထီနံပါတ်များတော့ (မြင်) လိုက်ပါသည်။ထီဆိုင်သို့ကသောကမြော်သွား၍ထိုးလိုက်သည်။ထီဖွင့်တော့မပေါက်ပါ။လိုနေ ၍ဖြစ်မည်ထင်ပြီးပိုရွှတ်သည်။တစ်နေ့ဗေဒင်ဆရာကြီးတစ်ဦးရောက်လာသည်။ သူရဿတီ မယ်တော်အနန်းပွဲငှက်ပျောပွဲတင်ပေးရန်ပြောသည်။ခေမာသီရိရပ်ကွက်ကလူတစ်ယောက်ပြော ၍အကျိုးအကြောင်းသိရကြောင်း(ကျွန်တော့်အကြောင်း)ပြောသည်။ ကျွန်တော့်သူရဿတီဂါ ထာရွတ်၍ပွဲကပ်တတ်သလိုကပ်လိုက်သည်။ဂါထာလည်းထပ်ရွှတ်သည်။ဂဏန်းများတွေ့ပြန် သည်။ထီထိုးခိုင်းသည်။နှစ်သောင်းဆုပေါက်လေသည်။ ကျွန်တော့်ကိုလက်ဘက်ရည် အချို တစ်ခွက်နှင့်လက်ဘက်သုတ်ကျွေးလေသည်။ ကျွန်တော်ပိုမရွတ်တော့ပါ။ ပုံမှန်သာ ဆက် ရွှတ်နေသည်။ ဂဏန်းတွေမြင်ပြန်သည်။ ထီထိုးပြန်သည်။ မပေါက်ပါ။ သူများတွေတော့ ပေါက်ကြသည်။ကိုယ်တိုင်ထိုးတော့မပေါက်၊ထို့ကြောင့်သူရဿတီမယ်တော်ဂါထာနှင့် ကျွန် တော်အိုးစားကွဲလေတော့သည်။မရွတ်ဘဲရပ်ထားသောညတွင်အိပ်မက်ထဲ၌ အမျိုးသမီး တစ် ယောက်လာ၍ပြောသည်မှာထီပေါက်လျှင်အိမ်ထောင်ပြုသွားမည်စိုး၍မပေါက်စေ ကြောင်း၊ မပေးကြောင်းပြောသည်။ ထိုအမျိုးသမီးသည် ထိုင်မသိမ်းထမိဝတ်၍ မင်းသမီးနှင့်တူ လေသည်။ သူရဿတီမယ်တော် ဖြစ်မည်ဟု ယူဆပါ၏။

ကျွန်တော်သည် မွမ်းမံသင်တန်း တစ်လတက်ရန် အမိန့်ကျလာလေသည်။တာဝန် ထမ်းနေစဉ်ကဖြစ်လေသည်။သင်ခန်းစာများကို အကြမ်းဖျင်းအားဖြင့်တစ်ခေါက်သာ ဖတ်၍ ပစ် ထားလိုက်သည်။စာမေးပွဲဖြေခါနီးတွင် သင်တန်းသားအချို့ စာကျက် ကြိုးစား နေကြ သည်။ ကျွန်တော်သည်သူရဿတီမယ်တော်ဂါထာ ကို ပြန်ရွတ်နေမိသည်။ စာမေးပွဲ တွင် အခြားသင်တန်းသားများထက်ကျွန်တော်ဖြေဆိုနိုင်ပါသည်။ဖြေဆိုနိုင်ကြောင်းကို ကျွန်တော် တို့သင်တန်းဆရာကပြောသည်မှာ"မင်းငါတို့ဘာမေးမယ်ဆိုတာသိထားသလား" ဟုမေးလာ ၏။ မသိပါကြောင်း ကျွန်တော်ပြောပါသည်။ စာမေးပွဲဖြေခါနီးဂါထာ ရွတ်ပါကြောင်း ကိုတော့ ပြောလိုက်ပါသည်။ ကျွန်တော်၏ အစ်မဝမ်းကွဲတော်သူ မူလတန်း ကျောင်းအုပ် ဆရာအားသူရဿတီမယ်တော်ဂါထာတော်ရွတ်ခိုင်းသည်။သူသည်HSFခေါ်တန်းမြင့်ကျောင်း ထွက်အောင်ပြီးကျောင်းဆရာမလုပ်နေသူဖြစ်သည်။(၁၀)တန်းကိုအပြင်ကဖြေရန် ဖေါင်တင် ထားကြောင်းပြောသည်။စာမေးပွဲဖြေသောအခါကောင်းကောင်းဖြေနိုင်သည်။ အောင် မည်ဟု ယုံကြည်သည်ဟု ဆိုသည်။ အိပ်မက်ထဲတွင် အမျိုးသမီးတစ်ဦးလာ၍ ဘယ်ဟာကို လေ့လာထား၊ ဘယ်ဒင်းကို ကျက်ထားဟု ပြောပြသည့်အတိုင်း ကျက် ရာ

စာမေးပွဲအောင်လာတော့သည်။အပြင်မှစာပေးစာယူနှင့်နောက်ပိုင်းတွင် B.Eထွဲ့ရပြီးအလယ်တန်းကျောင်းအုပ် ဖြစ်သွားလေ၏။"မယ်တော် ကူညီလို့ အောင်တယ်"ဟုလာပြောသည်။

ကျွန်တော်၌ အစ်ကိုအရင်းတစ်ယောက်ရှိသည်။သူနှင့် မူလတန်းကျောင်းအုပ် မှ အလယ်တန်း ကျောင်းအုပ်ဖြစ်သွားသောအစ်မဝမ်းကွဲသည် ဘာသာခြားမှ ဗုဒ္ဓဘာသာသို့ဝင်ရာ၌ အနည်းငယ်နောက်ကျသူများဖြစ်ကြသည်။ကျွန်တော်ကငါးနှစ်ခန့် စော၍ဗုဒ္ဓဘာသာဝင်ဖြစ်ခြင်းဖြစ်လေသည်။အစ်ကို့ကိုသမ္ဗုဒ္ဓေဂါထာတော်ရွတ်နိုင်းသည်။ပုတီးစိပ်နိုင်းသည်။သူသည်အာရုံ–တီစီကားမောင်းသူဖြစ်သည်။ရန်ကုန်သူ့နယ်မြေ(အနက်ရောင်နယ်မြေ) သို့ ခဏခဏ သွားရသူလည်းဖြစ်သည်။

ကားများမိုင်းဖုံးထိ၍ခဏခဏထိခိုက်ဒဏ်ရာရသေကြေကြသော ကာလတွင် ကျွန်တော်၏အစ်ကိုမောင်းသောကားသည်မိုင်းမထိခဲ့။သူကရှေ့ကမောင်းသွားလျှင်သူ့ နောက်ကကားမိုင်းထိသည်။သူကနောက်ကမောင်းသွားလျှင်သူ့ရှေ့ကမိုင်းထိသည်။သူကလွတ်မြဲလွတ်လေသည်။ထိုအစ်ကိုသည် ယခုအခါ ရဟန်းဘောင်သို့ရောက်ရှိပြီး (၁၀)ဝါ ကျော် ရှိနေပြီဖြစ်၏။

ကျွန်တော်၏အစ်ကို (ကားသမား)တွင် သမီးကြီး ရှိလေသည်။ ကားစပါယ်ယာလိုက်လေသည်။တစ်ခါသော်မေမြို့(ပြင်ဦးလွင်)အပွန်အကွေ့အကောက်ကားလမ်းတွင်–မြိုင်ကြီးကွေ့အမည်ရှိကွေ့ကြီးရှိသည်။ အဆင်းကွေ့ဖြစ်သည်။ ဤကွေ့တွင် ကားမှောက်လျှင် တစ်ယောက်မျှမကျန်အကုန်ချော့သည်သာဖြစ်သည်။ သူတို့သားအဖပေည်း ထိုကွေ့တွင် ကားမှောက်ဘူးသည်။ သူတို့ကားတွင် အဖေါ်သူငယ်ချင်းမိန်းကလေးတစ်ဦးပါ လာသည်။ ကျွန်တော့်အစ်ကို၏သမီး၊ကျွန်တော့်တူမနှင့်သူ့ဖခင်တို့သည်တစ်လမ်းလုံးသမ္ဗုဒ္ဓေဂါထာရွတ်လာကြသည်ဆို၏။အဖေါ်မိန်းကလေးက မရွတ်ဘဲသီချင်းတကျော်ကျော် အော်ဆို လာသည်ဆို၏။ထိုနေရာသို့ရောက်လျှင်(မြိုင်ကြီးကွေ့ရောက်လျှင်)သူတို့ကားမှောက်သည်။ သီချင်းဆိုသောမိန်းကလေးသေသည်။ကျန်သော ခရီးသည်များ ဘာမျှမဖြစ် ကြဟု ကျွန်တော့်ကိုပြန်ပြောကြလေသည်။

ကျွန်တော်၏သူငယ်ချင်းလည်း ဘာသာခြား ဘုန်းကြီးမှ ဗုဒ္ဓဘာသာဝင်ဖြစ် လာလေသည်။ထိုသူ့အားဘာသာခြားဆွေမျိုးတို့ကအသက်အန္တရာယ်အထိရန်ရှာ ကြလေသည်။ကျွန်တော်နှင့်အတူတစ်နေ့လျှင်သမ္ဗုဒ္ဓေဂါထာတော် အခေါက်တစ်ထောင် (၉)ရက်အဓိဋ္ဌာန်ဝင်ကြလေသည်။လွတ်မြောက်သွားလေသည်။ငြိမ်းချမ်းသွားလေသည်။၎င်း၏ဇနီးဘာသာခြားသည်လည်း ဗုဒ္ဓဘာသာ လိုက်ဝင်လာလေတော့သည်။

ကျွန်တော်သည် ဗုဒ္ဓဘာသာဂါထာတော်များကို ကျက်မှတ်ရွတ်ဆိုရာ၌တစ်ဂါထာနှင့်တစ်ဂါထာအကျိုးရှိလေသည်သာဖြစ်၏။အကျိုးပေးချင်းကားမတူ၊ ခြားနားသည်လည်းရှိကြလေသည်။အကျိုးပေးတူညီသည်လည်းရှိကြသည်ကိုတွေ့ရလေသည်။အကျိုးများပုံကိုလုံးစေ့ပတ်စေ့အကုန်အစင် ရေးသားဖော်ပြနိုင်ရန် ကျွန်တော့်၌ တတ်နိုင်ခြင်း မရှိပါ။

ကျွန်တော်နှစ်သက်သော ဂါထာတော်အချို့မှာ သမ္ဗုဒ္ဓေဂါထာ၊ သရဏဂုံ၊ ဂုဏ်တော်၊သရဏဂုံသုံးဆယ်၊သုရဿတီမယ်တော်ဂါထာ၊ကေိုးချက်ဂါထာ၊သံရစ်ချက်ဂါထာ၊ ဘဝေဝါဟံ----ဂါထာ၊နာညတြ ဂါထာ၊ဝေဒါသာကု ဂါထာ၊စိန္တာမဏိဂါထာ တို့ဖြစ်၏။ ကျွန်တော်သည် ဗုဒ္ဓဘာသာဂါထာတော်အခြားအတိုအထွာများကိုလည်းရက်တိုအဓိဋ္ဌာန်ရွတ် ဘူးသည်လည်းများစွာရှိပါသေးသည်။ဤကဲ့သို့ရွတ်လျှင်အချို့ဂါထာများ သည်ကြောက်စရာ ကောင်းလှပါသည်။ဥပမာ"**ဇလွန်ပြည်တော်ပြန်ဂါထာတော်**"ရွတ်၍အဓိဋ္ဌာန် ဝင်ပြီးလျှင် ပြီးချင်းဇလွန်ပြည်တော်ပြန်ဘုရားသွားဖူးခိုက်မျက်စိမှိတ်၍ ဖူးလိုက် ရုံရှိသေး အင်္ဂလိပ် လူမျိုး၊ ကုလားလူမျိုး၊အမေရိကန်လူမျိုး စသည့် လူမျိုးခြား ဘာသာခြား တစ္ဆေ သရဲများကို မြင် လာလေသည်။သို့သော် ထိုနာမ်လောကတို့ကို ကျွန်တော့်အနေနှင့် သရဲ တစ္ဆေဟု သတ်မှတ်ခြင်းမှာမှားယွင်းသည်ဟု နောက်မှသိရသည်။ ထိုနာမ်လောက တို့ သည် ဇလွန် ပြည်တော်ပြန်ဘုရားဖြတ်သန်းလာခဲ့သောနိုင်ငံပေါင်းစုံမှ လူမျိုးအသီးသီးတို့ သည် ဘုရားခိုက်၍ သေဆုံးကြပြီး တမလွန်ဘဝရောက်မှ ဤဇလွန်ပြည် တော်ပြန် ရုပ်ပွား တော်၏ တန်ခိုးနှင့်အခြား ရှိရှိသမျှသော ရုပ်ပွားတော်၊ ဆင်းတုတော်၊ စေတီ၊ ပုထိုးတော် တို့၏တန်ခိုးကို သိမြင်သဘော ပေါက်လာကြပြီး ဗုဒ္ဓဘာသာဝင်လာ ကြသောနာမ်လောကသားများဖြစ်သည်ဟုသိရှိလာပါသည်။

သိရှိရပုံမှာငှင်းတို့ရင်ဘတ်တွင် ပါသောစာတမ်း၌"ပြည်တော်ပြန်ဘုရားကို ကြည် ညို၍ ဗုဒ္ဓဘာသာဝင်ပြီး မြန်မာပြည်သို့ ပြည်တော်ပြန်ရုပ်ပွားတော်နှင့် အတူလိုက်လာပြီး စောင့်ရှောက်ပါရမီ ဖြည့်သူများဖြစ်တယ် " ဟု အိပ်မက်ရသောကြောင့် ဖြစ်လေသည်။ အိပ်မက်ဖြစ်၍အလေးထားသင့်မသင့်တော့ ရှိလေသည်။သို့သော် ကျွန်တော်ကတော့ ကိုယ် ငါးချဉ်ကိုယ်ချဉ်ပြီးအိပ်မက်ဖြစ်သော်လည်း ဖြစ်နိုင်ပါသည်ဟု ယုံကြည်ထားမိသောကြောင့် ဖြစ်ပါသတည်း။

## ဗုဒ္ဓဘာသာဂါထာတော်များကို ဘာသာခြားများ ရွတ်လျှင်အကျိုးထူးမထူး

များသောအားဖြင့် ဗုဒ္ဓဘာသာရဟန်းရှင် လူအများတို့နှင့် တွေ့ဆုံဆွေးနွေးရာ၌ အားတက်ဘွယ်ရာထက်အားပျက်ဘွယ်ရာစိတ်ဓာတ်ကျဆင်းစရာများနှင့်သာတွေ့ကြုံသည်က များ လေသည်၊ကျွန်တော်ဗုဒ္ဓဘာသာဝင်သည့် နှစ်မှာပင် ပရိတ်(၁၁)သုတ်ထဲမှ ကိုးသုတ် ကို အလွတ် အာဂုံဆောင် ကျက်မှတ်ထားပါသည်။အရှည်ဆုံးဖြစ်သော ဓဇဂ္ဂသုတ် နှင့် အာဋာ နစ်သုတ်ကို သာမကျက်ဘဲ ချန်ထားပါသည်။

ကျွန်တော်သည် ပရိတ်(၉)သုတ်အပြင် အခြားဂါထာတိုများ၊ မတိုမရှည်များ၊ များစွာကိုလည်း ရွတ်ဖတ်လေ့ရှိပါသည်။ဤတွင် စိတ်ဓာတ်ကျစရာအကြောင်းရင်းများ တွေ့ကြုံလာရပါသည်။ပရိတ်၊ဂါထာ၊ မန္တာန်များကို ရွတ်ဖတ်လျှင် ဌာန်ကျရမည်၊ ကရိုင်း ကျရမည်၊ပုဒ်ပိုဒ်ကျရမည်၊ အနက်အဓိပ္ပါယ်ထင်ရမည် (သိရမည်)၊ အသံနေအသံထား အဆွဲအငင်ကောင်းရမည်၊သို့မှသာလျှင်ရွတ်ဖတ်ရာ၌ အကျိုးထူးရှိသည်။ထိုအချက်များနှင့်မ

ပြည့်စုံလျှင် ဘယ်လောက်ရွတ်ရွတ် အာခြောက်အောင် ရွတ်၊ အကျိုးမရှိ၊အကျိုးမများဟု ရေးကြ ပြောကြလေသည်။

ဤအချက်များသည် ကျွန်တော်ကဲ့သို့ဘာသာခြားမှဗုဒ္ဓဘာသာသို့ဝင်ရောက်လာသောသူများအတွက် စိတ်ခါတ်ကျစရာကောင်းလှသောအချက် ဖြစ်လေသည်။ ကျွန်တော့်ကိုဤအချက်များပြည့်စုံစွာရွတ်ပြပါဟုပွဲတောင်းတော့သည်။ ထိုပြောသူတို့သည် ကျွန်တော့်ကိုရွတ်မပြနိုင်ကြပါ။အလွတ်ရအောင်မကျက်ထားကြသည့်အပြင် ပရိတ်ကို မဖတ်တတ်သူ၊ မဖတ်ဘူးသူများလှလေသည်။အချို့ဒီဂရီဘွဲ့ရပြီးသူများပင် ပရိတ်ကိုမကျက်ကြ၊ မရွတ်ကြ၊ မရကြ၊မဖတ်တတ်သည်ကိုများစွာတွေ့ရပါသည်။ကျွန်တော့်ကိုပရိတ်ရွတ်ပြရန်ပွဲတောင်း ကြသူများအားရွတ်ပြဘူးရာ မပီသဟုပြောကြသည်။ ထိုသူတို့အား ဌာန်ကျ၊ ကရိုင်းကျ၊ ပုဒ်ပိုဒ်ကျ၊ပီသအောင်ရွတ်ပြပါဟုပွဲပြန်တောင်းရာ မရကြ၊မရွတ်တတ်၊မဖတ်တတ်ဟုပြော ကြ ၏။

ဤအခြေအနေသည် ကျွန်တော်တို့ ကချင်ပြည်နယ်၏ အခြေအနေဖြစ်သည် ဟုထင်ရသည်။ဗုဒ္ဓသာသနာဖွံ့ဖြိုးမှုအားမကောင်းသေး၍ ဖြစ်သည်ဟုယူဆပါသည်။သာသနာ ထွန်းသောပြည်မ၊ပြည်နယ်တို့၌ ဤအခြေအနေ မရှိဟုယူဆပါသည်။အကယ်၍ ရှိလျှင် လည်း အနည်းအကျဉ်းသာ ရှိမည်ဟုယုံကြည်မိပါသည်။ကျွန်တော်စိတ်ပျက်၍တနင်္ဂနွေတစ်ပတ်ခန့်ကြာဂါထာတော်များ၊ပရိတ်များကို မရွတ်ဘဲ နေလိုက်ပါသည်။မရွတ်ဘဲနေလိုက်တော့ စိတ်ထဲတွင် ဟာတာတာ ဖြစ်နေသည်။တစ်ခုခုလိုနေတာကို မလုပ်ဖြစ်ဘဲနေရသောအခါ အနေမဖြောင့် အထိုင်မကောင်းသကဲ့သို့ဖြစ်လာပါသည်။

ဆက်လက်မရွတ်ဘဲနေလိုက်ရာ" ခင်ဗျားခုတလော အသံတော်တော်တိတ်နေပါကလား"ဟုဆိုကြသည်။အသံတိတ်ဆို "ကျွန်တော် မိုရယ်လ်ဒေါင်းနေတယ် (စိတ်ခါတ်ကျနေတယ်)" ဟုဆိုလိုက်၊ပြောလိုက်ပါသည်။ပုတီးနှင့်တရားကိုကား ပုံမှန်လည်ပတ်နေပါသည်။တစ်နေ့ နံနက်ပုတီး စိပ်နေစဉ် အာရုံထဲ၌ မှောင်နေရာမှ လင်းလာသည်။ မှောင်နေသော အခန်း တစ်ခုတွင် မီးထွန်းလိုက်၍ လင်းလာသောအခါ အခန်းထဲတွင် ရှိရှိသမျှအကုန်မြင်ရ သကဲ့သို့ဖြစ်၏၊ထိုအမြင်ခန်းတွင် ရဟန်းတစ်ပါးနှင့် လူတစ်ယောက် ထိုင်နေသည်ကို မြင် လိုက်သည်။ရဟန်းတော်ကမည်သို့မျှ မပြော၊လူပုဂ္ဂိုလ်က ပြောလေသည်။ "ပါဠိ၊ဂါထာ ပရိတ်များ ရွတ်ရင်ပီဘို့ လိုတယ်၊ဌာန်ကရိုင်းကျဘို့လဲ လိုတယ်။ အနက်အဓိပ္ပါယ်ထင်ဘို့လဲ လိုပါတယ်၊ဒါပေမဲ့ ပီပီ မပီပီ ကိုယ်ရွတ်ရမဲ့ကိစ္စကိုတော့ ပစ်မထားဘဲရွတ်သာရွတ်ပါ။မပီကလာ ပီ ကလာ စကား ပြောလာတဲ့ သား သမီးတွေကို မိဘတွေကပိုချစ်ခင်နှစ်သက်လာသလိုဘဲ၊ ဘုရားကမိဘဖြစ်တယ်၊ငါတို့က မပီကလာ ပီကလာပြောတတ်တဲ့ သားသမီးတွေဖြစ်တယ်" ဟုပြော၏။

ထိုစကားကို ပြောကြားပြီးသည်နှင့် တပြိုင်နက် အမြင်အာရုံသည် မီးခလုတ် ပိတ်လိုက်လျှင် ပြန်မှောင်သွားသကဲ့သို့ မှောင်သွားတော့၏။ သို့သော် ကျွန်တော်သည် သဘောကျ ကျန်ရစ်ခဲ့ပါတော့၏၊ ဤတွင် ပုတီးပတ်လည်းစေ့ပြီဖြစ်၍ နားလိုက်တော့ သည်။အဖြစ်အပျက်တစ်ခုကို ကျွန်တော်သတိရလိုက်ပြန်ပါသည်။ ဗုဒ္ဓဘာသာ မဝင်ဘဲနှင့် ဂါထာရွတ်သောကြောင့်ရောင်စုံသောင်းကျန်းသူများ၏လက်ထဲမှ လွတ်လာသော ကျွန်တော့် အစ်ကိုဝမ်းကွဲ၏ ဇနီး(ကျွန်တော်၏ မရီးဝမ်းကွဲ)သည်သူကြီးချုပ်၏နှမဖြစ်လေသည်။တစ်နေ့ တွင်သူကြီးအားတောတွင်းသောင်းကျန်းသူများဖမ်းဆီးသွားကြပြီးယင်းတို့ကို အချုပ်ခန်းထဲ တွင်ချုပ်ထားကြလေသည်။

သောင်းကျန်းသူတို့သည်သူကြီးအားလက်ပြန်ကြိုးတုတ်ထားကြသည်။ခြေ ထောက် ကိုလည်း ကြိုးနှင့် တုတ်ထားကြသည်။သူကြီးသည် အားကိုးရာမဲ့ ဖြစ်နေပြီ၊ ဤကဲ့သို့ ဒုက္ခမျိုးကို ယခင်ကလည်းခံရဘူးသည်။ဘာသာခြား ဘုရားထဲ ဆုတောင်း ခဲ့ပေါင်း များခဲ့ သည်။မလွတ်ကျွတ်ခဲ့၊ငွေကြေးများစွာအကုန်ခံပြီးမှလွတ်လာလေ့ရှိသည်။ သူသည်ဤ တစ် ကြိမ်တွင် ဆုမတောင်းလိုတော့၊ငွေလည်းမရှိတော့၊သူသည် ဘာသာခြား ဖြစ်သော်လည်း သူကြားဘူးသော ဗုဒ္ဓဘာသာဝင်များပြောပြောနေသည့် အနိစ္စ၊ဒုက္ခ၊အနတ္တကိုသာ အဖန်ဖန် တလဲလဲ ရွတ်နေမိသည်။ရွတ်နေသည်မှာ သုံးနာရီခန့် ကြာသွားသည်။သူ၏လက်နှင့်ခြေ ထောက်မှကြိုးများပြေကျကုန်သည်။"မင်းတို့ ကြိုးကောင်း ကောင်းမချည်ဘူးထင်တယ်၊ပြေ ကုန်ပြီ၊ပြန် ချည်ကြအုံး" သူကြီးကကင်းစောင့်သမားကို ပြောလိုက်သည်။ကင်းသမား မျက်လုံးပြူး သွား သည်။

၄င်းတို့တာဝန်ကြပ်ကိုခေါ်ပြသည်။တာဝန်ကြပ်ကပြောသည်၊"ငါကိုယ်တိုင်ကောင်း ကောင်းချည်တာဘဲ၊ အရေးပိုကြီးတဲ့လူမို့ပိုခိုင်အောင်ချည်နှောင်ထားတာဘဲ၊ဘယ့်နှယ့်ဖြစ် တယ် မသိဘူး၊ပြန်ချည်မယ်" ပြောပြောဆိုဆို ပြန်ချည်လေသည်။ " ဒီလူဆီမှာ အဆောင် ကောင်းရှိတယ်ထင်တယ်၊ရှာကွာ" ဟုဆိုပြီး တစ်ကိုယ်လုံးရှာဖွေကြသည်။ မတွေ့၊ ဘာမျှမတွေ့၊ သူကြီးသည် အနိစ္စ၊ဒုက္ခ၊အနတ္တ ကိုဆက်ရွက်နေသည်။နောက်တစ်နာ ရီခန့်ကြာသော်ကြိုးများပြေသွားပြန်သည်။"မင်းတို့ချည်ထားတဲ့ကြိုးပြေသွားပြန်ပြီ၊ပြန်ချည် အုံး " ကင်းသ မား မျက်လုံးပြူးရပြန်သည်။

တာဝန်ကြပ်လာကြည့်သည်"ထပ်မချည်တော့ဘူး၊ဗိုလ်ကြီးကိုသွားနှိုး" ဟု တာဝန် ကြပ်က သူတို့ လူတစ်ယောက်ကို ခိုင်းသည်၊သူတို့ဗိုလ်ကြီးရောက်လာသည်။"ကြိုးပြေပြေ ကုန်တယ် ဗိုလ်ကြီး၊နှစ်ခါရှိပြီ" သူကြီးမျက်နှာကို သူတို့ဗိုလ်ကြီး စိုက်ကြည့် သည်။ သူကြီးကမျက်စိမှိတ်ထားသည်။ " မင်းငါ့မျက်နှာကို ကြည့်စမ်း " မျက်စိဖွင့်ကြည့် လိုက် သည်။သူတို့ဗိုလ်ကြီးမျက်စိမှိတ်သွားသည်။သူကြီးကဗိုလ်ကြီးမျက်နှာကိုစိုက်ကြည့်ထားလိုက်

သည်။ဗိုလ်ကြီးမျက်နှာ လွှဲလွှဲသွားသည်။ "သူ့ကို လွှတ်လိုက် သူတို့ရွာနားရောက်အောင် လိုက်ပို့လိုက်"ဟု အမိန့် ပေးသည်။ကျွန်တော်တို့ မရီးဝမ်းကွဲ၏ အစ်ကို သူကြီးသည် ယခုထက်တိုင် အသက် ထင်ရှားရှိသေးသည်။အသက်(၈၀)နားနီးလေပြီ။

ကျွန်တော်စဉ်းစားမိသည်။ဗုဒ္ဓဘာသာ ဂါထာများကို လူမျိုးခြား ဘာသာခြားများ ရွတ်လျှင်လည်း အကျိုးထူးပါကလား၊အကျိုးမယုတ်ပါလား ဟု ဟစ်ခုတော့ရှိလေသည်။ အကျဉ်းအကြပ်ဖြစ်လျှင်အားကိုးရာသောအားဖြင့်ရွတ်ဆိုရာ၌ ဖောကပ်နေသည်။ တစ်နည်း အားဖြင့် ဝီရိယကောင်းနေသည်။ ဝီရိယအကျိုးခံစားရခြင်းလည်းတစ်ကြောင်း၊ဂါထာစွမ်း၍ လည်းတစ်ကြောင်း စဉ်းစားဘွယ်ဖြစ်၏၊ယုံကြည်မှု ရှိရမည်ဆိုရာ၌ ဘာသာခြားဖြစ်နေ၍ ယုံကြည်မှု အားကောင်းမည်မထင်၊သူကြီးသည် လွတ်လာပြီး ဗုဒ္ဓဘာသာလည်းမဝင်ပါ။

ကျွန်တော်သည် ဘာသာခြားမှ ကူးပြောင်းသူ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်၍ အဖြစ်အပျက်များကို ရေးသားတင်ပြပါက အတိအကျဖော်ပြနိုင်ရန် ဝန်လေးလှပါ၏၊ ထို့ကြောင့်ပင် မြို့ရွာ၊ရပ်ကွက်၊လူအမည်၊အလုပ်အကိုင်၊အမည်တို့ကို တိတိကျကျဖော်မပြဖြစ် သည်ကိုအားမလို အားမရ ဖြစ်မိပါသည်။အစိုးရတပ်တစ်တပ်မှ ကချင်စစ်ဗိုလ်တစ်ယောက် သည်သူ၏လက်ကိုင်ပုဝါကို အထုံးကလေးလုပ်လိုက်သည်။အခြားကချင်စစ်ဗိုလ်ထံမှ လက် ကိုင်ပုဝါတောင်းယူ၍ အထုံးကလေးလုပ်လိုက်ပြန်သည်။ထို လက်ကိုင်ပုဝါ ထုံး နှစ်ထုံးကို ကြက်ဖနှစ်ကောင် ခွပ်ကြကုန် ဟန်ထားရှိပြီး ဗုဒ္ဓဘာသာ ဂါထာတစ်ခုကို ရွတ်လိုက်သည်။

လက်ကိုင်ပုဝါထုံးနှစ်ထုံးသည် ကြက်ဖနှစ်ကောင်ခွပ်ကြသကဲ့သို့ခွပ်ကြလေသည်။ ထိုစစ်ဗိုလ်တို့သည်(မက်စ်)ခေါ်တပ်တွင်းအရာရှိရိပ်သာစားသောက်ခန်းတွင် အနားယူ စား သောက်ကြရင်း၍ကဲ့သို့ ပညာပြနေကြခြင်းဖြစ်သည်။ ထိုအချိန်တွင် အရက်လည်းသွေ နေကြပြီဖြစ်၏၊ ဟားတိုက်ရယ်မောပျော်ရွှင်နေကြသည်။ လက်ကိုင်ပုဝါ ကြက်ဖခွပ်ရာ (မက်စ်)အခန်းသို့အရက်သွေနေသောတပ်ကြပ်ကြီးရောက်လာ၍"ခင်ဗျားတို့အတတ်ပညာက ဘာဟုတ်သေးလဲ၊ကျုပ်အတတ်ကို ကြည့်ကြဦးဆိုပြီးလက်ပစ်ဗုံးတစ်လုံးကိုယူကာ ကာပင် ဖြုတ်၍ စစ်ဗိုလ်များဝိုင်းထိုင်နေသော စားပွဲဝိုင်းတွင် ခပ်တည်တည် ချထားလေသည်။ "ငါအမိန့်မပေးလျှင် မကွဲရ၊ မပေါက်ရ" ဟုအမိန့်ပေးလိုက်သည်။ စစ်ဗိုလ်တို့ချွေးပြန် သွားကြသည်။အရက်မူးလည်းပြေသွားကြသည်။"စစ်ဗိုလ်တစ်ယောက်ပညာနဲ့ တပ်ကြပ်ကြီး တစ်ယောက် ပညာကွာလှပါ၊ ကလားမင်းဗုံး ပြန်သိမ်းပါကွာ၊ ငါအရှုံးပေးပါတယ်" ထိုစစ်ဗိုလ်က ပြောလျှင် အသာကလေးကောက်ပြီးပြန်ထိုးထည့်ကာ ခါးတွင် ချိတ်ထားလိုက်တော့သည်။

တစ်ခါသော် ကချင်ရဲဘော်များ အရက်မူး၍ အရပ်သားများနှင့် စကားများကြ လေသည်။ ရန်ဖြစ်ကြလေသည်။ ထိုအခါတစ်ယောက်သောအရပ်သားက ထိုရဲဘော်များ၏ တပ်သို့ဖုန်းဆက်ရန် စီစဉ်လိုက်သည်။ ထိုအခါဖုန်းမဆက်ရန် ကချင်ရဲဘော်ကပြောသည်။ ထိုသူနားမထောင်၊ ကချင်ရဲဘော်သည် လက်ညှိုးကို တံတွေး ဆွတ်၍ တယ်လီဖုန်းကြိုးကို

လက်ညှိုးထိုးလိုက်သည်။ဖုန်းကြိုးသည် တီကနဲ ပြတ်သွားတော့သည်။ ကျွန်တော်သည် ဤပညာကို ဘယ်လိုရရှိသနည်းဟု မေးကြည့်ရာ သက်သတ်လွတ် စား၍ (၄၅)ရက်ကြာ ဂါထာ (ဗုဒ္ဓဘာသာဂါထာ)တော်ကို ရွတ်ရသော သင်တန်း တက်ရသည် ဆို၏။ တက်သူ တိုင်းမရကြ။ သင်တန်းသား (၁၀)ယောက်တွင် သုံးယောက်သာ အောင်ကြသည် ဆို၏။ သူတို့သည် ဘာသာခြားများ ဖြစ်ကြလေသည်။ ကျွန်တော်၏ အစ်ကိုနှင့်လည်း သိကျွမ်းခင်မင်ကြသူများ ဖြစ်ကြ၏။ ထိုသူတို့ကဲ့သို့ပင် ဘာသာခြားတို့ ဗုဒ္ဓ ဂါထာ ရွတ်လျှင်ထူးခြားသည်ကို များစွာကြားဘူး၊ သိဘူးပါ၏။ ကျွန်တော်နှင့် အနီးကပ်ဆုံး သူတို့၏ အကြောင်းကိုသာ ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာ ဂါထာတော်များကို ဘာသာခြားများ ရွတ်လျှင်လည်း အကျိုးထူးပါသည်ဟုယုံကြည်မိပါသတည်း။

## ကျွန်တော်၏ ဖခင်

ကျွန်တော် ဖခင်၏အမည်သည် ဦးနမ်ဘူလ ခေါ်ပါသည်။ ကချင်ဂိုန်းဖော လူမျိုးဖြစ်ပါသည်။ဖခင်သည်ညီအစ်ကိုမောင်နှမလေးယောက်တွင်တတိယမြောက်ဖြစ်သည်။ ဖခင်သည် စာတစ်လုံးမျှ မတတ်ပါ။ နွားသတ်သမား လုပ်သည်။ တံငါလုပ်သည်။ ဘိန်းစိုက်သည်၊ဘိန်းရှူသည်၊ အရက်သောက်သည်၊အရပ်ရှည်သည်၊အသားဖြူသည်။အတိတ် နိမိတ်ဖတ်တတ် ပြောတတ်သည်။ စကားနည်းသည်။ အစိုးရဝန်ထမ်းများကို မုန်းသည်။ ဆင်းရဲသားများကို ချစ်ခင်သည်။ တူမီးသေနတ်လုပ်တတ်သည်။ ယမ်းစိမ်းချက်တတ်သည်။ တရုတ်စကား လက်တိုစကား၊ လက်ရှည်စကား ကောင်းကောင်းပြောတတ်သည်။ ရှမ်းစကား မွတ်နေအောင်တတ်သည်။

ဖခင်သည် သူ့ရဲ့ တစ္ဆေများကို မကြောက်တတ်၊ခရစ်ယာန်ဘာသာသို့လည်းမဝင်၊ ဗုဒ္ဓဘာသာလည်း မဝင်၊ နတ်စားလည်းမလုပ်၊ ကွယ်လွန်ခါနီးတွင် ရှမ်းဗုဒ္ဓဘာသာများနှင့် တွဲသည့်ကျွန်တော့်ကို စာသင်မပေးပါ။ ပညာသင် ကျောင်းသို့ ပို့မပေးပါ။ ကလေး (၅) ယောက်ရသည်။ (၅)ယောက်သေသွားသည်။ ကျွန်တော်သည် နံပါတ်ခြောက် ဖြစ်ပါသည်။ ကျွန်တော့်အောက်က နှမလေးသေသွား၍ ကျွန်တော်သည် အထွေးဆုံး ဖြစ်နေပါသည်။ ဖခင်ကိုစော်ဘွားကလေး(ဒူဝါ) ခန့်သည်ကို ခံရသည်။ လူကြီးမလုပ်လို ဆင်းရဲသား ပြည်သူလူထုဘဲ လုပ်မည်ဟု ဆိုပြီး လက်မခံ။

ဘိန်းကုန်ကူး ပညာ အလွန်ကျွမ်းကျင်လေသည်။ သူသည် မန္တလေးအထိ သွား၍ ဘိန်းကုန်ကူးလေသည်။ ရဲသားများကိုဘိန်းဖမ်းပညာပေးလေသည်။သူ၏ပညာ(ဘိန်းချက် ပညာ)အချို့ကို ရေးသားတင်ပြလိုပါသည်။ ဝါးဘိုးဝါး-ဝါးရုံပင်ကိုသေချာကြည့်လိုက်ပြီး ပိုးထိုးထားသော ဝါးဘိုးဝါးကို ခုတ်ယူထားသည်။ အတွင်းက ဝါးဆစ်များကို ထွင်းလိုက်

သည်။ ကြပ်ခိုးတင်ထားသည်။ ခြောက်လျှင် ဝါးဘိုးဝါးထဲ ဘိန်းများကို သိပ်ထည့်သည်။ ထိုဘိန်းသိပ်ထည့်ရာ၌ နောက်ချေး(နွားချေး) ပြာနှင့်ရှံ့၊ရောနယ်ထားပြီး ဘိန်းပေါ်တွင်ထပ် သိပ်ထည့်သည်။ ၎င်းနောက် ရေကြည်(သောက်ရေ)ထည့်သည်။မသိလျှင်ခရီးသွား များ ဆောင်သော သောက်ရေဝါးကျည်တောက် ဖြစ်နေ၏။

ကြက်ဥများကိုအပ်နှင့်ထိုးဖောက်၍ရေနှင့်ပြုတ်လိုက်လျှင် မကွဲဘဲ အပ်ပေါက်ရာမှ ကြက်ဥအနှစ်အကာများထွက်သွားသည်။ထို့နောက် ဘိန်းစိမ်းကို အရည်ကျို လိုက် သည်။ ဆေးထိုးအပ်နှင့်စုပ်ယူပြီး ကြက်ဥထဲသို့ ထိုးသွင်းသည်။တစ်လုံးပြီးလျှင် ပျားဖယောင်းနှင့် ပိတ်လိုက်သည်။အပ်ပေါက်ပိတ်ပြီး ကြက်ချေးလူးထားလိုက်သည်။ဤသို့ ဘိန်းထည့်ထား သော ကြက်ဥများကို လိုသလောက် စီစဉ်သည်။ ကောက်ရိုး ကြက်ဥခြင်း၏အောက်ပိုင်း တွင်ဘိန်းထည့်ထားသော ကြက်ဥများထည့်ထားသည်။အပေါ်မှ ကြက်ဥကောင်းများ ထည့် လိုက်သည်။ကြက်ဥကုန်ကူးသည့် ဟန်ဖြစ်၏၊ လွတ်ကျွတ် လေသည်။မမိချေ။

ဘူးသီးကြီးကြီးများကို ကြပ်ခိုးတင်ထားသည်။ခြောက်လျှင် ဘိန်းများသိပ်ထည့် သည်။အပြည့်မထည့်ပါ။ပြီးလျှင်ဘူးသီးကိုယ်လုံးတွင် ခြင်းယက်ကပ်လိုက်သည်။ ဘူးသီး ရေဘူးဖြစ်သွားသည်။စဥ့်အိုးပကြီးမယ်ထဲတွင်ဘိန်းသိပ်ထည့်လိုက်သည်။အပေါ်မှ မုန်ညင်း ချဉ်ထည့်၍မုန်ညင်းချဉ်ဖတ်ရောင်းဟန်ပြုသည်။ကျွဲ၊နွားထမ်းပိုး၊ဝါးထမ်းပိုးဖြစ်စေ၊အသား (သစ်သား)ထမ်းပိုးဖြစ်စေ၊အပေါက်ထွင်း၍ဘိန်းထည့်ထားသည်၊ နွားလှည်းက မောင်းသွား သည်။တစ်ခုခုတင်၍သွားသည်၊အနံ့ ကွက်အောင်ရှိန်းခိုနှင့်ဆေးကောင်းရေစိမ်ပြီးသုတ်ထား လေသည်။ဤသည်တို့မှာဖခင့်ဘိန်းကုန်ကူးသောပညာတစ်ပိုင်းတစ်စသာဖြစ်၏။

ဖခင်၏အဖော်ဦးလဗျရှိလေသည်။သူကားကြောက်တတ်သည်။ရဲများကို တွေ့လျှင် အလွန်ကြောက်သည်။ဖခင်က သင်တန်းကောင်းကောင်းပေးထား၍ နောက်ပိုင်းတွင် ဘိန်း ကုန်ကူးအဖော်ကောင်းဖြစ်သွားသည်။ ဘိန်းရှုနည်းလည်း သင်ပေးသည်။ဖခင်သည် သူ၏ အဖော် ဦးလဗျကို အတော်သဘောကျလေသည်။သဘောကျတော့ ယောက်ဖဖြစ်သွား သည်။သူ၏တစ်ဦးတည်းနှမကို ဦးလဗျနှင့်လက်ဆက်ပေးစားလိုက်လေတော့သတည်း။

## ကျွန်တော်၏မိခင်

ကျွန်တော်၏မိခင်အမည်သည် ဒေါ်ဖော့မိုင်ဘောက် ဖြစ်သည်။ဒေါ်စိန်ဂျပ်ဘောက် ဟုလည်းခေါ်သည်။တရုတ်ပြည်၊ယူနန်ပြည်နယ်-နယ်စပ်-မုန်ယာဝါမူးရွာ ဇာတိဖြစ် သည်။ ဂျိန်းဖောလူမျိုးဖြစ်သည်။မိခင်လည်း စာတစ်လုံးမျှ မတတ်ပါ။သူတို့ရွာမှပန်းတောင် ကိုင်၊ ကွမ်းတောင်ကိုင်ဖြစ်သည်။ကဖော်၊ခေါင်ရည်၊အရက်ကောင်းကောင်းချက်တတ်သည်။ ကြက်၊ ဝက်၊မွေး ဝါသနာ ပါသည်။တိရစ္ဆာန်များကို အလွန်ယုယ ခင်တွယ်တတ် သည်။မိခင်၌ ထူးခြားသော အချက် အလက်များရှိပါသည်။မိခင်မွေးထားသော ဝက်မကြီး တစ်ကောင်၊ ကလေး(၁၄) ကောင်မွေးသည်။လယ်တောတစ်ခုအနီးကလေးမွေးသည်။လယ်တောများစပါး

များကို စားသည်။ လယ်ရှင်တို့က ပစ်သတ်၍ ဝက်သား များလာပေးသည်။ ဝက်သားစားလျှင်သူ့ဝက်မှန်းသိသည်။

ဝက်ကလေးများသည် မိခင်သေသွား၍ နို့မစို့ရသောကြောင့် ဒုက္ခရောက် ကြသည်။မိခင်သည် စိတ်မကောင်း၊သစ်ပင်နှင့်ဝါးကို ခုတ်ယူပြီး ပြောင်းပြန်ချန်၍ ဝက်မကြီးသေသောချွေးကွက်တွင် ရိုက်သွင်းသည်။ပါးစပ်ကလည်း အမျိုးစုံအောင် ပြောသည်၊ ကျွန်တော်နားလည်လိုက်သော စကားမှာ 'ငါ့ဝက်မိသားစုသေကွဲကွဲသကဲ့သို့ဒင်းတို့လဲဖြစ် ကြပါစေ'ဟုဖြစ်၏၊တစ်လအတွင်းဝက်မကြီးကိုပစ်သတ်စားသောက်ကြသောအိမ်ထောင်စု တစ်ယောက်ပြီးတစ်ယောက်သေကွဲရှင်ကွဲဖြစ်ကြသည်။နလံမထူတော့၊တစ်ခါကလည်း ငါ့ခွမ်းစိုက်ခင်းတွင်သီးညှပ်စိုက်ထားသော တောင်ယာ သခွားသီး ကို မျိုးထားရန် ယုယ ထားလေသည်။ အနေတော် ဖြစ်လောက် သောအခါ ခူးယူရန် သွားကြည့်လျှင် သခွား သီးမရှိတော့ပါ။မိခင်သည် သခွားသီးအညှာကိုလက်ပြန့်ကိုင်၍တစ်ခုခုပြောသည်။ နောက် (၂) ရက်ကြာလျှင် ဦးဖော်ဂျူလ ဟာတောင်းပန်သည်။ဝမ်းလျှော ဝမ်းကိုက်ဖြစ်သည်မှာ အလူး အလဲဖြစ်သည်ဆိုသည်။သူ ခူးစားသည်ဟု ဝန်ခံသည်။သခွားသီး တန်ဘိုး၏ နှစ်ဆ ပေးသည်၊ ကျေနပ်လိုက်သည်။ မိခင်သည်လူသေလိပ်ပြာခေါ်တတ်သည်။ပို့လည်းပို့တတ်သည်။ တစ်ခါကကောင်မလေးတစ်ယောက်သေသည်။လိပ်ပြာခေါ်၍ရပ်ဝေးမှဆွေမျိုးများကိုသွားခေါ်ရန်ပြောသည်။ရပ်ဝေးက သေသူကောင်မလေး၏ အမျိုးများနေ့ချင်းညချင်းရောက်လာကြ၍ လူစုံ တက်စုံ အသုဘချကြလေသည်။မိခင်သည် ဘာသာခြားကို လည်း ယုံ၏၊ ဗုဒ္ဓဘာသာ ကိုလည်း စိတ်ဝင်စား၏၊ဗုဒ္ဓဘာသာသို့ မဝင်ဖြစ်ဘဲ ဘာသာခြားသို့ ဝင်ဖြစ်သွားသည်။ ကျွန်တော်လည်း လိုက်ဝင်သည်။

မိခင်၏မောင်အရင်း နွားသတ်သမားသေခါနီးခြောက်လနှံ့ရာ လိပ်ပြာပို့နည်းနှင့် ပို့လိုက်သည်။ နွားလိုအော်၊ကျွဲလိုအော်၊ဝက်လိုအော်၊ကြက်လိုအော်ပြီးအသက်ထွက်သွားသည်။မိခင်သည်ကချင်ရိုးရာ ဂျပ်ခုတ် ယက်ကန်းအတတ်ကို တစ်ဘက်ကမ်း ခတ် တတ်မြောက်လေသည်။တစ်ရွာလုံးမှအမျိုးသမီးတို့ကို အခမဲ့သင်ပေးသည်။မိခင်သည်စကားပြောအလွန်ချိုသာလေသည်။မိခင်နှင့် ဖခင် အိမ်ထောင်ကျစဉ်တွင် တောသူဌေးဖြစ်သူ ကျွန်တော်တို့ အဘိုးရှိ သေးသည်။တောသူဌေးဖြစ်သော်လည်း အဘိုးနှင့် ဖခင်တို့ဘိန်းပြိုင် ရှူ၍ ကုန်း ကောက်စရာမရှိအောင် ဆင်းရဲသွားရတယ်ဟုပြောပြလေ၏။

မိခင်သည် အလွန်ဝေးလံသော ခရီးလမ်းကို ညအချိန်တွင် တစ်ယောက်တည်း ခရီးသွားရဲလေသည်။မအိပ်မနေသွားသည်။တောကောင်ကို မကြောက်၊ဆိုင်ရာ ပိုင်ရာတို့ကို တိုင်တည်သွားလျှင်ကိစ္စမရှိဘူးဟု ပြောဘူးလေသည်။စကားပြောသံ သာကြားပြီးလူကိုမမြင်

ရသောသူတို့က ညခရီးသွားလမ်း၏ လက်ဝဲလက်ယာမှ လိုက်စောင့်ရှောက်ပေးကြသည်ဟု ခဏခဏ ပြောပြလေသည်။

မိခင်သည် ရုပ်ရည် ရှုပကာ လှပသောကြောင့် စုန်းထီးများပြုစားခြင်းခံရသည်ဟု ဆိုသည်။ကျွန်တော့်အသက်(၁၅)နှစ်တွင် ကွယ်လွန်လေ၏။မိခင်ကွယ်လွန်လျှင်အဝတ်ဖြူ ဝတ်သောပုဂ္ဂိုလ်တို့နှင့်အတူတူနေထိုင်သည် ဟု ခဏခဏ အိပ်မက်လာ ပေးလေသည်။ ကျွန်တော့်ကိုလည်းအရက်မသောက်၊ဘိန်းမရှုရန်၊မလိမ်မကောက်ရန် အိပ်မက် ထဲက ဆုံးမ လေ၏။ကျွန်တော်သည် မိခင် ဖခင်တို့၏ မွေးကျေးဇူးကို ဆပ်သောအားဖြင့် တရား အားထုတ်မည်ဟု ပြောပြလိုက်ပါသတည်း။

## ကျွန်တော့်အကြောင်း

ကျွန်တော်၏အမည်သည် ကချင်အမည်၊ မြန်မာအမည်၊ ရှမ်းအမည်ဟူ၍ သုံး မျိုးရှိပါသည်။ကချင်အမည်သည် မောင်တူးလုံ( TU LUM )ဖြစ်လေသည်။မြန်မာ အမည် ကား မောင်တိုးလုံဟု ခေါ်ပါသည်။ကချင်အမည်(တူး)ကို မတူးရလေအောင်(တိုး)ဟုယူပြီး (လုမ်)ကိုကား လုံခြုံအောင်(လုံ)ဟုယူပြီးမှည့်ယူသည်။ ရှမ်းအမည်မှာ (ခမ်းဆိုင်)ဖြစ်သည်။

ကျွန်တော့်တွင် အစ်ကိုသုံးယောက်၊ အစ်မနှစ်ယောက်၊နှမတစ်ယောက်ရှိလေသည်။ အစ်ကိုနှစ်ယောက်၊အမနှစ်ယောက်၊နှမတစ်ယောက်၊အားလုံးငါးယောက်သေကုန်သည်။ ကျွန်တော်သည်ခြောက်ယောက်မြောက်ဖြစ်လေသည်။ကျွန်တော့်ကိုမွေးမွေးချင်း၊မိခင်၏ ဝမ်းထဲက ကျွတ်ကျွတ်ချင်း မိခင် နို့မစို့ပါ။ အဒေါ်ကြီးဒေါ်တို့ နို့ကိုလည်းမစို့၊ နွားနို့၊ ဆိတ်နို့လည်းမစို့၊မသောက်ပါ။မုန့်လည်းမစားပါ။အချိုရည်ရှိသော အသီးတို့၏ အရည်ကို ညှစ်ယူပြီး ထမင်းကိုဝါး၍ ထိုအသီးရည်နှင့် ရောပြီး မီးတွင် ဖက်နှင့်ဖုတ်၍ စားပြီး ကြီးလာခဲ့ပါသည်။မိဘများကကျွန်တော့်ကိုလည်းသေမည်ဟုထင်ကြကြောင်း ပြောကြသည်။

ကျောင်းသားအရွယ်ရောက်လျှင် ကိုယ့်သဘောနှင့်ကိုယ်ခရစ်ယာန် (နှစ်ချင်း) သို့ ဝင်သည်။ကျွန်တော်၏မိဘများက သေသွားသောကလေးငါးယောက်တို့သည် နို့ကောင်း ကောင်းစို့ရတာတောင်သေသေးတာ၊ဒီကလေးနို့မစို့ရဘဲနဲ့သေဘို့ပိုများတာပေါ့၊ မသေခင် သူ့ကို ကျွေးချင်တာအကုန်ကျွေး၊ဝဝလင်လင်စားပြီးသေပါစေ ဟု ဆိုကြသည်။ ကျွန်တော့် ကိုအမဲသား၊ ဝက်သား၊ ကျွဲသား၊ ကြက်သား၊ ကြက်ဥ၊ ချေသား၊ ဒရယ်သား၊ ဆတ်သား၊ တောဝက်သား၊ ဖြူသား၊ မြွေခွေးသား၊ ငှက်သား၊ ငါး စသည့် အသား တို့ကိုကျွေးကြသည်။ ကျွန်တော်သည်လက်ညိုးထက်ငယ်သောငါးကလေးကို အိုးကပ် ချက်ထားလျှင်ပင်အရိုးထွင်စားပါသည်။

'ဒီလောက်ငါးအိုးကပ်ချက်ကိုအရိုးတွင်စားရသလား၊ သွားမရှိဘူးလား' ဟု ဆိုပြီး လက်ကိုအရိုက်ခံရသည်။ ဝက်သားသည် ကျွန်တော့်အတွက်အဆိုးဆုံးဖြစ်သည်၊အမဲသားလည်းဆိုး၏၊ဝက်သားအမဲသားစားလျှင်ဗိုက်နာမဆုံးတော့၊ဗိုက်နာပါများလာလျှင်ကျွန်တော်သည်ဗိုက်ပူနံကားဖြစ်လာတော့သည်။ငါးပိစားလျှင်ယားသည်။အနံ့ချင်သည်။သူများတကာစားသောအသားအစိမ်းသုတ်ကိုလုံးဝစားမရပါ။

ကျွန်တော်သည်နို့စို့ပြီးကြီးလာသူမဟုတ်၍လားမသိ၊နို့စို့ကြီးလာသူများ၏အပြောအဆိုအလုပ်အကိုင်အကြံအစည်တို့ကိုများသောအားဖြင့်မနှစ်သက်ပါ။ အတွေးအခေါ် အယူအဆတစ်မျိုးဖြစ်မှန်းမသိ ဖြစ်နေပါသည်။ထို့ကြောင့်သူငယ်ချင်းမိတ်ဆွေအပေါင်းအသင်းမထား၊မရှိတစ်ကိုယ်တော်နေထိုင်သွားလာသည်ကို နှစ်သက်ပါသည်။ မိဘတို့ လုပ်ကိုင်သောအလုပ်အကိုင်ကိုလည်းသဘောမကျ၊ ကူညီလုပ်ကိုင်ခြင်းကိုတော့ ကြိုးစားပြုပါသည်။ ရဲဖန်ရဲခါအကြောင်းမရှိငေးမောနေတတ်ပါသည်။ ကျွန်တော်ငြိမ်ငြိမ်ဆိမ်ဆိမ် ငေးမော နေလျှင်တစ်စုံတစ်ယောက်သည် ကျွန်တော်နှင့်အတူ အနီးကပ်ရှိနေပြီးတစ်ခုခုပြောနေသည်၊ ရဲဖန်ရဲခါမပီသ၊ရဲဖန်ရဲခါပီသသည်။ပြောသူကိုမမြင်ရပါ။ဤကဲ့သို့ဖြစ်သောကြောင့်နာမ်လောက၊ပရလောကမှအယူတ်အလတ်အမြတ်ကို ကျွန်တော်မကြောက် မရွံ့ဖြစ်လာ သောအကျိုးတရားများရရှိလာပါသည်။

ကျွန်တော့်အကြောင်းကျွန်တော်ရေးမည်ဆိုလျှင် အများကြီးဘဲ၊ ရေးမကုန်၊ရေးမပြီးဘဲရှိမည်။ ထို့ကြောင့်ကျွန်တော်အရေးလိုဆုံး၊အရေးချင်ဆုံးကို အကိုချုံးအကျဉ်းရုန်း သာရေးလိုက် ပါတော့မည်။၁၉၄၅–ခုနှစ်ဂျပန်ခေတ် ခေါ်ဒုတိယ ကမ္ဘာစစ်မီး မြန်မာပြည်တွင်ကျန်နေသေးသည်ဟုဆိုနိုင်ချိန်ဖြစ်သည်။မြန်မာပြည်ကဂျပန်ပေတို့ကို တော်လှန်တိုက်ထုတ်နေချိန်ဖြစ်သည်။ကျွန်တော်တို့မိသားစုလည်းပြေးရလွှားရချိန်၊ ကျွန်တော်လည်းသုံးနှစ်သားပြေးတတ်လွှား တတ်ခါစဖြစ်၊ စစ်ပြေးကြရသည်မှာလည်းတကွဲတပြား၊ကျွန်တော်တစ်ယောက်တည်းတောထဲမှန်းပြေး၊ရမ်းပြေးပြေးရင်းသဘာဝအဝီစိတွင်း(တချို့လည်းနဂါးတွင်း) ခေါ် တွင်းကြီးထဲ လိမ့်ကျလေသည်။

ထိုတွင်းကြီးသည်မည်မျှနက်ရှိုင်းသည်ကိုမသိရပါ။ကျွန်တော်ကံကောင်းပါသည်။ထိုတွင်းထဲတွင်သစ်မြစ်များနွယ်ပင်များယှက်နေကြသည်။ထိုအပေါ်တွင်ကျွန်တော်သွားတင်နေသည်။တစ်ညလုံးမအိပ်ရ၊အပေါ်သို့လည်းမတက်နိုင်၊ညဖြစ်၍မှောင် မိုက်နေသည်။ နွယ်ပင်များကိုဖက်တွယ်၍တစ်ညလုံးနေရသည်။ နောက်တစ်နေ့ကျမှ ကျွန်တော့်ကို လာကယ်ကြသည်။

ကျွန်တော်အိမ်အမြင့်ကြီးက တစ်ခါလိမ့်ကျဘူး၏။ သေနိုင်သော်လည်းမသေခဲ့၊ ကျွဲပေါ်ကလည်းခဏခဏ မကြာမကြာ လိမ့်ကျဘူး၏။ ဖျားနာလျှင်လည်း မေ့မျှောသည်။

အထိဖျား၏။ ကျွန်တော်ဗိုက်ပူနံကားရပ်ပျက်ဆင်းပျက်ဖြစ်လာသည်။ မိဘများကလည်း အံ့ဩနေသည်။ အသက် (၁၀)နှစ်ကျော်လာပြီ၊ ဒီကလေးဟာ သေမလိုလိုနဲ့မသေသေး ပါလား ဟုပြောကြသည်။ကျွန်တော်အသက်ရှူပြင်းထန်သည်ဟုဆိုပါသည်။ ရှူရှဲ-ရှူရှဲ ဟု ရှူသည်။

ကျွန်တော်နှင့်ပေးစားမည့်မိန်းကလေးလည်းရှစ်ဦးရှိလေသည်။ အိမ်ထောင်ကျပြီး ကလေး မွေးလာလျှင်ကျွန်တော်၏အစ်ကိုအစ်မငါးယောက်သေကြသကဲ့သို့သေကြမည် ဟု ထင်၍ကျွန်တော်အိမ်ထောင်ကျမည်ကိုကြောက်ရွံ့နေပါသည်။ ထို့ကြောင့်အိမ်ထောင်မပြုဖြစ် ပါ။ ကျွန်တော်သည်အိပ်မက်သူဌေး ဖြစ်ပါသည်။ ကျွန်တော်ပိုင်သောဥစ္စာရတနာသည် ဂုံနီအိတ်နှစ်အိတ် အပြည့်ရှိသည်ဟုဆိုပြီးအိပ်မက်ထဲတွင်လာပို့ပေးကြသည်။ ကျွန်တော် မ လိုချင်ဟုပြောလျှင် တစ်အိတ်ကို အရိမေတ္တေယျဘုရားသိုက်သို့လှူလိုက်ပြီး၊ တစ်အိတ် ကိုမတော့ချန်ထားသေးသည်၊ အရေးကြီးလျှင်ယူဟုပြောလာကြသည်။

တိဘက်ပြည်ကတိဘက်ဘုန်းကြီးများအိပ်မက်ထဲတွင်လာခေါ်ကြသည်။ပြန်လာရန် နှိုးဆော်ကြသည်။ တရားရမှပြန်လာမည်ဟု အိပ်မက်ထဲမှ ပုဂ္ဂိုလ်တို့ကိုပြောလိုက်သည်။ ကျွန်တော်၏ အလောင်းသည်မပုပ်မသိုးရှိနေသည်။ ကျွန်းခေါင်းထဲတွင် ထည့်ထားသည်။ လူအစိတ်၊သုံးဆယ်တို့သည် နေ့ဆိုင်းညဆိုင်းနှင့် ကျွန်တော်၏ အလောင်းကို စောင့်ရှောက် နေကြသည်ဟု အိပ်မက်မက်သည်။ ကျွန်တော်နေမကောင်းခြင်း၊ အသည်း အသန်ဖြစ်ရင် ထိုအလောင်းသို့ပြန်သွားသည်ဟု မကြာခဏ အိပ်မက်မက်လေသည်။

တချို့လည်း ကျွန်တော့်ကို သိုက်ကလာသည်ဟု ဆိုကြသည်။ တချို့လည်းထွက် ရပ်ပေါက်ရန်ကိစ္စ မပြီးတပြီးမပျံလွန်သွားခြင်းဖြစ်သည် ဟု ဆိုကြသည်။တစ်ချိန်က ကျွန်တော်တရားအား ထုတ်နေစဉ် အာရုံထဲတွင်ရေကန်ကြီးတစ်ကန် တွေ့သည်။ ရေကန်သည်ဆောင် (မတ်)လာ၍ မှန်ကဲ့သို့ဖြစ်သွားသည်။ရောမမှန်ချပ်ကြီးဖြစ်နေသည်၊ထို မှန်ထဲမှ ရဟန်းတော်များ၊ရသေ့များ၊အဝတ်ဖြူဝတ်များထွက်လာပြီးကျွန်တော့်ကိုစကားပြော ကြသည်။ နောက်လည်း လာမည်ဟု ပြောကြသည်။ပြီးလျှင်ရေကန်ပြန်ဖြစ်သွားသည်။ ထိုသူတို့ပြောသောစကား၊ဟောသောတရားတို့ကို အကျယ်တဝင့်ရေးသားလိုပါ၏။ ယခု အချိန် တွင်မူ အိပ်မက်သူဌေး ကဏ္ဍ၌တွင်ရပ်ဦးမည်။

## ရဟန္တာများကို သိရန်ခက်သည်

ကချင်ပြည်နယ်၏ မြို့တစ်မြို့တွင် ဘုရားပွဲ ကျင်းပပါသည်။ ထိုဘုရားပွဲသို့ ပင့်သံဃာများအပြင်အနယ်နယ်အရပ်ရပ်မှ အာဂန္တုရဟန်းရှင် လူများ ရောက်လာကြသည်။ ထိုဘုရား(စေတီ)ကျောင်းမှ ဆရာတော်သည် ယခုနှစ်ဘုရားပွဲသို့ ရဟန္တာတစ်ပါး ကြွ လာမည်ဟုအိပ်မက်မက်လေသည်။ ဘုရားပွဲရောက်လျှင် သံဃာတော်(၅၀၀)ခန့်ဖြစ်နေသည်။ အဘယ်ကိုယ်တော်သည် ရဟန္တာမှန်း မသိမရွေးချယ်တတ်၊အိပ်မက်ထဲက ရဟန္တာ နှင့် ခပ်ဆင်ဆင် ကိုယ်တော်တွေကလည်းပါနေ။ဤသို့အရွေးရခက်နေသည်။ထိုရဟန္တာအရှင်သူ မြတ်အားသက်န်းပရိက္ခရာလှူချင်သည်။နောက်ဆုံးတွင် ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ် သားသား ချလိုက်တော့၏၊ထိုဆုံးဖြတ်ချက်မှာ ကြွလာသော သံဃာတော်အားလုံးအား တစ်ပါးလျှင် သင်္ကန်းတစ်စုံစီ ကိုယ်စီကိုယ်ငှ လှူရန် စီစဉ်လိုက်ခြင်းပင်ဖြစ်၏။

ဘုရားပွဲပြီးသောအခါ သံဃာတော်များ ပြန်ကြွကြလေပြီ၊ပွဲရှင် ဆရာတော်သည် ရဟန္တာအရှင်သူမြတ်ပါလျှင် ဤအလှူစာကို အလှူခံတော်မူပါ ဘုရားဟု ကြေငြာ၏၊ ကိုယ်တော်ကြီးတစ်ပါး အလှူလာခံလေသည်။ထိုကိုယ်တော်အား လှူဒါန်းလိုက်လေသည်။ ထိုအလှူစာကို လက်ခံသော ကိုယ်တော်ကြီးသည် ကျောင်းအပြင်ရောက်လျှင် ဝမ်းလျှော တော့၏။ ခရီးမသွားနိုင်၊မိမိသည် ရဟန္တာ ဟန်ဆောင်၍ အလှူခံမိသည်ဟု ဝန်ခံလေ၏။ ဤသို့ဆိုလျှင်ရဟန္တာများသည် မိမိက ရဟန္တာဖြစ်ကြောင်းဝန်မခံကြ။ကြော်ငြာခြင်းမပြုကြ။ ဤသို့နှင့်ထိုဘုရားပွဲသို့ရဟန္တာတစ်ပါးကြွလာခြင်းရှိမရှိကိုကားမည်သူမျှမသိလိုက်၊သို့သော် သံဃာတစ်ပါးမကျန်သင်္ကန်းတစ်စုံစီ ရရှိသောကြောင့် ထိုသင်္ကန်းအလှူရှင်ဆရာတော်သည် မိမိလှူဒါန်းသော အလှူကို ရဟန္တာပုဂ္ဂိုလ်လည်း ရရှိသည်အမှန်ဖြစ်မည်ယုံကြည်၍ပီတိဖြစ် နေလေသတည်း။

## ဗောဒတ်ကိုယ်တော်ကလေး

ကချင်ပြည်နယ်၏ မြို့တစ်မြို့တွင်ရှိသော ဘုန်းကြီးကျောင်းတစ်ကျောင်းသို့ ကို ရင်ကြီးတစ်ပါးသင်္ကန်းစုတ်စုတ်ချာချာနှင့် ရောက်လာလေသည်။စိတ်မနှံ့ပုံရှိသည်၊ပြော ချင် ရာပြော၊ဆိုချင်ရာဆိုလေသည်။ထိုကိုရင်ကြီးသည် ထမင်းလျှောက်တောင်းစားသည် ဟုပြော သည်။ထမင်းကျွေးကြသည်။ပလုတ်ပလောင်းဘုန်းပေးလေသည်။ဆွမ်းဘုန်းပေးပြီးနောက်သူ ၏အလုပ်စတော့သည်။"ဗုဒ္ဓေါ–ဗုဒ္ဓေါ–ဗုဒ္ဓေါ–ဗောဒတ်"ဟုဆိုလေသည်။အကြာကြီးဆို နေ သည်။ကျောင်းထိုင်ဆရာတော်ကြီးကဆိုသည်။ (ဗုဒ္ဓါနုဿတိဂုဏ်တော်) ကမ္မဋ္ဌာန်း အား ထုတ်ရာတာဘဲ၊သူတော်ကောင်းဘဲဟုပြောသည်၊"သူ့ကိုနေ့တိုင်းဆွမ်းကောင်းကောင်း ကျွေး ကြဟု" ခန်းနေ ဦးပဉ္စင်းများကို မှာတော်မူလေသည်။

သုံးလေးရက်အကြာတွင် ကျောင်းထိုင်ဆရာတော်သည် အခြားရွာသို့ ဆွမ်းဘုန်ပေးအပင့် အဘိတ် သို့ကြွသွားလေသည်။ကျောင်းတွင်ကျန်ရစ်သော ခန်းနေဦးပဉ္စင်းသည်ကိုရင်တို့ကိုခေါ်၍အာဂန္တုကိုရင်ကြီးအား ခွေးများနှင့် ရှူးတိုက်တော့သည်။ကိုရင်ကြီးသည်ခွေးများ၏အလယ်တွင် "ဗုဒ္ဓေါ-ဗုဒ္ဓေါ-ဗုဒ္ဓေါ- ဗောဒ္ဓတ်" ဟု ဆိုနေလေသည်။မကြာခင်ခွေးများ၏ အလယ်ခေါင်မှ ပျောက်သွားလေတော့သည်။ညနေတွင် ဆရာတော်ပြန်ကြွလာသည်။ကိုရင်ကြီးဘယ်ကြွသွားလဲဟုမေးသည်။မေးမရ၊နှုတ်မလုံ၍ကြောက်တတ်သောကိုရင်ကလေးကို မေးလေသည်၊ဦးပဉ္စင်းခိုင်း၍ခွေးနှင့်ရှူးတိုက်ရာချက်ခြင်းခွေးများအလယ်တွင်ပျောက်သွားကြောင်း၊လျှောက်ထားလေသည်။ဦးပဉ္စင်းကိုခေါ်တော်မူ၍ တိုင်ကိုဖက်ထားစေပြီး "ငါ့ကိုမမဲ့ဝိဇ္ဇာ လာတာကို မင်းကခွေးနဲ့ရှူးတိုက်တယ်ပေါ့" ဟု ဆိုကာကြိမ်တုတ်နှင့်လိမ့်ရိုက်တော့၏။

ဦးပဉ္စင်းကလေးက နောင်ကိုဆင်ခြင်ပါ့မယ် ဟုပြော၏။ "နောက်ဆို ဘယ်တောလာမယ်မသိတော့ဘူး၊အချိန်လွန်သွားပြီ၊ဟုဆိုပြီးလိမ့်ရိုက်မြဲလိမ့်ရိုက်ရာ ဦးပဉ္စင်းကလေးနောက်ကျောကုန်းသည်ငါးမြေးခွံကဲ့သို့ဖြစ်နေလေတော့သည်။ သိရခက်လှသည်၊ ဥာဏ် ‹ စရာ၊သိပ္ပံသမားများလက်လှမ်းမမီသောကိစ္စပင်ဖြစ်ပါတော့သည်။အတုမရှိသောတရားတော်၏အဖြေလွှာကောင်းပေတည်း။

## မေတ္တာခရီးလမ်း

နယ်ခြားတောင်တန်းသာသနာပြု ဆရာတော်ကြီးအရှင်ဥတ္တမသာရ အရှင်မြတ်ကြီးခန္ဓာဝန်ချတော်မူသည့်နောက်ပိုင်းတွင် "မေတ္တာခရီးလမ်းဆောင်းပါး" ကို မဖတ်ရှုရတော့သည့်အတွက် ဓမ္မဗျူဟာ မဂ္ဂဇင်းကို ဖတ်ရှုရသည်မှာ တစ်ခုခုလိုနေသကဲ့သို့ ဖြစ်မိပါသည်။ ထို့ကြောင့်ဆရာတော်ဘုရားအား အလွမ်းပြေ၊အလွမ်းဖြေသည့်အနေနှင့် ဤအရှင်သည် "မေတ္တာခရီးလမ်း "ဆောင်းပါးကိုရေးဖြစ်ခြင်းဖြစ်ပါသည်။

စာရေးသူ "ဤအရှင်" ဟူသောအသုံးအနှုန်းကိုလည်း သဘောကျ နှစ်သက်မိ၍ "ဤအရှင်"ဟူသော ဝေါဟာရကိုပင် အထွင့်အမြတ်ဝေါဟာရ အဖြစ်အတုခိုးရေးသားလိုခြင်းဖြစ်ပါသည်။သို့ရာတွင် ဆရာတော်ကြီး၏ မေတ္တာခရီးလမ်းဆောင်းပါးကဲ့သို့ကား ကောင်းမည်၊ပြည့်စုံမည်၊အပြစ်ကင်းမည်ဟုဆိုနိုင်ရန်ခက်လှပါသည်။သို့ရာတွင် ဤအရှင် ရေးသားသော "မေတ္တာခရီးလမ်း "ဆောင်းပါးကို ဖတ်ရှုပြီးစမ်းကြည့်သူ ဇာရှုသူပါရမီရှင်တို့၌မပြောပလောက်သော ဗဟုသုတများရရှိကြပြီဆိုလျှင်ပင် ရေးသားရကျိုးနပ်ပါပြီဟု ယုံကြည်ပါ၏။ ဝမ်းမြောက်ပါ၏။

စာရေးသူဤအရှင်သည်လူမျိုးမခြား ဘာသာခြားမှဗုဒ္ဓဘာသာသို့ဝင်ရောက်လာသူဖြစ်ပါသည်။ထို့ကြောင့်ဤအရှင်၌ ရှုထောင့်အမျိုးမျိုးဘက်မှ အားနည်းချက်များ တသီတတန်းကြီးရှိနေမည်ဖြစ်ပါသည်။ဤအရှင်၏ဇာတိဖြစ်သောရှမ်းပြည်မြောက်ပိုင်းလားရှိုးခရိုင်၊

ကွတ်ခိုင်မြို့နယ်၊ မုန်ယာဝါမူးနယ်သို့ပြန်မရောက်သည်မှာ နှစ်ပေါင်းလေးဆယ့်နှစ်နှစ်ရှိပြီဖြစ်၍ မပျံလွန်ခင် တစ်ခါတစ်ခေါက်ရောက်လို၍ပြန်ကြွခြင်းဖြစ်ပါသည်။ " မုန်ယာဝါမူးနယ် "သည်ရွာပေါင်း သုံးဆယ်ကျော်ရှိသော နယ်ကို စော်ဘွားတစ်ပိုင်စာတစ်မြို့စာ သတ်မှတ်ထားသောရွာအုပ်စုဖြစ်လေသည်။မြန်မာ(ဗမာ)ဗုဒ္ဓဘာသာ တစ်အိမ်မျှမရှိ၊မြန်မာ(ဗမာ)လူမျိုးလည်း တစ်ဦးတစ်ယောက်မျှ မရှိသော နယ်ဖြစ်လေသည်။ကချင်လူမျိုး၊ ရှမ်းလူမျိုး၊ပလောင်လူမျိုး၊တရုတ်လူမျိုးများသာနေထိုင်ကြသည်။ အုပ်စုအများဆုံးမှာကချင်ဖြစ်ကြ၍ဘာသာခြားများဖြစ်ကြသည်။ဤအရှင်သည်မန္တလေးမှတရုတ်မြန်မာနယ်စပ်မြို့ကလေးဖြစ်သောကျူကုတ်(ခေါ်)ပန်ဆိုင်းမြို့သို့သွားသော ကားကိုစီး၍သွားကြသည်။ တရုတ်ပြည်ယူနန်ပြည်နယ်နှင့် မြန်မာပြည်နယ်စပ်မြို့ကလေးဖြစ်၍နာမည်ကြီးသည်။ ဤမြို့ကလေးပန်ဆိုင်းသို့ရောက်ခါနီး(၅)မိုင်ခန့်အလိုတွင်ရွာတစ်ရွာရှိလေသည်။နမ့်တောင်း('**Namtau**')ရွာဖြစ်လေသည်။ဤအရှင် ငယ်စဉ်ကဤရွာသည် ကချင်လူမျိုးနှင့်ရှမ်းလူမျိုး တို့ရောပြွမ်းနေထိုင်ကြလေသည်။ ယခုမူ ရှမ်းလူမျိုးတို့ကိုမတွေ့ရတော့ပါ။ ကချင်လူမျိုးနှင့်တရုတ်လူမျိုးတို့သာသည်ကိုတွေ့ရလေသည်။ "ငါမရောက်တာနှစ်ပေါင်း(၄၀)ကျော်ပြီဆိုတော့ဒီလောက်တော့ပြောင်းလဲမှာဘဲ" ဟုတွေးမိပါ၏။ ဤရွာမှ အရှေ့သို့ခရီးဆက်ကြွရလေသည်။ကားစောင့်စီးလျှင်ရသည်၊ မူဆယ်ဈေးသို့သွားသော ဈေးအပြန် ကားကိုစောင့်စီးရမည်ဖြစ်၏။ညနေမှထိုကားရောက်လာမည်ဖြစ်လေသည်။ ကားကိုမစောင့်လိုတော့ပါ။ ခြေကျင်ကြွသွားပါသည်။အဖော်မပါတစ်ပါးတည်းဖြစ်၏။ ဤရွာ မှ စတင်ခရီးနှင်စဉ်နံနက် (၁၁:၃၀) နာရီခန့်ရှိပြီဖြစ်၏။ ခပ်မှန်မှန်ကြွလျှင် မိုးမချုပ်မီမုန်းပေါ်တောမြို့ကလေးသို့ ရောက်မည်ဖြစ်လေသည်။

နမ့်တောင်းရွာမှ ထွက်လျှင်ထွက်ချင်းဤနယ်ပါယ်မှ ရိုးရာနတ်များ၊ဘုမ္မစိုးနတ်၊ ရုက္ခစိုးနတ်၊အာကာသစိုးနတ် စသည့်နတ်တို့နှင့် တကွ စကြာဝဠာ အနန္တမှနတ်ဗြဟ္မာအပေါင်းကိုဖိတ်ခေါ်၍ ပရိတ် (၁၁) သုတ်ကိုရွတ်ဖတ်ပူဇော်ရင်းကြွသွားလေလျှင် တောင်ကမူ တစ်ခုသို့ရောက်လာလေသည်။ လမ်း၏လက်ဝဲ လက်ယာ သို့ဟိုကြည့်ဒီကြည့်လုပ်မိသည်။ခဏရပ်နားလိုက်သည်။ခဏကြာလျှင်ရှေ့တူရူမှစကားပြောသံကြားလိုက်သည်။ နားစိုက်ထောင်သည်၊ကချင်ဘာသာ စကားပြောလာသောကချင်အမျိုးသားနှစ်ဦးဖြစ်ကြသည်။ ဤအရှင်ကိုမြင်သောအခါ ကောင်းစွာပင်လမ်းရှောင်ပေးကြပါ၏။ ဘာသာခြားများပင် ဖြစ်ကြသော်လည်း မြို့ကြီးပြကြီးကဗုဒ္ဓဘာသာအချို့ပုဂ္ဂိုလ်များထက်ပင်တော်ကြပေသည် ဟု ချီးကျူးမိပါ၏။ ၎င်းတို့အားမပြုံးတပြုံးအမူအရာနှင့် "ဂဒဲဆာနာအီး " ဟု ကချင်ဘာသာနှင့်ပြော လိုက်လျှင်ထို သူနှစ်ဦးမှာအံ့ဩသောအမူအရာအပြည့်ရှိသွားကြပုံပေါ်၏။ နောက်ပြုံးလာ ကြသည် "နမ်းတောင်းဒဲ့ဝါနာ၊မုန်ပေါ်ဒဲ့နားဝါဂ –အိုင် " ဟု ပြောကြ၏။ ဤအရှင်မေးသည်မှာ "ဘယ်ကိုသွားကြမလဲ" ဟု အဓိပ္ပါယ်ရှိသည်။ ထိုသူတို့အဖြေသည်

"နမ့်တောင်းရွာကိုပြန်မယ် -မုန်းပေါ်ရွာကပြန်လာပါတယ်" ဟု အဓိပ္ပါယ်ရှိလေသည်။ယင်း တို့ကလည်းဤ အရှင်ကိုမေးမြန်းကြ၏။ (မုန်ယာ)သို့ကြွမည် ဖြစ်ကြောင်း ပြောပြပါ သည်။သူတို့အား ဤနေရာ (သူတို့နှင့်ယခု ဆုံတွေ့ သောနေရာ) တွင်ယခင်ကမည်ကဲ့သို့ဖြစ်ခဲ့ ပျက်ခဲ့သနည်းဟု မေးလျှင်ဤတောစပ်တောင်ကမူ တွင်ယခင်ကတိုက်ပွဲခဏခဏ ဖြစ်၍ သေကြေကြသော နေရာဖြစ်သည်ဟု ပြောပြကြသည်။ "ဓာတ်" တစ်လောကလုံး ဓာတ်ကသာ စကားပြောသည်၊ဓာတ်ကြောင့် ဤနေရာသို့ရောက်လာလျှင်စိတ်ဓာတ်တစ်မျိုးဖြစ်လာသည်ကိုသိ လိုက်သည်။ သဗ္ဗေဓမ္မာမနောဝိညာဏဓာတုယာ ဟူသောပဌာန်းတရားကိုလည်း ကွက်ကနဲ သတိရမိပါ၏။ သဗ္ဗေ အလုံးစုံသော၊ ဓမ္မာ–ဖြစ်ပျက်တရားတို့သည် မနောဝိညာဏဓါတုယာ၊ မနောဝိညာဏ်ဓာတ်ကြောင့်ဖြစ်၏ ဟုဘုရားဟောကြား တော်မူသည်။ ထိုကချင်အမျိုးသားနှစ်ယောက်လည်းခဏကြာလျှင်နှုတ်ဆက် ထွက်ခွာ သွားကြပြီ။ဤအရှင်သည် ဤနေရာ၌တိုက်ပွဲဖြစ်၍ကျဆုံးကြ သော နှစ်ဘက်ပုဂ္ဂိုလ် တို့အား ညီမျှသော မေတ္တာထား၍မေတ္တာသုတ်သုံးခေါက်ဆက်တိုက်ရွတ်ပြီးခရီးဆက်ကြွတော့၏။စိတ်ထဲတွင်လည်းပေါ့ပါးကြည်လင်သွားပြန်သည်ဟုခံစားလိုက်ပါသည်။

ဤအရှင်သည်ပရိတ် (၁၁)သုတ် ဆုံးလျှင်အစကပြန်ကောက်ရွတ်၍ခရီးနှင်နေ၏။ စုစုပေါင်း (၂)နာရီခန့်လျှောက်မိပြီထင်ပါသည်။ ကောင်းခါးရွာ ( Kaung Hka ) သို့ရောက်လာပြီ၊ရွာအဝင်ဝတွင်ကလေးသုံးယောက်ကိုတွေ့ရသည်၊ ဤအရှင်ကို တွေ့လျှင်တွေ့ချင်း တောထဲသို့ဝင်ပြေးကြလေသည်။ထိုအခါ ဤအရှင်ကလေးဘဝက ဘုန်းကြီးများနှင့်တွေ့လျှင် ရှောင်ပုန်းခဲ့ပုံကိုပြန်လည်သတိရ၍ ပြုံးမိပါ၏။ လမ်းတစ်လျှောက်ပရိတ် တရား နာကြားကြသောနတ်များလည်း ပြုံးမိကြမည်ဟု ထင်မိပါသည်။ ဤကောင်းခါးရွာ (Kaung Hka) ၌ ဤအရှင်၏ အမျိုးမကင်းသူများ ရှိကြပါသည်။ သို့သော်နှစ်ပေါင်း (၄၀)ကျော် ခွဲခွါ သွားပြီဖြစ်၍ တစ်နေရာသို့ပြောင်းရွှေ့ သွား[ ပီဟုထင်မိပြီးမမေးမမြန်း တော့ပါ။ အပြန်ခရီးကျမှမေးမြန်းမည်ဟု ဆုံးဖြတ်ပြီးခရီး သာဆက်ကြွပါ၏။

နောက်ထပ်တစ်နာရီကျော်ကျော်လျှောက်လျှင်"ကလေးချက်" ( Kale hkyet) ခေါ်တောင်ကြားလမ်းသို့ရောက်လာလေတော့သည်။ဂျပန်ခေတ်တွင်ဤတောင်ကြားလမ်းသည်အမေရိကန်မဟာမိတ်ရိန်း ဂျားတပ်နှင့် ဂျပန်တို့တိုက်ခိုက်ကြရာ အကျအဆုံးများကြသည်ကိုပြန်ပြောင်းသတိရမိပါ၏။ ထို့ကြောင့်မေတ္တာသုတ် သုံးခေါက်ရွတ်ဖြစ်လိုက်ပြန်ပါသည်။ မိတ်ဆွေ ဖြစ်ဖြစ်ရန်သူဖြစ်ဖြစ် အခြားလမ်းမရှိ၍ ဤတောင်ကြားလမ်းမှသွားကြရသည်။ ဤတောင်ကြားလမ်းသည်နာမည်ကြီးလှ၏။ ပါးစပ်ပြောရာဇဝင်လည်း အမျိုးမျိုးပြောကြလေသည်။ စာဖွဲ့လောက်သောလမ်းကြီးဖြစ်သည်။

ဤနေရာသို့ရောက်လျှင် သဘာဝရှုခင်းများကို တစ်ဝကြီးကြည့်ရှုမည်ဟု စိတ်ကူးပြီးငေးမောကြည့်ရှုမိပါသည်။ စိမ်းလန်းစိုပြေသော သစ်တောများ မရှိသလောက် ဖြစ်နေပြီ

စိတ်မကောင်းဖြစ်မိ၏။တရုတ်များစျေးပေါပေါနှင့်လာဝယ်ယူ၍ခုတ်ယူသွားကြသည်ဟု ယခင်နှစ်များက မြေးမကလေးရောက်လာ၍ပြောဘူးသည်ကိုသတိရမိပါ၏။

အဏ္ဏာတိတ်ကုန်းကြီး(တိုက်ကြီး)တစ်ခုလုံး သမုဒ္ဒရာဖြစ်သွားပြီးအဏ္ဏာတိတ်သမုဒ္ဒရာဖြစ်သွားသည်။ ဆာဟာရသမုဒ္ဒရာကြီးသည်ရေတစ်စက်မျှ မရှိတော့သောဧရာမဆာဟာရသဲကန္တာရ ဖြစ်သွားသည် ဟုဖတ်ရှုဘူး၏။ ဤအဖြစ်ထက်စာလျှင်တော်သေး၏ ဟုထင်မိပါသည်။

ပရိတ်ရွတ်ရင်းခရီးဆက်ကြသည်။ နာရီဝက်ခန့်ဆက်လက်လျှောက်မိလျှင်ခြေထောက်မသော့င်းသော်လည်းခြေဖဝါးစပ်ဖျဉ်းဖျဉ်းဖြစ်လာလေပြီ။ခဏထိုင်နားနေလိုက်သည်။ ကားသံကြား၍ လမ်းနံဘေးဘက်ကျကျ ရွှေ့ထိုင်သည်။တရုတ်လူမျိုးများ စီးသော ကားရောက်လာသည်။ဤအရှင်တစ်ပါးတည်းထိုင်နားနေသည်ကိုဝိုင်းကြည့်ကြသည်။ဗမာလို ဗိုဗိုသသ ပြောနိုင်သောတရုတ်ဒကာတစ်ယောက်ကားပေါ်က ဆင်းလာသည်။ မဟာ ယာနဗုဒ္ဓဘာသာကန်တော့နည်းနှင့်ကန်တော့သည်။သူကဗမာစကားနှင့်ပြောသည်။ဤအရှင်က ကချင်ဘာသာနှင့်ပြန်ပြောသည်။ ထိုအခါ ကချင်စကားတတ်ဟန်တူသောတရုတ် ဒကာတစ်ဦးဆင်းလာပြန်သည်။သူ့လက်ထဲတွင် တရုတ်ဖြစ်ဖျော်ရည်ဘိလပ်ရည်ဘူးများ ပါလာသည်။ကချင်စကားနှင့် နှုတ်ဆက်သည်။ ဤအရှင်က ဘယ်ကလာသနည်းဟု မေးရာ ဖေါင်းဆိုင်ကလာသည်၊ မူဆယ်မြို့သို့သွားမည်။ နောက် ရွှေလီမြို့သို့သွားမည်ဟု ပြောလေသည်။ဖျော်ရည် အကြီး အသေး (၂)လုံး ဖြစ်၏။လမ်းလျှောက်မောနေ၍ မသယ်နိုင်ဘူး–ဟု ပြောလိုက်လျှင် ဖျော်ရည်တစ်ဘူးကို ဖောက်၍ကပ်၏၊တစ်ဘူးကိုတော့ ယူထားလိုက်သည်။ အဖော်ကပ္ပိယ မပါဘူးလား၊ပါမှ ကောင်းမယ်" ဟု ပြော၏၊ ပါလျှင်ကောင်းတယ်၊မပါလျှင်ပိုကောင်းတယ် ဟု ပြောလိုက်လျှင် အထူးအဆန်းအောင်းမေ့သွားဟန်တူ၏၊ "လောကီအရ အဖော်လိုတယ်၊လောကုတ္တရာအရ အဖော်မလိုဘူး"ဟုပြော လိုက်ပါသည်။ထိုသူတွေက တွေတွေကြီးလုပ်နေပြီး " ဟုတ်တယ်၊ ဟုတ်တယ်" ဟုပြော ၏၊ခဏစကားစမြည်ပြောပြီးနှုတ်ဆက်ထွက်ခွာ သွားကြတော့၏၊ "နောက်ပြန်တွေ့မယ်"ပြော သွား၏၊

ဤအရှင်လည်း ခရီးဆက်ကြရာ မကြာမီ မုန်းပေါ်မြို့ကလေးသို့ ချဉ်းနင်းဝင်ရောက်သွားပါတော့၏၊မုန်းပေါ်မြို့ကလေးသည် ယခုခေတ်နှင့်နှိုင်းယှဉ်လျှင် တိုးတက်သင့်သလောက် တိုးတက်ဟန်မတူ။ဤအရှင်ယဉ်စဉ်အခါက ထက်စာပါမူကား အထူးတိုးတက်နေပြီဟုထင်ပါသည်။စျေးနေ့ကား ငါးရက်တစ်စျေးဖြစ်နေသေးသည်ဟုသိရသည်။ မုန်းပေါ်မြို့ကလေးသို့ ရောက်လျှင် စျေးရပ်ကွက်ကဆွေမျိုးအိမ်ကို စုံစမ်းမေးမြန်းကြည့်၏၊သုံးအိမ်ခြားတွင်ရှိကြောင်း လက်ညှိုးထိုးပြသည်။ထိုအိမ်သို့ ရောက်သောအခါ ခမည်းတော်၏နှမဖြစ်သူ၏သမီး "မောင်နမဝမ်းကွဲ" တော်သူနှင့် တွေ့၏၊ ဝမ်း သာကြသည်။

သို့သော် သူတို့သည် ဘာသာခြားဖြစ်ကြ၍ ၄င်းတို့အိမ်တွင် မတည်းခိုဟု ပြောလျှင် "တည်းလို့ မရဘူးလား " ဟု မေး၏၊ " မရဘူး " ဟု ပြောလိုက်သည်။

ဤအရှင်သည် ဈေးတန်းလျားတစ်ခုတွင် ကျိန်းရန် ရပ်ကွက်လူကြီးကို ပြောပေးရန် ဆန္ဒထုတ်ဖော်လိုက်သည်။အားနာပုံ ဖြစ်သွားကြ၏၊နမဝမ်းကွဲဖြစ်၍ အားမနာဘဲ အဖြစ် သနစ် အားလုံးဝိနည်းဆိုင်ရာများကို ပြောပြရလေသည်။ "ရှိစေတော့ရှိစေတော့" ဟုပြော ၏၊စာရေးသူ ဤအရှင်၏ပစ္စည်းကို ထားခဲ့ရန် ပြောပြန် သည်။ထားခဲ့ပါ၏၊ ပစ္စည်း ဆိုသော်လည်း အဘိုးတန်မဟုတ် တိုလီမိုလီသာဖြစ်သည်။ကျမ်းစာတစ်စောင်နှင့် ဒကာဒကာမများလှူလိုက်သော အင်္ဂလိပ်ဆေးမြန်မာဆေးပုလင်းတို့ဖြစ်၏၊ခြေထောက်လည်း တောင့်တင်းညောင်းညာကိုက်ခဲနေလေပြီ၊မိုးချုပ်စပြုလျှင် ပါလာသော ရပ်ပွားဆင်းထုတော် ကို ထုတ်ယူ၍ ခေါင်းရင်းတွင် တဘက်တစ်ထည်ခင်းကာပင့် ဆောင် ထားလိုက်ပြီး၊ ဘုရားဝတ်ပြုသည်။ တစ်လမ်းလုံးပရိတ်ရွတ်လာသည်ဖြစ်၍ မင်္ဂလသုတ်၊ ရတနသုတ်၊မေတ္တ သုတ်၊ခန္ဓသုတ်တို့ကိုသာ ရွတ်ဖြစ်သည်။ဈေးတန်းတွင် ကျိန်းသည်။

ဘုရားဝတ်ပြု မပြီးတပြီးတွင် ပရိတ်သတ်များရောက်လာကြသည်။ဗုဒ္ဓဘာသာဝင် တစ်ယောက်မျှ မပါကြပါ။နာရီဝက်ခန့် စကားပြောကြပြီး ခရီးပန်းသည်ကို သိကြ၍ ပြန်သွားကြလေသည်။များသောအားဖြင့် ဆွေမျိုးတော်စပ်သူများဖြစ်ကြလေသည်။၄င်းတို့ ပြန်သွားပြီးနောက် ဘာဝနာကို နှလုံးသွင်းရှု မှတ်နေ လိုက်သည်။ (၄၅)မိနစ် ခန့်သာ ရှုမှတ်သည်။အညောင်းအညာပြေသွားပြီ၊မေတ္တာဘာဝနာ ဆက်ပွားသည်။ဈေးတန်းလျားတွင် တည်းသည်ဖြစ်၍ စဲတဲထဲတွင် မသုံးမသန့်ဖြစ်နေသည်၊သို့သော် ရွာပြင်ဇရပ်တွင် တည်းခိုကျိန်းစက်သည်ထက် စာလျှင် ကောင်းသေး၏၊

နောက်တစ်နေ့နံနက် အရုဏ်ဆွမ်းဘုန်းပေးချိန်တွင် ဆွမ်းလာပို့မည်သူမရှိ၍ အရုဏ်ဆွမ်းဘုန်းမပေးရတော့ဟုထင်သည်။နံနက်(၆)နာရီအထိ အရုဏ်ဆွမ်းအရိပ်အယောင်ပင် မတွေ့ရပါ။(၆း၃၀)ခန့်တွင် တပ်မတော်သား သုံးယောက်ရောက်လာသည်။ ဆွမ်းချိုင့်ပါလာသည်။ဆိတ်သားဟင်း၊တောဝက်သား၊ချေသားခြောက်ပါလာသည်။ဆွမ်းတော်ကပ်ထားပြီးခဏကြာသော်ပြန်စွန့်၍၄င်းတို့ကို ပြန်စွန့်လိုက်သည်။လက်ဘက်ရည်အချိုနှင့် ဘောဇဉ်လည်းပါသည်။ဘုန်းပေးလိုက်သည်။"မုန်ယာ"လမ်းအခြေအနေမေးကြည့်ရာမကောင်း မဆိုးဟုလျှောက်ထားကြလေသည်။အရုဏ် ဆွမ်း ဘုန်းပေးပြီး ခရီးဆက်မည်ဖြစ် ကြောင်းပြောလိုက်ရာ ၄င်းတို့တပ်ဆွယ်တွင် အဋ္ဌရာယ်ကင်း ပရိတ်ရွတ်ချီးမြှင့်ရန် လျှောက်ထား ကြသည်။ရဟန်းသံဃာများကို မဖူးမြင်ရသည်မှာလည်း နှစ်နှင့်ချီကြာပြီဟုပြော ကြသည်။ ခရီးဆက်အစီအစဉ် ဖျက်လိုက်ရလေသည်။တစ်ညကျိန်းရပေဦးမည်။

ဤအရှင်အား နေ့ဆွမ်းကပ်မည်ဖြစ်၍ တပ်စခန်းသို့ ပင့်ဆောင် သွားကြသည်။ တပ်စခန်းမှာ မဝေးလှ ၊ဈေးအပြင်ဘက် တခေါ် မရှိတရှိတွင် ရှိလေသည်။ခံကတုတ်အခိုင်အမာဆောက်ထားသည့်အပြင် ပေါင်လုံးသာသာသစ်လုံးများစီ၍ စိုက်ထူထားပြီး မြေ

ကြီးသိပ်ထည့် ထားသည့် ကောင်းသော ခံတပ်ကဲ့သို့ရှိလေသည်။ဤအရှင် နေ့ဆွမ်း ဘုန်းပေးပြီးကတည်းက ပရိတ်ထိုင်ရွတ်နေပါသည်။ညနေကျမှ လူစုံမည်ဖြစ်၍ ပရိတ်နာယူသူမရှိပါ။ညနေ(၅)နာရီတွင် ပရိတ်ရွတ်ရာ တရားနာသူ တပ်မတော်သား(၈)ယောက်သာ ရှိသည်။တပ်မတော်သားများသာမရှိပါက ပရိတ်တရားနာယူသူ တစ်ဦးတစ်ယောက်မျှ ရှိမည် မထင်ပါ။တပ်စခန်းသို့ ဖြောင်းရွေ့ကျိန်းစက်သောကြောင့် အရပ်သားဆွေမျိုးများ တစ်ယောက်မျှ လာမတွေ့ကြပါ။

နောက်တစ်နေ့အရုဏ်ဆွမ်းဘုန်းပေးပြီးနောက်ခရီးဆက်ဖြစ်သည်။ ဆွေမျိုးများကို အပြန်ကျမှ အေးအေးဆေးဆေးတွေ့ကြမည်ဟု ပြောထားခဲ့သည်။ "မုန်းပေါ် "မှ နံနက် (၈) နာရီတွင်ခရီးဆက်ကြသည်။"နမ်ချက်ရွာ" (**Nam Hhyek** )သို့ရောက်မည်၊မြေပြန့် မဟုတ်၊တောင်တက်ခရီးဖြစ်သည်။သုံးနာရီကြာ တက်ရမည်။နေ့ဆွမ်းအမီ ကြွရမည်ဖြစ်သည်။ခရီးစတင်သည်နှင့် တပြိုင်နက် ကိုယ်သွားမည့်အရပ်မှ နတ်များ၊ လမ်း၏ လက်ဝဲ လက်ယာ၊အထက်အောက်အရပ်ဆယ်မျက်နှာသို့မေတ္တာဖြန့်ပေးပို့ထားလိုက်ပြီးပရိတ် ရွတ်ရင်းကြွသွားသည်။မြေပြန့် ခရီးလျှောက်ရင်း ပရိတ်ရွတ်လို့ ကောင်းသည်။ တောင် တက်ခရီးကြွရင်း ပရိတ်ရွတ်လို့မသက်မသာ ဖြစ်လှ၏၊မော၏၊ ဝမ်းအစ်၏၊ အသက်ရှူမဖြောင့် သကဲ့သို့ ဖြစ်၏၊မူးနောက်နောက်ဖြစ်လာ၏၊

ဤခရီးသည် တောင်တက်လမ်းမကြီးဖြစ်၍ အသွားအလာ များပါသည်။ လူများနှင့် ခဏခဏ ကြုံလေသည်။ လူများနှင့် တွေ့ဆုံသော် ထူးဆန်းသော သတ္တဝါနှင့် တွေ့ဆုံသကဲ့သို့ ပြုံးတုံးပြုံတဲကြည့်ကြသည်။မဖွယ်ရာသော စကားများ အတင်းပြော ဆို ကြ၏၊အချို့က"အရမ်းမပြောနဲ့ ငါတို့စကားနားလည်မှာ " ဟု ပြောသူလည်းပါ၏၊ သူတို့ပြောစကားတစ်လုံးမကျန်နားလည်လိုက်ပါသည်။ကျိန်းဖော(ကချင်)စကားပြောကြ၏၊ ခရီးဆက်သည်မှာတစ်နာရီကြာသွားပြီး(တောင်တက်သည်မှာတစ်နာရီကြာသွားပြီ)ဖြစ်၍နံက် အရုဏ် ဘုန်းပေးထားသော အားကလေးသည် ကုန်ခမ်းသွားပြီထင်၏၊ တော်တော်ပင်ပန်း လှပြီ၊ခြေထောက်လည်းလေးလာပြီ၊ရေလည်းမပါလာခဲ့၊ရေရှိသော အပန်းဖြေစခန်းသို့ ထင် ထားသည် ထက် နောက်ကျမှရောက်ရန်ရှိလေသည်။နောက်ထပ်နာရီဝက် ကျော်ကျော် ဘက်မှ ရေ သောက်ရမည်ကိုသိလိုက်သည်။မောသော်လည်း ပါလာသောချိုချဉ်ကို သည်းမဘုန်းပေးဖြစ်၊ ချိုချဉ် ဘုန်းပေးလိုက်လျှင် ရေပိုဆာလာမည်ဖြစ်သည်ကို ခရီးသွား အတွေ့အကြုံများပြီဖြစ် ၍ သိထားပြီဖြစ်၏၊

နောက်ထပ်မိနစ်(၄၀)လျှောက်မိလျှင်အပန်းဖြေစခန်းသို့ ရောက်ရှိပြီဖြစ်၏၊ ရေမရှိ တော့ပါ၊လွန်ခဲ့သောအနှစ်(၄၀)ကျော်တွင် စမ်းချောင်းရေတံလျှောက်ရှိသည့် ဤနေရာ ယခု ရေမရှိတော့၊တစ်တောင်လုံး သစ်ပင်များခုတ်ယူကြ၍ တောင်ကတုံးနီးပါးဖြစ်နေပြီ၊ သစ်ပင်ကြီးများမရှိတော့၊ အတက်မပေါက်များသာရှိတော့သည်၊အော်-အနိစ္စ-ဒုက္ခ-အနတ္တ ပါကလား၊ အနှောက်ကကိုက် နိုင်ငံကြီးများပင်လျှင် အနှောက်တိတ် သမုဒ္ဒရာဖြစ်သွားသေးတာ၊

ဒါလောက်တော့ ရှိရမှာပေါ့ဟု နှစ်သိမ့်စိတ် မွေးလိုက်ပြန်ပါသည်။ဤအပန်းဖြေ စခန်းတွင်လူလေးငါးယောက်နားနေကြသည်။အမျိုးသမီးကများသည်။နှုတ်ဆက်လို့မဖြစ်၊ လူကခပ်ကောင်းသော ပုဂ္ဂိုလ်ဟုထင်ရသည့် အသက်(၆၀)ခန့်၊ အရပ်ကောင်းကောင်း၊အသားဖြူဖြူယောကျ်ားတစ်ယောက်၊သူ၏ပလိုင်းထဲနိုက်လိုက်သည်။ ဝါးနှင့်လုပ်ထားသောရေဘူးကမ်းလာသည်။ ပါးစပ်ကမည်သို့မျှမပြောပါ။ ဤအရှင်ကနေပြီး"ကျေးဂျူးကဘာ ဆိုင်း" ဟု(ကျေးဇူးတင်ပါသည်ဟု)ပြောလိုက်ပါသည်။ထိုသူတို့ အားလုံးအံ့ဩသွား ကြ၏၊ ရေဘူးထဲတွင် ရေမှာတစ်ဝက်ပင်မရှိတော့၊အကုန်ဘုန်းပေးလိုက်လျှင် ပင်မဝ၊ သို့သော် အနည်းငယ်သာ ချန်ထားလိုက်သည်။သူက အကုန်သောက်ပါဟု ပြောသည်။ သို့သော် မသောက်တော့၊အသက်ဆက်လိုက်ပြီ၊လုံလောက်ပြီ။

စကားစစ်ထိုးပွဲပေလော၊နှုတ်ဆက်စကားပေလော၊စကားပြောပွဲစပါပြီ၊"ဘာလူမျိုးလဲ" "ကချင်လူမျိုး" "ဘယ်ကိုသွားမလဲ" " မုန်ယာရွာကို" " ဘယ်ကလာသလဲ""မန္တလေးကလာတယ်" "ကချင်လူမျိုးကလည်းဘုန်းကြီးဝတ်ကောင်းသလား" " ဝတ်ကောင်းပါတယ်" "ကချင်လူမျိုးတစ်ယောက် ဘုန်းကြီးဝတ်သွားတာ သနားစရာကောင်းတယ်၊နမြောစရာလဲကောင်းတယ်၊" "ငါလမင်းတို့ကို သနားတယ်" ဤမျှနှင့် ယောကျ်ားကြီးနှင့် စကားဆက်အနည်းငယ် ပြတ်သွားသည်။ အသက်သုံးဆယ်ကျော်ကျော်ခန့်အမျိုးသမီးကပြောလာပြန်သည်။"ကချင်မဟုတ်ဘူးထင်တယ်၊ဗမာရုပ်တော့မဟုတ်ဘူး၊ရှမ်းလူမျိုးဖြစ်တယ်၊ ကချင်စကားတော့ သင်ရင်တတ်တာဘဲ" "ကချင်လူမျိုးဟာ ရှမ်းလူမျိုးသုံးဆယ်ထဲမှာ ပါတယ်၊ ရှမ်းဆိုရင်လည်း မမှားဘူး" ဤမျှနှင့် သုံးဆယ်ကျော် အမျိုးသမီး စကားဖြတ် လိုက်သည်နှင့်မနေ့မနောင်းမှာပင်အသက်ငါးဆယ်ကျော်အမျိုးသမီးကြီးကပြောသည်။ "အလည်လာတာလား၊သာသနာပြုလာတာလား" "အလည်အပတ်ပြန်လာတာ၊သာသနာပြု လဲပါတယ်၊ နတ်တွေကိုပြုတာ"ဤအရှင်နှင့် ထိုအမျိုးသမီးကြီး ဤမျှပြောကြစဉ် လူတစ် အုပ်ရောက် လာပြီး၊နားကြပြန်သည်။ဤအရှင် ခရီးဆက်ရန် ဟန်ပြင်လိုက်သည်။

နောက်ရောက်လာသော လူအုပ်ထဲမှ တစ်ယောက်သောသူက လွန်ခဲ့သည့် နှစ်နှစ်က ကချင်ဘုန်းကြီး တစ်ပါး ဒီလမ်းက ဖြတ်သွားဘူးတယ်၊ဒီဘုန်းကြီး မဟုတ်ဘူး ဟုပြောသည်။ထိုကိုယ်တော်သည် ဤအရှင်၏ နောင်တော်ဖြစ်ကြောင်းရှင်းပြလိုက်ပါသည်။ ကချင်ဘုန်းကြီးလည်း ရှိရမှာဘဲ၊နောင်တရလို့ ရှိလျှင်ပြန်လည် လာလိမ့်မည်ဟုပြော၏ ဤအရှင်းလည်း လမ်းမှားလိုက်နေကြသည်မှာ အဆုံးမသတ်သေး၍ မင်းတို့လည်း နိဗ္ဗာန်မရသေး၊ငါလည်းနိဗ္ဗာန်မရသေးဘဲရှိနေသည်ဟု ပြောလိုက်ရလေသည်။ထို့နောက် ခရီးဆက်ကြွသွားလေတော့၏၊ အတော်ကြာလျှင် " ဦးလုကထောင်ရွာ (U Lu Kah Taung ) သို့ ရောက်လာ လေသည်။ ဤရွာတွင် ဤအရှင် မူလတန်း ကျောင်းသားဘဝတုန်းက ကျောင်းနေခဲ့သော ရွာဖြစ်လေသည်။ဤရွာမှနောက်တစ်နာရီ ပျော့ပျော့ ဆက်ကြွလျှင် "နမ်ချက်ရွာ" သို့ ရောက်တော့သည်။ရေဝအောင် ဘုန်းပေးရတော့၏၊ရေသောက်ပြီး ဆက်

လျှောက်သည်။နောက်(၁၀)မိနစ်လျှောက်လျှင်တောင်တက်ဆုံးတော့၏၊ ခဏဆက် လျှောက်သော် " ရှရီးကထောင်ရွာ" ( Shari Kahtaung )သို့ ရောက်သည်။ ဤရွာတွင် ဖခင်၏ နှမမှ မွေးသော နှမဝမ်းကွဲအကြီးမ ရှိလေသည်၊ အိမ်လည်း လွန်ခဲ့သော အနှစ်(၄၀)ကျော်ထွန်းက အိမ်နေရာတွင် ပင် ရှိနေလေ၏၊ နံက်(၁၁)နာရီထိုးခါနီးလေပြီ။

နှမအိမ်တွင်လူတစ်ယောက်မျှ မရှိ၊ကြက်များ၊ခွေးများသာ အိမ်စောင့်နေကြသည်။ ခွေးတစ်ကောင်တော်တော်ဆိုး၏၊ဆိုးဟောင်လိုက် ၊ပတ်ပြေးလိုက်လုပ်နေသည်။ "မုန်းပေါ် " ကတပ်မတော်သားများ ဆက်ကပ်လိုက်သော ဆွမ်းထုပ်ကို ဖြည်၍ ဆွမ်းတော် ကပ်လိုက်သည်။ ဆွမ်းတော်ကပ်သော်လည်း ရုပ်ပွားတော်ကို လွယ်အိတ်ထဲက မထုတ်ဘဲ လွယ် အိတ် နံဘေးတွင်ကပ်လိုက်၏၊ဆတ်သားဖုတ်သည့် အနံ့ သင်းသင်းယွက်နေသည်။ ခွေးများမဟောင်ကြတော့ပါ။ဆတ်သားခြောက်ဖုတ်များကိုခွေးများအားပစ်ကျွေးလိုက်သည်။ တစ်ကောင်စီကို နည်းနည်းစီပစ်ကျွေးလိုက်လျှင် ခွေးသခင်ဖြစ်သွားတော့၏၊အမြီးနှံ့နေကြသည်။အိမ်ရှေ့ဝရံတာတွင်လက်ဘက်ခြောက်လှမ်းထား၏၊ခဏကြာသော်လက် ဘက်ခြောက်များအနီးတွင်ဆွမ်းဘုန်းပေး၏၊အနီးအနားက ကလေးများလာချောင်းကြည့် ကြသည်။ကလေးတစ်ယောက်ကပြောသည်။သည်အိမ်ကအမျိုးသမီးကြီး(အဒေါ်ကြီး)နှင့် သည်ဘုန်းကြီးမျက်နှာ ဆင်သည်၊အမျိုးဖြစ်လို့ ဝင်နားသည်ဖြစ်မည်ဟု ပြောသည်။ ကလေးအချင်းချင်း ပြောခြင်းဖြစ်သော်လည်းဤအရှင်ကိုမေးသကဲ့သို့အောင်းမေ့မိပါ၏၊စာတိုကလေးရေး၍ ထိုကလေး တို့ကို ခေါ်ပြီး အိမ်ရှင်များ ပြန်လာလျှင် ပေးကြရန် မှာထားခဲ့၍ ခရီးဆက်ကြသည်။စပရိုက်ဖျော်ရည်(ဘီလပ်ရည်)အခွံတစ်လုံးကိုအဆင်သင့်တွေ့၍ ကလေးတစ်ယောက်အားဆေးကြောခိုင်းပြီးရေထည့်ကပ်ခိုင်း၍ရေဘူးလည်းပါလာပြီဖြစ်၏၊ တောင်တက်ခရီးပြန်ကြ ရမည်ဖြစ်သည်။ဤရွာမှအထွက် တောင်တက်ခရီးသည် သဘာဝ ရှုခင်းအလွန်လှပပေ၏၊ တရုတ်ပြည် ယူနန်ပြည်နယ်အထိ လှမ်းမြင် နေရလေသည်။ကျေးငှက်အမျိုးမျိုးတို့သည်လမ်း၏လက်ဝဲလက်ယာ၌ တစာစာတွန် ကျူးနေကြသည်။ ချေ ဟောက်သံများ၊ အောက်ချင်း ငှက်ကြီးအော်သံ၊ကျိုးကူသံ၊တောကြက်တွန်သံ တို့ကို နားထောင်ရ၊ ကြားရသည်မှာ သာယာ၍ ပရိတ်ရွတ်မဖြောင့် ဖြစ်လာလေသည်။ ကြိုးစား သတိထား၍ ဆက်ရွတ်သွားသည်။

ဤလမ်းသည် တောင်တက်အလွန်အမင်း မကြမ်းလှပါ။တောင်တက်လည်း သိပ်မရှည်လှ၊နာရီဝက်လျှောက်မိလျှင်တောင်တက်ဆုံးသွားတော့၏၊မြေညီလမ်းရောက်ပြီ၊ နောက်နှစ်နာရီခန့်မြေညီလမ်း(လမ်းပြေပြေ)ဆက်ကြသည်။မကြာခင် "ဘွမ်ကလောင်ရွာ" (Bum Kahtaung )သို့ ရောက်လာသည်။ဤရွာသည် လီစူးလူမျိုးသန့်သန့်နေထိုင်သောရွာဖြစ်လေ၏၊ သာယာသော တောင်ပေါ် ရွာကလေး ဖြစ်လေသည်။ဤရွာတွင်မရပ်နားဖြစ်ပါ။

မေတ္တာပို့ ဖြန့်ထားခဲ့သည်။အမျှဝေခဲ့သည်။ဤရွာတွင် ရပ်နားပါက လိုရာခရီး သို့ မိုးချုပ်မည်ဖြစ်၏၊နှစ်ပေါင်း(၄၀)ကျော် ကင်းကွာခဲ့သော လမ်းဖြစ်၍ မိုးချုပ်လျှင် မလွယ်၊စမ်းတဝါးဝါးဖြစ်တော့မည်။ဒုက္ခမတွေ့သင့်ဘဲတွေ့တတ်သည်။တွေ့ပေါင်းများလှပြီဖြစ်၏၊

ဤဘွမ်ကထောင်ရွာသည် ပေသုံးလေးထောင်မြင့်မည်ဟု ထင်မိပါသည်။ဤရွာမှနောက်ထပ်လျှောက်ကြရမည့် ခရီးသည်(၂)နာရီကျော်ကျော်ကြာမည်ဖြစ်၏၊ တောင်ဆင်းလမ်းချည်းဖြစ်သည်။အင်္ဂလိပ်စာ(ဇက်)စာလုံးကိုဆက်ထားသကဲ့သို့တတောင်ဆစ်အချိုး အကွေ့လမ်းဖြစ်လေသည်။လမ်း၏လက်ဝဲလက်ယာတောင်နံရံများ၊တောင်ဆင်းဆင်ခြေ လျှောများတွင်အပွင့်ပေါင်းစုံဖူးပွင့်နေကြလေသည်။ရှခင်းမှာ၊သာယာစိုပြေခြင်း၊အပြည့်အဝ ရှိနေပေါ့၏၊ပန်းခင်းသောလမ်းမဟုတ်သော်လည်း လမ်း၏လက်ဝဲလက်ယာ ပန်းပွင့်များ ရံထားသောလမ်းဖြစ်နေ၍ "ပန်းရံလမ်း " ဟု စိတ်ကူးထဲက ပညတ်တပ် အမည်ပေးပြီး တောင်ဆင်းလမ်းကို သတိနှင့် လှမ်းကြွနေရလေသည်။သတိမထားလျှင် ဒူးညွှတ်သွားတတ်သည်။

အမှန်မှာဤအဖူးအပွင့် ဝေဝေဆာဆာ တို့သည် ပန်းပွင့်များကား မဟုတ်ကြချေ။ဘိန်းစိုက်ခင်းမှ ဘိန်းပင်များပွင့်နေကြခြင်းဖြစ်ပါ၏၊ဤဘိန်းခင်းများ၊ဘိန်းပွင့်များကိုခေတ္တ မတ်တတ်ရပ်ကြည့်ရှုနေစဉ် လွန်ခဲ့သောအနှစ်(၄၀)ကျော် ကာလ ဘာသာခြားတွင်ရှိနေစဉ်က ဤအရှင်မိသားစုတို့သည်လည်း ဘိန်းစိုက်ပျိုးခြင်းကို အင်တိုက်အားတိုက် လုပ်ခဲ့ပုံ၊ဘိန်းစိမ်းတစ်ပိဿာကို ဘိန်းခင်းထဲတွင် ရောင်းလျှင် ငွေငါးရာရပုံ၊ အိမ်တွင် ရောင်းလျှင်ခုနစ်ရာရပုံ၊ဘိန်းဘယ်လောက်စိုက်စိုက် ဆင်းရဲတွင်းက ထွက်ရပ်မပေါက်နိုင် ပုံစသည်တို့ကိုတွေးမိပါ၏၊အထူးသဖြင့်ဘိန်းပင်ပေါက်စကလေး များကို နုတ်၍ ကြော်စား၊ချက်စား၊ပြုတ်တို့၊သုတ်စားလျှင်မုန်ညင်းရွက်နှင့်မလဲနိုင်အောင် ကောင်းလှသည်ကို သတိရမိပါသည်။ဤအရှင်တို့ဘိန်းစိုက်ကြလေသောကာလတွင် ဘိန်းဘုရင် သည် လောစီးဟန် ( Law Tsi Han ) ဖြစ်လေသည်။ ဤဘိန်းဘုရင်သည် ထိုစဉ်က ကိုးကန့်စော်ဘွားကြီးနှင့်ဘိန်းကိစ္စအပေးအယူထင်ရှားခဲ့၏၊

ဤကဲ့သို့ တွေးတောနေသည်မှာ တမောင်း(၁၅)မိနစ်ခန့် ကြာသွား၏၊ရေဆာလာ၍ ရေသောက်ရန် ရေဘူးကို ထုတ်ယူလိုက်သည်။နှစ်ငုံသုံးငုံသာသောက်ပြီး ပြန် ထည့်ထားလိုက်သည်။နောက်ထပ်နာရီဝက်ခန့်ဆင်းကြွသော် စမ်းချောင်းသို့ရောက် တော့မည်။သို့သော် စိတ်မချရ။ထိုစမ်းချောင်းလည်းခမ်းလျှင် ခမ်းနေမည်ဖြစ်၏၊သို့ပေမဲ့ တောတောင်အခြေအနေကိုအကဲခတ်သော် ဟိုကုန်းကနှင့် ထူးခြားချက်အလွန်မရှိလှ၍ ခမ်းမည်မထင်မိပြန်၊သို့သော်ရောက်မှ သိမည်။ရောက်မှ စိတ်ချရမည်ဖြစ်၏၊ဤအရှင်၌ ဆန်စေ့ (၇)စေ့လည်းမပါလာသည်ကိုသတိရလာလေသည်။ဤလမ်းတွင် ထမင်းဆာ၍ သေသူ ရေ ငတ်၍ သေသူ၊ဝိဉာဉ်တစ္ဆေများရှိနေ၍ ထမင်းမပါပါက ဆန်စေ့(၇)စေ့ ပါလျှင် ထိုနတ် မဖမ်းစားနိုင်၊ အကယ်၍ မပါလျှင် ထမင်းဆာပြီ၊ ရေဆာပြီ ဟု ပြောလျှင် ပြောသူသေ

သည်ဟုအယူရှိကြလေသည်။ကချင်စကားဖြင့် " ဝေါ် ဂွေ"(Waw Gwe )ဟု ခေါ်ကြသည်။ဂျင်းတက်နှင့် ကြက်သွန်ဖြူကိုကား ခြေထောက်ညောင်းလွန်းမကညောင်းလျှင် ဝါး၍လူး(လိမ်း)လိုက်လျှင် သက်သာ၏။ပွဲတွေ့(ကိုယ်တွေ့)များလေသည်။

တောင်ဆင်းလမ်းဖြစ်၍ ခြေလှမ်းပိုသွက်နေသည်ထင်ရသည်။မကြာမီ စမ်းချောင်းသို့ရောက်လာသည်။ဝမ်းသာဝမ်းမြောက်စိတ် ဖြစ်ပေါ်လာသည်။စမ်းချောင်း--ရေတဲလျှောက်မှ ရေကျသံတဝေါဝေါ ကြားနေရပြီ၊စမ်းချောင်းရေမခမ်းသည်မှာ သေချာနေပြီ၊ လူသံသူသံလည်း ကြားရပြီ၊စမ်းချောင်းတွင် ရပ်နားနေကြသူများ ဤသူများသည် ဤအရှင်နှင့်ဆန့်ကျင်၍ တောင်တက်လမ်း လာကြသူများဖြစ်ကြသည်။စမ်းချောင်းသို့ရောက်လျှင် ဤအရှင်သည် ပါလာသောရေဘူးမှ ရေဟောင်းများကို သစ်ပင်ရင်းတွင် သွန်ချ၍ ရေအေး(ရေသစ်)ခပ်ယူလိုက်သည်။ထုံစံအတိုင်း ခရီးသည်များသည် ဤအရှင်ကို ကြောင် ကြည့်နေကြလေသည်။ဤအရှင် ထိုင်နားမှ စကားစမြည်ပြောလိုကြဟန် တူလေသည်။သို့သော် ဤအရှင်သည် ထိုင်မနားတော့ဘဲ ချက်ချင်း ခရီးဆက်ကြွသွားပါတော့၏၊ထိုသူများကား "တော်တော် အရေးကြီးဟန်တူတယ်" ဟုပြောဆို ကျန်ရစ် ခဲ့ကြလေ၏၊ တောင်ဆင်းခရီးသည် နောက်ထပ်တစ်နာရီလျှောက်လျှင် ဆုံးသွားတော့သည်။ ခပ်ပြေပြေလမ်းကို ဆက်လျှောက်နေရသည်။လမ်းပြေ၏ လက်ဝဲလက်ယာ၌ သစ်ပင်များ ယခင်ကထက်မထူ တော့သော်လည်း ကြည့်ပျော် ရှုပျော် ရှိနေသေး၏၊ တောတောင်သစ်ပင် မထူ မပါးရှိသည်ကိုတွေ့ရသည်။

ဤသို့နှင့်မကြာမီ "ဖက်ကန့်ရွာ" (Hpakawn)သို့ ရောက်လာလေသည်။ဤရွာတွင် ဤအရှင်တို့ အမျိုးတော်စပ်သူများရှိကြလေသည်။ရွာထဲရောက်၍ ခမည်းတော်၊ မယ်တော်အမည်များ ပြောလျှင် အားလုံးသိကျွမ်းခင်မင်ပြီးသား ဖြစ်သွားတော့၏၊ ရေအေး၊ရေနွေး၊ကွမ်းအစ်၊အစားအသောက်၊သစ်သီးများ ညှော်ခံကြလေသည်။ အစားအသောက် တို့ကို ညနေ မွန်းလွဲလျှင် မစားဘူး၊နက်ဖန် နံနက်(၄)နာရီကျော်မှ စားသည်ဟုပြောလျှင်အထူး အဆန်း ဖြစ်နေကြလေသည်။အမျိုးစပ်ကြ ရေးဟောင်းနှောင်းဖြစ်ပြောကြရင်း နာရီဝက်ခန့် ကုန်ဆုံး သွားလေသည်။ခရီးပြန်ဆက်ကြွရန် ဟန်ပြင်လိုက်သည်။ အမျိုးထဲမှ လူပျို ပေါက် ကလေးတစ်ယောက် လိုက်ပို့မည်ဟု ဆိုလာသည်။လိုက်ပို့ရန် မလို၊လုပ်စရာရှိသည့်အလုပ်ကိုသာ လုပ်၍ ကျန်ရစ်ရန် ပြောရာ ဟိုရွာတွင် သွားရန် ကိစ္စလည်းရှိနေ၍တစ်ချက်ခုတ်နှစ်ချက်ပြတ်သဘောပြောလေလျှင်လက်ခံသဘောတူလိုက်သည်။

ဤ"ဖက္ကန်းရွာ"မှတောင်ဆင်းခရီးနာရီဝက်ခန့်လျှောက်လျှင်စမ်းချောင်းကြီး တစ်ခုသို့ရောက်၏၊ စမ်းချောင်းကြီးမှ တောင်တက်ခရီး တစ်နာရီခန့်လျှောက်လျှင် ဤအရှင်၏ ဦးကြီး ဒူးဝါးနှင့် မယ်တော်၏ အမျိုးများ နေထိုင်ရာ " မန်နောင်ကထောင် " (Man Nawng Kahtawng ) ခေါ် ကချင်ရွာသို့ရောက်လေသည်။အချိန်တော် ရောက် သွားလေသည်။ ညှော်ဝင်ချိန် မမှောင့်တမှောင့် အချိန်တွင် ရောက်ခြင်းဖြစ်လေသည်။ဤရွာမှ

နောက်ထပ်တစ်နာရီ လျှောက်ကြလျှင် ဤအရှင်မွေးရာ ဇာတိချက်မြှုပ် " ဝါမူးရွာ" (Wa Mu )သို့ ရောက်မည်ဖြစ်သည်။ခရီးဆက်လျှင်လည်း ရသေးသည်။သို့သော် ရွာပျက်နေပြီ ဟု ပြောပြ၍ ဆက်ကြရန် မဖြစ်နိုင်တော့ပါ၊"မန်နောင်ကသောင်ရွာ"တွင် ညကိုနေ့ တည်းခိုရတော့သည်။

ဤအရှင်၏ ငယ်သူငယ်ချင်းများလည်း တစ်ဦးမျှ ရှာမတွေ့၊ တစ်ယောက် ကို မေးတော့လည်း ဗကပ စစ်သားလုပ်လို့သေပြီ၊တစ်ယောက်ကို မေးပြန်တော့လည်း (ဝ) စစ်သားလုပ်လို့ ဘယ်ရောက်နေမှန်းမသိဟုပြောကြသည်။ဤတစ်ရွာလုံးဘာသာခြားများဖြစ်ကြ၍၊အိမ်တွင်း၌ မတည်းလို၊မကျိန်းလိုဟု ပြောပြလျှင် အိမ်တွင်းမှာဘဲ ကျိန်းရန် ပြောကြလေသည်။သို့သော် ကျိန်းလို့မဖြစ်သည့် အကြောင်း၊အကျိုးအကြောင်း ပြောပြရ၏၊ထိုအခါ တစ်ပိုင်းက စပါးကျီ၊တစ်ပိုင်းက ထင်းရုံ၊တစ်ပိုင်းကလူအိပ်လျှင် ရနိုင်သည့်အပိုင်းရှိသော တဲအိမ်ရှည်တွင် နေရာချထားပေလေသည်။ညပိုင်းတွင် အမျိုးများလာနှုတ်ဆက်ကြသည်။အချို့လည်းငိုယိုကြသည်။ အချို့လည်း မျက်ရည်ကျသည်။ဆွေမျိုး အချို့က ဤအရှင်သေပြီဟုကြား၍ ဆွမ်းသွတ်ကြသည်ဟု ပြောကြသည်။သူတို့ကို ကြည့်ရသည်မှာမသက်မသာရှိလှသည်။သူတို့အား ကြာကြာ လက်ခံ စကားပြောခြင်းမပြုလို၍ ခရီးပမ်းသည်ကို ရမယ်ရှာပြီး စောစောကျိန်းစက် အနားယူမည်ဖြစ်ကြောင်း ပြောပြလိုက်လျှင် အသီးသီး ပြန်သွားကြလေသည်။သူတို့ ပြန်သွားပြီးနောက် လွယ်အိတ်ထဲက ဆင်းတုတော်ထုတ်၍ ခေါင်းရင်းတွင် နေရာပေးပြီး အလုပ်စတော့၏၊

တိုတိုတုတ်တုတ် ဘုရားဝတ်ပြုပြီး ပရိတ်ကို အထူးရွတ်နေသည်။ခပ်တိုးတိုးသာ ရွတ်သည်။ရတနသုတ်သို့ရောက်လျှင် ပုပ်စော်နံလာသည်။ ဆက်ရွတ်သည်။ မေတ္တာသုတ်သို့ရောက်လျှင် ပုပ်စော်နံပျောက်သွားသည်၊ပရိတ်(၁၁)သုတ် ရွတ်ပြီးပါပြီ၊ မေတ္တာဘာဝနာမပွားဘဲ ဂုဏ်တော် ပွားနေလိုက်သည်။ည(၉)နာရီကျော်လျှင် ကျိန်းစက်ရန် လဲလျောင်းလိုက်သည်။ထိုစဉ်တစ်ကိုယ်လုံးရွရွ ၊ရွရွ ဖြစ်လာသည်။သွားပြီ၊ဤတစ်ညလုံး ကျိန်းစက်၍ရတော့မည်မဟုတ်တော့ပါ။ကြွက်သန်းများ တက်လာခြင်းဖြစ်သည်။သက်န်းမှန်သမျှ ကြွက်သန်းသိုက်ဖြစ်နေပြီ၊ဟိုဟိုဒီဒီ လှည့်ကြည့်လျှင် ထင်းရှူးဆီအနည်း ငယ်တွေ့ရ သည်။မီးဖို၍ထင်းရှူးဆီနှင့်မြိုက်သည်။အနံ့ပေးလိုက်ခြင်းဖြစ်၏၊ထင်းရှူးနံ့ရလျှင်ထွက်သွားကြမည်၊သေတော့သေမည်မဟုတ်၊သို့သော်နေရာမပြောင်းလို့ မဖြစ်တော့ပါ၊ခပ်လှမ်းလှမ်းမှ သစ်ပင်အောက်သို့ ပြောင်းရွှေ့ကျိန်းစက်ရတော့သည်၊ညဥ့်နက်မှ ပျော်သွားသည်။

အရုဏ်တက်ချိန်တွင်နီးနေကျအတိုင်းနိုး လာသည်။ ဘုရားဝတ်ပြု၍ ပရိတ်ဆက်ရွတ်သည်။ ပြီးနောက်ဘာဝနာပွါးသည်။မိုးလင်းပြီ။ နံနက် (၆)နာရီ၊(၇)နာရီ၊ (၈)နာရီထိုးသွားပြီ၊အရုဏ်ဆွမ်းဆိုလို့မျှော်လင့်ချက်မရှိသကဲ့သို့ဖြစ်နေတုန်းရှိသေးသည်။နံနက် (၉) နာရီထိုးခါနီးတွင်ဝါးနှင့်ရက်လုပ်ထားသော လင်ပန်းနှင့်ဆွမ်းပွဲရောက်လာသည်။ ဤအရှင်

သည့်ခရီးကလည်းပန်း၊ ယမန်နေ့ မွန်းလွဲပိုင်းကဖျော်ရည်၊ဘိလပ်ရည်လည်း ဘုန်းမပေးရ၊ ထန်းလျက်အနည်းငယ် ပါသည့်ကိုလည်း ရင်ပူမည်စိုး၍ ဘုန်းမပေး၊ ချိုချဉ်ဘုန်းပေးလျှင် လည်းရေငတ်မှာစိုး၍ ဘုန်းမပေးရ။ ရေအေးကိုသာ သောက်သုံးပြီး အသက်ဆက်ရသည်။ အရဏ်ဆွမ်းလည်း လွဲပြန်၍ ခန္ဓာဝန်ကြီးသည်နုံးချိနုံးချိဖြစ်လာပြီဖြစ်သောကြောင့်ဘာသာ ခြားဆွေမျိုးများကျွေးမွေးသောဆွမ်းကိုအနာမဲ့သ အဖြစ်ဘုန်းရတော့မည်၊ မိုဝဲရတော့၏။

ဤဆွမ်းသည် ကပ်လည်းမမြောက်၊ဘုန်းပေး၍မဖြစ်သောဆွမ်းဖြစ်သည်။အနာမဲ့သ (မစားလျှင်သေမည်)အဖြစ်ဘုန်းပေးရတော့မည်၊သို့မဟုတ်ပါကခရီးဆက်လို့မဖြစ်လေတော့ သည့်အခြေအနေရောက်လာသည်။ကချင်ထုံးစံအရဆွမ်းကိုလည်းဖက်နှင့်ထုပ်၊ဟင်းကိုလည်း ဖက်နှင့်ထုပ်ထားသည်ကိုတွေ့ရသည်။ ဆွမ်းတော်ကို ဘုရားရှင်အား ကပ်ထားလိုက်သည်။ ကပ်ထားပြီး ခရီးဆက်ရန်အဆင့်သင့်ပြင်ထားလိုက်သည်။ဆွမ်းဘုန်းပေးပြီးလျှင်ခရီးဆက် တော့မည်။ (၁၀)မိနစ်ခန့်ဆွမ်းတော်ကပ်ထားပြီးစွန့်ယူဘုန်းပေးလိုက်သည်။အရုဏ်ဆွမ်း လည်းသည်တစ်နပ်၊နေ့ဆွမ်းလည်းတစ်နပ်၊နောက်ထပ်နေ့ဆွမ်း ဘုန်းပေးမည်မဟုတ်တော့။

ဆွေမျိုးများနှင့် တွေ့ကြသော်လည်း ဗုဒ္ဓတရားတော်ကိုမေးမြန်းကြသူမရှိကြပါ။ သူတို့ ဘာသာကောင်းကြောင်းပိုမြတ်ကြောင်းသာပြောကြသည်။ ဤ အရှင်လူထွက်၍ သူတို့ဘာသာသို့ပြန်ဝင်လာရန်ကိုသာအာရုံပြုစကားပြောကြလေသည်။ ဤကဲ့သို့ ဇာတိ ရပ်ရွာသို့ ဤအရှင်ကြွလာသည်မှာ ဆွေမျိုးများနှင့်တွေ့လို၍မဟုတ်ဘဲ၊ဤ ဇာတိရပ်ရွာမှ နတ်အမျိုးမျိုးတို့အားပရိတ်တရားတော်များနာကြားစေလို၍ကြွလာခြင်းသာရည်ရွယ်ရင်းဖြစ် လေသည်။ဇာတိရွာသည်အနိစ္စသဘောနှင့်ပျက်သွားလေပြီဆိုလျှင် ထိုရွာဟောင်းနတ်များ ကိုပို၍ မေတ္တာထားရန်လိုနေပြီဖြစ်၏။ ဆွမ်းဘုန်းပေးပြီးခဏကြာလျှင်လွယ်အိတ် ကောက် လွယ်၏။ ရွာနတ်များကိုပင့်ဘိတ်သွား၍ ပရိတ်ရွတ် သွားမည်။

နောက်ထပ် တောင်ဆင်းခရီး(၃)နာရီကြာအောင်ခရီးဆက်ရမည်ဖြစ်လေသည်။ အ ပြန်ကျမှအေးအေးဆေးဆေးစကားပြောမည်ဟုပြောထားခဲ့လေသည်။ ဤတောင် ဆင်းလမ်း ကိုတွေ့ရသည်မှာအံ့ဩဘွယ်ကောင်းလှပါတော့၏။ ကားလမ်းကောင်းကောင်း ဖေါက်လုပ် ထားလေပြီ။မုန်းကိုးဖေါင်းဆိုင်ဘက်မှဖေါက်ဆင်းလာ ခြင်းဖြစ်သည်။တရုတ်ပြည်ယူနန်ပြည် နယ် သို့ပေါက်သွားသောလမ်းဖြစ်လေသည်။တာမိုးညဲရွာကိုဖြတ်၍ ကွတ်ခိုင်မြို့သို့ပေါက် သွား၏။ ဤတွင်ဤအရှင်၏စိတ်ဖေါက်လာတော့၏ နောက်ကြောင်းပြန်လမ်းကိုမပြန်လို တော့ဘဲဤကားလမ်းအတိုင်းကားစီးပြန်လိုစိတ်ဖြစ်ပေါ်လာပြီ။ တောင်ဆင်းလမ်းဖြတ်လမ်း (သို့)လူသွားလမ်းလည်းရှိနေသည်။ဖြက်လမ်းအတိုင်းကြွသွားနေပါ၏။

တစ်နေရာတွင်လူသွားလမ်းနှင့်ကားလမ်းဆုံနေ၏၊ဈေးဆိုင်များရှိနေလေသည်၊ရှမ်း ခေါက်ဆွဲဆိုင်၊လက်ဘက်ရည်ဆိုင်၊အရက်ဆိုင်၊ခေါင်ရည်ဆိုင်၊ ဘိန်းဆိုင်၊ ထမင်းဆိုင်များ၊ ဟိုငေးဒီငေးခဏငေးပြီးခရီးဆက်သွားသည်။ လူများလည်းတောကောင် တစ်ကောင်ကိုမြင်ရ သကဲ့သို့၊မမြင်ဘူးသောလူမျိုးခြားတစ်ဦးကိုမြင်ရသကဲ့သို့ရှိကြလေသည်။

ကချင်အဘိုးကြီးတစ်ဦးကပြောလိုက်သည်။ ငါးအသက် (ရ၀) ရှိပြီ ဘုန်းကြီး (၂)ခါဘဲမြင်ဘူးတယ်ဆိုစဉ်ကားတစ်စီးရောက်လာသည်။ လူမကြပ် သို့သော်ခုံတိုင်းစေ့ပါလာကြသည်။ ဤအရှင်ခရီးဆက်သည်။မကြာမီတောင်ကြားလမ်းကျဉ်းကျဉ်းသို့ရောက်လာတော့သည်။ ဤလမ်းကျဉ်းတွင် စာရေးသူဤအရှင်ငယ်ငယ်တုန်းကမျောက်အုပ်ကြီးနှင့်တွေ့၍အဝိုင်းခံရစဉ်ဒုက္ခတွေ့ပုံကိုပြန်ပြောင်းသတိရမိပါ၏။ဤတောင်နှစ်လုံး၏ထူးခြားချက်မှာလပြည့်လကွယ်ညများတွင်စစ်တိုက်ကြလေသည်။ညာသံပေးသံ၊သေနတ်သံ၊အမြောက်သံများလူတိုင်းကြားရလေသည်။ တစ်တောင်တွင် ပျားအုံကြီးများ လှည်းဘီးသာသာခန့်ပြည့်နှက်နေသည်။ တစ်တောင်တွင်ကားသဘာ၀ကျောက်လှိုင်ဂူ(လှိုင်ခေါင်း) ရှိလေသည်။နတ်သမီး တောင်းရာမပေးစား ၍စစ်တိုက်ကြသည်ဆို၏။စမ်းချောင်းကြီးလည်းရှိလေသည်။နဂါးခဏခဏဆင်း၍အကျယ် ကြီးဖြစ်နေလေပြီ၊နဂါးဆင်းသည်ကို မြင်သော သူများအချို့သေကြသည်။အချို့ဖျားနာ ကြသည်။ဤအရှင်ကား နဂါးဆင်းသည်ကို တစ်ခါမျှ မကြုံဘူးပေ။ဆင်းပြီးနောက် နဂါးဝမ်း ဗိုက်ရာ ပြောင်ချောအရှည်ကြီးကိုသာ မြင်ဘူးကြည့်ဘူးလေသည်။

ဤတောင်ကြားလမ်းလွန်လျှင် လယ်တောကြီးသို့ ရောက်သည်။ပြီးလျှင် ချောင်းကြီးနှစ်ချောင်းကိုဖြတ်ကူးရလေသည်။ တစ်ချောင်းတွင်တံတားရှိလေသည်။တစ်ချောင်းတွင်တံတားမရှိ၊ ကားလမ်းမှာ တောင်ကမ်းပါးကို ကွေ့ဝင်သွားပြီ၊ဤအရှင်သည် ချောင်းနှစ်ချောင်းကို ဖြတ်ကူးကြသွားသည်။ချောင်းကူးပြီးလျှင် တောင်တက်ခရီး တစ်နာရီခန့်လျှောက်ကြရလေသည်။တောင်တက်လမ်းဆုံးလျှင် လယ်တောများဖြစ်သွားပြန်သည်။ဤလယ်တောတွင် နဂါးတွင်းများ ရှိလေသည်။ဤအရှင် ငယ်စဉ်အခါက နွားကျောင်းကျွဲကျောင်းရင်း ကျောက်ခဲများကောက်ယူ၍ ဤနဂါးတွင်းသို့ ပစ်ချလိုက်လျှင် "ကလုံ-ကလုံ-ကလုံ" ဟုအသံမြည်ပြီး ကျသွားသံကို အကြာကြီးနားထောင်နေရ၍ ကျွဲပျောက်ဘူးသည်ကို သတိရမိပါ၏၊နဂါးတွင်း လယ်တောမှ လွန်သော် (KMT) ခေါ်ကူမင်တန် ကရုတ်ဖြူတို့နှင့် နယ်ခံ ဒေသခံများ တိုက်ခိုက်ကြသောကြောင့် သွေးချောင်း စီးခဲ့ဘူးသော တောစပ်သို့ရောက်လေသည်။ဤနေရာတွင် ဤအရှင်၏ အမျိုးများလည်းကျဆုံးကြလေ၏။မေတ္တာသုတ် ရွတ်ဖတ်ခဲ့ပြီး ခရီးဆက်ကြရာ"မန်ဖာရွာ " သို့ ရောက်လာလေသည်။ဤအရှင်တို့ ပြောင်းရွှေ့နေထိုင်သော ရွာဖြစ်လေသည်။ဤအရှင်မိသားစုမှ လွဲ၍ အားလုံးသည် ဓာတိရှမ်းများဖြစ်ကြတော့သည်။

ဤ "မန်ဖာရွာ" တွင် ဓာတိရှမ်း ဘုန်းကြီးကျောင်း ရှိလေသည်။ ဤရွာသို့ရောက်လျှင်ဤအရှင်၌ ဇ၀တိမ်တောင် ပြဿနာပေါ်တော့၏၊အကြောင်းမှာ ဤရှမ်းရွာကျောင်းတွင်တည်းလျှင်လည်း ကိုဏ်းမတူ၍ ဖြစ်မည်မဟုတ်၊ဤရွာမှ နောက်ထပ်မိနစ်(၂၀)ခန့်ဆက်လျှောက်လျှင် "မန်အော်ရွာ"သို့ရောက်လေသည်။ ဗုဒ္ဓဘာသာ မဟုတ်၊ဘာသာခြား ရွာဖြစ်သည်။တစ်ရွာလုံး ဤအရှင်၏ အမျိုးတစ်ဝက်ခန့်ရှိလေသည်။ ဤရွာတွင် တည်းလျှင် ကောင်းမကောင်း စဉ်းစားကြည့်၏၊ရှမ်းရွာ တစ်ရွာလုံးကလည်း အသိတွေသာဖြစ်လေသည်။

ဘယ်လိုဘဲဖြစ်ဖြစ်ရမ်းရွာတွင် တည်းခိုရန် ဆုံးဖြတ်လိုက်ပါ၏၊ နှစ်ပေါင်း (၄၀)ကျော် တုန်းကနွားကျောင်းဘက်၊ ကျွဲကျောင်းဘက် ရမ်းကလေးများလည်းသားတွေသမီးတွေ မြေးတွေနှင့် တိုးလို့ တွဲလောင်း ဖြစ်နေကြသည်ကို တွေ့ရလေသည်။ မှတ်မိ ကြ သည် က များလေသည်။ဤအရင်၏ယယ်ရုပ်ကို မှတ်မိသည်ဟု ဆိုကြသည်။ရွာကျောင်း တွင် တည်းခိုရလေသည်။ဤရွာတွင် ဤအရင် ငယ်စဉ်က ဘုန်းကြီးကျောင်း မရှိပါ။ယခုမှ ဘုန်းကြီးကျောင်းရှိနေ၍ ဝမ်းသာမိပါ၏၊သို့သော် ဝမ်းသာမှု ရာနှုန်းပြည့်မပေါ်လာပါ။ အကြောင်းမှာ ဤကျောင်းတွင် ရဟန်းမမြဲ၍ ယခုအခါ သာမဏေ (ကိုရင်ကြီး)တစ်ပါး သာလျှင် ကျောင်းစောင့်နေလေ၏။

ဤကျောင်းတွင် စောင့်နေသော ကိုရင်ကြီးအား မန္တလေးသို့ တစ်ခါလွှတ်၍ မြန်မာ (ဗမာ)စကားသင်စေသည်ဆို၏၊ဤရွာတွင် ဗမာစကားတတ်သူတစ်ဦးတစ်ယောက်မျှ မရှိပါ။ဤအရှင်ရောက်လာလျှင် သူတို့ကိုရင်ကြီးနှင့် ဗမာစကား အခြေအချ ပြောသည်ကို ရွာသားများမြင်လိုကြသည်ဆို၏၊ သို့ရာတွင် ဤအရှင်ပြောသောဗမာစကားကိုစကားမပြန်နိုင်ဘဲ ရှိနေသည်ကို မြင်ကြရလျှင် စိတ်မောကြရလေသည်။ဗမာစကားတစ်နှစ်သွားသင်သော်လည်း ပြောဖော်မရှိ၍ မေ့ကုန်ပြီဟု ကိုရင်ကြီးက ပြောလေသည်။ဤတွင် ဤအရှင်လည်း ဆင်ခြင်မိပါတော့သည်။ "အော်ငါလည်း ဗမာစကားပြော၊ ဗမာစကား သင်ခဲ့သည်မှာ နှစ်ပေါင်း(၄၀)ကျော်ခဲ့ပြီ၊ဒါတောင် စကားဝဲနေသေးသည်ဆိုကြသည် " မှန် ၏၊ ဗမာစကားသည်အင်္ဂလိပ်စကားထက်ခက်သည်။မြန်မာပါဠိ သဒ္ဒါသည်အင်္ဂလိပ်သဒ္ဒါ ထက်ခက်သည်။သဒ္ဒါမတတ်၊စာမတတ်၊သဒ္ဒါကိုးခေါက်၊စာဖြိုးမောက်၊သဒ္ဒါမကြေစာမကြေ ဟု ကြားဘူးလေ့လာဘူးသည်။ပါဠိတစ်ချက် အနက်ဆယ်ထွေ ဆိုသည်လည်း ရှိသေးသည်။ ပါဠိတစ်ခွန်း အမွှန်းတစ်ထောင် ဆိုသည်လည်း ရှိသေး၏၊ဤအကြောင်းကို အရဟံ ဂုဏ်တော်အမွှန်း ပုပ္ပဏှအမွှန်း တို့၌ တွေ့ရှိရလေသည်။ထို့ကြောင့်ဤရမ်းကိုရင်ကြီး အနေနှင့် မြန်မာစကား တစ်နှစ် သင်ဘူးသည့် အခြေအနေသည် မလောက်လေး မလောက်စား သာ ဖြစ်တော့သည်မှာ အပြစ်မဆိုသာဟု ဆင်ခြင်မိလေ၏၊

ဤရွာကျောင်းတွင် ညကျိန်းရုံသာ သီတင်းသုံးပါသည်။နေ့ခင်းပိုင်းတွင် တောတောင်ထဲကြွ၍နတ်များကို ပင့်ပြီး ပရိတ်ရွတ်ရန် အရေးကြီးသည့် ဆွေမျိုးကချင်ရွာ ပတ်ဝန်းကျင်သို့ကြွ၍ပရိတ်ရွတ်မေတ္တာပွားသည်။ဤအရှင်သည်ဤရွာတွင်(၁၅)ရက်ခန့် တည်းခို၍အလုပ်(ပရိတ်ရွတ်)လုပ်ရန်စိတ်ကူးရှိခဲ့ပါသည်။ယခုမှု(ရ)ရက်တစ်ပါတ်ပင်ပြည့် အောင်နေထိုင်ရန်ခက်ခဲလာပြီဟု သိရလေသည်။ ဇာတိရမ်းများဖြစ်၍ရဟန်း ဝိနည်း သိက္ခာပုဒ်များကိုနားလည်ကြသောကြောင့်သူတို့သည် ရဟန်းမဝတ်လိုကြကြောင်း ရဟန်းဝိ နည်းကိုနားမလည်သောသူများသာလျှင် ရဟန်းပြုကြခြင်း ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ငရဲမကြောက်သောသူများသာ ရဟန်းဘောင်သို့ရောက်ကြကြောင်းပြောကြလေသည်။ ဤကဲ့သို့

ပြောလုံးများကြောင့်၎င်းတို့ရွာတွင်ကျောင်းထိုင်သံဃာမမြဲခြင်းဖြစ်သည်ဟု ထင်မိပါသည်။ ဝိပဿနာတရားဟောပြော၍လည်းမရပါ။သမထတရားဟော၍လည်းမဖြစ်ပါ။ ဒါန၊သီလကို ကားအထူးပြုကြလေသည်။ဥပုသ်နေ့တွင်မွန်းလွဲပိုင်းရောက်လျှင်ရေအေးကလွဲ၍တခြားဖျော်ရည်များပင်မသုံးဆောင်ကြပါ။ ဥပုသ်သည်တိုင်းကိုယ်စီထွေးခံများယူထားရှိထားကြလေသည်။တံတွေးမမျိုကြတော့ပါ။၎င်းတို့၏မုလဇာတိဘုန်းကြီးတို့သည်သိက္ခာမတင်၊သိမ်မဝင်ကြပါ။သိက္ခာတင်၊သိမ်ဝင်လျှင်ဘိက္ခုရဟန်းဖြစ်သွား၍ဝိနည်းနှင့်အသက်ရှင်ရတော့မည်ဖြစ်၍သိမ်မဝင်ခြင်းဖြစ်ပါသည်။ယင်းတို့၏ ရဟန်းတို့သည် ထေရဝါဒရဟန်းတော်တို့အား ဝါမည်မျှ ကြီးကြီးဝတ်ချ၊ဦးချကန်တော့ခြင်းမပြုကြပါ။

ထေရဝါဒ ရဟန်းတော်များသည်သာ ယင်းတို့၏ ကိုရင် သာမဏေတို့ကို ဦးချ၊ကန်တော့ရလေသည်။ယင်းတို့ကိုရင်လောက်ထေရဝါဒရဟန်းတော်များမမြတ်ဟုဆိုကြ လေသည်။ဤအရှင်သည်ကျီးကန်းအုပ်စုထဲရောက်နေသောဟသ်ာလား၊ဟသ်ာ အုပ်စုထဲ ရောက်နေသည့် ကျီးကန်းလားဆိုသည်ကို မဝေခွဲတတ်တော့။ဤအခြေအနေကို သိထားသောကြောင့်ဘာသာခြားမှဗုဒ္ဓဘာသာဝင်ပြီး ရဟန်းပြုသည်မှာထေရဝါဒ ရဟန်းဖြစ်၍ ၎င်း တို့နှင့်ဝါဒမတူ၊အသွင်ကွဲသောကြောင့်အနှစ်(၄၀)ကျော်ကြာအောင်မွေးရပ်မြေသို့မပြန်ဖြစ် ခြင်းဖြစ်ပါ၏။ဤအရှင်သည်သက်တော်(၂၀)ကျော်ဇရာပိုင်းကျမှ မွေးရပ်မြေသို့ဤတစ်ခေါက်ရောက်ရသည့်အကြောင်းရင်းတစ်ချက်ရှိသေးသည်။အကယ်၍အရွယ်ကောင်းတွင်ရောက်ပါကညပိုင်းတွင်သက်န်းချွတ်လူဝတ်လဲပြီးရွာထဲမှမိမိသဘောကျသောအပျိုအိမ်၊ ကိုယ်ကသဘော မကျဘဲ အပျိုက ကိုယ့်ကိုသဘောကျသည့် အိမ်သို့ အလည်အပတ် (အပျိုလည်) ကြွရသောထုံးစံရှိနေသောကြောင့်ဖြစ်၏၊ခါးပန်းကြိုးကိုသာခါးတွင်(အတွင်းက) ပတ်ထား၍ ကာလသားသဖွယ် ဝတ်ဆင်ပြီး အပျိုလည် ကြွ သော ဓလေ့သည်ဤနယ်ပယ်၌ရှိနေသည့်အတွက် ဇရာပိုင်းကျမှ ပြန်ရောက်သည်မှာသင့်တော်လှသည်ဟု ယူဆမိပါသည်။

အရှဏ်ဆွမ်းကပ်လျှင် ကောက်ညှင်းပေါင်း၊ငါးကင်ပါ၏၊ကောက်ညှင်းပေါင်းနှင့် ငါးကြော်၊ငါးကင်သည် အလွန်လိုက်ဖက်ညီလေသည်။ဤအရှင်သည် ရှမ်းစာ (ရှမ်းအစားအသောက်)ကို ငယ်ကြိုက်ဖြစ်၍ နှစ်သက်စွာ ဘုန်းပေးသည်ကိုလည်း ရွာသူရွာသားများ သဘောကျဟန်တူပါသည်။ လာမည့်တနင်္ဂနွေပတ်ကျော်လျှင် ရှင်ပြုပွဲ ပြုလုပ်မည်ဟုပြောကြသည်။ဤအချက်သည်ဤအရှင်ကို ပညာနှင့် နှင်သည်ဟု ထင်မိပါသည်။အကြောင်းမှာ ၎င်းတို့ရှင်ပြုပွဲအတွက်ဤအရှင်သည် မည်သို့မျှ အသုံးမကျသောကြောင့်ဖြစ်ပါ၏။နောက်တစ်နေ့နံနက်အရုဏ်ဆွမ်း ဘုန်းပေးပြီးနောက် အပြန် လမ်းခရီးကို စတင်ပါတော့သည်။ မုန်းပေါ်၊နမ်ချက်၊ကောင်းခါး၊ နမ့်တောင်းရွာအတိုင်း ပြန်မကြွတော့၊တောင်ဘက်လမ်း ကွတ်ခိုင်သို့ပေါက်သော လမ်းအတိုင်း ပြန်ကြွတော့၏၊လာလမ်းအတိုင်း ရောက်ခဲ့သောရွာစဉ်မှ အမျိုးတို့လည်း ပြောချင်ရာပြော ၊ထင်ချင်ရာထင်ကြစေတော့။

တည်းခိုသော "မန်ဖာ" ရွာမှ တောင်ဘက်ယွန်းယွန်း ကြွလာရာ နာရီဝက်သာသာလျှောက်မိလျှင် "မန်ဆာရွာ" သို့ ရောက်သည်။ဤရွာသည် ဤအရှင်ငယ်စဉ် ခလေး

ဘဝကလေးအိမ်စုရွာ(၄အိမ်သာရှိ)ဖြစ်သည်။ယခုမူတရုတ်ရွာဖြစ်နေပြီ၊အိမ်ခြေ (၄၀) ကျော် ရှိမည်။အိမ်(၂၀)ခန့်သာ အိမ်ကြီးရခိုင် ဖြစ်ကြသည်ကို တွေ့ရလျှင်ဝမ်းသာဝမ်းနည်း ဖြစ် ဒိပါသည်။ ဝမ်းသာသည်မှာ လေးအိမ်မှ(၄၀)ကျော်အထိ တိုးတက် သောကြောင့်ဖြစ်၏၊ ဂမ်းနည်းသည်မှာ ဒေသခံတိုင်းရင်းသား အိမ်တစ်အိမ် မျှမပါ။အားလုံးတရုတ်ရွာဖြစ်နေပြီ၊ ဂစ်သက်နှင့်တစ်ကိုယ် တိုင်းရင်းသားများ မဝင်ရဲသော ရေအိုင်ကြီးလည်း ဤအနီး ခနားတွင်ရှိသည်။နဂါးရှိသလိုလိုမြွေကြီးရှိသလိုလို နတ်ကြမ်းသလိုလို တောလူရှိသလိုလို ပြောကြ၍ဤအင်းအိုင်အနီးသို့ မည်သူမျှ မကပ်ရဲကြပါ။ဤအရှင်လည်းသတ္တိ ကောင်း သည်ခေါ်မလား၊မိုက်သည်ခေါ်မလား၊စွန့်စားသည်ခေါ်မလား၊မပြောတတ်၊ နွားပျောက်၊ ကျွဲ ပျောက်ရှာရင်းနှစ်ခါ၊သုံးခါဖြတ်ဘူးလေသည်။ရေအိုင်သည်ရေမသစ်ပင်ကြီးများပြည့် နက် နေသည်။ဤတောသို့ ရောက်လျှင်ကောင်းကင်ကို မော့ကြည့်ပါက နေ့ခင်းကြောင် တောင် ဖြစ်သော်လည်းကြယ်တာရာတို့ကိုမြင်ရလေ၏၊နေ့ရောညပါ"ငှက်ဆိုးအောင်ဝါ" ငှက် ကြီး များအော်ကြလေသည်။"အောင်အွား"ဟုအလန့်တကြားအော်လိုက်လျှင်ကြက်သီးမွေးညှင်းထ သွားသည်။ပုံသဏ္ဍာန်အမျိုးမျိုးသောငါးများရှိကြသည်ကိုတော့ဤအရှင်မြင်ဘူးပါသည်။

ဤရွာမှတောက်လျှောက်ငါးနာရီကြာ လျှောက်မိလျှင် "မုန်းဟုန်ရွာ" သို့ ရောက် မည်ဖြစ်သည်။မိုင်အားဖြင့်(၁၅)မိုင်ခန့်ရှိမည် ထင်သည်။ထုံးစံအတိုင်းပရိတ်ရွတ်လာ သည်။ ခဏကြာလျှင်အထက်တွင်ဖော်ပြခဲ့သောအင်းအိုင်ကြီးသို့ရောက်လာသည်။ပြောင် သလင်းခါ နေပြီဖြစ်၏၊လက်မောင်းခန့်ရှိသောသစ်ပင်တစ်ပင်မျှပင်မတွေ့ရတော့၊"လူကြမ်း၊ နတ်ကြမ်း မခံနိုင်" ဟူသောစကားမှန်သကဲ့သို့ရှိနေပြီ၊ တရုပ်တို့လက်ချက်ဖြစ်သည်။"လွှစင်"သို့ ရောက်ကုန် သည်။တရုတ်ပြည်သို့ တင်ပို့သည်။အင်းထဲမှ ငါးများကို မိုင်းခွဲ၍ ယူကြ သည်။ စက်နှင့်ပက်၍ဖမ်းယူကြသည်။ လမ်း၏လက်ဝဲလက်ယာ ရှုခင်းသာများကို ကြည့်လိုက်၊ မေတ္တာ ပို့လိုက်၊ပရိတ်ဆက်ရွတ်လိုက်နှင့်ကြွလာခဲ့ရာ ငါးမိုင် ခန့်ခရီး ပေါက်လျှင်ကားသမားများ ရပ်နားသော စခန်းဈေး ဆိုင်တစ်ဆိုင် သို့ရောက်ရှိ လာသည်။ ရှမ်းဒကာတစ်ဦး ခေါက်ဆွဲမှာ၍ကပ်သည်။ ရှမ်းဘာသာနှင့်နှုတ်ဆက်သည်။ "မန်ဂျယ်ရွာ" ကဟုပြောသည်။မန်ဂျယ်ရွာသည်ဈေးရွာဖြစ်သည်။ ဤအရှင်တို့၏ဈေးရွာဖြစ်သည်။ ထိုရွာတွင်ဆွေမျိုးပိုများသည်။ထို့ကြောင့်ခေါင်းရှုပ်မခံလို၍မကြွဖြစ်တော့၊ခေါက်ဆွဲဘုန်းပေး ပြီးထိုဒကာအားဆုပေးလိုက်သည်။ဤနယ်တွင်တခြားဆုပေး၍ မရပါ။ အာဋာနာဋိယ သုတ်၏နောက်ဆုံးနှစ်ပိုဒ်ကိုရွတ်ပေးရလေသည်။ခေါက်ဆွဲဒကာက"ဆာထု–ဆာထု–ဆာထု" ဟုခေါ်၏ "သာဓု" ကိုရှမ်းသံနှင့်"ဆာထု" ဟုထွက်လေ သည်။ပရိသတ်များ ဆယ်ယောက် ကျော်ကျော် ဤစခန်းတွင်ထိုင်နေကြသည်။ ကချင်တစ်ယောက် ရှမ်းဘာသာနှင့်လာ နှုတ် ဆက်သည်။ စီးကရက်သောက် မသောက်မေးသည်။ ဤအရှင်က မသောက်ကြောင်း ရှမ်းဘာသာနှင့် ပြန်ပြောလိုက်သည်။ သူ၏ ဦးလေး တော်သူလည်း အောက်ဗမာပြည်တွင် ရဟန်း ဝတ် နေသည်မှာ ကြာပြီဖြစ်ကြောင်းပြောသည်။ တစ်ခါမျှ မပြန်လာပါ ဟုဆို၏။

"မင်းဦးလေး ဘုန်းကြီးလူအမည်ပြောစမ်း " ဟု မေးလိုက်သည်။ ဤအရှင်၏ ငယ်နာမည်ကိုပြောလာသည်။ "ငါကိုသေချာကြည့်စမ်း " ဟုပြောလိုက်ပြန်လျှင် ဤအရှင်ကို ခေါင်းဆုံးခြေဆုံးကြည့်ပြီး နောက်မှ"အော် ဝါးလုံ " ဟုခေါ်သည်။ "ဝါးလုံ" အဓိပ္ပါယ်မှာ"ဦးလေး"ဖြစ်သည်။ဤတွင်(၁၀)မိနစ်ခန့်စကားပြောကြသည်။ဖွဲ့ကာ နွဲ့ကာ ဝီတာတာ ပြောတတ်၏၊သူ့အမေများမျှော်နေကြသည်။နောက်ကြောင်း ပြန်လှည့်ရန်ကားစီးကြွရန်ပြောသည်။ပြန်မလှည့်လိုကြောင်းပြောလိုက်၏၊ပြောမရတော့ တရုတ်ငွေ ယွမ် နှစ်ရာ လှူလေသည်။"တရုတ်ငွေ(၂၀၀)ဆိုလျှင် ဗမာငွေတစ်ထောင် နီးပါးဘဲ၊ငါကို ဗမာငွေငါးရာဘဲ လှူပါကွာ၊တရုတ်ငွေ မလိုချင်ပါဘူး " ဟုအရှင်က ပြော ရာ ဗမာငွေ တစ်ထောင်ပင် ထုတ်လှူ၏၊တစ်ထောင်သော ငွေသည် ကွတ်ခိုင်မြို့မှ မန္တလေး အထိ မဖူလုံ-ဖူလုံဖြစ်လေသည်။သို့သော်နည်းသောလာဘ် လာဘ မဟုတ်၍ ဆုပေးလိုက်၏၊ "ဝမ်းသာပါတယ်" ဟု ပြန်ပြောသည်။ ဤအရှင်ခရီးဆက်ပြန်သည်။တရုတ်ပြည်ယူနန်ပြည်နယ်သို့ သွားသောကားများတစ်နာရီတစ်စီးကျဖြတ်မောင်းသွားနေ ကြသည်။ဤအရှင်ခြေကျင်ကြွလာသည်မှာ (၁၀)မိုင်ခန့်ခရီး ပေါက်ပြီထင်မိ၏၊

ခြေထောက်သည် တောင့်တင်းနေပြီ၊ခြေဖဝါးလည်း ပူစပ်ပူလောင်ဖြစ်လာပြီ "မုန်းဟုန်ရွာ"သို့မဝင်တော့ဘဲ ခရီးနှင်မြဲနှင်လာသည်။ညနေမိုးမချုပ်မီ "ဘန်ဆွန်ယာရွာ" သို့ရောက်တော့၏၊ဤရွာတွင်လည်း မယ်တော်ဘက်မှ အမျိုးများရှိကြလေသည်။ငယ်စဉ်က တစ်ကြိမ်ရောက်ဘူးသည်။အိမ်မမှတ်မိတော့၊မေးလည်းမေးမကြည့်လို၊ရွာပြင် ဇရပ်ပျက်တွင် ခဏ ထိုင်နား၏၊အိပ်ငိုက်လာသည်။အိပ်လို့မဖြစ်၊ခရီးဆက်သည်။မိုးမချုပ်မီ ရှမ်းရွာသို့ ရောက်လေ၏၊ မန်မော်( Man Mau )ရွာဖြစ်သည်။ ငယ်စဉ်အခါက ဤရွာတွင် ညအိပ်ဘူးသည်။ဤရွာနှင့် ကွတ်ခိုင်မြို့နယ်တာမိုးညေး ရွာအထိ ကားလမ်းစတင်ဖောက်လုပ်စဉ် လုပ်အားပေးခဲ့သည်ကို သတိရပါ၏၊ညမှောင်မှောင်တွင် ကားလမ်းသစ် ချောက်ထဲ ကျသွားစဉ် နာကျင်သော်လည်း လုပ်ဖော်ကိုင်ဖက်များ ဝိုင်းရယ်ကြ၍ မနာဟန်ဆောင် ခဲ့ရ၏။ဤရွာတွင်ဟိုစဉ်ကဘုန်းကြီးကျောင်းရှိလေသည်။ ယခုရှိ၊မရှိမေးမြန်းရဦးမည်။ ရှိ၊မရှိမှာကျောင်းထိုင်ဘုန်းကြီးရှိ၊မရှိကိုဆိုလိုပါသည်။

ရွာထဲဝင်ခါနီးတွင်ရှမ်းကလေးလူပျိုပေါက်နှစ်ယောက်နှင့်တွေ့၍ မေးကြည့်သည်။ ကျောင်းထိုင်ရှိသည်။ ဝါငယ်သေးသည်။ အသက်တော့ကြီးပြီဟုပြော၏။ တစ်ည တစ်လေ တည်းလျှင်ရမလားဟု မေးရာ ရနိုင်ကြောင်းပြော၏၊ ညှော့သည် အာဂန္တုဇရပ် ကျောင်းရှိကြောင်းပြောလေ၏။ကျောင်းနေရာသည်ယခင်နေရာပင်ဖြစ်ကြောင်းပြော၏။ ကျောင်းသို့ ရောက်လျှင်အလွန်ဆန်းပြားစွာမွမ်းမံချယ်ချယ်ထားသောကျောင်းဖြစ်နေပြီ။ဘုန်းကြီးက ဤအရှင်သည်သူ့ ထက်ဝါကြီးကြောင်းပြောလေသည်။ရုပ်လက္ခဏာ (ဥပတိရုပ်)ကောင်းသူဖြစ်လေသည်။သုမ္မောဂိုဏ်း ဖြစ်သည်ဟုပြောသည်။ ရှမ်းစကား၊ တရုတ်စကား၊ ကချင်စကား ဗမာစကား လေးဘာသာ ပြောနိုင်သောကိုယ်တော်ဖြစ်၏။

ဤအရှင်နှင့်စကားပြောရာ၌ ကချင်စကားပြောသည် ကများလေသည်။ အာဂန္တုဇရပ်တွင်နေရာချထားပေး၏။စပရိုက်ဖျော်ရည်၊အစရှိသောဘိလပ်ရည်တို့ လှည်းတစ်စီးစာရှိမည်ထင်၏။ဤအရှင်အားကြိုက်ရာဘုန်းပေးရန်လေးငါးဘူးထုတ်ပေးလေ၏။ဒေသနာမကြားရသည်မှာကြာသွားပြီဖြစ်၍ညနေပိုင်းတွင်ဒေသနာကြား (အာပတ်ဖြေ) ရအောင်ဟုပြော ရာဒေသနာကြားဖော်ရဟန်း မရှိ၍ ဒေသနာကြားအကြီးအငယ်မရတော့ဟုပြော၏။ သို့သော်စာအုပ်ကြည့်၍ ဒေသနာကြားဖြစ်လေသည်။ဤရွာတွင် ကချင်တစ်ဦး နှစ်ဦး ဗုဒ္ဓဘာသာနှင့် နီးစပ်နေကြပြီဟုပြောလေ၏။နက်ဖြန်လူကြုံမှာလျှင်ရောက်လာမည် ဟုဆိုလေသည်။ဤကျောင်းတွင် တည်းခိုရသည်မှာ စိတ်ချမ်းသာ၏။အရုဏ်ဆွမ်းလည်း မှန်မှန်အချိန်မီဘုန်းပေးရကြောင်း၊နေ့ဆွမ်းလည်း အဆင်ပြေကြောင်းပြောလေသည်။ ည(၉)နာရီ အထိစကားပြောကြ၏။

နောက်နေ့နံနက်(၅)နာရီတွင်အရုဏ်ဆွမ်းဘုန်းပေးရလေသည်။အရုဏ်ဆွမ်းဘုန်းပေးပြီးနောက်ခရီးဆက်မည်ပြောလိုက်လျှင်နံနက်(၉)နာရီခွဲထွက်မည့်ကားရှိကြောင်း၊မန္တလေးအထိသွားမည့်ကားဖြစ်ကြောင်း ကားစီစဉ်ပေးမည်ဖြစ်ကြောင်းပြော၏။ဤအရှင်လည်းခရီးပန်းပြီဖြစ်၍ထိုကိုယ်တော်စီစဉ်သည့်အတိုင်းလက်ခံလိုက်၏။မန္တလေးအရောက် ကားခ မေးကြည့်ရာ၁၅၀၀ိ/ -(တစ်ထောင့်ငါးရာကျပ်)ဖြစ်ကြောင်း၊သို့သော် ထိုကိုယ်တော်က ဒကာခံမည်ဖြစ်ကြောင်းပြောလေ၏။ ဤအရှင်သည်ကျေးဇူးတင်သောအားဖြင့် အရုဏ် ဆွမ်းဘုန်းပေးပြီးပရိတ်၊ပဋ္ဌာန်းတို့ကိုရွတ်ဖတ်ခဲ့လေ၏။

ထိုကိုယ်တော်ကြီးသည်၊ပရိတ် (၄)သုတ်သာရသည်ဟုပြောရှာ၏။ ရသလောက်ရွတ်ပါ။ နံနက်ညမှန်မှန်ရွတ်ပါ။ တတ်နိုင်လျှင်အားအားရှိရွတ်ပါ ဟု အားပေးခဲ့ပါ၏။ နံနက်(၉)နာရီထိုးလျှင် ကားပေါ်သို့တက်ထိုင်၍ ပရိတ်ရွတ်တော့၏။မကြာမီကားထွက်လေသည်။ကားပေါ်တွင်လူသုံးဆယ်ခန့်ပါလာသည်။ ရှမ်းလူမျိုးများ၏။ တရုတ်၊ ကချင်၊ လီဆူ လူမျိုးများပါလေသည်။

ကွတ်ခိုင်တွင်နေ့ဆွမ်းကပ်ကြသည်၊ကားပေါ်မှရှမ်းဒကာဒကာမများ ကပ်ကြသည်။ လားရှိုးတွင်ဆင်းမည့်ခရီးသည်ကများသည်၊မန္တလေးအထိသွားမည့်ခရီးသည်မှာ (၁၀)ဦးခန့်သာပါလေ၏။ ဤအရှင်သည်ကားပေါ်ရောက်ပါက ပဋ္ဌာန်းကို ရွတ်ပွါး လာသည် ကိုခရီးသည်များကြည်ညိုကြလေသည်။မန္တလေးမြို့သို့ညမိုးချုပ်မှရောက်လေ၏။ ဤအရှင်၏ဇာတိရပ်ရွာသို့တစ်ခါတစ်ခေါက်အလည်ရောက်ခရီးသည်သာမန်အားဖြင့်ကြည့်သော်အကျိုးမများလှပါ။သို့ရာတွင်ပရိတ်ရွတ်ဒေသစာရီကြွမြန်းခြင်းတစ်ခရီးအောင်မြင်ပြီဟုနှလုံး သွင်းရပါတော့ သတည်း။

## သက်သတ်လွတ်စားပြီးကျင့်ရမှာလား၊အသားငါးစားပြီးကျင့်ရမှာလား

(၁၉၉၇-မတ်လထုတ် ဂမ္ဘီရ မဂ္ဂဇင်းတွင်ပါပြီး )

ကျွန်တော်သည် ဘာသာခြားမှဗုဒ္ဓဘာသာသို့ကူးပြောင်းလာသူတစ်ဦးဖြစ်ပါသည်။ ကျွန်တော်၌ပရိယတ္တိတည်းဟူသောပါဠိစာပေကျမ်းဂန်တို့ကိုကျွမ်းကျင်စွာလေ့လာသင်ကြားထားခြင်းမရှိပါ။ဘာသာပြန်စာပေများကိုဖတ်ရှုခြင်း၊ဗုဒ္ဓဘာသာဝင်သက်ကြီးဝါကြီး ရဟန်းရှင် လူတို့ထံမေးမြန်းမှတ်ယူခြင်းဖြင့်သာ ဗုဒ္ဓဘာသာ သာသနာ ဆိုင်ရာ ဗဟုသုတတို့ကို တိုးပွါးစေခြင်းဖြစ်ခဲ့ပါသည်။

ဤကဲ့သို့လေ့လာကျင့်ကြံနေစဉ် သက်သတ်လွတ်စားပြီးကျင့်ကြံခြင်း၊ မစားဘဲကျင့်ကြံခြင်းတည်းဟူသောအထူးပြဿနာကြီးသည်ကျွန်တော့်၌ချက်ချင်းကိုယ်ဝန်ရချက်ချင်းဖွားမြင်၊ချက်ချင်းကြီးထွားသောကိစ္စကဲ့သို့ဖြစ်လာပါတော့သည်။ရဟန်းပုဂ္ဂိုလ်၊ရသေ့ပုဂ္ဂိုလ်၊ယောဂီ၊လူပုဂ္ဂိုလ်ကလေးလူကြီး၊မိန်းမ၊ယောက်ျားများစွာနှင့်လည်းအကြိမ်ပေါင်းမရေမတွက်နိုင်အောင် ဆွေးနွေးဘူး၊ဝေဖန်ဘူး၊ငြင်းခုံဘူး၊ရန်ဖြစ်စကားများဘူးလေပြီ။ငြင်းခုံရာ တွင်ကျွန်တော်၌အကျိုးကတစ်မျိုးအပြစ်ကနှစ်မျိုးကိုရာနှုန်းအပြည့်ရရှိလိုက်ပါသည်။အကျိုးတစ်မျိုးမှာသူတစ်ပါးထံမှဗဟုသုတရတနာသရွေ့ရခြင်း၊ထိုသူများ၏ပညာအရည်အချင်း စိတ်နေသဘောထားကိုသိရခြင်းပင်ဖြစ်ပါသည်။ အပြစ်နှစ်မျိုးမှာကား ဤကဲ့သို့ငြင်းခုံခြင်းအားဖြင့်ကိုယ်ကနိုင်ပါကလည်း၊ အမုန်းခံရသည့်အကျိုးနှင့် ကိုယ်ကရှုံးပါကလည်းညံ့သည်ဟုအထင် သေးခံရသော အကျိုးပင်ဖြစ်ပါသည်။

ကျွန်တော်ဘာသာခြားတွင်နှစ်ပေါင်း (၃၀)သုံးဆယ်ကျင်လည်ခဲ့စဉ်ကသက်သတ်လွတ်ပြဿနာနှင့်ပတ်သက်၍ခေါင်းအေးခဲ့သည်။ သတ္တဝါတိရစ္ဆာန်များကို ကမ္ဘာ့ ဟင်းသီးဟင်းရွက်များသဖွယ်ကိုယ်တိုင်မွေး၊ကိုယ်တိုင်သတ်၊ ကိုယ်တိုင်ရောင်း၊ ကိုယ်တိုင်စားခဲ့ ပါသည်။ဘုရားသခင်လည်းသဘော်သားနှင့် သမီးကို သဘောတူခွင့်ပြုသော ယောက္ခမကဲ့သို့အသာတကြည်ခွင့်ပြုထားလေသည်။ ယခုဗုဒ္ဓဘာသာ သို့ဝင်လာသော အခါ ကျွန်တော့်၌သက်သတ်လွတ်စားခြင်း၊မစားခြင်းပြဿနာကြီးသည်ဖြေရှင်း၍မရနိုင်သည့် ပြဿနာကဲ့သို့အလွန်အကျူးရက်ရက်စက်စက်ရင်ဆိုင်လာရသည့်အတွက်နေ့စဉ်နှင့်အမျှရတက်မအေး ဖြေဆေးမရှိဖြစ်နေရပါ၏။

အသားငါးစားပြီး ပေါက်မြောက် အောင်မြင်သွားသူများလည်း အများအပြားရှိကြသည်ကိုလေ့လာတွေ့ရှိရပါသည်။ ထိုအခါကျပြန်တော့ဘာသာခြားဘုရားသခင်ဟောမြွက်သည့်တရားနှင့်ဗုဒ္ဓဘာသာဘုရားသခင် ဟောတော်မူသောတရားတော်တို့သည်ထပ်တူထပ်မျှတူနေသယောင်၊ဆင်တူသည်ဟုထင်ရမည်လိုဖြစ်နေပြန်ပါရော။တူမည်လည်း ကျွန်တော်ကထင်မြင်ယူရန်ခက်နေပြန်၊အသားငါးစားသည်နှင့် ပတ်သက်၍ ရဟန္တာပုဂ္ဂိုလ်ဟုသမုတ်ခံ ရသော"သဲအင်းဂူ"ဆရာတော်ဦးဥက္ကဋ္ဌအရှင်သူမြတ်အားလျှောက်ထားဘူးရာဟော့ကချင်ကလေးအသားငါးကို အားရပါးရစား ၊အားရပါးရလည်းတရားအားထုတ်၊ ဝက်သားစားရင်လည်း

ဝက်သားလို့မမြင်နဲ့၊ဝက်ဖြစ်ပြီး ပြန်စားခံရတတ်တယ်၊နွားကျွဲသား(အမဲသား)စားရင်လည်း အမဲသားလို့ မမြင်နဲ့၊ လှည်းပြန်ရုန်းရ တတ်တယ်။သတ်စားလည်း ခံရ တတ်တယ် ကြက်သား၊ဆိတ်သား၊ဘဲသား ညှာသား၊ ငါးစတဲ့ဟာစားရင်လည်း အဲဒီ နည်းအတိုင်း မှတ်ဟူ၍ ဟောကြားသွန်သင်ဘူးသည်ကို ခံယူဘူး၏၊ဝမ်းမြောက်ဘွယ်ဖြစ်၏၊

စစ်ကိုင်းတိုင်းမော်လူးတောရကျောင်းဆရာတော်ထံသွားရောက်၍မေးမြန်း လျှောက် ထားဘူးလေသေး၏၊ထိုဆရာတော်သည်လည်း ရဟန္တာသမုတ်ခံရသူ၊ဝိဇ္ဇာဓိုရ် သမုတ်ခံရသူ ဖြစ်လေသည်။ကျွန်တော့်အား ဆုံးမဟောကြားဘူး၏၊တစ်တစ်ခွခွ ရှိလှသောဟောကြားမှု ကိုနာယူလိုက်ဘူးပါသည်။သူ၏အဆုံးအမမှာ"တရားသာရအောင်အသားစားအားထုတ်၊ဝက် ဆီ ဝက်သားပြွမ်း ဟင်းစားပြီး တရားအဆီရအောင် အားထုတ်ပေါ့ကွာ၊ငါက ဝက်သား ဟင်းနဲ့ငါးကြော်ဆိုရင်အရမ်းကြိုက်တာဘဲ၊ပေါင်းသင်းကောက်ညှင်းပေါင်းနဲ့ ဝက်သားဟင်း အိအိစိမ့်စိမ့်စားရင်း တရားအားထုတ်ရင် အဆီရစ်ပြီး ငိုက်ချင်လာပြီ၊အဲဒီအခါမှာ ရှူးရှဲ ရှူးရှဲနဲ့ရှူရှိုက်အားထုတ်ရင်အရမ်းကောင်းတာဘဲ၊အဆီရစ်လာတဲ့အခါမရှူဘဲ ထိုင်နေရင် တော့တရားထိုင်ရင်း စက်တော်ခေါ်ပါရော"ဟူ၍ အမိန့်ရှိလေသည်။သူ၏ဆုံးမစကားလည်း မှတ်သားဘွယ်နှလုံးသွင်းဘွယ်ကောင်းလှ၏၊ အခြားနံမည်ကြီးပုဂ္ဂိုလ်များစွာနှင့်လည်း ဆွေးနွေးဘူးလေသည်။အဖြေများမှာခပ်ဆင်ဆင်ဖြစ်လေသည်။

တစ်ဖန် သက်သတ်လွတ်၊မီးလွတ် ၊ရေဆွမ်းစား၍ ပေါက်မြောက်သွား ကြ ကုန် သော ပုဂ္ဂိုလ်များလည်း ဒုနဲ့ဒေး ရှိနေပြန်၏၊ ထိုပုဂ္ဂိုလ်များထဲမှာလည်း ရဟန္တာ၊ဝိဇ္ဇာ၊ ဇော်ဂျီ တပသီ၊အကြားအမြင်ပုဂ္ဂိုလ် ၊ဓာတ်စီး၊နတ်စီး ပုဂ္ဂိုလ်စသည့်စသည့် ပုဂ္ဂိုလ်ထူး ပေါင်းစုံ နှင့်လည်း တွေ့ဆုံရပြန် သည်။တောင်တန်းသာသနာပြုဆရာတော် အရှင် ဦးဥတ္တမသာရ စစ်ကိုင်းတောင်ရိုးသို့ကြွလာတိုင်းသက်သတ်လွတ်ချောင်သို့ဝင်၍ တည်းခို လေသည်။ထို သက်သတ်လွတ်ချောင်တွင် အသားငါးစားသော ပုဂ္ဂိုလ်များ၊ ညအိပ်၊ ညနေတည်းခိုးခြင်းမပြု ကြဟု ကြားဘူး၏၊တည်းခိုမိပါက ရှမ်းပစ်ထားသော လယ်တော၊ ပလောင်ပစ်ထားသော လဘက်၊ကချင်ပစ်ထားသောခါး၊ကုလားပစ်ထားသောမိန်းမ၊ဗမာပစ် ထားသော ငါးပိ၊ဒန်အိုး နှင့် ကျိုသောရေနွေး၊ကရင်ပစ်ထားသော ဆေးတံကဲ့သို့ ဖြစ် တော့၏၊ မကောင်းတော့ ထိုသက်သတ်လွတ်ချောင်တွင် ညအိပ်တည်းခိုပါက နောက်နေ့ မနက်အိပ်ရာ ထလျှင် ကျောင်း၏အပြင်ချုံတောတွင် အလိုလိုရောက်နေပြီး လန့်နိုး ရ သည်။အံ့ဩရသည်ဟု ကြားဘူး ပါသည်။ဤအဖြစ်အပျက် မှန်ကန်ပါက ထူးဆန်းဘွယ်၊ စူးစမ်းဘွယ်၊ လေ့လာ ဘွယ်ကောင်းလှပါသည်။စိတ်ဝင်စားဘွယ် အထွင့်ပါဘဲ၊

ကျွန်တော်တစ်ခု သတိရမိပါသည်၊ဘာသာခြားတွင်ရှိခဲ့စဉ်က ဘုရားသခင်သည် တစ်နှစ်လျှင် ရက်ပေါင်း (၃၆၅)ရက်နှင့် (၁၂)နာရီရှိသည့်အနက် ရက်ပေါင်း(၄၀) အစား အသောက်ရှောင်ရမည်ဟု ဟောကြားထားလေသည်။တစ်နှစ်လုံးစားခဲ့သော အသား ငါး စားသည့်အပြစ်ကိုဖြေခြင်းဖြစ်သည်ဟုဆိုပါသည်။သို့ရာတွင် တကယ် လိုက်စား ကြသူက

ဥသျှစ်တစ်တင်း၊နှမ်းတစ်တင်းသာဖြစ်၏၊ကျွန်တော်ကိုယ်တိုင်လည်း တစ်ခါမျှ ရက်ပေါင်း (၄၀)မပြောနှင့် တစ်နေ့တစ်ရက်ပင် မရှောင်ဘူးပါ၊သို့သော် ရက်ပေါင်း(၄၀)ရှောင်သော သူများကိုကား ချီးမွမ်းဘွယ်ဖြစ်သည်ဟု ယူဆမိပါသည်။ဤသို့ ကျွန်တော် သတိရ လိုက် ပါ၏။

ကျွန်တော်ဉာဏ်ပေတံရလာပါပြီ၊ဘာမဆို လေ့လာပါက ဟန်ကျသောအခြေသို့ ရောက်ရစမြဲပါပေ။လေ့လာလျှင်ရမည်။ဗုဒ္ဓဘာသာအဓိဋ္ဌာန်၊အဓိဋ္ဌာန်မြောက် သိဒ္ဓိပေါက် အဓိဋ္ဌာန်မြောက် နိဗ္ဗာန်ရောက်၊အဓိဋ္ဌာန်ပြီး သိဒ္ဓိပြီး၊မဂ်ပြီး ဖိုလ်ပြီးသည်။ ဤ အဓိဋ္ဌာန် ဆိုသည့်စကားကို ကျွန်တော် စိတ်ဝင်စားသည်။အဓိဋ္ဌာန်ဝင်သည့်အကြောင်း လေ့လာရ မေးမြန်းရ၊ ဆွေးနွေးရ လုပ်ရပြန်သည်။ ဤအဓိဋ္ဌာန်ကိစ္စနှင့်ပတ်သက်၍ကား ကျွန် တော်အငြင်းအခုန်မကျင်းပလိုပါ။လိုက်ကြည့်မည်။ကျင့်ကြည့်မည်။လုပ်ကြည့်မည်။သို့သော် တကယ် လုပ်မည် ကျင့်မည်ဆိုလျှင် မလွယ်လှသည်ကို ကြုံရပြန်၏၊

ကြုံရပုံမှာ အဖျက်ဆိုလား၊အပျက်ဆိုလား၊သဘောမနော ရှုပ်ထွေးနေသေးသည်၊ အဓိဋ္ဌာန်အောင်ချင်လျှင်ရက်တိုတို အဓိဋ္ဌာန်များများအောင်ထား၊ အကြိမ်ကြိမ် အောင်ထား၊ ဒါမှနောက်ပိုင်းတွင် အဆင်ပြေတတ်သည် ဟူသော အဆိုကို နှစ်သက်မိပါသည်၊ ကျွန်တော်အဓိဋ္ဌာန် စတင်ဝင်ပါပြီ၊ အလွယ်ဆုံးဂါထာ ဗုဒ္ဓ၊သရဏံ၊ဂစ္ဆာမိ ပုတီး(၁)လုံးချ၊ ပုတီး(၉)ပတ်၊ဓမ္မံ၊သရဏံ၊ဂစ္ဆာမိ၊ပုတီး(၁)လုံးချ၊ ပုတီး(၉)ပတ်၊သံဃံ၊သရဏံ၊ ဂစ္ဆာမိ ပုတီး(၁)လုံးချ၊ပုတီး(၉)ပတ်၊(၉)ရက်အဓိဋ္ဌာန်ဝင်သည်။အားလုံး(၉–သုံးလီ ၂၇) ပတ်ကို တစ်နေ့ အတွင်း အပြီးစိပ်သည်။(၃)ရက်အရဝင် ခြေထောက်ခလုတ်တိုက်မိ၍ ထိုင်လို့ မရတော့ပါ။သို့သော် အသက်နှင့်အဝေးကြီး၊ဇီဝိတနှင့် အကွာကြီးရှိသေးသည်ဟုခွန်အားပြန် စုယူ၍ ရှေ့သို့သာချီသွားသည်။(၅)ရက်မြောက်တွင် တိုက်မိသောနေရာတည့်တည့်တွင် ခလုပ်ထပ်တိုက်ပြန်သည်။ဤတစ်ကြိမ်တော့ဖြင့်အကျိုးနည်းပြီ၊"ဒါအဖျက်လား၊အပျက်လား" ဟု တစ်ယောက်ယောက်ကို မေးသလို ကိုယ့်ကိုယ်ကို မေးမိသည်။ဖျက်ပေမဲ့ မပျက်ဘို့ အရေးကြီးသည်။ ဖျက်တိုင်းပျက်ရမလား၊အဖျက်ခံရသော်လည်း၊အပျက်ခံလို့မဖြစ်ဘူး၊ အကျိုးနည်းရမည့် အခြေအနေကနေ အကျိုးများအောင်လုပ်မည်။ဒါက ကျွန်တော့်ရင်ထဲ စိတ်ထဲက ထွက်လာသည့် ဆီးဗိတ်အားဆေးဘဲပေါ့၊ရှေ့သို့သာချီ၊(၇)ရက်မြောက်တွင်တော့ ထူးသလား၊ရှူးသလား၊မပြောတတ်တော့၊ဉာဏ်လည်းမမီသေး၊မိတ်ထားသောမျက်လုံး မှောင် မှောင်ကြီးမှလင်းလာစဖြစ်လာသည်။နေထွက်ခါစ အရောင်ကဲ့သို့ လင်းလာသည်။ ဝါဝါ ထိန်ထိန်ကြီး ။

ဤအခြေအနေတွင် ကျွန်တော်သည် ထိုင်ရမလိုလို ထရမလိုလို လဲလျောင်း ရမ လိုလို ရိုးတိုးရွတ ဖြစ်လာတော့၏၊ရှေ့သို့သာချီ(၉)ရက်မြောက်သော အောင်ရက်ညတွင် မိတ်ထားသောအလင်းသည် ပိုလင်းလာသည်။သို့သော် (၁၀)ဝပ်အားခန့်သာ လင်းသေး သည်။ရှေ့ကိုဘယ်လောက်လင်းမည်မသိရပါ။(၉)ရက်အောင်သောနေ့တွင်ဤအတွေ့ အကြုံ

သာကျွန်တော်ကြုံရပါသည်။ညအိပ်လို့မရ၊တက်စာဝဝလင်လင်စားမိပြီး အိပ်မရ သကဲ့သို့ လက်ဘက်သုတ် အစားလွန်ပြီး အိပ်မရသကဲ့သို့ ဖြစ်နေသည်။အိပ်မပျော်သော်လည်း အိပ်ရာ တွင်ဘယ်လူးညာလူးလူးလိမ့်နေရသည်။ညတော့သိပ်မနက်သေးပါ။ (၁၀)နာရီ ကျော်ကျော် သာ ရှိသေး၏၊ခြေထောက်ကလည်း နာနေ၍ အိပ်ရာစောစောဝင်သည်။

အဝိဇ္ဇာန်အောင်၍အိပ်ရာစောစောဝင်သည်။သို့သော်အိပ်မပျော်သည်ကတော့ ဆန်း နေသည်။ခဏကြာသော် မှေးခနဲ ဖြစ်ရုံဖြစ်သွားသည်။ထိုစဉ် အိပ်မက်ထဲ၌ ရဟန်း တော် တစ်ပါးနှင့်တွေ့ဆုံလေသည်၊သူက" ကြားသား၊မြင်သား၊သိသား၊မစားနဲ့ " ဟုပြော သည်။ ထိုအဓိပ္ပါယ်ကိုမေးမည်ပြုနေစဉ်ထိုဆရာတော်ပျောက်သွား၏၊"ကြားသား၊မြင်သား၊သိသား"။

ကျွန်တော်ကလည်း ဗုဒ္ဓဘာသာဝင်ခါစ ဟိုဘာသာကောင်းကောင်း မကောင်း ကောင်းကျွန်တော်မကြိုက်၍ စွန့်လိုက်သည်။ဗုဒ္ဓဘာသာကို ယုံကြည်ကြိုက်နှစ်သက်၍ ကူး ပြောင်းလာသည်ဆိုသော်လည်း ၊ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ ဘာမျှမသိရသေး၍ မျောက် သစ်ကိုင်းလွတ်သကဲ့သို့တစ်ပင်မှတစ်ပင်သို့ ခုန်ကူးလျှင် မိပါကအရေးမဟုတ်။သစ် ကိုင်း ကို မမိလျှင် ထိုမျောက်အတွက် တွေးဝံ့စရာ မရှိသကဲ့သို့ ဖြစ်မည်ကိုတော့ ကျွန်တော် အစိုးရိမ်ဆုံးဖြစ်၏၊

ကျွန်တော်၏ ဦးလေးက ဝက်ကလေးဝဝကစ်ကစ်ကလေးကို မွေးမြူ ထားသည်။ ကျွန်တော့်ထံပုံးဟောင်းတစ်လုံးလာချထားသည်။ " မင်းစားကြွင်းစားကျန်ဒီပုံးထဲထည့်ထား၊ ဝက်စာလုပ်မလို့." ဟုပြောသွားသည်။ ကျွန်တော်စားကြွင်း စားကျန် ထည့်ပေးထားသည်။ (၃)ရက်ကြာမှတစ်ခါလာယူသည်။ကျွန်တော်လည်း အဓိဋ္ဌာန်အမျိုးမျိုးဝင်နေသည်။ (၆)လ ခန့်ကြာသွားပြီဖြစ်သည်။တစ်ည ကျွန်တော် ပုတီးစိပ်နေစဉ် မှိတ်ထားသောမျက်စေ့ အ နည်း ငယ်လင်းလာသည်။ ဝက်ကလေးတစ်ကောင်ကို ဦးလေးသတ်၍ ချိန်ခွင်နှင့် ချိန် နေသည်ကိုမြင်နေသည်။သတ်သူဦးလေး၊ချိန်သူဦးလေးမှန်း၊ပီပီသသ တွေ့လိုက် ရ သည်။ ကိုယ့်ကိုယ်ကိုအံ့သြမိသည်။မအံ့သြဘဲနေမလဲ၊ကြုံမှမကြုံဘူးဘဲ၊အမြင်က မဆုံး သေး၊ဆက် မြင်နေတုန်း၊ဝက်သားသည် (၂၈)ပိဿာ နှင့်(၈၅)ကျပ်သားရှိသည်ကိုလည်း မြင် လိုက် သည်။အသတ်ခံရသော ဝက်သည်အဖြူပေါ်တွင် အနက်ပျောက်များ ရှိသည်ကိုလည်း မြင် နေရလေသည်။

နောက်တစ်နေ့နံနက်(၈)နာရီခန့်တွင် ဦးလေးရောက်လာလေသည်။ သူ့လက်ထဲ တွင် ဝက်သားနှစ်တွဲပါလာလေသည်။တစ်တွဲသည် တစ်ပိဿာတွဲဖြစ်သည်။တစ်တွဲသည် ကလီစာတွဲဖြစ်သည်၊ဦးလေးက ငါ့တူမင်းကဝက်စာခံပေးတယ်၊ဒီဝက်ကလီစာကို မင်းချက် စား၊ ဒီတစ်ပိဿာကိုတော့ ရောင်းပေး " ဟု ပြောသည်။ကျွန်တော်က "ဦး၀က်သတ်တာ (၂၈)ပိဿာနဲ့(၈၅)ကျပ်သား ရှိတယ်မဟုတ်လား၊ပြီးတော့ ဝက်ကအဖြူရောင်ပေါ်မှာ အနက်ပြောက်ကလေးရှိတယ်မဟုတ်လား" သူက" အေးဟုတ်တယ်၊ ငါဝက်သတ်တာမှာ

မင်းလာကြည့်သလား၊မင်းမေးတာအားလုံးမှန်တယ်၊ဒါမှမဟုတ် မင်းကိုဘယ်သူလာပြော သလဲ "ကျွန်တော်က" ကျွန်တော်လာ မကြည့်ပါဘူးခန့်မှန်း ပြောလိုက်တာပါ၊" ထိုအခါ သူက "မင်းခန့်မှန်းတာ တယ်မှန်ပါကလား၊ ဂက်ပွဲစား လုပ်ဘို့ကောင်း တယ်" ဟု ၏။ ဝက်ပွဲစားစကားကြားလျှင်ကျွန်တော်ရယ်ချင်၏၊အောင့်ထားသောကြောင့် လေချဉ်ပင် တက် လာလေသည်။သူပြန်သွားပြီ။ကျွန်တော်အံ့သြရပြန်သည်။ပြီးတော့ ဒါငါ့တန်ခိုး မဟုတ် ဘူး၊သရဏဂုံအစီရင်ခံနဲ့ဂုဏ်တော်အစီရင်ခံတန်ခိုးကြောင့် သာဖြစ်မယ်ဟုဆင်ခြင်လိုက် ပါ သည်။ကျွန်တော်ဝက်ကာယီစာချက်လိုက်သည်။ပြီးလျှင် ကျွန်တော်၏အစ်ကို နှင့်ထိုင်စား ကြသည်။အစ်ကိုသည်ဝက်သားကိုတစ်လုပ်ပြီးတစ်လုပ်စားနေသည်။ကျွန်တော်၏လက်သည် ကားဝက်သားဟင်းကိုနှိုက်ကိုင်လို့မရ၊ စားလို့လည်းမရ၊ လက်သည်တစ်ယောက် ယောက် ချုပ်ကိုင်ထားသကဲ့သို့လည်းကောင်း၊ကြိုးနှင့်တုပ်ထားသကဲ့သို့လည်းကောင်းတောင့်တောင့် ကြီးဖြစ်နေသည်။သံချောင်းနှင့်ပူးချည်ထားသလို။

ကျွန်တော်၏ ညာလက်ကို ဘယ်လက်ကကိုင်၍ အတင်းဆွဲလိုက်သည်။ ဝက်သားဖတ်ကိုလည်းတအားကိုင်ဆွဲလိုက်သည်။ပါးစပ်ထဲရောက်လျှင်မြိုချ၍မရပါ။ ပျို့လာ လေ၏။ကျွန်တော်ဒီလိုဖြစ်သည်ကို နားမလည်နိုင်တော့ပါ။အစ်ကိုလည်း "ဘာဖြစ်သလဲ" ဟုမေးယူရ၏။ မုန့်ညင်းဟင်းချိုနှင့်သာလွေးရတော့သည်။ဤညတွင် ကျွန်တော်မှိန်းမိပ်ပြီး အိပ်လေသည်။ချက်ခြင်းအိပ်ပျော်သွားလေသည်။ချက်ချင်းအိပ်မက်မက်သည်။ ရဟန်းတော် တစ်ပါး အဝတ်ဖြူဝတ် လူတစ်ဦးတို့နှင့် တွေ့ရသည်ဟု အိပ်မက် မက်သည်။ ထိုပုဂ္ဂိုလ်တို့က ပြောကြသည်မှာ "ကြားသား၊မြင်သား၊သိသား"ဟု ပြောကြသည်။ "ကြားသားဆိုတာ အကောင်တစ်ကောင်ကောင်ကို သတ်လျှင်ထိုအကောင် မသေခင် အော်တယ်၊အဲဒီအော်သံကိုကိုယ်ကကြားလျှင် အဲဒီအသားကို "ကြားသား"လို့ခေါ်တယ်၊ မစားရဘူး၊အကောင်တစ်ကောင်ကောင်ကိုသတ်ဖြတ်နေတာ ကိုယ်ကမြင်ရင် အဲဒီအသားကို "မြင်သား"လို့ခေါ်တယ်၊မစားရဘူး၊အကောင်တစ်ကောင်ကောင်ကိုသတ်တာကလည်းမိမိကို ပေးဘို့၊ကျွေးဘို့ရည်ရွယ်ချက်ပါနေရင်၊ဒါမှမဟုတ် မိမိကိုရည်စူးပြီးသတ်ကျွေးသည့်ခဲ့ သည်ကိုသိရင်အဲဒါကို "သိသား" လို့ခေါ်တယ်၊ဒါလဲမစားရဘူးမှတ်ထား " ဟုပြော လေသည်။ကျွန်တော်သည်ဤနေ့မှစ၍အဆိုပါ"ကြားသား၊မြင်သား၊သိသား၊ " ကိုမစား တော့ရန်ဆုံးဖြတ်လိုက်ပါ တော့သည်။မစားလျှင်ကုသိုလ်ရသည်ဟုထင်ပါသည်။

အထက်ပါအဖြစ်အပျက် ဖြစ်ပျက်ပြီးနောက် နှစ်ရက်ကြာလျှင် ကျွန်တော်၏ အစ်မဝမ်းကွဲ တော်သူက လာပြောသည်။"မင်းတို့ ညီအစ်ကိုနှစ်ယောက်လုံး မနက်ဖြန် အိမ်ကိုလာကြ၊တိုက်နံ့ရုံကပ် အိမ်ဆောက်ဘို့တိုင်ထူမယ်၊ခပ်စောစောလာကြ"ဟုပြောသည်။ နောက်တစ်နေ့နံနက်စောစောထ၍ကျွန်တော်ပုတီးစိပ်သည်။မှိတ်ထားသောမျက်စေ့လင်းလာ ပြန်သည်။မြင်ပြန်ပြီကြက်တစ်ကောင်၊ ထိုကြက်သည်အသတ်ခံရပြီးဟင်းခွက်ဖြစ်သွားသည် ကိုမြင်နေရပါ၏။တစ်ခွက်က အာလူးနှင့်ရောချက်ထားသော ကြက်သားဟင်း၊တစ်ခွက် က

ကြက်ရိုး၊ကြက်တောင်ပန်၊ကြက်ခြေထောက်တို့နှင့်မုန်လာထုပ်ချက်ထားသောဟင်းချို၊ တစ်ခွက်ကတော့ ကြက်သည်းကြက်မြစ်တို့နှင့် ပန်းမုံလာကျော်ထားသောအစိမ်းကြော်ဖြစ် ၏။ သေသေချာချာပီပီပြင်ပြင်မြင်နေရသည်။ ကျွန်တော်အနည်းငယ်သာ အုံသြတော့သည်။ဝက်သားတုံးကအတွေ့အကြုံရှိထား၍ ဖြစ်ပါသည်။ အစ်ကိုအားဤအမြင်ကိုပြောပြပါသည်။ အာလူးကိုဆယ်စား၊ပန်းမုံလာကိုသာဆယ်စား၊ကြက်သားကြက်မျှစ်မစားနှင့်အခြားဟင်း မပါလို့ မစားရင်လည်းမကောင်းဘူး။ အိမ်ရှင်များ စေတနာချိုးမြှင့်ရမည်ဟု ပြောပြပါသည်။ အစ်ကိုလည်း "အင်း " ဟုပြော၏။

နောက်တစ်နေ့တွင်ညီအစ်ကိုနှစ်ယောက်စလုံး အိမ်တိုင်ထူသွားကြသည်။ ပြီးလျှင် ထမင်းဝိုင်း၊နံနက်ကကျွန်တော်မြင်ထားသည့်အတိုင်းဟင်းသုံးခွက်ဖြစ်နေလေပြီ။ ကျွန်တော် အနည်းငယ်သာ အံ့သြတော့၏။ အတွေ့အကြုံရှိထား၍ ကျွန်တော်သည် ဂုဏ်တော် အဓိဋ္ဌာန်ကိုအသားငါးစား၍အားထုတ်နေခြင်းဖြစ်ပါသည်။ သက်သက်လွတ်စားရန် အိပ်မက်ထဲတွင်ပင်မဌာပနာသေး။စိတ်လည်းမကူးသေးပါ။ကျွန်တော်သည်နောက်ပိုင်းတွင် တောတောင်များသို့ထွက်၍အဓိဋ္ဌာန်ဝင်တော့၏။ကချင်ပြည်နယ်-မြစ်ကြီးနားမြို့ အရှေ့ဘက်ကမ်း(ဧရာဝတီအရှေ့ဘက်ကမ်း)မုတ်ခိုးတောင်ရွှေစေတီအဓိဋ္ဌာန်(ရ)ရက်ဝင်ရန် ထွက် သွားပါတော့သည်။ရှမ်းကျောင်းမှဟင်းကောင်းများစားသွားသည်ရောက်သော နေ့နံနက်စာစားပြီး ပုတီးစိပ်အဓိဋ္ဌာန်ဝင်တော့၏။ခဏကြာသော်ငိုက်မြည်းလာသည်။ထမင်း လုံးစီရန်တုံးလုံးလှဲလိုက်သည်။နေ့လည်ကြောင်တောင် (၁၁း၄၅) နာရီခန့်ဖြစ်၏။ ချက်ချင်း အိပ်ပျော်သွားသည်။တစ်ချိန်တည်းမှာပင်တစ်စုံတစ်ယောက်လာ၍ ကျွန်တော့်ကိုကိုယ်လုံးကြီးနှင့်အထက်မှ ဖိထားလေသည်။စိမ်းရွှေရွှေအနံ့လည်းနှာခေါင်းထဲတွင်မဆုံတော့ပါ။ကျွန်တော်နိုးလာသည်။ သို့သော်ထလို့မရပါ၊ မျက်စိလည်းဖွင့်လို့မရဖြစ်နေသည်။

ကျွန်တော်တအားကုန်းထသည်၊ထိုအခါ ယင်းပုဂ္ဂိုလ်ကျွန်တော်ကိုကောင်းကောင်းကိုင်၍(နပန်းလုံး)တော့၏။ကျွန်တော်သည်အားကောင်းသောသူတစ်ယောက်မဟုတ်ပါ။ သို့သော်နပန်းလုံး တော့လုံးဘူးသည်။ လက်လှဲလည်းလုပ်ဘူးသည်။ ထို့ကြောင့်ထိုသူ၏ လက်ကိုပြန်ကိုင်ပြီးနပန်းစလုံးပါတော့သည်။ ခက်သည်မှာမျက်စေ့ဖွင့်လို့မရခြင်းပင်ဖြစ်၏။ မျက်စေ့မှိတ်ရက်နှင့် လုံးထွေးနေကြရာကျွန်တော်သည်ချွေးစေးချွေးထန်းများထွက်လာပါပြီ။ သူကရယ် လေသည်။ သူရယ်တော့ကျွန်တော်ဒေါသဖြစ်လာသည်။ မနိုင်လို့သူ့အောက်က ဘဲကျကျမျက်နှာကိုတံတွေးထွေးပစ်မည်ဟုဆုံးဖြတ်ပြီးဆက်လုံးသည်။ ထိုအခါသူ၏ လက်သည်အမွေးရှည်မည်းမည်းကြီး၊သူ့ပေါက်ကြီးနှင့်လည်းပင်းလာညှစ်သည်။ကျွန်တော် အစ်ကနဲဖြစ်သွားသည်။ အသက်အောင့်ထားလိုက်သည်။ အသက်အောင့်ထားလိုက်မှ မျက်စေ့ပွင့်သွားတော့သည်။ထိုအခါသူ၏ ကိုယ်လုံးကိုမမြင်ရဘဲ ခေါင်းကိုသာမြင်ရသည်။မျက်လုံးပြူး၊ သွားခေါ၊အစွယ်ငေါငေါ၊ပါးစပ်လည်းပြဲပြဲကြီး၊နည်းနည်းပြဲသည်မဟုတ်၊များများပြဲသည်၊ပါး မှာတော့ အမွေးရှည်များ ပြည့်နက်နေ၏။ ထိုအခါမှ သူရဲ သဘက်မှန်း ကျွန်တော်

သိလိုက်သည်။ ဒေါသထွက်နေချိန်၊ရဲစိတ်ရှိနေချိန်၊ မခံချင်စိတ်ရှိနေစဉ်၊မာန်မာနပြင်းထန်နေစဉ်၊သတ္တိထွက်နေစဉ်၊မိုက်စိတ်ဝင်နေစဉ်၊ရာဂရမက်စိတ်ဝင်နေစဉ်မည်သူ့ကိုမျှဂရုမစိုက်၊မကြောက်၊ယုတ်စွအဆုံးငရဲတောင်မကြောက်တတ်သောသဘာဝတရားရှိသည်မဟုတ်လော။

ကျွန်တော်စိန်ပြေနပြေ ဆက်လုံးသည်၊ကျွန်တော်အံ့သြရပြီ။ သူ့ကိုယ်လုံးကိုမြင်လိုက်လျှင် သူ့ခေါင်းကိုမမြင်ရပါ။သူ့ခေါင်းကိုမြင်ရလျှင်သူ့ကိုယ်လုံးကိုမမြင်ရပါ။ သူ့အောက်ကိုတော့ တစ်ခါမျှကျွန်တော်မကျမိပါ။ ကျွန်တော်၏ကိုယ်လုံးသည်ချွေးများချဲနေပြီး သူ့အတွက်ကိုင်လို့မကောင်းဖြစ်နေဟန်တူ၏။ မကြာခင်ကျွတ် သွားတော့သည်။ သို့ပေမဲ့ မိမွေးဘမွေးတိုင်းမဖြစ်၊ဘောင်းဘီတိုရှိသေးသည်ကိုသူကရယ်သည်။ ဆက်လုံးကြ သည်။ တကယ်နပန်းသမားများလုံးကြသည်နှင့်ထပ်တူထပ်မျှ မတူတောင်မှ တော်တော်တူနေ မည်ထင်၏။ စုစုပေါင်းလုံးကြသောအချိန်မှာ (၁၅) မိနစ်ခန့်ရှိသွားသလား မပြောတတ်၊ ကျွန်တော်တော်တော်မောလာပြီ၊သရဏဂုံရွတ်ဘို့သတိရလာသည်။ဗုဒ္ဓံ–ဗုဒံ–ဗုဒံ–ဗုဒံ ခံ–ဗုဒံ–ခံ၊ ရွတ်လို့မဖြောင့်၊ဗုဒ္ဓံ–သ–ရ–ဏံ–ဂစ်။ဂစ်–ဂစ်–ဂစ်ဆာမိ။ မဖြောင့်သော်လည်း သူကအကိုင်လျော့လိုက်လေသည်။ကျွန်တော်ဆောင့်ရုန်းလိုက်သည်၊ လွတ်ကျွတ် သွားသည်။ ခါးထောက်ပြီး ကျွန်တော့်ကိုစိမ်းစိမ်းကြည့်၍ပြောသည်မှာ"––––––"သူပြောသည်ကိုနားမလည် ၍"မင်းဘာပြောတာလဲ၊ဘာဖြစ်လို့နပန်းလုံးနှောင့်ယှက်တာလဲ" –ဟုမေးလိုက်သည်။ သူက"ခင်ဗျား အမဲသား၊ဝက်သား၊ကြက်သား၊ငါးဟင်းတွေစားလာတယ်၊ခင်ဗျားကို နိုင်ရင်ခင်ဗျားဗိုက်ထဲက အဲဒီအမဲသား၊ဝက်သား၊ကြက်သား၊ငါးဟင်းတွေထုတ်စားမယ်၊ခင်ဗျားကိုလည်းကျုပ်တပည့်အခိုင်းအစေလုပ်ခိုင်းမယ်"၊ ဟုပြောသည်။ "မင်းနဲ့နပန်း လုံးရတာတော်တော်အပျင်းပြေတယ်"–ဟုကျွန်တော်ပြောလိုက်သည်။ထိုအခါသူသည်ပြုံးဖြဲဖြဲလုပ်၏။ သူ့အစွယ် ပိုပြူး ထွက်လာသည်။ထိုစဉ်တောင်အောက်က နွားတစ်အုပ် တက် လာ၏။ ထိုအစွယ် ပိုင်ရှင်ပျောက်သွားတော့သည်။

ထိုနေ့ထိုရက် ထိုအချိန်မှစ၍ ကျွန်တော်သည် ထိုမုတ်ခိုးတောင်သို့ အဓိဋ္ဌာန်ဝင်တိုင်း သုံးရက်ကြိုတင်၍ သက်သတ်လွတ်စားပါတော့၏၊အဓိဋ္ဌာန်မပြီး မချင်းလည်း ထိုတောင်၌ သက်သတ်လွတ်စားပါတော့၏၊ထိုတောင်တွင် အဓိဋ္ဌာန်ဝင်သည်မှာ (၅)ရက်၊(၅)ရက်၊(၉)ရက်၊(၁၅)ရက် ဝင်ဘူးလေသည်။ထိုတောင်တွင် ဘုန်းကြီး တစ်ပါး ရှိလေသည်။သူကလည်းရောက်ခါစက နပန်းလုံးခံရဘူးသည်ဆို၏၊တောင်ဝှေးနှင့် ဟေတုပစ္စယော ဆိုပြီး ထိုးလိုက်၊အာရမ္မဏပစ္စယောဆိုပြီး ရိုက်လိုက်လုပ်ရာ ပုရေဇာတပစ္စယောရောက်လျှင် ထွက်ပြေးသွားသည်ဟု အမိန့်ရှိ၏၊သူလည်းထိုနေ့မှ စ၍ ထိုတောင်တွင် သက်သတ်လွတ်စား၍ သီတင်းသုံးနေလေ၏၊ ယခုထက်တိုင် ရှိလေ သေးသည်။ ဦးဥတ္တမဘွဲ့တော် ရှိလေသည်။

အဲဒီတော့ သက်သတ်လွတ်စားသော ပုဂ္ဂိုလ်များနှင့်မစားသောပုဂ္ဂိုလ်များတစ်ဦးကိုတစ်ဦးအပြစ်မတင်ကြပါနှင့်၊ အငြင်းအခုန်မဖြစ်ကြပါနှင့်၊စကားမများကြပါနှင့် သဘော

မကွဲလွဲကြပါနှင့်၊ကွဲလွဲကြလျှင် ကျွန်တော်ကဲ့သို့ ဘာသာခြားက ဗုဒ္ဓဘာသာကူးပြောင်းလာသူများအတွက် အားကြီး စိတ်ဓာတ်ကျစရာ ကောင်းပါသည်။ မိုရယ် ဒေါင်းစရာ သိပ်ကောင်းပါသည်။ကျွန်တော်တင်ပြပါရစေ၊ ရွာထဲ၊မြို့ထဲ၊မိမိအိမ်၊မိမိကျောင်းမှာနေထိုင်သီတင်းသုံးပြီးအစိဋ္ဌာန်ဝင်လျှင် အသားငါးဝဝလင်လင် အီတိတီစားပြီးဝင်လို့ရပါသည်။စားလျှင်ဒါန၊သီလ၊ဘာဝနာနည်းနှင့် စားကြပါ။ရပါသည်။ပြည့်စုံပါသည်။အဲ-အဲ တောထဲ၊တောင်ထဲ၊ဂူထဲ၊သုသာန်၊သချိုင်း၊လမ်းဆုံ၊ရွာပျက်၊မြို့ပျက်၊ မြစ်ဆိပ်စသည့်(အပ)အပြင်ကိုသွားရောက်အစိဋ္ဌာန်ဝင်မည်ဆိုလျှင်တော့သက်သတ်လွတ်၊မီးလွတ်စားကြပါဗျာ၊သို့မ ဟုတ်ပါက၊မလွယ်ကမ္ဘာထဲက မလွယ်ကမ္ဘာပါဘဲ၊ကျွန်တော်၏ တောတောင်ထဲ၌ လှည့်လည်ဂန္ဓာရီလှည့်ရာ၌ သက်သတ်လွတ်စားပြီး အစိဋ္ဌာန်ဝင်သည်နှင့်မစားဘဲအစိဋ္ဌာန်ဝင်သည့်ကိုယ်တွေ့များကိုယခုတင်ပြသည်မှာ မပြောပလောက်သည့် ဥပမာများသာ ရှိပါသေးသည်။

သက်သတ်လွတ်စားသည့်ကိစ္စနှင့်ပတ်သက်၍အကြီးဆုံးပြဿနာတစ်ခု ရှိနေပါသည်။ မဟာတံတိုင်းကြီးသဖွယ်ဖြစ်နေပါသည်။ဘုရားဟော၊မဟောကိုတော့ ကျွန်တော်၏ပုဇ္ဇန်ဆိတ်ဉာဏ်ကလေး၊လိပ်ဦးနှောက်ကလေးနှင့်ဉာဏ်မီဘို့ခက်ပါသည်။ကျွန်တော်ဘာသာခြား က တဖြစ်လဲ ဗုဒ္ဓဘာသာဝင်အသစ်စက်စက် တစ်ဦးအနေနှင့် မဖြစ်စလောက်လေ့လာ ထားသည် ကလည်း တော်တော်တော့များပါသည်။ တိုတိုထွာထွာပါ။ရှည်ရှည်မျှောမျှောကျမ်းရှည်ရှည်မဟုတ်ပါ။ဘုရားက ဓမ္မစကြာထဲမှာ စက္ခုကရဏီ၊ဉာဏကရဏီလို့ဟော ထားပါသည်။အရာရာမှာ ဉာဏ်မျက်စေ့ကို လှာသုံးဖို့ရန် ညွှန်ကြားထားပါသည်။ပြီးတော့ အသက်ကို ဉာဏ်စောင့်သည်၊ဥစ္စာကိုကံစောင့်သည်၊သမာဓိကို သီလစောင့်သည်ဟုဟောထားသည်။

အပန်းမကြီးလျှင်တော့ ကျွန်တော်တင်ပြသည့်အတိုင်းလည်း စမ်းသပ်ကြည့်စေလိုပါသည်။အမှန်ကတော့ ကျွန်တော်၏အတွေ့အကြုံသည် ဗုဒ္ဓဘာသာ ရင့်မကြီးများနှင့်နှိုင်းယှဉ်ပါလျှင် မပြောပလောက်သော အတွေ့အကြုံသာ ဖြစ်ပါ လိမ့်မည်။သို့သော်ကျွန်တော်၏အတွေ့အကြုံကိုလည်း တင်ပြခွင့်ရမည်ဆိုလျှင် ဆက်လက်တင်ပြသွားရန် ရှိနေပါသည်။ယခုတင်ပြချက်များ၌ လုပ်ကြံခြင်းမဟုတ်၊တကယ့်ကိုယ်တွေ့ကိုတင်ပြခြင်းဖြစ်ပါသည်။ စာအရေးအသားမပြေပြစ်၍တင်ပြချက်မပီပြင်သည်များရှိလျှင်၊တွေ့လျှင်လည်းခွင့်လွှတ်ကြစေလိုပါသည်။

ကျွန်တော်၌ တောတောင်အကျင့်သည် ကျွန်တော်၏ခန္ဓာကိုယ် မြေကြီးထဲမဝင်မချင်း ရင်းနှီးသွားရဦးမှာပါ။အလျဉ်းသင့် အကြောင်းတိုက်ဆိုင်လျှင် တင်ပြပါဦးမည်။

**သဗ္ဗဒုက္ခာ ပမုဉ္စန္တု**

**မြစ်ဆုံကြီး၊**

**မြစ်ကြီးနား။**

## သက်သတ်လွတ်စားပြီးကျင့်ရမှာလား၊အသားငါးစားပြီးကျင့်ရမှာလား

"စိမ်းစိမ်းအရွက်မှန်သမျှ မြင်ရင်စားချင်တဲ့ မင်းတို့ကောင်တွေဟာ နွားတွေ၊ တိရိစ္ဆာန်တွေ" "မင်းတို့အသားငါးစားတဲ့ကောင်တွေက ဘီလူးတွေ၊ သရဲတွေ၊ တစ္ဆေတွေ၊ ဓားပြတွေ"

အထက်ပါစကားသည် ကျွန်တော့်ကို ဘာသာခြားမှ ဗုဒ္ဓဘာသာသာမဏေနှင့် ဒုလ္လဘရဟန်းခံ ပေးကြသော ဆရာသမား နှစ်ပါးတို့၏ စကားစစ်ထိုးသံ ဖြစ်ပါသည်။သာမဏေပြုပေးသော ဆရာတော်သည် သက်သတ်လွတ်ဘုန်းပေးလေသည်။ဒုလ္လဘရဟန်းပြုပေးသော ဆရာတော်သည် အသားငါးစားသည် ၊အထူးသဖြင့် အမဲသားနှပ် ကို နှစ်သက်လေသည်။ဤဆရာတော်နှစ်ပါးကြားတွင် နေထိုင်ရသည်မှာ ဆူးကြားတွင် သီးသော ဘူးသီးကဲ့သို့ ဖြစ်ရပါသည်။ကျွန်တော်ဘယ်လို နှလုံးသွင်းဆက်ဆံရမည်ကို မသိတော့ပါ။ နေ့စဉ် အမဲနှပ်ဟင်းရအောင် ဘယ်လို လုပ်ရမည်နည်းဟု ဉာဏ်နီ၊ဉာဏ်နက်၊ဉာဏ်ဖြူ၊ ဉာဏ်ဝါ၊ဉာဏ်ခရမ်းရောင် --စသည့် ဉာဏ်အရောင်မျိုးစုံ ထုတ်နေမိပါသည်။

ကုသိုလ် ဝင်လာသည်ခေါ်မလား၊အကုသိုလ်ဝင်လာသည် ခေါ်မလား၊ မဆိုတတ်ပါ၊ကျွန်တော်၏အစ်ကိုကိုပြောပြရာ အမဲနှပ် နေ့စဉ် ဒကာခံပါမည်ဟု ဆိုလေသည်။ ပြော သည့်အတိုင်းခံလေသည်။အသားငါးစားသူ ဆရာသမားထံမှ ပြုံးပန်းမျက်နှာ အမြဲ တန်းတွေ့ရသည်မှာ ကျွန်တော်၏ရင်ထဲ၌ လမင်းတစ်ရာသာနေ၏။ သက်သတ် လွတ် စားရသော ဆရာသမားအတွက် လိုသေးသည်။ လွယ်မည် ထင်သည်။သိပ်တော့ မလွယ်မှန်း နောက်သိလာသည်။သို့သော် တော်သေးသည်။ဟင်းသီးဟင်းရွက်စိုက်သည့် ခမ္မမိတ်ဆွေ များကိုမျက်နှာချိုသွေးရတော့သည်။လောလောဆယ်အခက်အခဲကို ရင်မဖွင့် သေး၊လက်ဘက်ရည်တိုက်လိုက်ရုံဖန်ရုံခါခေါက်ဆွဲကျွေးလိုက်နှင့် ပေါင်းသင်း ဆက်ဆံရေး အခြေ ခံ သဘောကို စီစဉ်နေရသည်။လပိုင်းရလာ (ကြာလာ)လျှင် ကျွန်တော့် ဆန္ဒကို ရင်ဖွင့်ရ လေတော့သည်။အဆင်ပြေသွားသည်။ရာသီပေါ် ဟင်းသီးဟင်းရွက် အလှူခံပြီး သက်သတ်လွတ် ဆရာသမားအား ထောက်ပံ့နိုင်လေသည်။ ထိုဆရာသမား ထံမှ ချိုမြိန် သော မျက်နှာ ထား ရောင်ပြန်ဟပ်လာသည်။ကျွန်တော်လည်း ပျော်သွား တော့၏၊

ကျွန်တော်သည် လေယာဉ်ပျံကြီးပျက်ကြ၍ လူတစ်ယောက်မကျန် သေသော နေရာတွင် ရှိသော အခန်း(ရ)ခန်းတဲတန်းလျားသို့ ပြောင်းရွှေ့နေထိုင်ပါသည်။ လေယာဉ် ပျက်ကြသောနေရာဟု ကျွန်တော်မသိပါ။ညတွင် ကျွန်တော်အိပ်မရ၊တန်းလျားရှည်ကြီးတွင် ကျွန်တော်တစ်ဦးတည်းဖြစ်သည်။အိပ်ပျော်မည်ကြံလိုက် တရုတ်၊ကုလားများ တန်းလျား ပတ်ပတ်လည်၌ ဝိုင်းထားသည်ဟု အိပ်မက်မက်လိုက်ဖြစ်နေပါသည်။ ပရိတ်ကလည်း တစ်ပုဒ်မှ မရသေး၊နောက်တစ်နေ့မှစ၍ ပရိတ်ကျက်ရွတ် ရွတ်သည်။ ညအိပ် လို့ရလာ သည်။သို့သော်ပုပ်စော်ကနံနေသည်။နောက်တစ်နေ့မှစ၍သက်သတ်လွတ်ခိုးစားတော့သည်။

ပြောင်စားလျှင် ဆရာသမားက ဆူပူမည်ကို သိနေပါသည်။(၃)ရက်ကြာလာပြီ၊အိပ်ပျော်ပြီ၊ အနံ့ ဆိုးလည်း မနံတော့ပါ။ ကျွန်တော့်အား ရဟန်းရှင် လူများက ထိုတဲတွင် နေလို့ရသလား၊အိပ်လို့ပျော်သလားဟု မေးကြသည်။ ရလို့နေနေတာပေါ့၊အိပ်လို့ရလို့ နေနေတာပေါ့ဟု စကားပြန်ပါသည်။ အဘိုးကြီး တစ်ယောက်က ဤတဲတန်းလျား တွင်မည်သူမျှမနေဝံ့ကြကြောင်း၊တစ္ဆေခြောက် ကြောင်း ပြောကြသည်။တရုတ် လေယာဉ်ပျံ ကြီးတစ်စင်း ဒုတိယ ကမ္ဘာစစ်အတွင်းက ဤနေရာတွင် ပျက်ကျခဲ့သည်ဟု ဆို၏၊ ဤနေရာတွင် ရေတွင်းတစ်တွင်းတူးထားကြသည်။ မိုးကြိုးသိုက် ပြောင်းလာသောကြောင့် ကျွန်တော်ခံသာသွားပါသည်။ မယုံဘူး၊ကြုံဘူးမှ သိ ဆိုသော စကားကြားဘူးသည်။ တချို့ကျတော့ ကြုံဘူးလျှင်ပင် မယုံကြတာရှိသေး၊ အတော်ခက်၏၊

မြစ်ကြီးနားမြို့အနောက်ပိုင်းတွင် မိုးကြိုးပစ်ပြီး တစ်အောင့်ကြာလျှင် ရေတွင်း၌ အသံတစ်ခု ပေါ်မြဲဖြစ်သည်။ "ဂလုံ–ဟုံ–ဟုံ–ဟုံ " ဤသို့မကြာခဏ တစ်မိုးတွင်းလုံးဖြစ် သည်။ထိုရေတွင်းနှင့် ကျွန်တော်နေသော တဲတန်းလျားသည် ကိုက်(၂၀)ပင် မဝေးလှ ပါ။ ကျွန်တော်တစ်ယောက်တည်းမနိုင်၍ အဖော်(၃)ယောက်ခေါ်သည်။ဟော–ရေတွင်း အောက် မှာ မိုးကြိုးသွားတစ်ချောင်း၊ နှစ်ချောင်း၊ သုံးချောင်း၊ ဟော–အားလုံး (၁၈)ချောင်း၊ ပေါက် ဆိန်ပုံလည်းပါ၏၊ရဲဒင်းပုံလည်းပါ၏၊ပဲကွပ်ပုံလည်းပါ၏၊ပေါက်ပြားပုံ လည်းပါ၏၊ လှံပုံ လည်းပါ၏၊သံလျက်ပုံလည်းပါရဲ့ ပြောပြလိုက်တော့ လှယူကြ၊ပြောင်ယူကြ၊ ဝှက်ယူကြ၊ တောင်းယူကြနဲ့ကုန်သွားသည်။ကျွန်တော်(နှစ်)ချောင်းရသည်။ရဲဒင်းပုံဖြစ်သည်၊ ကြေးမိုးကြိုး သွား၊တန်ဘိုးရှိမှန်းလည်း မသိတော့၊ တစ်ချောင်းတည်းပါသည်ကိုပင် အကြောင်းသိသည့်ပုဂ္ဂိုလ်ကယူသွားသည်။ဒါကြောင့် (အ)သူခံ၊(န)သူခံ၊(ဗဟုသုတ)မရှိသူခံ၊ ပညာမစုံသူခံ၊ ဉာဏ်မမီ သူခံရသည်မှာ ဓမ္မတာပါဘဲ၊ခံလည်းခံသင့်သည်သာ။

ရှေ့နောက်မိ အဘိုးကြီးတစ်ယောက်ပြောသည်။"ဒါကမိုးကြိုးသိုက် လို့ခေါ်တယ်။ ဒါမျိုးအများကြီးရှိတယ်။မတွေ့ကြ၊မသိကြလို့ပါ"ကျွန်တော်ဗဟုသုတတစ်ခုတိုး၍ ထိုပုဂ္ဂိုလ် အား ကုန်းကန်တော့ချင်စိတ်ပင် ပေါ်လာပါသည်။ "တချို့ မိုးကြိုး သွားတွေကျတော့ သက်သတ်လွတ်စားတဲ့ပုဂ္ဂိုလ်မှ ကိုင်လို့ရတယ်၊သက်သတ်လွတ်စားတဲ့ ပုဂ္ဂိုလ်မှလည်း ဒါမျိုးတွေ့တတ်တယ်"။ သူက ဆက်ပြောခြင်းဖြစ်ပါသည်။ ကျွန်တော်က "နေပါအုံးဗျာ ကျွန်တော်မသိလို့ မေးပါရစေ၊အသားငါးစားတဲ့သူတွေ ဘာဖြစ်လို့ မတွေ့ကောင်းသလဲ" " ဒီလိုရှိတယ် ငါ့တူ၊နတ်တွေ၊ဗြဟ္မာတွေ၊အထက်ပုဂ္ဂိုလ်တွေက အသားငါးစားတဲ့သူတွေနဲ့ နာမ်ချင်း ၊စိတ်ချင်း ဆက်သွယ်လို့ရတယ်၊ ဓာတ်ချင်း ဆက်သွယ်လို့မရဘူးကွဲ့၊ ဘာကြောင့်လဲဆိုတော့ ဒီနတ်တွေ၊ဗြဟ္မာတွေ၊အထက်ပုဂ္ဂိုလ်တွေဟာ သူတို့ ကျင့်ကြံ အားထုတ်တုန်းကသက်သတ်လွတ်စားတာကလား၊နတ်ဖြစ်သွား၊ဗြဟ္မာဖြစ် သွား၊အထက် ပုဂ္ဂိုလ် (ဝိဇ္ဇာ)ဖြစ်သွားရင် အသားငါး လုံးဝ မစားကြတော့ဘူး၊ အသားငါး အနံ့လည်း မခံချင် ကြတော့ဘူး၊ဒါကြောင့် သက်သတ်လွတ်စားမှသာ သူတို့နဲ့ နီးစပ်တော့တယ်။

အသားငါးစားတော့(အဝေးကဖေး)ဆိုတာလို့ ခပ်ခွာခွာလုပ်ကြတယ်ကွဲ့" ဟုသူဆက်ပြော သည်။

ကျွန်တော်စဉ်းစားခန်း ဝင်သွားမိပါသည်။ "ဗုဒ္ဓဘာသာ လောကဟာ ဉာဏ်မမီဘဲနဲ့ ပြည့်စုံဘို့မလွယ်၊အပြီးသတ်ဖို့ မလွယ်လှပါတကား၊ဗုဒ္ဓဘာသာဟာ အခက် ဆုံးဘာသာဘဲ၊ခက်ခဲတဲ့သဘောတင် ဘယ်ဟုတ်မလဲ၊ခက်ခဲတာရဲ့ ရှေ့နောက်မှာ နက်နဲ တာ၊ သိမ်မွေ့တာ၊နူးညံ့တာရှိသေး၊မလွယ်လို့ခက်၊ခက်လို့မလွယ်၊ကောင်းမြတ်လို့မလွယ်၊ လွယ်ရင် မကောင်းမြတ်၊"ကျွန်တော် ဉာဏ်ပြေးသလောက် အတွေးခန်းဝင်ခြင်း ဖြစ်ပါ သည်။ထိုလူကြီးက "ဘယ့်နှယ်လဲ ဦးပြောတာ၊နားရှုပ်သွားပြီထင်တယ်၊"ကျွန်တော်က "မရှုပ်ဘူးခင်ဗျ ၊ရှင်းပါတယ်၊ဦးဆက်ပြောပါဦး၊ကျွန်တော်နာယူပါတယ်" သူက "ဦးကလဲ ကြားဘူးနားဝ ရှိလို့သာ ပြောရတာ ဒါပထမဆုံးအတွေ့အကြုံဘဲ၊ငါ့တူကိုလဲ ကျေးဇူး တင်စရာကောင်းတယ်၊မင်းနဲ့ပတ်သက်ပြီး ဒီလိုကြုံရတာ" ၊

"ကျွန်တော် အရင်တုန်းကလဲ မိုးကြိုးသွားတွေ ရဘူးတယ်။တချို့မိုးကြိုးသွားကို ဘုရားမှာဌာပနာပြီးပြီ၊မိုးကောင်းမြို့ရွှေဝက်တိုးစေတီတော်မှာ ကျောက်စိမ်းမိုး ကြိုးသွား တစ်လုံး၊ကျောက်နက် မိုးကြိုးသွားတစ်လုံး၊ဌာပနာခဲ့ဘူးတယ်၊ကျွန်တော့် အစ်ကို ကိုလည်း ပေးထားတယ်၊ဓမ္မမိတ်ဆွေများကို ပေးလိုက်တာလဲ ရှိသေးတယ်" ဟု ကျွန်တော်ပြောပြန် သည်။သူက" ငါ့တူ အကျိုးပေး ပဋ္ဌာန်းဆက်ထူးလို့ ဆိုရင်လည်းရတယ်" ဟုပြော သည်။ ထိုသူ မိုးကြိုးသွားတစ်ချောင်းယူ၍ ပြန်သွားသည်။တဲတန်းလျားသို့ကျွန်တော် ပြန် လာသည်။

ဗုဒ္ဓဘာသာတရားတော်အရ မည်သည့်အရာကိုမဆို အကြောင်းအကျိုးတရား တိုက်ဆိုင်မှသာရရှိသည်၊ ပြီးပြည့်စုံသည် ဆိုသည်။ရချင်၍ ရသည်လည်း ရှိသည်။ ရချင်သော်လည်း မရသည်လည်းရှိသည်။ မရချင်ဘဲ ရသည်လည်းရှိသည်။မရချင်လို့ မရသည်လည်း ရှိသည်။ဒီတရားသည် အကြောင်းအကျိုးတရားနှင့် ကွင်းဆက်ဖြစ် နေသည်။လောကီတရား၊လောကုတ္တရာ တရား ၊သဘာဝတရား၊နိယာမ တရား၊ဤတွင် လောကုတ္တရာတရားသည် ဘုရားပွင့်ထွန်းလာမှသာရရှိနိုင်သော တရားဖြစ်သည်။ ကျန်သည့်တရားများသည်သုညကမ္ဘာအတွင်း၌လည်း ရှိနေသည်။ ဘုရားလက်ထက်တွင် လည်း ရှိနေမည်။ ကာမ၊ရူပ၊အရူပဟု လောကသုံးထပ်၊ဘုံသုံးရပ်၌ သဗ္ဗပါဏိန် ၊ လုံးစုံများစွာ သတ္တဝါအပေါင်း တို့၏၊ဟိတာရ၊လောကီ၊လောကုတ်၊မယုတ်တိုးပွားစေရန် ၊ ဘုရား၊တရား၊သံဃာတို့ ပွင့်လာ၊ ပေါ်လာသည်ဟု နာကြားဘူးသည်။လောကီတရားသည် အလွန်ရှုပ်ထွေးလှသည်၊စုံလှသည်။

လောကုတ္တရာ ရှာရင်၊လောကီသာတွေ့၊လောကီရှာရင်လည်း လောကုတ္တရာ တွေ့တတ်သည်၊ကျွန်တော်ဘာသာခြားကို ပစ်ပယ်ပြီး ဗုဒ္ဓဘာသာဝင် ဖြစ်လာခြင်း အကြောင်းရင်း အဓိကမှာ လောကုတ္တရာတရား လိုက်စားကျင့်ကြံရန်သာ ဖြစ်ပါ၏၊ယခုမူ

သက်သတ်လွတ်စား၍ ကျင့်ရမှာလား၊အသားငါးစား၍ ကျင့်ရမှာလား၊လောကီ၊လောကုတ် တွဲဘက် ကျင့်ရမှာလား၊ လောကုတ္တရာ သက်သက် ကျင့်ရမှာလား၊ ဒါနကိုဘဲ လုပ်ရမည်လား၊ သီလကိုဘဲထိန်းပြီး နေရမှာလား၊ဆိုသည့်အချက်များစွာနှင့် နဖူးတွေ့၊ ဒူးတွေ့ ဖြစ်နေရပါ၏၊

ကျွန်တော့်ကို ကျွန်တော်အပိုင် ကိုင်ထားသောအချက်တစ်ချက် ရွေးချယ်ထားပြီးဖြစ်၍အနည်းငယ်အဆင်ပြေ နေပြီ၊မြို့ရွာတွင် အားထုတ်လျှင် အသားငါး စားပါ၏၊ တောတောင်သို့ သွားရောက်အားထုတ်လျှင် သက်သတ် လွတ်စားပါ၏၊ဤသို့ ကျင့်လျှင် ကျွန်တော့်အတွက်အဆင်ပြေတန်သရွေ့ ဖြစ်လာ၍ တော်သေးသည်။ ကျွန်တော် ရေးသင့်မရေးသင့် ချီတုံ၊ချတုံ ဖြစ်နေသည်မှာ အနှစ်(၃၀)နီးပါး ဖြစ်လာသည့် အချက်ကြီးတစ်ချက် ရှိပါသေးသည်။ရေးသားတင်ပြချင် လွန်း၍ အောင့်ထားခဲ့သည်မှာ နှစ်ပေါင်း (၃၀)နီးပါးရှိလာပြီ၊ယခုတော့အောင့်လုံးတွေ ပေါက်ကွဲလာပြီ၊ဖြစ်ချင်ရာဖြစ် ရေးသားတင်ပြတော့မည်ဟုစိတ်ကို ဒုံးဒုံးချလိုက်ပါသည်။ကျွန်တော်၏ အောင်လုံးကတော့ ရဟန္တာ ပုဂ္ဂိုလ်၊ဝိဇ္ဇာခိုရ်များ ပုဂ္ဂိုလ်ထူးများနှင့် တွေ့ကြုံဘူးသည်မှာ အကြိမ်(၄၀)ကျော်ပြီဖြစ်သည့် အချက်ပင် ဖြစ်ပါသည်။ဤသို့ ဆိုလျှင် ကျွန်တော်အား ကြွားသည်၊ဝါသည်ဟု ထင်ကြလိမ့်မည်၊ပိုသည်၊အကျယ်ချဲ့သည်ဟုဆိုကြလိမ့်မည်ထင်ပါသည်။ဆိုလျှင်လည်းဆိုကြပါစေတော့၊ဤကဲ့သို့ တွေ့ကြုံဘူးသော်လည်း ကျွန်တော့်ကို အထင်မကြီးကြပါနှင့်ဦး၊ဆင်ခြင်ကြည့်ကြစေလိုပါသည်။ရဟန္တာဖြစ်တော်မူသောဝေဘူဆရာတော် ရှာန်ပျံကြွသည် ကို ဘာသာခြားများကအရင်တွေ့ကြတာပါ။ဗုဒ္ဓဘာသာဝင်တို့နောက်မှတွေ့ရဖူးကြရပါ သည်။ အလားတူပင်အခြားပုဂ္ဂိုလ်ထူးများစျာန်ပျံသည်ကိုလည်းဘာသာခြားလူမျိုးများက အရင်တွေ့ကြပြီးမှ ဗုဒ္ဓဘာသာဝင်တို့ဖူးရတွေ့ရသည်မှာ မြန်မာပြည်တွင်အများအပြားပင် ရှိခဲ့ဘူးပါသည်။

ဘာသာခြားလူမျိုးများကို စျာန်ပျံပြတော့ ဗုဒ္ဓဘာသာ သာသနာပြု ကိစ္စမှာ အကျိုးများပြီး ဗုဒ္ဓဘာသာဖြစ်ပြီးသား ပုဂ္ဂိုလ်များကို စျာန်ပျံပြလျှင် အကျိုးမများသည့် အပြင် အပြစ်ဖြစ်တတ်သေးသည်ကိုး၊ကျွန်တော်က တိုင်းရင်းသားဆိုတော့ လူမျိုးတော့မခြားပါ။ဘာသာခြားတော့ဖြစ်နေတာပေါ့၊အဲဒီ ပုဂ္ဂိုလ်ထူးများနှင့် တွေ့ဆုံလျှင် သူတို့၏ အဆုံးအမ တိုတိုတုတ်တုတ်ကို လိုက်နာကျင့်ကြံကြည့်လျှင် အထူးတလည် မြန်မြန် တွေ့ပါသည်။သက်ာမြန်မြန်ရှင်းသွားသည်။နားလည်လွယ်တာပေါ့၊ဗျာ၊ဥပမာတစ်ခု တင်ပြရမည်ဆိုလျှင် ကျွန်တော် ဗုဒ္ဓဘာသာ ဝင်ခါစတုန်းက ထွက်သက် ဝင်သက် ရှုမှတ်သည့်အခါ အမြဲမကောင်းပါ၊အိပ်ငိုက်၊ပျင်းရိဖြစ်တတ်သည်။ဤအခါမှာ ထိုပုဂ္ဂိုလ်တို့ရှင်းပြကြသည်။ "အိပ်ငိုက်ရင် ပြင်းပြင်းရှူပေး၊အိပ်ငိုက်ပြေသွားရင် ပုံမှန်ပြန်ရှူပေါ့၊ ရှူတာ က သမထ၊ရှုတာက ဝိပဿနာ၊မြင်တာဉာဏ်၊သိ–သိ–သိ ကပညာ၊ ဒါ ကြောင့် အသိပညာ၊ အသိတစ်လုံးအမြဲတ်ဆုံး၊ အဆုံးနိဗ္ဗာန်ဝင်ပေါ့ကွာ" စသည်ဖြင့် နည်းပေး

လမ်းပြလိုက်လျှင်ကျွန်တော့်မှာလင်းခနဲ၊ရှင်းခနဲဖြစ်သွားသည်။အမောတကော ဖြစ် နေလျှင် သံပုရာသီးဖျော်ရည်သောက်လိုက်ရသလိုပါဘဲ၊ဒါကဥပမာတစ်ခုတင်ပြခြင်းသာဖြစ်ပါသည်။

ကျွန်တော် ပါဠိကျွမ်းကျင်သူများထံ ချဉ်းကပ်မေးမြန်းဘူးပါသည်။ ပါဠိ တော် ရွတ်လိုက် အနက်ပြန်လိုက်နှင့် နာကြားရသည်မှာ နားဝင်ချိုပါသည်။သို့သော် ကျွန်တော့်အတွက်နားလည်ရှင်းလင်းရန်မလွယ်လှ၊စက္ကူအနက်ပေါ်တွင် မှင်အနက်နှင့်ရေးပြ သကဲ့သို့ မှောင်မဲသည်သာ၊လာဘ်လာဘရှင်အောင်ဘယ်လိုအားထုတ်၊ဘယ်ဂါထာကို ဘယ် နှစ်ခေါက်ရွတ်ဟုဆိုပြီးပေးသွားသည့် ဂါထာတွေလည်းရှိပါသည်။ လာဘ်လာဘသည်ရန်သူ ဖြစ်ကြောင်း၊လာဘ်ရလျှင် သတိထားရန် ဆုံးမကြ၏၊

ဤတွင် ကျွန်တော်နှင့်သိကျွမ်းသော ဆရာတော်တစ်ပါး လာဘ်ရ၍ ပျက်စီးပုံကို သတိရမိပါသည်။တစ်နေ့သဥ္စထိုဆရာတော်ဇေဒင်ဟောနေစဉ်ခေါင်းတော်ကတုံးပြောင်ပြောင် ၌လိပ်ပြာတစ်ကောင်လာနားသည်။ငါထီပေါက်တော့မယ်ဟုပြောပြီး ထီသွားထိုး ခိုင်းသည်။ တစ်သိန်းဆုပေါက်သည်။ နောက်တစ်ပတ်ထပ်ထိုးသည်။ ငါးသောင်းဆုပေါက်သည်။ ထို့နောက်မကြာမီသူ၏ကျောင်းတော်ကိုမိုးကြိုးပစ်၍မီးလောင်သွားတော့၏၊နောက်မကြာခင် သူလည်းပျံလွန်သွားတော့၏၊

ဤအဖြစ်အပျက်ကြုံရပြီး ကျွန်တော်သည် ဒူးနှစ်ဘက် ဝါးလက် ခုပ်တီး တော့၏၊ကြောက်ဒူးတုန်သည်ဆိုသည်မှာ ဒီလိုဒူးတုန်ပြီးညာဒူးနှင့်ဘယ်ဒူး ဖောက်ဖောက် အသံမြည်အောင် တုန်သည်ကို ဆိုဟန်ရှိသည်။ဒူးတုန်ပုံမှာ ဝါးလက်ခုပ်တီးသကဲ့သို့ လင်းကွင်းတီးသကဲ့သို့ ဖြစ်၏၊ငိုရမလိုလို ရယ်ရမလိုလို ဖြစ်မိသည်။နောက်တော့ သံဝေဂ တရားကောင်းတစ်ခုအနေနှင့်သာ ရှုမှတ်လိုက်ပါတော့သည်။သက်သတ်လွတ်ပြဿနာကို အတိအကျ ညွှန်ပြရန် ကျွန်တော်က ပူဆာဘူးသည်။ထိုအခါ ထိုပုဂ္ဂိုလ် တို့က "သက်သတ်လွတ်စားပါလို့ဘုရားမဟောကြောင်း စားသင့်သည့်အခါ သက်သတ်လွတ်စား၊ မစားသင့်သည့်အခါ မစားနှင့် " ဟု ဆုံးမကြလေသည်။ကျွန်တော်လည်း သက်သတ်လွတ် စားသင့်သည့်အခါ မစားသင့်သည့်အခါကို သဘောမပေါက်၍ ထပ်ကွန့်ပြန်သည်။

ထိုပုဂ္ဂိုလ်တို့သည် ကျွန်တော်မေးတိုင်းအဖြေမပေးကြပါ။ရုံဖန်ရံခါ အိမ်မက်ပေး ဆုံးမအဖြေပေးကြသည်။ သွယ်ဝိုက်စကားနှင့်ပြောပြကြသည်။ရုံဖန်ရံခါဥပမာပေး၍ ပြောပြ ကြ၏၊လူတစ်ယောက်ကို သရဲ ပူးကပ်နေစဉ်တစ်ယောက်ယောက်က ဘာအလိုရှိသလဲဟု မေးလျှင် ပူးကပ်နေသူက အမဲသားစားချင်လို့ ကြက်သားစားချင်လို့ဟု ပြောသည်က များသည်။သက်သတ်လွတ်ဟင်း၊သစ်သီးစားလိုသည်ဟု မဆိုကြပါ။နောက်ပြီးတော့ ရှေး ယခင်ကတည်းကဘယ်ဂါထာ၊ဘယ်မန္တာန်ကို ဘယ်နှစ်ခေါက်ရွတ်ပါ၊ သက်သတ် လွတ် စားပြီးရွတ်လျှင်ပိုကောင်းသည်ဟု ဆိုပြန်သည်။အသားငါး စားရွတ်လျှင်ပို ကောင်း သည် ဟု ဆိုမထားသည်ကို တွေ့ရပြန်၏၊

ကျွန်တော့်အားတစ်ခုစဉ်းစားရန် ပြောပြကြသည်။မြတ်စွာဘုရားသည် ကျင့်တုန်း ကြံတုန်း အားထုတ်တုန်း၊လေ့လာတုန်း၊ပါရမီဖြည့်နေတုန်း၊အပိုင်းအခြားကာလ၌သက်သတ်လွတ်စား သည်ကများခဲ့သည်။ဘုရားဖြစ်သွား၊ပြည့်စုံသွားလျှင်ကားသက်သတ်လွတ်မစား၊ ဘုန်းမပေး တော့၊ကပ်လျှင် အကုန်ဘုန်းပေးသည်၊ထို့ကြောင့် စဉ်းစားဖို့ကောင်းသည်မှာမိမိသည်တရား ပြည့်စုံပြီလား၊မဂ်ဉာဏ်၊ဖိုလ်ဉာဏ် ရပြီလား၊ရလျှင်အကုန်စား၊အစုံစား၊ အသားငါးလဲစား၊ သက်သတ်လွတ်လည်းစား၊ မပြည့်စုံသေးဘူး၊ မရသေးဘူးဆိုလျှင် ကျင့်ကြံအားထုတ် တုန်းဆိုလျှင်သက်သတ်လွတ်စားရန်လည်းလိုမည်ဖြစ်၏၊

ကျွန်တော့်အနေနှင့်တော့လေ့လာဆဲ၊အားထုတ်ဆဲ၊ကျင့်ကြံဆဲဆိုတော့အမြဲထာဝစဉ် မဟုတ်တောင်မှ သက်သတ်လွတ်စား အစီအစဉ်လည်း ထားသင့်သည်ဟု ခံယူပါတော့၏၊

**မြစ်ဆုံကြီး**
**မြစ်ကြီးနားမြို့။**

## နည်းနည်းသတိထားမှဖြစ်မည်

ဘာသာခြားမှ ဗုဒ္ဓဘာသာသို့ ဝင်ရောက်လာကြသူများ ရှိခဲ့ပြီ၊ ရှိဆဲလည်းဖြစ်နေ ပြီ၊ရှိလတ္တံ့ကားပို၍ရှိမည်။လယ်တီဆရာတော်၊ အမရပူရဆရာတော် အရှင် ဇနကာဘိဝံသ၊ ဝေဘူဆရာတော်၊တောင်ပုလုဆရာတော်စသောဆရာတော်တို့သည် နောင် အနာဂတ်ကာလ တွင် လူမျိုးခြားဘာသာခြားများသည် ဗုဒ္ဓဘာသာသို့ဝင်လာကြမည်ဟု ဟောကြားခဲ့ဘူး ပါသည်။

တစ်ကမ္ဘာလုံး ဗုဒ္ဓကို ယုံ-- အစရှိသော တဘောင်လည်း ဖတ်ဖူးပါသည်။ **"ဖက်ဂုနပန်းသရဖီလို မနွမ်းမီ ဘုန်းရောင်ကွန့်မှာမို့ ကုန်းဘောင်ညွှန့် တစ်ဆယ့်နှစ်ကြိမ် ဗွန်းတောက်လို့ ထိန်၊အတီတိ စန်းလာဘ်အိမ်တွင် နန်းတက်ချိန်နီးပြီကွဲ့လေး " ဟူသောတဘောင်ကိုကျွန်တော် နှစ်သက်လှပါ၍ အားအားရှိ ရွတ်မိပါသည်။ ကုန်း ဘောင်ဆက်ထဲမှ မင်းကောင်းတစ်ပါးပါး အုပ်ချုပ်သော အချိန်အခါ ရောက်ရှိ လာမည်၊ ထိုမင်းလက်ထက်တွင် ဗုဒ္ဓဘာသာ ကမ္ဘာလွှမ်းမည်ဟု အကြမ်းအားဖြင့် သာ ကျွန်တော်** လေ့လာ မှတ်သား ဘူးပါသည်။အတိအကျကို ကျွန်တော်မသိဟု ဝန်ခံလိုပါသည်။

ဘာသာခြားမှဗုဒ္ဓဘာသာသို့ဝင်ပြီးသူများ၊ဝင်လတ္တံ့ပုဂ္ဂိုလ်များ၊လာကြ၍ဝမ်းမြောက် **ဝမ်းသာဖြစ်ခြင်းမှာဖော်မပြနိုင်လောက်အောင်ဖြစ်မိပါသည်။**သို့ရာတွင်ဘာသာခြားမှ ဗုဒ္ဓဘာ သာသို့ကူးပြောင်းလာသူတို့သည်ကျွန်တော်ကဲ့သို့မဖြစ်ရန်ကိုကားသတိပေးပါသည်။ ကျွန် တော်သည် ဗုဒ္ဓဘာသာသို့ကူးပြောင်းခါစတွင် ဗုဒ္ဓဘာသာတစ်မျိုးတည်းရှိသည် ဟုထင် မိ ပါသည်။နောက်ပိုင်းတွင်ဗုဒ္ဓဘာသာသည်တစ်မျိုးတည်းမဟုတ်ဘဲ(၆)မျိုး(၇)မျိုးရှိနေသည်ကို

လေ့လာမိသောအခါ ကျွန်တော်ဦးနှောက်ခြောက်ရတော့သည်။မည်မျှလောက်ခြောက် သလဲ ဆိုပါလျှင်'ငါဗုဒ္ဓဘာသာ ဝင်မိသည်မှာ ကျားကြောက်လို့ရှင်ကြီးကိုး၊ ရှင်ကြီးကျားထက် ဆိုး"ဆိုသကဲ့သို့ဖြစ်နေပြီလား၊ဘိုးဘွားမိဘ၊ဆွေမျိုးများက ကျွန်တော်ဗုဒ္ဓဘာသာကူးပြောင်း သွားသည်ကို ကျွန်တော့်အား လူ့အဆင့်အတန်းမီသော ဦးနှောက်မရှိသောကြောင့် ပို မြတ်သည့် ဘာသာကို စွန့်ပြီး ဗုဒ္ဓဘာသာ ဖြစ်သွားသည်။ ဆွေမျိုး စာရင်းထဲမှ ပယ်ထုတ်လိုက်သည်။အိမ်ထောင်စု(မိသားစု)စာရင်းထဲမထည့်တော့ဘူးဟု ပြောကြသည်။

ကျွန်တော်၏အစ်မသည် ကျွန်တော့်အားကြိုက်သည့်အမျိုးသမီးကို လက်ညှိုးထိုး၊ ယူပေးမည်၊ပေးစားမည်၊ဗုဒ္ဓဘာသာကိုတော့ စွန့်ရမည်ဟုပြော၏။ထိုအခါကျွန်တော်က ပြန် ပြောပါသည်။ကျွန်တော်တို့ညီအစ်ကို မောင်နှမ(ရ)ယောက်ရှိကြရာ (၅)ယောက်က တစ် ယောက်ပြီးတစ်ယောက်သေကုန်သည့်အတွက်ကျွန်တော်အိမ်ထောင်ပြုလျှင်လည်းသည်လိုဘဲ၊ မသာကလေးတွေသင်္ဂြိုလ်နေရမှာစိုးရိမ်ပါသည်။ ဘုရားသခင်က မသာတွေဖန်ဆင်းပေးပြီး မသာစရိတ်ကြတော့ ကိုယ့်ဟာကိုယ် ရှာကြရမှာဘဲ ဟုပြောလိုက်ရပါသည်။ နောက်ပိုင်း တွင်အစ်မနှင့်တွေ့ရန်ကျွန်တော်ဆန္ဒမရှိတော့ပါ၊ အစ်ကိုဝမ်းကွဲ တော်သူကျ တော့တစ်မျိုး ဘဲ၊"ငါ့ညီဘုန်းကြီးလုပ်လို့ရှိရင် ဗုဒ္ဓဘာသာတရားရဲ့အကောင်းဆုံးတရားကို အစ်ကို့ကိုလာ ပြောခရစ်ယာန်တရားလုပ်ယူမယ်၊ကျမ်းစာအသစ်ထုတ်မယ်" ဟုဆိုလာပါ သည်။ သူက ခရစ်ယာန်ဘာသာမှအဓိပတိတရားဟောဆရာကြီးဖြစ်ပါတယ်၊ သူ့ဆန္ဒက ဗုဒ္ဓတရားတော် ကို ခရစ်ယာန်တရားလုပ်ချင်သည့် တရားသူခိုးကြီး။

ကျောင်းနေဘက်သူငယ်ချင်း မိန်းကလေးများကိုလည်း ကြောက်ရသေးသည်။ တွေ့လိုက်ရင်" နင်ဘာစိတ်ကူးပေါက်လို့ဗုဒ္ဓဘာသာဝင်သွားတာလဲ "တဲ့" နင်တို့ကောဘာ စိတ်ကူးပေါက်လို့ခရစ်ယာန်ဘက်ဝင်သလဲ၊" ဒီလိုမေးခွန်းမျိုးကြတော့သူတို့မဖြေ ချင် ကြဘူးလေ၊ ဖြေလေရှုပ်လေဖြစ်ကုန်ရော၊ သူငယ်ချင်းခေတ်ပညာတတ်၊တချို့ကြတော့ "ငါလည်း ဗုဒ္ဓဘာသာဝင်ချင်တယ်၊ ဒါပေမဲ့ အသိုင်းအဝိုင်းက ဝိုင်းပယ်တာမခံချင်လို့ မဝင်ဖြစ်ဘူး၊" "အသိုင်းအဝိုင်း ကံနဲ့ကိုယ့်ကံက မတူဘူးလို့ ငါယုံကြည်တဲ့ ဗုဒ္ဓဘုရားက ဟောတယ်၊" လို့ပြောပေးလိုက်လျှင်" ဒါတော့ဟုတ်တယ် " ဟု ဆိုကြသည်။

"ဒီမှာသူငယ်ချင်းတို့ကျန်တဲ့ဘာသာတွေမှာသီလရှိတယ်၊စည်းကမ်းရှိတယ်၊ဒါပေမဲ့ အထက်တန်းကျတဲ့သီလတော့မရှိဘူး၊ဗုဒ္ဓဘာသာမှာတော့ရှိတယ်"

**၂၀၀၀–ခုနှစ် ဇန်နဝါရီလ (၁၀) ရက် တနင်္လာနေ့ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မော်ဟောင်း–အောင်မော်စံတောရကျောင်းဆရာတော် ဦးအရိယာဝံသမှ ရွှေတိဂုံဘုရားနှင့်ပတ်သက်၍ တွေ့ကြုံခဲ့သောဖြစ်စဉ် ဟောကြားချက်ကို မှတ်သား၍ ပြန်လည်ရေးသားဖော်ပြ ခြင်း**

သာသနာ ဘာသာအကျိုးများမယ့်ကိစ္စကို စိစဉ်ပြီး ရေးဖို့၊ ဟောဖို့ အစီအစဉ် ရှိပါတယ်။ ရေးမယ့်ပုဂ္ဂိုလ်ရှိရင် လိုလိုလားလားတောင်းခံလာရင် ရေးဖို့ ပြောဖို့ ဝန်မလေးပါဘူး။ ဘုန်းကြီးအနေနဲ့ ရွှေတိဂုံဘုရားအတွေ့အကြုံအပြင် တောတွေ၊ တောင်တွေမှာ တစ်ပါးတည်းသွားတဲ့အခါ ဝိဇ္ဇာတွေနဲ့ မမြင်အပ်၊ မြင်အပ်ပုဂ္ဂိုလ်တွေနဲ့ တွေ့တာ အကြိမ်ပေါင်း (၄၀–၅၀) တောင် မကပါဘူး။ ဒီလိုတွေ့ကြုံရလို့ ဘုန်းကြီးကို အထင်ကြီးစရာမလိုပါဘူး။

ဘုန်းကြီးက ကချင်ဆိုတော့ ဗုဒ္ဓဘာသာကို ယုံကြည်အောင် အမှန်တကယ် ရှိတာတွေကို ညွှန်ပြကြတာပါပဲ။ ဝိဇ္ဇာတွေ ထွက်ရပ်ပေါက် ဆရာတော်တွေနဲ့ တွေ့ကြုံတဲ့ အခါ ထူးဆန်းတဲ့စကားတွေ တိုတိုတုတ်တုတ်နဲ့ ပြောခဲ့တာတွေလည်း ပါ,ပါတယ်။ ဒါက အထက်က ပြောခဲ့သလို ဘုန်းကြီးက ဘာသာခြားမို့ပြတာလို့ထင်တယ်။ ဗုဒ္ဓဘာသာတွေ ကိုတော့ ပြချင်မှပြမှာပေါ့လေ။

ဝေဘူဆရာတော် ဈာန်ပျံတာကို ဘယ်ဗုဒ္ဓဘာသာမှ စတွေ့တာမဟုတ်ဘူး။ ကုလားလူမျိုးတွေသာဖြစ်တယ်။ ဒါကြောင့် ဘုန်းကြီးရဲ့ အတွေ့အကြုံတွေကို ရေးတာဟာ ဘုန်းကြီးကို အထင်ကြီးစရာမလိုပါဘူး။

ဘုန်းကြီးအနေနဲ့ ပြောလိုတာကတော့ ဝေဘူဆရာတော်ဘုရား၊ မဟာစည်ဆရာတော်၊ တောင်ပုလုဆရာတော်ကြီးတွေဟာ ကမ္ဘာမှာ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးကို ဆောင်ရွက်ခဲ့ပြီး တစ်ချိန်မှာ သာသနာ ကမ္ဘာလွှမ်းရမယ်ဆိုတဲ့ ရည်မှန်းချက်တွေ၊ ရည်ရွယ်ချက်တွေ ရှိထားကြပါတယ်။

ဘုန်းကြီးဟောတဲ့၊ ရေးတဲ့တရားတွေ, စာတွေဖတ်ပြီး ဘာသာခြားတွေ စိတ်ဝင်စားကြမယ်၊ လက်ရှိ ဗုဒ္ဓဘာသာတွေလည်း ဆတက်ထမ်းပိုးတိုးပြီး ကြည်ညိုကြမယ်ဆိုတဲ့

ရည်ရွယ်ချက်ပါပဲ။ သာသနာပြန့်ပွားအောင် အုတ်တစ်ချပ် သဲတစ်ပွင့် တတ်နိုင်သရွေ့ ကူညီထမ်းရွက်ချင်တာပဲ။

ရွှေတိဂုံဘုရားဖူးခဲ့ရပုံအကြောင်းကတော့ ၁၉၇၅–ခုနှစ်က ဘုန်းကြီး လူ့ဘဝနဲ့ တရားအားထုတ်စဉ်ကပါ။ ဘုန်းကြီးစိတ်ထဲမှာ မြန်မာပြည်အနှံ့ တန်ခိုးကြီးဘုရားတွေ ဖူးချင်တဲ့စိတ်တွေ ဖြစ်ပေါ်လာပါတယ်။ တစ်ညကျတော့ အိပ်တော့မယ်ဆိုပြီး အိပ်တဲ့အခါ အိပ်မပျော်တပျော် အချိန်လေးမှာ ဈာန်မဟုတ်၊ အိပ်မက်မဟုတ် အတွေ့အကြုံလို့ ပြောလိုပါတယ်။ အိပ်ပျော်တာလည်း မဟုတ်ဘူး။ အိပ်ပျော်ခြင်းနဲ့ အိပ်မပျော်ခြင်း ကြားကာလမှာ ဘုန်းကြီးက ရွှေတိဂုံဘုရားရင်ပြင်တော်ကို ရောက်သွားပါတယ်။ ရွှေတိဂုံဘုရားကို ပတ်ပတ်လည်ဖူးပြီး ရပ်နေစဉ် လေးထောင့်ကျောက်ပြားတစ်ခုကစောင်းပြီး ရွှေတိဂုံဘုရားအောက် ဌာပနာတိုက်ထဲသို့ရောက်သွားတယ်။ ဘုန်းကြီးကျသွားတာက ဓားစက်နှင့်လုံစက်တွေကြား ကျသွားတာ၊ ဒီအချိန်မှာ ဓားစက်၊ လုံစက်တွေက ရပ်နေတယ်။ အဲဒီဘေးမှာ လူတစ်ယောက် အသားညိုညို ထွားထွားကြိုင်းကြိုင်း ထောင်ထောင်မောင်းမောင်း ဥပဓိရုပ်ကောင်းတဲ့လူကို တွေ့ရတယ်။ ဒီလောက် ထွားကြိုင်းတဲ့လူကို ဘုန်းကြီးတစ်ခါမှ မတွေ့ဖူးပါဘူး။ အဲဒီလူကြီးက ဘုန်းကြီးကို "မင်းတော်တော်မိုက်တဲ့အကောင်ပဲ၊ တို့ကို အကြောင်းမကြားဘဲ ဘာလို့ ဒီအထဲကို ဝင်တာလဲ" လို့ မေးတယ်။ ဘုန်းကြီးက "ကျွန်တော် လာချင်တဲ့စိတ်နဲ့ လာတာ မဟုတ်ဘူး၊ သူ့အလိုလို ရောက်လာတာ၊ ဒီအထဲကို လာရကောင်းမှန်းလည်း မသိပါဘူး" လို့ ပြောလိုက်တယ်။ အမှန်တကယ်ဟုတ်လားလို့ထပ်မေးတယ်။ ဘုန်းကြီးက "အမှန်တကယ်ပါပဲ" လို့ ဖြေလိုက်တော့ "မင်းရောက်လာမှတော့ လျှောက်ကြည့်ပေါ့ကွာ၊ ဓားစက်၊ လုံစက်တွေ ဖွင့်ထားရင်တော့ မင်းဖွတ်ဖွတ်ကြေပြီသာမှတ်၊ စက်တွေရပ်တုန်း မင်းရောက်တာ မင်းကံကောင်းတာပေါ့" လို့ ပြောတယ်။ ဘုန်းကြီးလည်း လက်ယာရစ်လှည့်ပတ်ကြည့်တော့တာပဲ။

အဲဒီထဲမှာ ရောမလှေကြီးနှစ်စီးမြင်ရတယ်။ တစ်စီးကဖြူဖြူ၊ တစ်စီးကဝါဝါပဲ။ ရွက်လွှင့်တဲ့လှေကဲ့သို့ပဲ ကြိုးတွေက ဘုရားနှင့်ဆက်ထားတယ်။ သာမန်စကားနဲ့ပြောမယ်ဆိုရင် ပြတိုက်သဘောပဲ၊ အဲဒီပေါ်မှာ ရတနာမျိုးစုံရှိတယ်၊ ရွှေရောင်ဝင်းနေတဲ့ လှေထဲမှာရှိတဲ့ ပစ္စည်းတွေက ပိုထူးခြားတယ်။ အရောင်တွေလက်နေလို့ မျက်စိက ဒဏ်မခံနိုင်

ဘူး။ ဥပမာ ပြောရမယ်ဆိုရင် ရုပ်ရှင်ပြနေစဉ် အပြင်က အထဲဝင်တဲ့အခါ ဘာမှမမြင်ရသလို ပဲ။ အဲဒါတွေကြည့်ပြီး ကျန်တာတွေကြည့်တဲ့အခါ မျက်စိမှုန်သွားသလိုပဲ။ မျက်စိလည်း ကျိန်းသွားတယ်။ တခြားဘာပစ္စည်းကိုမှ မမြင်ရတော့ဘူး။ ဘုန်းကြီးလည်း ဆက်မကြည့် နိုင်တော့ဘဲ "ကြည့်လို့ဝပါပြီ" လို့ ပြောလိုက်တယ်။ "မင်းပြန်ချင်ရင် ရာဟုထောင့်ကနေ ပြီးပြန်" လို့ လမ်းညွှန်တာနဲ့ ပြန်ထွက်ခဲ့တာ ခြေခုနစ်လှမ်းလောက်ရောက်တော့ ရင်ပြင် တော်ကို ရောက်လာတာပဲ။

ဘုန်းကြီးမြင်ခဲ့တာတွေထဲမှာ တစ်ခုကျန်သေးတယ်။ အဲဒါက ကျောက်ရုပ်ဖြစ် နေတဲ့ လူတစ်ဦးပဲ။ သူကထွားထွားကြိုင်းကြိုင်းပဲ။ တစ်ခါကြည့်ရင် လဲလျောင်းနေတဲ့ပုံ၊ နောက်တစ်ခါကြည့်ရင် ပက်လက်လှန်နေတဲ့ပုံ မြင်ရတယ်။ လပြည့်လကွယ်မှာ အစာရှာ ထွက်တတ်တယ်။ သူ့အမည်က "မောင်ကံ" တဲ့။ တစ်ချိန်က မြန်မာပြည်မှာ လူစွမ်းကောင်း တစ်ဦးပေါ့။ တရုတ်ပြည် ဦးတည်ပွားထံက စွယ်တော်ကို ပထမသွားပင့်တဲ့အခါ ဟိုရောက် တော့ ဦးတည်ပွားက သူ့သမီးနဲ့ စေ့စပ်ပြီးပေးစားခဲ့တယ်။ စွယ်တော်လည်း သူမပင့်ခဲ့တော့ ဘူး။ သူ့သမီးအတွက် မြန်မာပြည်က အဖိုးတန်ရတနာတွေ လာယူတာ ဘုရားသိုက်ထဲမှာ ရတနာတွေမရဘဲ လောဘဇောကြောင့် ကျောက်ရုပ်ဖြစ်သွားတယ်လို့ ဘုန်းကြီး သိရပါတယ်။

အဲဒီ ရွှေလှေ၊ ငွေလှေတွေဟာ ပင်လယ်ထဲမှာပဲ။ ရွှေလှေကြီးတွေနဲ့ ရွက်တိုင် ကြိုးတွေဟာ ဘုရားနဲ့ဆက်ထားတယ်၊ ၎င်းအထက်မှာ မြေကြီးရှိတယ်၊ မြေကြီးအထက်မှာ ဘုရားရှိတယ်။

အထက်က ဘုန်းကြီးပြောခဲ့တာတွေဟာ ဘုန်းကြီးတွေ့ကြုံခဲ့တာပါ။ ဘုန်းကြီး ကျင့်စဉ်နဲ့ ပတ်သက်တာတော့ စာဆယ်မျက်နှာရေးလည်း ကုန်မှာမဟုတ်ပါဘူး။ အဓိက တိုတိုနဲ့ ပြောမယ်ဆိုရင် ကျင့်စဉ် ၂–ခုပဲ။ ပထမက သဲအင်းဂူနှင့် စွန်းလွန်းနည်း။ ဒါက ပြင်းပြင်းရှူသွင်းရတယ်။ ကျန်တဲ့နည်းကတော့ နားတဲ့အချိန်မှာကျင့်တာ။ ဒါက မိုးကုတ်၊ ကသစ်ဝိုင်း၊ တောင်ပုလုတို့နည်းပါပဲ။

အဲဒီလိုကျင့်တဲ့အခါတုန်းကလည်း ရက်ကန်းစင်တောင်ဆရာတော်၊ ရှင်မထီး ဆရာတော်၊ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်တို့နဲ့ တွေ့ကြုံခဲ့ရတယ်၊ အဲဒီပုဂ္ဂိုလ်တွေက ဘုန်းကြီးကို "ပုတီးစိတ်ပါ" လို့လည်းပြောတယ်။ ,ပုတီးစိတ်တာဟာ ခုနစ်ရက်သားသမီးကို

သာသနာပြုတဲ့လက်မှတ်ပဲ၊ သာသနာပြုမယ်ဆိုရင် ပုတီးစိတ်ဖို့လိုကြောင်း ပြောကြတယ်။

ဘုန်းကြီး တော,တောင်တွေမှာ တစ်ပါးတည်းသွားပြီး . တရားအားထုတ်တဲ့အခါ အဖျားအနာ ပြင်းပြင်းထန်ထန်ခံရပါတယ်။ ဒီအချိန်မှာ ဒီပုဂ္ဂိုလ်တွေက ဘယ်လိုအသီးတွေ၊ အရွက်တွေ၊ အမြစ်တွေ၊ အပွင့်တွေ စားပါဆိုတာနဲ့ ဘုန်းကြီးပျောက်သွားပါတယ်။ ဒါကြောင့် ဒီပုဂ္ဂိုလ်ကြီးတွေကိုလည်း ဘုန်းကြီးအလေးထားပါတယ်။

ဒီပုဂ္ဂိုလ်ထူးတွေအကြောင်းတွေ၊ တွေ့တာတွေ ဘုန်းကြီးရေးရ၊ ပြောရတာ ဘုန်းကြီးစိုးရိမ်တဲ့အချက်တွေရှိတယ်။ ထူးခြားတဲ့အခါ ပြောဖို့ရာအတွက် အကွက်ပေါ်လာမှ ပြောရ,ရေးရမှာဖြစ်တယ်။ အလကားနေရင်း လိုက်ပြောနေရင် အပြစ်မြင်တတ်တယ်။

ဥပမာ–ပုတီးစိတ်တဲ့အခါ ဂုဏ်တော်ကိုးပါးမှာ ပထမ အရဟံကို (၉)ရက် (၉) ပတ် အားထုတ်စဉ်တွေ့ကြုံရတာတွေရှိတယ်။ အစအဆုံး (၉) ပါးစလုံးမှာ အတွေ့အကြုံတွေရှိတယ်။ အဲဒီအတွေ့အကြုံတွေဟာ ဘုရားအကြိုက် ဟုတ်ချင်မှဟုတ်မယ်။ တရားအစစ်အမှန် ဟုတ်ချင်မှဟုတ်မယ်။ တွေ့ကြုံတာတွေကို အမှန်ကိုအမှန်အတိုင်း ပြောချင်တယ်။ တကယ်ကျင့်တဲ့လူအတွက် အကျိုးများမယ်လို့ ယူဆတယ်။

ဘယ်ဂုဏ်တော်မှာ .ဘယ်လိုပုဂ္ဂိုလ်တွေနဲ့ တွေ့တယ်ဆိုတာ တွေ့တဲ့အခါ အမေးအဖြေတွေ မေးတာ ဖြေတာတွေဟာ သာသနာလိုက်စားတဲ့သူတွေရဲ့ အသိစိတ်တွေမှာ အသိတွေရစေချင်တယ်။ သင်ခန်းစာတွေကို ကြုံသိစေချင်တယ်။ ဒီစာတွေကိုဖတ်ပြီး သမထ,ဘာဝနာတွေသိပြီး အကျိုးများမယ်လို့ ဘုန်းကြီးထင်တယ်။

တစ်ပိုင်းကလည်း သဘောမပေါက်တဲ့သူတွေရဲ့ ဝေဖန်ပြစ်တင်တာတွေ ခံရမှာပဲ။ ဝေဖန်တဲ့သူတွေဟာ အမှန်ကိုတွေ့တဲ့ အစစ်အမှန်ကို ဝေဖန်တာအပြစ်ရှိတယ်။

မဟုတ်တာကို ပြောလို့ ဝေဖန်တာ၊ အပြစ်တင်တာဆိုရင်တော့ အပြစ်မရှိပါဘူး။ ဒါကြောင့် ဆိုင်ရာပုဂ္ဂိုလ်တွေက မရေးပါနဲ့လို့ တားကြတာတွေ အများကြီးပါပဲ။

ဘုန်းကြီးအနေနဲ့ အခုအချိန်အခါမှာ တွေ့ကြုံတာတွေ ပြောသင့်တဲ့သူ ပြောတာဟာ ကိုယ်တွင်းသာသနာပြုတဲ့သဘောပါပဲ။ မိမိတွေ့တာတွေကို ဖောက်သယ်ချချင်တာ အမှန်ပါပဲ။ တစ်ခါတလေ ဖြစ်ပေါ်လာတာတွေဟာ လိုက်လို့မမီတာတွေရှိတယ်။ ဥပမာ– ဘုန်းကြီးကျောင်းမှာရှိတဲ့ ရှင်သီဝလိမှာ နဂါးအုံစွဲတယ်၊ နောက် ယခင်တိုင်းမှူး ဗိုလ်ချုပ်

ဓောလွှင် တပည့်တစ်ဦး ပေးထားတဲ့ တိုင်းမှူးတောင်ဝှေးမှာ နဂါးအုံလာစွဲတယ်။ ဟောဒီမှာ ဒကာကြီးတို့ အမြင်ပဲ။ မကြာခင် ဒီနှစ်ကထိန်မှာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဝင်းရဲ့ ၁၀၀,၈၀၀ ကျပ် တန်ဖိုးရှိတဲ့ ကထိန်တစ်ခု မဲပေါက်တာပဲ။

ဘုန်းကြီးဟာ ဗုဒ္ဓဘာသာ စဖြစ်တော့ ဂါထာတွေ၊ ပရိတ်တွေကို လေ့လာတယ်။ ပရိတ်ရွတ်တာတို့ ဂါထာရွတ်တာတို့ဆိုတာဟာ အသံနေအသံထား၊ ပုဒ်ဖြတ်တွေ၊ ဝါကျတွေ ဌာန်ကရိုဏ်းကျကျရွတ်ရင် အကျိုးရှိတယ်၊ ထက်မြက်တယ်၊ အနက်အဓိပ္ပာယ်တွေသိပြီးရွတ်ရင် ထက်မြက်တယ်လို့ သိရပါတယ်။

ဗုဒ္ဓဘာသာရဲ့ ကောင်းကျိုးတရားတွေဟာ ဖော်မပြနိုင်အောင်ပါဘဲ။ အနက်အဓိပ္ပာယ်မသိဘဲနဲ့ ပါဠိပါဌ်သားမမှန်ဘဲ ယုံယုံကြည်ကြည်နဲ့ ရွတ်တာတောင် အကျိုးရှိတယ် ဆိုတာကိုလည်း ပြောပြချင်ပါတယ်။

အရေးအခင်းမတိုင်ခင်ကာလအချိန်တုန်းက ဘုန်းကြီးရဲ့နောင်တော်၊ ဘုန်းကြီး ခမည်းတော်ကမွေးတာပါ။ သူ့ကို တောတွင်းလက်နက်ကိုင်တပ်ဖွဲ့များလာဖမ်းပြီး တောထဲမှာ ကြိုးချည်ပြီး ချုပ်နှောင်ထားပါတယ်။ သူက ခရစ်ယာန်ပါပဲ။ အဲဒီလို အချုပ်ခံထားရတဲ့ အချိန်မှာ သူစဉ်းစားတယ်။ "ငါ ယေယေကတည်းက သခင်ယေရှုဆီမှာ ဆုတောင်းခဲ့တာတွေလည်းများပြီ၊ ဘာမှအကျိုးမထူးပါဘူး။ ငါယယ်ယယ်က ကျောင်းနေဘက်သူငယ်ချင်း ဗုဒ္ဓဘာသာတွေ ရွတ်နေတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ရွတ်ကြည့်မှပဲ" ဆိုပြီး တစ်နာရီကျော်ကျော် မျက်စိမှိတ်ပြီး ရွတ်တယ်။ မျက်စိဖွင့်လိုက်တော့ ချည်ထားတဲ့ကြိုးတွေ ပြေသွားပါရော။ ဒါနဲ့ စစ်သားတွေကို "မင်းတို့ချည်ထားတဲ့ ကြိုးတွေ ပြေကုန်ပြီ၊ လာပြီး ပြန်ချည်ကြဦး" လို့ ပြောတော့ တောတွင်းစစ်သားတွေလည်း ထပ်ပြီး ယခင်ကထက် သေချာအောင် ပြန်ချည်လိုက်တယ်။ သူကလည်း ယခင်ကလိုပဲ တစ်နာရီကျော်ကျော်ကြာအောင် မျက်စိမှိတ်ပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရွတ်တာပဲ။ ကြိုးတွေကလည်း ရွတ်ပြီးတာနဲ့ ပြန်ပြေတာပဲ။ ဒါနဲ့ ဒုတိယအကြိမ် ကြိုးထပ်ချည်ဖို့ပြောပြန်ရော။ အဲဒီအချိန်မှာ တောတွင်းလက်နက်ကိုင်တပ်ဖွဲ့ထဲက ကြိုးချည်ကျွမ်းကျင်တဲ့ သူကိုယ်တိုင် ပြန်ချည်တာပဲ။ ချည်ပြီး သူကလည်း ယခင်လို ရွတ်တာပဲ။ ကြိုးတွေလည်း ယခင်လို ပြေကုန်တာပဲ။ ဒါနဲ့ တောတွင်းလက်နက်ကိုင်တပ်သားတွေ သုံးကြိမ်သုံးခါ ချည်လို့မရတော့ စစ်ဗိုလ်ဆီသွားသတင်းပို့

တယ်။ စစ်ဗိုလ်က "ဒီလိုဆိုလည်း မင်းတို့လေးဦး ပြန်ပို့လိုက်ကြတော့၊ နောက်ထပ်ဘယ်တော့မှ မခေါ်တော့နဲ့" လို့ပြောပြီး ပြန်လွှတ်လိုက်လို့ လွတ်လာတာပါပဲ။

ဒီဖြစ်စဉ်ကို ကြည့်ခြင်းအားဖြင့် ယုံယုံကြည်ကြည်နဲ့ရွတ်ရင် အကျိုးရှိတာတွေ့ရတယ်။ ရွတ်တာအကြိမ်များရင် သိဒ္ဓိဝင်လာတာပါပဲ။ ဒီအဖြစ်အပျက်တွေကို ဘာသာခြားတွေ သိစေချင်တယ်။ သဘောလည်း ပေါက်စေချင်ပါတယ်။

ဘုန်းကြီး ကိုယ်တွေ့တစ်ခု ပြောပြချင်ပါတယ်။ ဘုန်းကြီးက ၁၉၇၀-၇၁ ခုနှစ်မှာ ဗုဒ္ဓဘာသာ စဝင်ခဲ့ပါတယ်။ စပြီး ဂုဏ်တော်ကိုးပါး သမ္ဗုဒ္ဓေဂါထာ၊ မေတ္တာသုတ်ကို စပြီး ကျက်မှတ်ရွတ်ဖတ်ပါတယ်။

တစ်ညကျတော့ အခု မြစ်ကြီးနား အ-ထ-က (၁) ညောင်ပင်အောက်မှာ သမ္ဗုဒ္ဓေကို (၉) ခေါက်ရွတ်ပြီး ညောင်ပင်ကို လက်ယာရစ် (၉) ခေါက်ပတ်ခဲ့ပါတယ်။ ည (၁၁) နာရီလောက် ဘုန်းကြီးအိပ်ပျော်နေတဲ့အချိန်မှာ "ဆရာကြီး ထပါဦး" လို့ သုံးခါခေါ်တယ်။ နှစ်ခါခေါ်သံက အိပ်မက်ထဲမှာ၊ နောက်တစ်ခါက နိုးမှ ကြားရတာပါ။ ဘုန်းကြီးက "ဘယ်သူလဲ" လို့ မေးတော့ "ကျွန်တော်က အ-ထ-က (၁) တဲမှာရှိတဲ့ ညောင်ပင်မှာ နေတာပါ၊ ခေတ်ပျက်တုန်းက ခေါင်းဖြတ်ပြီး သတ်ဖြတ်ခံထားရသူပါ၊ ကျွန်တော့်ကို ဘာမှအပြစ်မရှိဘဲနဲ့ ကြိုးနဲ့လာပတ်ထားတာ လာဖြေပေးပါ" "ကြိုးတဝင်းဝင်းနဲ့ သစ်ပင်နဲ့ ပူးချည်ထားတာ၊ အမြန်လာဖြေပေးပါ" လို့ ပြောတယ်။ ဘုန်းကြီးကလည်း "ညကြီး ငါ မလာနိုင်ဘူး။ မနက်ကျမှ ဖြေပေးမယ်" လို့ ပြောတော့ "ဆရာကြီးလာစရာမလိုပါဘူး၊ ဒီကနေပြီး လက်ဝဲရစ်နဲ့ (ပြေဆရာပြေ) လို့ သုံးခေါက်ပြောရင် ပြေမှာပါ၊ မနက်ကျမှဆိုရင် သမ္ဗုဒ္ဓေကြိုးက ပူလောင်လွန်းလို့ ကျွန်တော်သေမှာပါ" ပြောတာနဲ့ သူပြောတဲ့အတိုင်း လုပ်ပေးလိုက်တယ်၊ သူကပြောသေးဘယ်။ "ဆရာကြီး၊ သမ္ဗုဒ္ဓေဂါထာကို စမ်းကြည့်မှန်း သိပါတယ်" တဲ့။

နောက်တစ်လလောက်ကျတော့ ဒီခေါင်းပြတ်နဲ့ပုဂ္ဂိုလ်လာပြန်ရော။ "ဘာကိစ္စလဲ" လို့မေးတော့ အ-ထ-က (၁) မှာ နေတဲ့ ကျောင်းစောင့်ဒရဝမ် ဦးငွေထွန်းကို ဆုံးမဦးမယ်လို့ လာပြောတယ်။ "သူက On Duty မှာ အရက်သောက်တယ်။ ဆရာကြီး သူ့ကို အရက်မသောက်ဖို့ ပြောပေးပါ၊ ပြောမရရင်တော့ ဆုံးမရမှာပဲ" ဒါနဲ့ ဘုန်းကြီးလည်း ဒရဝမ်

ဦးငွေထွန်းကို "ခင်ဗျား On Duty မှာ အရက်မသောက်ပါနဲ့" လို့ သွားပြောပါတယ်။ သူက R.C.M ခရစ်ယာန်ဖြစ်ပြီး "ဟုတ်ကဲ့ပါ" လို့ ပေါ့ပေါ့တန်တန်ပြောပြီး ပြန်သောက်တာပါပဲ။ နောက်ရက် ညနေပိုင်း ကျောင်းဆင်းချိန်တံခါးပိတ်တော့ လှေကားပေါ်က လိမ့်ကျလို့ ဆေးရုံတက်ရတယ်။ ဆေးရုံမှာ သုံး,လေးရက်နေပြီး တင်ပဆုံနည်းနည်းရောင်တယ်လို့ ပြောတယ်။

ဆေးရုံကဆင်းပြီး ဘုန်းကြီးဆီလာတယ်။ "ခင်ဗျား ဘာဖြစ်လို့ ကျွန်တော့်ကို အရက်မသောက်ပါနဲ့ ပြောတာလဲ" လို့မေးတယ်။ ဘုန်းကြီးလည်း အိပ်မက်,မက်လို့ ပြောတာလို့ပဲ ပြောရတာပေါ့။ ဒီတော့ သူက "ကျွန်တော့်ကို လှေကားပေါ်ကနေ မည်းမည်းနဲ့ လူကြီးက တွန်းချတာဗျ" လို့ လာပြောပါတယ်။

ဘုန်းကြီးက ညောင်ပင်စောင့်ကို "မင်း...ကျောင်းက ကျောင်းသူ၊ ကျောင်းသား တွေကို မနှောင့်ယှက်နဲ့" လို့ ပြောတော့ "ကျွန်တော် မနှောင့်ယှက်ပါဘူး။ စစ်အတွင်းက သေသွားတဲ့ ဂေါ်ရင်ဂျီကုလားတွေသေလို့ မကျွတ်တဲ့ဘဝနဲ့ နှောင့်ယှက်ကြတာပါ" လို့ ပြောတယ်။

ဒီအဖြစ်အပျက်တွေဟာ ဂါထာရဲ့အစွမ်း၊ ဂါထာရဲ့တန်ခိုးတွေပါပဲ။ ဤအတွေ့ အကြုံများကို သာသနာတော်အတွက် အကျိုးရှိ,မရှိကို စိစစ်ပြီးတော့ အချိန်ရရင် ရသလို ဆက်လက်ရေးသားရန် ရှိပါတယ်။ ဒကာတော်နှင့် မိသားစုအားလုံး၊ ဝန်ထမ်းများ ကျန်းမာ ချမ်းသာကြပါစေ။

ဦးအရိယာဝံသ
အောင်မော်စံကျောင်း